ကျေးဇူးရှင်

လယ်တီ ဆရာတော် ဘုရားကြီး

စီရင်တော်မူခဲ့သော

ဝိဇ္ဇာမဂ္ဂဒီပနီ

နှင့်

လက္ခဏာဒီပနီ

သုမင်္ဂဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၅၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

စီရင်တော်မူခဲ့သော

ဝိဇ္ဇာမဂ္ဂဒီပနီ

နှင့်

လက္ခဏာဒီပနီ



သုခမ္မဝတီစာပုံနှိပ်တိုက်

တိုက်နံပါတ် ၅၅၊ စင်္ကာမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

၁၃၁၇-ခ



ဝကျေးဇူးရှင်

လယ်တီ ဆရာတော် ဘုရားကြီး

ပုံတော်

နိဒါန်း

ပရိယတ္တိ ပဋိပတ္တိနှင့် ဗျတ္တိဝိသာရဒ ပိဋကဓရ ပဉ္စဝဂ္ဂ ဉာဏ် လင်္ကာကာမ ပေသဉသိက္ခာ အဖြာဖြာကို နာနာနယ နိပုဏာနှင့် ဂန္ဓိရဉာဏ်ခိုန် ဝရဇိနအာဋ္ဌင် ဂူးဝင်ထွင်းဖေါက် တဘက်ကမ်းရောက်သဖြင့် မုနိသောက်ဓာနည် သမ္ဘာဉည်၍ ပါရမီအထွတ် တမွတ်ဦးခိုင် မဏ္ဍိုင်ဗဟို တောင်မြင်းမိရ်အလား မားမားကြီးမြင့် စက်ထိုးပွင့်သောခါ ဝေနေယျကြာ များဗိုလ် ပါသည် မံသဂေါဏ ဒိဘအလား နွားအသားကို ပယ်ရှားစွန့် ပစ် ဖြစ်ကြီးဖြစ်သဖြင့် သိန်းသန်းကုဋေ ကျွတ်တန်းပွေ၍ ဝေနေ များစွာ သတ္တဝါကို အောင်သံရိုက်ဟိး ဓမ္မစည်ကြီးဖြင့် ဆော် တီးရိုက်ခတ်တော်မူသော ဇဝနတိက္ခ ဂန္ဓိရဟု ဉာဏသူမွန် သိလဝန် ပဉ္ဉဝန် ဂုဏဝန်ကဲမောက် ရဲရဲတောက်သော အရဉ ဂါသိ မဟာထေရ် **လယ်တီဆရာတော်ဘုရားကြီး** သည် အသိုး သိုးသော ပါဋိအဋ္ဌကထာ ဋီကာအနု မရဂန္ထိ နေတ္တိကျမ်းဖြတ် ပိဋကတ်တော်အရပ်ရပ်မှ လိုရာရွေးနှုတ် အဆိုကိုထုတ်ပြီးလျှင် စိရင်ရေးသားအပ်သော ဒီပနီကျမ်း အပေါင်းတို့တွင်-

ဤဝိဇ္ဇာမဂ္ဂဒီပနီ နှင့် လက္ခဏဒီပနီကျမ်းကို စိရင်ရေးသား ရာ၌ **ဝိဇ္ဇာမဂ္ဂဒီပနီဆိုသည်မှာ** ဝိဇ္ဇာမဂ်လမ်း အလင်းရအောင် ပွင့်ပြခြင်းဖြစ်ပေသည်၊ဘယ်ကဲ့သို့ပွင့်ပြသနည်း သက္ကာယဒိဋ္ဌိဟု ဆိုအပ်သော အတ္တဝါဒပါဒါနိကို ဖြိုဖျက်ရာ မုနိသောနည်းလမ်း ကို ဖေါ်ပြသည်၊သက္ကာယဒိဋ္ဌိတနိုးလန်းနှင့်နေကြသော ပုထုဇဉ် သတ္တဝါတို့သည် မဂ်ဝိဇ္ဇာ ဖိုလ်ဝိဇ္ဇာမျိုးစေ့ ရကြရအောင် အား ထုတ်ကြရာဝယ် ဒိဗိဇ်ရင်ဝဋ် သံမကြီးဟူးဂုနေဘိသကဲ့သို့ရှင်း ဦးခေါင်းထက်ဋ္ဌ လောင်မီးကျ၍ နေဘိသကဲ့သို့ရှင်း သတိနှင့် ပြည့်စုံသော အကြင်ယောဂါဝစရပုဂ္ဂိုလ်သည် အတ္တဟူသော

နိဒါန်း

သင်္ကာယဒိဋ္ဌမှ ပယ်နှုတ်၍ အတ္တပြုတ်အောင် လက္ခဏာယာဉ်ဖြင့် တင်ရှု အပ်ရာသည်။

ထိုကြောင့် မြဲတ်စွာဘုရားသည်-

သတ္တိယာဝိယ ဩမဇ္ဇော၊ ဒယ္ဘမာနော၀ မတ္ထကေ။
သင်္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု၊ ပရိဗ္ဗဇေ။

ဟူ၍ ဟောထားလေသည်။

လက္ခဏာဒီပနီ ဆိုသည်မှာ-ဓာတ်ကြီးလေးသင်း ဇာတိရင်း ကို အလင်းမြင်ရန်ပြုလိုက်သော ကျမ်းဖြစ်သည်၊ ထိုသို့ ဝိစ္ဆာဓိရ် ထွက်ရပ်ပေါက် ဝိစ္ဆာဉာဏ် ဝိစ္ဆာမဂ်လမ်း ပေါက်ရောက်ကြ ရန်အားထုတ်ကြသော ယောဂိပုဂ္ဂိုလ်တို့၏ အကျိုးငှါငှင်း၊သော ကာပတ္တိမဂ် ဉာဏ်အခြေသို့ရောက်လိုသော အမျိုးကောင်းသား သို့ဝိုအကျိုးငှါငှင်း ကွန်ပ်တို့ **သုဓမ္မဝတီ ဝိဇ္ဇာဇာတ် ပုံနှိပ်တိုက်** က အနေအထား ဝါကျသွား အဓိပ္ပါယ် ရှင်းရှင်းလင်းလင်း မင်ကျမင်နှ ပုဒ်နေပုဒ်ထား သပ်သပ်ယပ်ယပ် ကောင်းမွန်စွာ တည်ထွင်၍ နိဗ္ဗာန်လမ်းကြောင်း ခရီးကောင်းကို ကောင်း ကောင်း သိမြင်စေလိုသော စေတနာဖြင့် ကောင်းစွာ ပုံနှိပ်၍ စာအုပ်ဖြစ်စေလိုက်ပါသတည်း။

ဝိဇ္ဇာပဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဝိဇ္ဇာသည် ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရိဝိဇ္ဇာ၊ လောကိယ ဝိဇ္ဇာ၊ အရိယဝိဇ္ဇာ ဟူ၍ ငါးပါး အပြားရှိ၏၊ ထိုငါးပါးတို့တွင်-

၁။ သာမဝေဒင် ယဇုဝေဒင် ဣရုဗ္ဗေဒင် အထဗ္ဗဏဝေဒင် ဟူသော ဝေဒ၌ လေးမျိုးသည့် **ဝေဒဝိဇ္ဇာ** မည်၏။

၂။ အမျိုးမျိုးသော လက္ခဏာကျမ်း, အမျိုးမျိုးသော နိမိတ်ကျမ်း, အမျိုးမျိုးသော နက္ခတ်ကျမ်း, အမျိုးမျိုးသော ဂါထာမန္တရားကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း, အစရှိသော လောကီပညာဟူ၍ ယခုလောကဌ ခေါ်ဝေါ်ကြသော အတတ်မျိုး ပညာမျိုးဟူသမျှသည် **မန္တဝိဇ္ဇာ** မည်၏။

၍ ဝိဇ္ဇာနှစ်ပါးကို ကမ္မာယတန သိပ္ပါယတန ဝိဇ္ဇာဌာနသုဟူသော ဉာဏဝိဘင်း ပါဠိတော်များဌ သိရသည်။

၃။ ဆေးဝိဇ္ဇာ, အင်းဝိဇ္ဇာ, ပြဒါးဝိဇ္ဇာ, သံဝိဇ္ဇာ, ဟူ၍ ဝိဇ္ဇာဝရကျမ်းများဌလာသော ဓနသိဒ္ဓိ, ပထဝိသိဒ္ဓိ, ဥဒကသိဒ္ဓိ, အာ

ကာသသိဒ္ဓိ, အာယုသိဒ္ဓိ, စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ် သိကြားတို့၏ တန်ခိုး, အဘိညာဏ် တန်ခိုးတို့နှင့် အလားတူ တတ်စွမ်းနိုင်သော ဝိဇ္ဇာမျိုး ဟူသမျှသည် ဇန္ဓာဓိ ဝိဇ္ဇာ မည်၏။

ဤဇန္ဓာဓိဝိဇ္ဇာသည်ကား-

တည်ဆ ကတမာ စိန္တာမယာ ဣဒ္ဓိ၊ ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပ္ပေတွာ အာကာသေ အန္တလိက္ခေ ဟတ္ထိပိ ဒဿေန္တိ၊ အဿပိ ဒဿေန္တိ၊ ရထံပိ ဒဿေန္တိ၊ ပတ္တိပိ ဒဿေန္တိ၊ ဝီထိပိ သေနာပျူဟံ ဒဿေန္တိ၊ အယံ စိန္တာမယာ ဣဒ္ဓိ ဟူသော ပဋိသန္ဓိဒါမဂ် ပါဠိတော်၌ လာသည်။

တတ္ထ၊ ထိုဆယ်ပါးသော တန်ခိုးဘို့တွင်။ ကတမာ၊ အဘယ်မည်သော တန်ခိုးသည်။ စိန္တာမယာဣဒ္ဓိ၊ စိန္တာမယ တန်ခိုးမည်သနည်း။ ဝိဇ္ဇာဓရာ၊ ဝိဇ္ဇာဓိရ်တို့သည်။ ဝိဇ္ဇံ၊ အတတ်ပညာကို။ ပရိဇပ္ပေတွာ၊ စိပ်၍။ ဝါ၊ နှိုး၍။ အန္တလိက္ခေ၊ ရေးခြစ် မထင်သော။ အာကာသေ၊ ဗိုလ်းကောင်းကင်၌။ ဟတ္ထိပိ၊ ဆင်တပ်ကို လည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြုနိုင်ကုန်၏။ အဿပိ၊ မြင်းတပ်ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြုနိုင်ကုန်၏။ ရထံပိ၊ ရထားတပ်ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြုနိုင်ကုန်၏။ ပတ္တိပိ၊ လက်နက်ကိုင် ခြေသည်သူရဲတပ်ကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြုနိုင်ကုန်၏။ ဝီထိံ၊ အထူးထူး အပြားပြားသော။ သေနာပျူဟံ၊ စစ်သည်ဗိုလ်ထူ အရာအရုံး အလုံးအရင်းကိုလည်း။ ဒဿေန္တိ၊ ဘန်ဆင်း၍ ပြုနိုင်ကုန်၏။ အယံ၊ ဤသည်လျှင်။ စိန္တာမယာဣဒ္ဓိ၊ ကြံစည်တိုင်း ပြီးစေနိုင်သော စိန္တာမယ တန်ခိုးမည်၏။

(ဤပါဠိတော်၌ စိန္တာမယဣဒ္ဓိကိုပြတော်မူသဖြင့်အောက်ဖြစ်သော အာယုသိဒ္ဓိ, အာကာသသိဒ္ဓိ, ဉဒကသိဒ္ဓိ, ပထဝိသိဒ္ဓိ, ဓနသိဒ္ဓိ, အာစရိသော သိဒ္ဓိမျိုးစုသည် ထိုပါဠိတော်တွင် အတွင်းဝင်၍ ပါလေ၏ဟု သိအပ်၏)။

ယခုအခါတွင် ဤဂန္ဓာရိုဝိဇ္ဇာလမ်းကို လုပ်ကြံလိုသော သူသည် ရတနာသုံးပါးဂုဏ်ကို ဒိဓိကိုယ်၌ အမြဲထုံစေ၍ တန်ခိုးကြီးသော တောစောင့်နတ် တောင်စောင့်နတ် ရုက္ခဋ္ဌ ဘူမဋ္ဌ ပဇ္ဇုတဋ္ဌနတ်တို့ကိုလည်းကောင်း, မန္တန်ရွာ အင်းအိုင်မျိုးကို အုပ်စိုးသော ဝိဇ္ဇာဒေဝ နတ်တို့ကိုလည်းကောင်း, သိုက်သဖိုင်းဝင် ဆေးပင်မျိုး ကျောက်ဝေတ်မျိုးတို့ကို အုပ်စိုးသော ဩသဓိဒေဝ နတ်တို့ကိုလည်းကောင်း, ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းကျင်လေးမြတ်အောင် မိဘ်သဟာယ ပြုလုပ်ကြမှ ထဖြောက်နိုင်ရာသည်။ "ဤဂန္ဓာရိုဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါကဇဋ္ဌိ တန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယဋ္ဌိတန်ခိုးမျိုးဖြစ်ခဲ့၍ နတ်တို့မနာလိုဂုဏ်တတ်သည်၊ မနာလိုဂုဏ်သည့်အတွက် အသက်အန္တရာယ် ဆေးဝါး၏ အန္တရာယ် ဖြစ်တတ်သည်။

၄။ **လောကိယဝိဇ္ဇာဆိုသည်ကား** သာသနာပ အခါ၌ သရဘင်္ဂ်, သုနေတ္တ, အရုက-အစရိသော ရဿေဆရာကြီးတို့သည် ကသိုဏ်းဈာန်တို့ကိုရပြီး နိုင်နင်းပြီးနောက် အားထုတ်၍ရအပ်သော ဣဒ္ဓိဝိဓအဘိညာ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသ, ယထာကမ္မုပဂ, အနာဂတံသအာဘိညာ ဟူသော **အာဘိညာဝိဇ္ဇာ** တို့ကို ဆိုသတည်း။

ထိုဝိဇ္ဇာတို့သည်ကား ဇာတ်တော် နိပါတ်တော်တို့၌ထင်ရှားလှကုန်ပြီ ။

ဤ လောကီအာဘိညာ ဝိဇ္ဇာတို့သည်ကား-ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့ ရအပ် ရောက်အပ်သော ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးကို၌ အတွင်းဝင်ကုန်၏။

၅။ **အနိယဝိဇ္ဇာဆိုသည်ကား**-အနိစ္စဝိဇ္ဇာ, ဒုက္ခဝိဇ္ဇာ, အနတ္တဝိဇ္ဇာ, မဂ္ဂဝိဇ္ဇာ, ဖလဝိဇ္ဇာတို့ကို ဆိုသတည်း၊ စဟုသစ္စညာဏ်လေးပါးကို ဆိုသည်ဟူ၍လည်း ဆိုရပါ၏။

ဤအရိယဒိဋ္ဌာဂိုဏ်းဟူသော—သာသနာတော် အတွင်း၌သာ ထမြောက် ပေါက်ရောက်အောင် ကြံဆောင်နိုင်သည်၊ သာသနာပအဆုံးခါ၌ကား ပစ္ဆေကဗုဒ္ဓါအရှင်မြတ်တို့ကိုချုန်ထား၍ တပါးသော လူနတ် ဗြဟ္မာတို့ ထမြောက် ပေါက်ရောက်အောင် ကြံဆောင် ဒုသားထုတ်နိုင်သော အခွင့်မရှိ။

သာသနာ ငါးဆောင်ဆိုသော ခေတ်သမယသည်ကား—အရိယဝိဇ္ဇာ၏ ခေတ်သမယချည်းပေတည်း။

ဤအရိယဝိဇ္ဇာလမ်းကို ပေါက်ရောက် ထမြောက်အောင် ကြံဆောင်အားထုတ်နိုင်သော သူမှသာလျှင် ဘုရားကို ဝတ္ထုမြင်ဖူးမျော်ရသောသူ၊ ဘုရားသာသနာကို ဝတ္ထုကြိုးရသောသူဟူ၍ ဆိုထိုက်ချေသည်။

ဝမ်ဲ ဟိ သော ဘိက္ခဝေ ဘိက္ခု နု ပသဿတိ၊ ဝမ်ဲ အပသဿန္တော မံ နု ပသဿတိ၊ ဝမ်ဲ ဟိ သော ဘိက္ခဝေ ဘိက္ခု ပသဿတိ၊ ဝမ်ဲ ပသဿန္တော မံ ပသဿတိ။ ။ဣတိဝုတ် ပါဠိတော်။

ဟိ၊ ထိုငါဘုရား၏ သက်ဒုံးစွန်ကို ဆွဲကိုင်၍ ဘဝါးခြေထပ် လိုက်ပါလျက် ငါဘုရားနှင့် ဝေးကွာလှ၏ဟု ဆိုသော စကားသည်မှန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ဘိက္ခု၊ ထိုငါဘုရား၏ သက်ဒုံးစွန်ကို ဆွဲကိုင်လျက် ဘဝါးခြေထပ် လိုက်သော ရဟန်းသည်။ ဝမ်ဲ၊ သင်္ဘာလေးပါး တရားကို။ နု ပသဿတိ၊ မဆိုမြင်။ဝမ်ဲ၊ သင်္ဘာလေးပါး တရားကို။ အပသဿန္တော၊ မဆိုမြင်ရသော ရဟန်းသည်။ မံ၊ ငါဘုရားကို။ နု ပသဿတိ၊ မဖူးမမြင်ရ။ ဟိ၊ ထိုငါဘုရားနှင့် ယှဉ်ဖက်နာတရာ ကွာခြားသော ဒုဿီလ ပုဂ္ဂိုလ်ကို ဆိုသော စကားသည် မှန်၏။ ဘိက္ခဝေ၊ ရဟန်းကို။ သော ဘိက္ခု၊ ထိုငါဘုရားနှင့် ယှဉ်ဖက်နာတရာ ကွာခြားသော ဒုဿီလပုဂ္ဂိုလ်ဖြစ်နေသော ရဟန်းသည်။ ဝမ်ဲ၊ သင်္ဘာလေးပါး တရားကို။ ပသဿတိ၊ ဆိုမြင်၏။ ဝမ်ဲ၊ သင်္ဘာလေး

ပါး တရားကို။ ပဿနွာ၊ သိမြင်သောရဟန်းသည်။ မံ၊ ငါ ဘုရားကို။ ပဿတိ၊ ဖူးမြင်ရ၏။

ဘုရား တရား နှစ်ပါးကို မတွေ့မမြင်ရလျှင် သံဃာကိုလည်း မတွေ့မမြင်ရသည်သာ ဖြစ်သတည်း။

ယခု သာသနာတော်အတွင်း၌ ဤအဧယျဝိဇ္ဇာကို ပေါက်ရောက်ထမြောက်အောင် အာဘယ်သို့သောသူသည် လုပ်ကြံနိုင်သနည်း။

အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ဟောတော်မူသည်။

၁။ ဘုရား၌ ယုံကြည်ခြင်းသည် အင်္ဂါတပါး။

၂။ ကိုယ်လက်အင်္ဂါကျန်းမာခိုင်ခံ့ခြင်းသည် အင်္ဂါတပါး။

၃။ ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတပါး။

၄။ ဝိရိယထက်သန်ခြင်းသည် အင်္ဂါတပါး။

၅။ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပျက်မှု, ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ ထူးခြခြင်းသည် အင်္ဂါတပါး။

ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် အရိယဝိဇ္ဇာလမ်းကို ယခု မျက်မှောက် ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်၏ဟု ပဉ္စင်္ဂုတ္တရပါဠိတော် စသည်၌ ဟောတော်မူသည်။

ဟောဟန်ကား—

ပဌမအင်္ဂါ။ သဒ္ဓါဟောဘိ သဒ္ဓဟာတိ တထာဂတသ ဗောဓိ'။ သဒ္ဓါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တထာဂတသ၊ ငါဘုရား၏။ ဗောဓိ'၊ အဟုတ် အမှန် ထိုးထွင်းသောဉာဏ်တော်ကို။ သဒ္ဓဟာတိ၊ ယုံကြည်၏။

ပဌမအင်္ဂါ ပြီး၏။

ဒုတိယအခန်း။။ အပ္ပါဗာဓော ဟောတိ အပ္ပါတကော်၊ သမဝေ
ပါကိနိယာ ဂဟာဏိယာ သမန္နာဂတော နာတိသိတာယ
နစ္စုဏ္ဟာယ မဏ္ဍိမာယ ပဓာနက္ခမာယ။

အပ္ပါဗာဓော၊ အနာကင်းသည်။ အပ္ပါတကော်၊ ရောဂါကင်း သည်။ ဟောတိ၊ ဖြစ်၏။ နာတိသိတာယ၊ အလွန် မအေးလွန်း သော။ နစ္စုဏ္ဟာယ၊ အလွန်မပူလွန်းသော။ မဏ္ဍိမာယ၊ အခါခပ် သိမ်း မျှတညီညွတ်စွာသော။ ပဓာနက္ခမာယ၊ ကမ္မဋ္ဌာန်းတည်း ဟူသော လုပ်ရတ်လမ်းကို ကြိုးပမ်းအားထုတ် တွင်တွင်လုပ် ခြင်းငှါ ခံ့လွှစွာသော။ သမဝေပါကိနိယာ၊ မျိုမျိုသမျှအာဟာရ ကိုကို အညီအညွတ် ကြေကျွက်စေခြင်းငှါ စွမ်းနိုင်ထသော။ ဂဟာဏိယာ၊ ပါစကခေတ်မီးနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ယခုဝိပတ္တိကာလအတွင်း၌ ဤဒုတိယအင်္ဂါပြည့်စုံခဲ့လျှင်။ ။ ယခု လူတို့၏ ပကတိသော ဝမ်းမီးသည် ကောက်ရိုးမီး မြက် မိုက်မီး သစ်ရွက်မိုက်မီးတို့နှင့် အလားတူ၏။ ဤမီးစုသည် အခွင့်ဆိုက်လျှင် ရုတ်တရက် တဟုန်တည်း ထ၍ တောက်၍ အနီးအစပ်တွင် ရှိရှိသမျှသော ဝတ္ထုစုကို ခဏခြင်း လောင် ကျွမ်း စေတတ်၏၊ သေခွင့်ဆိုက်လျှင်လည်း ခဏခြင်း အပြီး သေ၏၊ ဤပါစကခေတ်မီး ထလွယ် သေလွယ် သောင်းကျန်း သည့် အတွက်ကြောင့် ယခုကာလ မကျန်းမာလွယ် မမာလွယ် အိုလွယ် သေလွယ် ဖြစ်ကြသည်၊ အရပ်ဒေသကို ရွှေးရ, အစာ အာဟာရကိုရွှေးရ, ရေမြေဥတုကို ရွှေးရ, လုံ့လပယောဂမှုကို တိုင်းထွာ သွားတာရသည်၊ ဤပါစက ခေတ်မီး မလိမ္မာသည့် အတွက်ကြောင့် ရူပကာယခန္ဓာသည် မကြည့်မလင်ခြင်း များ ရသည်၊ ရူပကာယခန္ဓာ မကြည့်မလင်ခြင်း များသည့် အတွက် ကြောင့် စိတ်မကြည် ဉာဏ်မကြည်ဖြစ်ကြသည်၊ ဥပမာပြခဲ့သော ကောက်ရိုးမီး မြက်မိုက်မီး သစ်ရွက်မိုက်မီးတို့၏ ထလွယ် တောက်လွယ်မှု သေလွယ် ပျောက်လွယ်မှုတို့မှာလည်း မီး၏

စွဲလမ်းရာ ကောက်ရိုးမှိုက် မြက်မှိုက် သစ်ရွက် မှိုက်တို့က အနှစ်အမာ မရှိသည့် အတွက်ကြောင့် ထလွယ် သေလွယ် သောင်းကျန်းရလေသည်။

ပြဆိုခဲ့ပြီးသော ပါဠိတော်၌လာသော ဤ မဇ္ဈိမ ဓာတ်ပိုးနှင့် ပြည့်စုံသော သူမှာမူကား အရပ်ဒေသကို ရွေးချယ်ဘွယ်မရှိလှ၊ အစာအာဟာရကို ရွေးချယ်ဘွယ်မရှိလှ၊ ရေဥတု လေဥတု မြေဥတု တို့ကို ရွေးချယ်ဘွယ်မရှိလှပြီ၊ မဒ္ဒိမသာ ရောဂါ ဥပဒ်ဖြစ်လောက်အောင် ထင်ကြွသောင်းကျန်းမှု, ယုတ်ညံ့နှိမ့်နှေးမှု ဟူ၍မရှိ၊ အခါခပ်သိမ်းညီညွတ်မျှတ၍ ရုပကာယခန္ဓာကို ကြည့်လင်စွာ စောင့်ရှောက် ပေသော ဓာတ်ပိုးပေတည်း၊ ထိုကဲ့သို့သော မဇ္ဈိမဓာတ်ပိုးသည်ကား ကာလသမုတ္ထိအခါ၌ သတ္တဝါအများမှာပင် ရှိကြ၏။ ယခုပိပ္ပလိအခါ၌ကား အလွန်တရာ ရှေးဘုန်း ရှေးကံ ကြီးလွှာသော ပုဂ္ဂိုလ ဝိသေသကို၌သာ ရထိုက်၏။ ရှေးဘုန်း ရှေးကံ နည်းသော သူတို့၌ကား ပကတိအားဖြင့် မရနိုင်၊ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ပြုပြင်၍ယူမှ ရနိုင်သည်။

သက္ကတော ဇရာယ ပဒိုကမ္မံ ကာတုံ။ ။နေတ္ထိပါဠိတော်။ ဇရာယ၊ အဘျိန်အဓွယ်ကျလျှင် အိုရခြင်း ဇရာတရား၏။ ပဒိုကမ္မံ၊မဒ္ဒိုရအောင် ကြံဆောင်တားမြစ်ဟူကို။ ကာတုံ၊ပြုခြင်းငှါ။ သက္ကတော၊ တတ်နိုင်ကောင်းသည် သာလျှင်တည်း။

ဤ ပါဠိတော်၌ မဒ္ဒိုရအောင် တတ်နိုင်ကောင်း၏ဟု ပေါတော်မူသဖြင့် မနာရအောင် တတ်နိုင်ကောင်း၏ဟူသော အနက် သည်လည်း တချက်ထည်း ပါလေ၏။

ရသာယန ဘေသဇ္ဇံ ပန သုစိရံဝိ ကာလံ ဇိဝိတံ ပဝတ္တေတုံ သက္ကောတိ ယေဝ။ ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ရသာယနဘေသဇ္ဇံ ပန၊ ရသာယန ဆေးမျိုး သည်ကား။ သုစိရံဝိ ကာလံ၊ အနှစ်တရာတမ်းမှာ ငါးရာ တထောင် မက

သော နှစ်ကာလ ပတ်လုံးလည်း။ ဇီဝိတံ၊ အသက်ကို။ ပဝတ္တေ
ကုံ၊ တည်စေခြင်းငှါ။ သင်္ကာတိယော၀၊ စွမ်းနိုင်သည်သာလျှင်
တည်း။

ရသာယနဟူသောပုဒ်၌၊ရသာ အာယဿ် ဝဗ္ဗဿ် ဇေတနာတိ
ရသာယနံ ဟု ဝိဂြိုဟ်ပြု။ ဇေတန၊ ဤစေတ် ဆေးမျိုးဖြင့်။
ဝါ၊ စေတ်ဆေးမျိုးကြောင့်။ ရသာ၊ ရက်လနှစ်ပေါင်း ထောင်
သောင်းမက ခိုင်မြဲလှသော အသွေး အသား အစဉ်ရှိသော ရသ
စေတ်တို့သည်။ အာယဿ် ဝဗ္ဗဿ်၊ အစဉ်တိုးပွားခြင်း နေကုန်၏။
ဤတိ၊ ဤသို့သော အကြောင်းကြောင့်။ တံ၊ ထိုစေတ်ဆေးမျိုး
သည်။ ရသာယနံ၊ ရသာယနဆေး မည်၏။ အာယုဝဍ္ဎန စေတ်
မျိုးဆိုလိုသည်။ ခြေးဘုန်း ခြေးကံပင် နည်းငြား သော်လည်း
ဉာဏ်စွမ်း ဝိရိယစွမ်း ရှိသ၍ ဤရသာယန ဆေးမျိုးနှင့် ပိဓိရူပ
ကာယခန္ဓာကို ရုပ်ပြောင်းခြင်းသွားအောင် တတ်စွမ်းနိုင်ပါမူ တရာ
တမ်းမှာပင် တထောင်မက တသောင်းမက နေရသောသဘော
နည်းလမ်းအမှန်ဖြစ်၏ဟု ဆိုလိုသည်။

အဘိဝါဒန သိလိသ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူ၍ ထားတော်မူခဲ့သော မြတ်စွာဘုရား၏ အာယုဝဍ္ဎန
ဆေးတော်ကြီးကိုလည်း အမြဲမှီဝဲရလိမ့်မည်။

အချို့သော ဆရာတို့ကား—အာယုဝဍ္ဎနကို အမှု စိုက်မှုသည်
အသက်ခန္ဓာ၌ တွယ်တာသော ဥပါဒါန်မှုဖြစ်၏။ "အသက်ခန္ဓာ
ကို မညှာရဘူး" ဟူသော မြတ်စွာဘုရား၏ သြဝါဒတော်နှင့်
လည်း ဆန့်ကျင်၏ဟု အယူမှိုက်ကြကုန်၍ အသက်ခန္ဓာကို မညှာ
မငဲ့ဘဲ အစားအစာကို ဖြုံးခြိမ်မှု အဝတ်အရံကို ဖြုံးခြိမ်မှု အရိပ်အာ
ဝါသကို ဖြုံးခြိမ်မှုတို့ကို အားထုတ်ကြကုန်၏၊ ထိုသို့အားထုတ်
ကြသော ဖြုံးခြိမ်မှုမျှားသည် ထိုဥပါဒါန်ကို တဒင်္ဂပဟာန်ဖြင့်
ပယ်မှုမျှသာ ဖြစ်၏။ ထိုဥပါဒါန်ကို လွန်မြောက်နိုင်သော အလုပ်

မျိုးပင်မဟုတ်။ သစ်ပင်တောချုံ ထူထပ်လှစွာသော နေရာ၌ ယခုနှစ် မြေပေါ်တွင် ခုတ်ထွင်ရှင်းလင်းမှုသည် နောက်နှစ်၌ ထို နေရာတွင် သစ်ပင်တောချုံစည်ကားရုံမျှ ဖြစ်သကဲ့သို့ နောက် ဘဝ၌ ထိုဥပါဒါနိတရား စည်ကားရန်ဘို့ ပြုသကဲ့သို့သော ဂိုဏ်၊ ထိုဥပါဒါနိကို လွန်မြောက်နိုင်သောအလုပ်မှာမူကား ဝိပဿနာ ဉာဏ်တည်းဟူသော မြမြထက်သော ပေါက်တူးဖြင့် မိမိကိုယ် ခန္ဓာ သူတပါး ကိုယ်ခန္ဓာ ယခု ပစ္စုပ္ပန်ခန္ဓာ နောက် အနာဂတ် ခန္ဓာတို့ကို မနှုံ့မနှုံ့ညက်ညက် တူးဖြိုမှသည် သာလျှင် အသက် ခန္ဓာ၌ တွယ်တာသော ဥပါဒါနိကို လွန်မြောက်နိုင်သော အမှု မှန် ဖြစ်ပေသတည်း၊ ထိုသို့သော တူးဖြိုးမှုကို ပြုလုပ်အားထုတ် ပေါက်ရောက် ထမြောက်နိုင်ရာသော အင်္ဂါစုတွင် အနာရော ဂါ ကင်းရှင်းခြင်းဟူသော ဤဒုတိယ အင်္ဂါသည် ပါရှိသည်ဖြစ် ၍ ထိုဥပါဒါနိကို လွန်မြောက်ခြင်း၌ အရိယဝိဇ္ဇာလမ်းကို ကြိုး ပမ်း အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် အရိယဝိဇ္ဇာလမ်း ဆုံးကမ်းကိုင်ရောက် ထမြောက်သည့် တိုင်အောင် အနာရောဂါ ကင်းရှင်းခြင်း ဟူသော ဤဒုတိယ အင်္ဂါကို ကောင်းစွာအား ထုတ် အပ်သတည်း။

ဒုတိယ အင်္ဂါပြီး၏။

တတိယအင်္ဂါဂါ။ အသင္ဘော ဟောတိ အမာယာဒိ ယထာဘုတံ အတ္ထာနံ အာဝိကတ္တာ သတ္ထုရိဝါ ဝိညူသုဝါ သဗြဟ္မ စာရီသု။

အသင္ဘော၊ မစဉ်းလဲသည်။ အမာယာဒိ၊ လှည့်ပတ်ခြင်းမရှိ သည်။ ဟောတိ၊ ဖြစ်၏။ သတ္ထုရိဝါ၊ ငါဘုရားနှင့်သော်၎င်း။ ဝိညူ သူ၊ မိမိထက် တရားကျမ်းကန် အမြင်သန်ကုန်သော။ သဗြဟ္မစာ ရီသုဝါ၊ အတူနေ သီတင်းသုံးဘော်ကို၌ သော်၎င်း။ အတ္ထာနံ၊ မိမိကိုယ်ကို။ ယထာဘုတံ၊ ဟုတ်မှန်သောအကိုင်း။ အာဝိကတ္တာ၊ ထင်စွာပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဗိဒိဓ၏ စိတ်သန္တာန်၌ရှိသော မကောင်းသောအမူအရာ အကြံအစည် ဝါသနာစရိုက်, ကောင်းသော အမူအရာ အကြံအစည် ဝါသနာ စရိုက်တို့ကို မထိမဲမချန် ဖြောင့်မှန်စွာ လင်းရမည်၊ မဆိတဲ့နှင့် အသိလုပ်ချင်မှ, မမြင်တဲ့နှင့် အမြင်လုပ်ချင်မှ,အနည်းငယ်မျှသိသည် မြင်သည်ကို အများလုပ်ချင်မှ, အသိညာဏ်မပါးဘဲကို အပါးလုပ်ချင်မှ ဤကဲ့သို့သော ကောက်ကျစ်မှုများကို အနည်းငယ်မှမရှိစေရ၊ဖြောင့်စင်း ဖြူစင်သော စိတ်နှလုံး ရှိစေရမည်ဆိုလိသည်။

တတိယ အင်္ဂါပြီး၏။

စတုတ္ထအင်္ဂါ။ အာရဒ္ဓဝိရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ယုတ်မာသော တရားတို့ကို။ ပဟာနာယ၊ ပယ်ဖျောက်ခြင်းငှါ။ ကုသလာနံ၊ ကုသိုထ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ စင်ကြယ် ကောင်းမြတ်သော တရားတို့ကို။ ဥပသမ္ပဒါယ၊ ပြည့်စုံစေခြင်းငှါ။ အာရဒ္ဓဝိရိယော၊ အမြဲမပြတ် အားထုတ်အပ်သော ဝိရိယရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ထာမဝါ၊ ထက်သန်သော စိတ်စွမ်း ကိုယ်စွမ်းရှိ၏။ ဒဠှပရက္ကမော၊ အပြင်းအထန် အလွန်သန်သော လုံ့လရှိ၏။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်လေးပါး မြတ်တရားတို့၌။ အနိက္ခိတ္တဓုရော၊ အခါခပ်သိမ်း မချသောဝန်ရှိ၏။

ဗိဒိ သန္တာန်၌ရှိသမျှသော အဝိဇ္ဇာတဏှာ အစရှိသော အကုသိုလ်တရားတို့ကို ယခုဘဝ နေ့ခြင်း ညခြင်း သမ္ပဇဉ်ဒဠှပဟာန်ဖြင့် အကုန်အစင် ပယ်ဖြတ်ခြင်းငှါ, ကာမကုသိုလ် မဟဂ္ဂုတ် ကုသိုလ် လောကုတ္တရာ ကုသိုလ်တို့ကို ရဖြိုး ရောက်ဖြိုး ဖြစ်

စေခြင်းငှါ စိတ်စွမ်း ကိုယ်စွမ်း ဝိရိယစွမ်း အလွန်ထက်သန်ဖ၏၊ ဖြေဆိုးကိုက်၍ ဖြေဆိုပယ်မှန်း၍ မလှုပ်မလှုက် မျက်စိမမြင် ထွက်သက် ဝင်သက် ချုပ်၍နေသောသူသည် ဆေးအနည်းငယ်တွေ့၍ ထွက်သက် ဝင်သက် ရကာမျှနှင့်လည်း မအေးသာသေး, ဘယ်ပြောင်းညာပြန် လှုပ်ရှားနိုင်ရုံမျှနှင့်လည်း မအေးသာသေး, မျက်စိမြင်ရုံမျှနှင့်လည်း မအေးသာသေး, ဦးခေါင်းမှ အောက် သို့ဖြေဆိုပယ်လျှောကာမျှနှင့်လည်းမအေးသာသေး, ခါးမှအောက် သို့လျှောကာမျှနှင့်လည်း မအေးသာသေး, ဒူးမှအောက်သို့လျှောကာမျှနှင့်လည်း မအေးသာသေး, ကိုက်ရာအနာဝမှ အကုန်အစင် လျှောကျသော အခါမှ စိတ်အေးရသကဲ့သို့ ထိုအတူ လူအဖြစ်၌ ကာမဂုဏ်အဆိပ် ဒိဝရဏအဆိပ်မှန်း၍နေသောသူသည် ရဟန်း အဖြစ်သို့ ရောက်သောအခါ အနည်းငယ်မျှ ဆေးတွေ့၍ ထွက်သက် ဝင်သက် ရသော သူနာ နှင့် တူ၏၊ သံလဝိသဒ္ဒါကို ရကာမျှနှင့် အေးခွင့်မရှိသေး ဆိုလိုသည်၊ ရဟန်းရဟန်းအဖြစ်သို့ ရောက်ပြီးသောသူသည် ရုတင် တရားကို ဆောင်၍ ဖြိုးမြဲသောပဋိပတ်၌ တည်သောအခါ ဘယ်ပြောင်းညာပြန် လှုပ်ရှားနိုင်သော သူနာနှင့် တူ၏။

သိလရုတင် ပဋိပတ်တို့၌တည်၍ ဝိပဿနာလမ်းကို ပြုနိုင်သော ဆရာကို ကောင်းစွာခစားလျက် ဝိပဿနာ နည်းလမ်းကို လက်ထပ်ရအောင် သင်ယူ၍ ဆိတ်ငြိမ်ရာ အရပ်၌ ဝိပဿနာ လုပ်ရတ်ကို ကြပ်ကြပ်တည်းတည်း အားထုတ်သဖြင့် ယိဒိကိယ် ခန္ဓာအတွင်း၌ ရုပ် အသိုက်အခဲ, နာမ် အသိုက်အခဲ, ရုပ်တို့၏ အဖြစ်အပျက်, နာမ်တို့၏ အဖြစ်အပျက်, တို့ကို လင်းလင်းချင်းချင်း မြင်ရသောအခါ မျက်စိမြင်၍လာသောသူနာနှင့်တူ၏၊ မျက်စိမြင်ရုံမျှနှင့်လည်း အဆိပ်ရောဂါ သက်သာသည် မဆိုလောက်သေး၊ ယခုကာလ ဒေသတ်နိုင်ငံ အောက်နိုင်ငံမှာ တောတောင်ဝင်၍ ကျင့်ကြသော သူများကား မျက်စိမြင်သော စခန်းသို့ပင် မရောက်နိုင်ကြလေ၊ ဝိပဿနာဉာဏ် အမြင်သန်၍

သောတာပန် အဖြစ်သို့ ရောက်သောအခါ ဦးခေါင်းခွံ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏၊ သကဒါဂါမ် အဖြစ်သို့ ရောက်သောအခါ ခါးမှ အထက်ခွံ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏၊ အနာဂါမ် အဖြစ်သို့ ရောက်သောအခါ ဒူးမှ အထက်ခွံ အဆိပ်ရောဂါ ပျောက်ငြိမ်းသော သူနာနှင့်တူ၏၊ ရဟန္တာအဖြစ်သို့ရောက်သောအခါ ခြေကိုက်ရာ အနာဝမှ အကုန်အစင် အဆိပ်လျော့ကျ၍ အနာရောဂါ အချင်းခပ်သိမ်း ကင်းငြိမ်း စင်ကြယ်ပြီးသော သူနှင့်တူ၏။

ထိုသို့အနာရောဂါအချင်းခပ်သိမ်း ကင်းငြိမ်း စင်ကြယ်သော စခန်းသို့ မဆိုက်သမျှ ကာလပတ်လုံး ထိုသူနာသည် ဖိုဖိုခွံ ကပ် ရောက်သွဉ်းပန်း၍နေသော ခြေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်မှတပါး တခြားသော ကိစ္စတို့ကို အာရုံးပယ်ဖြတ်၍ ထို ခြေဆိပ်ရောဂါ ပျောက်ငြိမ်းရန် အလုပ်ကိုသာ နေ့နေ့ ညည မနေမနား ကြိုးစားအားထုတ်ရသကဲ့သို့ တထောင့် ငါးရာ ကိလေသာတည်းဟူသော အဆိပ်ရောဂါ မွန်း၍နေကြသောသူကို မှာလည်း ဘုရားတည်းဟူသော အရိယဝိန္ဒာဝုံရ်ကြီး ဝိပဿနာပညာ မဂ်ပညာ တည်းဟူသော ဝိန္ဒာမယိန္ဒိဆေးတို့နှင့် ယခု တဘဝ ကွေကြရသော အခါ၌ ထိုကိလေသာ အဆိပ်မကင်း အချင်းခပ်သိမ်း မငြိမ်းသမျှ ကာလပတ်လုံး သမာပတ်ရှစ်ပါး ဝိပဿနာဉာဏ်ဆယ်ပါးသို့ ရောက်ပြီး ရပြီးပင်ဖြစ်သော်လည်း မဂ်စခန်း ဖိုလ်စခန်းသို့ မဆိုက်ရောက်သမျှ ကာလပတ်လုံး မလျော့သောလုံ့လ မလျော့သော ဝိရိယနှင့် ပြည့်စုံရမည်ဟူ လိုသည်။

စတုတ္ထအာဂါ ပြီး၏။

ပဉ္စမအာဂ်ါ။ ပညဝါ ဟောတိ၊ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခ ကွယ ဂါမိနိယာ။

ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဒယဗ္ဗယဂါမိနိယာ၊ မိမိခန္ဓာ သူတပါးခန္ဓာတို့၌ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်၍နေမှ ခဏမစဲ တသဲသဲချုပ်ကွယ်၍ နေမှုတို့ကို အမြဲ လိုက်နိုင်စွာ ထသော။ အရိယာယ၊ ပုထုဇ္ဇန သာမန် လူသာမန် နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာ သသော။ နိဗ္ဗိဒိကာယ၊ ကျောက်အတိုပြီးသော တောင်အထွဋ် တောင်အထုတို့ကို မုန့်မုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက် ခဲနိုင်သော ဝဇိရနိမိဃ်းကြိုး၏ အလားကဲ့သို့ ရုပ်ခဲ နာမ်ခဲ ခန္ဓာခဲတို့ကို ရက်ရက်ရဲရဲ ဝက်ဝက် ခဲနိုင်သော အစွမ်းလည်း ရှိထသော။ သမ္မာ၊ မစ္ဆေတ်မယွင်း။ ဒုက္ခကွယဂါမိနိယာ၊ ဝဋ်ဒုက္ခ၏ ကုန်ရာစခန်းသို့ တန်းတန်းဖြောင့်ဖြောင့် မသောင့်မကွေ့ ချမ်းဖြေ့ပိုင်ပိုင် ဆိုက်စေနိုင်ထသော။ ပညာယ၊ ဉာဏ်ပညာအထူးနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ဤပဋ္ဌမအင်္ဂါသည်ကား-တိဟိတ်ပဋိသန္ဓေသာရထိုက်သော အင်္ဂါပေတည်း။ အဟိတ်ပဋိသန္ဓေ ဒွိဟိတ် ပဋိသန္ဓေနှင့် ထိုက်တန်သော အင်္ဂါမဟုတ်၊ ဤ အင်္ဂါနှင့်ပြည့်စုံသောသူကို တိဟိတ်ပဋိသန္ဓေပဟု အမှန်မချ သိရသည်၊ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ယခုဘဝ၌ပင် အရိယ ဝိဇ္ဇာလမ်းကို ပေါက်ရောက် ထမြောက်အောင် လုပ်ကိုင်နိုင်၏ဟု ပေါတော် မူအခါ သော ပဓာနိယင် ငါးပါး ပြီး၏။

ပဋ္ဌမအင်္ဂါ ပြီး၏။

ပဓာနိယင် ဆိုသည်ကား-(၁) အရိုးကြွင်းစေ၊ (၂) အရေကြွင်းစေ၊ (၃) အရေရကြွင်းဖြစ်စေ၊ (၄) အသားအသွေး အကုန်ခြောက်ခန်းချကုန်လေစေ။ မပေါက်သမျှ ငါမလျှော့ဟု ဖြစ်သော အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဝိရိယသည် ပဓာနမည်၏၊ ထိုပဓာနမှကိုပြုသောသူသည် ပဓာနိယမည်၏၊ ထိုပဋိပဒါအား

ထိုက်တန်သော ပြဆိုခဲ့ပြီးသော အင်္ဂါငါးပါးသည် ပဓာနိယင်္ဂ တရား ငါးပါးမည်၏။

ဤတွင်ရွေ့ကား-ပဓာနိယင်္ဂတရား ငါးပါးနှင့်တကွ ဝိဇ္ဇာငါး ရပ်ကို အကျဉ်းသရုပ် ပြဆိုချက်ပြီး၏။

ယခုအခါဤ ဤဝိဇ္ဇာ ငါးခုပ်တို့တွင် အရိယဝိဇ္ဇာ လမ်းကို ပေါက်ရောက် ထင်ပြောက်အောင်လုပ်ကြံလိုသောယောဂိပုဂ္ဂိုလ်တို့၏ အကျိုးငှါ အနိစ္စဝိဇ္ဇာ ဒုက္ခဝိဇ္ဇာ အနတ္တဝိဇ္ဇာ ပေါက်လမ်း ပွင့်လမ်းတို့ကို အကျဉ်းမျှ ပြဆိုပေအံ့။

၁။ အယံကာယော၊ ဤကိုယ်ခန္ဓာသည်။ စာတုမဟာဘူတိကော၊ အဆည်ခံ အမာခံဖြစ်သော လေးပါးသော မဟာဘုတ်လျှင် အရင်းခံရှိ၏။

၂။ ဆပ္ပသာဒမဇ္ဈော၊ ခြောက်မျိုးသောမှဏ်ကြည် မှဏ်လင်း ကိုယ်ကွင်းအပြည့် ချယ်လယ်လျက်ရှိ၏။

၃။ ဥပဟူနံ၊ ဆယ်မျိုးသော ဓာတ်မီးတို့၏။ ဥဒယော၊အပွားအစီးသာဖြစ်၏။

၄။ အာဟာရေဟိ၊ ဆယ်မျိုးသော ဓာတ်ဆီတို့သည်။ ထန့်ခြံတော၊ အမြဲမပြတ် ထောက်ပံ့အပ်၏။

၅။ ဓာတိဝမ္မော၊ အသစ်အသစ်မစဲ ဖြစ်ခြင်း သဘောရှိ၏။

၆။ ဇရာဝမ္မော၊ ခဏခြင်း ခဏခြင်း အိုမင်းရင့်ရော်ခြင်း သဘောရှိ၏။

၇။ မရဏဝမ္မော၊ ခဏမစဲ အမြဲပျက်ဆုံးခြင်းသဘောရှိ၏။

၈။ အာနိဇ္ဈော၊ ခိုင်မြဲသော သဘောမရှိ။

၉။ ဒုက္ခော၊ ချမ်းသာမဘက် သက်သက်ဒုက္ခ အရုသာတည်း။

၁၀။ အနတ္တာ၊ ကိုယ်မဟုတ်။

ဤတိအာယံ၊ ဤသည်ကား။ မာတိကာ၊ ခေါင်းစဉ်မာတိကာတည်း။

စာဝုမဟာဘူတိကောတိ ဇွေ၊ စာတုမဟာဘူတိကောဟူသော မာတိကာပုဒ်၌။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘူတ်တို့ ဟူသည်ကား။ ပထဝီ၊ မြေလည်းတပါး။ အာပေါ၊ ရေလည်းတပါး။ တေဇော၊ မီးလည်းတပါး။ ဝါယော၊ လေလည်းတပါး။ ဣမေ၊ ဤလေးပါးကို ပေတည်း။

၁။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ကက္ခဠဘာဝေါ၊ ခက်မာသောသဘောသည်လည်းကောင်း။ မုဒုဘာဝေါ၊ နူးညံ့သောသဘောသည်လည်းကောင်း။ ပထဝီ၊ ပရမတ်နှစ် မြေအစစ်ပေတည်း။

၂။ အာဗန္ဓနံ၊ ဖွဲစည်းမှုသည်လည်းကောင်း။ ပဂ္ဃရဏံ၊ ယိုစီးမှုသည်လည်းကောင်း။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေတည်း။

၃။ ပရိပါစနံ၊ ကြံ့ခိုင်စေခြင်းသည်လည်းကောင်း။ ဥဏှဘာဝေါ၊ ပူသောအဖြစ်သည်လည်းကောင်း။ သီတဘာဝေါ၊ အေးသောအဖြစ်သည်လည်းကောင်း။ တေဇော၊ ပရမတ်နှစ် မီးအစစ်ပေတည်း။

၄။ ဝိတ္ထမ္ဘနံ၊ ထောက်ကန် တောင့်တင်းမှု သည်လည်းကောင်း။ သမုဒီရဏံ၊ လှုပ်ကြွ ရွေ့ရှားမှု သည်လည်းကောင်း။ ဝါယော၊ ပရမတ်နှစ် လေအစစ်ပေတည်း။

ဤကား ဆောင်ပုဒ်တည်း၊ ကြေကြေမွမွ နှုတ်တက်ရအောင် ကျက်၍ ဆောင်လေ။

ယခုအခါ ထိုဆောင်ပုဒ်၌-မြေ, ရေ, လေ, မီး တတ်ကြိုး လေးပါးကို အသီးအသီး ဝိဇ္ဇာညာဏ်ပေါက်အောင် ပွင့်ပြပေအံ့။

ပခုမတ်နှစ် ဖြေဆစ်ဆိုသည်ကား-ခက်မာသော အမှုအရာ အခြင်းအရာ ကြုံယာမျှသာတည်း။ အကုန်မြို့မျှကို အပိတ်တသိန်း ဖိတ်၍ တစိတ်စာမျှ အခဲ အကျိတ် အဆုံ အမာ အထည်ခြုံဟူ၍ မရှိ၊ အလွန်ကြည်လင်လှစွာသော မြစ်ရေ ချောင်းရေ စိမ့်ရေ စမ်းရေတို့၌ ငှင်း, နေရောင် လရောင် ကြယ်ရောင် မီးရောင် ပတ္တာ မြားရောင်တို့၌ ငှင်း, အနီးအဝေး ပြန့်နှံ့၍သွားသော ခေါင်း လောင်းသံ ကြေးစည်သံ စသည်တို့၌ ငှင်း, လေပြေ လေညှင်း လေပြင်းမုန်တိုင်းတို့၌ ငှင်း, အဝေး အနီးပြန့်နှံ့လွင့်ပါး၍ သွား သောအမွှေးနုံ အပုပ်နံ့တို့၌ ငှင်း ထိုပရမတ် ဓာတ်မြေသည် အပြည့်ပါ၏။

ဆံဇ္ဈိကား-ခေတ်ကြီးလေးပါးတို့၏ တပါးနှင့်တပါး အချင်း ချင်းအပြိုနှင်္ဇောဂဝတ္ထု ဖြစ်ကြသည်ကို ထောက်၍ငှင်း၊ ဇကံ မဟာဘူကံ ပဒ္ဓိစ္စ တရေယော မဟာဘူတာ၊ တရေယော မဟာဘူတေ ပဒ္ဓိစ္စ ဇကံ မဟာဘူတံ၊ နွေ မဟာဘူတေ ပဒ္ဓိစ္စ နွေ မဟာဘူတာ၊ ဟူ၍ ဟောတော်မူသည်ကို ထောက်၍ငှင်း။ ပထဝီ၊ မြေဓာတ် သည်၊ သမ္ဘဝိန္ဒြေနရသာ၊ ရေဓာတ် လေဓာတ် မီးဓာတ်တို့ကို ခံ ခြင်းကိစ္စ၌ ဟူ၍အာဒ္ဓကသုတ်၌ မိန့်ဆိုသည်နှင့်အညီ အမာခံ ဖြစ်သော မြေဓာတ်အခံမရှိလျှင် ရေဓာတ်လည်းမရှိနိုင် မီးဓာတ် လည်းမရှိနိုင် လေဓာတ်လည်း မရှိနိုင်သော သဘောကိုထောက် ၍ငှင်း ဆိုခဲ့ပြီးသော ရေစသည်တို့၌ မြေဓာတ် အပြည့်ပါရှိ ကြောင်းကို ဆိုအပ်သတည်း။ ။ဤကားကျမ်းဂန်ယူတို့တည်း။

လက္ခဏာယုဇ္ဇကား- ဝေလုံးတခဲတည်းဖြစ်ကြသော ရေတို့ ၌ငှင်း၊ လေတို့၌ငှင်း၊ အဆက်အထက် နေသော ရေ, လေ, တို့ ကို အောက်အောက်နေသော ရေ, လေ, ကိုက အဆင့်ဆင့်ခုခံ ရှိနေမှုသည် ထင်ရှားဏ်၊ ထိုခုခံမှုသည် အာပေါမှုလည်းမဟုတ်၊ ကပ်တွယ်ဖွဲ့စည်းမှုသည်သာ အာပေါပေတည်း၊ ထိုခုခံမှုသည် တေဇောမှုလည်းမဟုတ်ပုမ္ပဆေးမှုသည်သာတေဇောပေတည်း။

ထို ခုခံမှုသည် ပထဝိမှ ဝါယောမှ နှစ်ချက်နှင့် ဆိုင်၏၊ ထိုခုခံမှုဒြ ခက်မာ ခံ့ကျန်းမှုတခု, ထောက်ကန် ထောင်တင်းမှု တခု, ဤနှစ်ခုဘက်စပ်မှ ခုခံမှု ဖြစ်နိုင်သည်၊ ထိုနှစ်မှာဘို့တွင်ခက်မာခံ့ကျန်းမှုကိုပင် ပရမတ်မြေ ဆိုသည်၊ ထောက်ကန် ထောင့်တင်းမှုကိုပင် ပရမတ်လေ ဆိုသည်၊ ထိုနှစ်မှာတို့တွင် ထောက်ကန် ထောင့်တင်းမှု ဟူသော လေဓာတ်သည့် ခက်မာခံ့ကျန်းမှုဟူသော မြေဓာတ်ကို မှီရသည်၊ မြေဓာတ်ကို လွှတ်၍ မိမိအာလိုအလျောက် ဖြစ်နိုင်သည့်မဟုတ်၊ ခက်မာ ခံ့ကျန်းမှုနှင့် ထောက်ကန် ထောင့်တင်းမှုကို ခြားနားအောင်ကြည့်လေ၊ ဤသို့လျှင် ထို ဆိုအပ်ခဲ့ပြီးသော ရေ လေ တို့၌ ခက်မာ ခံ့ကျန်းမှုဟူသော ပရမတ်မြေ ထင်ရှားဂိုကြောင်းကို ထို လေ ရေ တို့၌ ရေအားလျော်စွာ လေအားလျော်စွာ ကကွဇ္ဈ လကွဏာ ဂိုသည်ကို မြင်၍ သိအပ်သတည်း။

ထို ဆိုအပ်ခဲ့ပြီးသော နေရောင် စသည့် ခေါင်းလောင်းသံ စသည့် အဖွေး နံ့သာ စသည်တို့၌ကား-ထိုအားလျော်စွာ ခက်မာ ခံ့ကျန်းမှ အသီးအသီး ပါကြွေးသော်လည်း အလွန်တရာ အားနည်းလှသော အမှုဖြစ်ချေ၍ လကွဏယုတ္တိနှင့်မပြေသာချေ၊ ကျမ်းဂန်ယုတ္တိနှင့်သာ ပြေသာချေသည်၊ ဤကြည့်လွှစွာသော ရေ, လေ, လရောင်, အသံ, အနံ့တို့ကို ပြဆိုလိုက်သည်မှာ ကကွဇ္ဈကြိယာ ခက်မာခံ့ကျန်းမှုဟူသော အမှုအရာ သက်သက်သည်သာလျှင် ပရမတ်မြေအစစ်အမှန်ဖြစ်ကြောင်း၊ ပရမတ်မြေအစစ်မည်သည် အဏုမြူကို အစိတ်တဆိန်း စိတ်သော်လည်း တစိတ်စာမျှ အဆံအမာအထည် ဝတ္ထုမဂိုကြောင်းကို ထင်လင်းစေခြင်းငှါ ပြဆိုလိုက်သည်။ အထည်ဝတ္ထုဟူ၍ မဂို၊ ခက်မာသော အမှုအရာ သက်သက်မျှသာ ဖြစ်သော ထိုမြေဓာတ်သည်လည်း လွန်ကဲသော ခက်မာမှုကို ထောက်၍ နူနံ့သော ခက်မာမှုကို နှုးညံ့သည်ဟု ဆိုရသည်၊ ထိုကြောင့် ဝရဖိန် ကျောက်သွားဒွိဂိုသော ခက်မာမှုကိုအလွန်အဆုံးထား၍လရောင်ကလာပ်

ဒွိရိသော ခက်မာမှုကို အနုနှံ့ဆုံးထား၍ စပ်ကြားခွဲ ခက်မာမှု အဆင့်ဆင့်, နူးညံ့မှုအဆင့်ဆင့် ဖြစ်၍နေသော ထိုမြေခေတ်၏ အလားကို သိရမည်၊ ဤမြေခေတ်ခွဲ ခက်မာခြင်း လက္ခဏာ ဆိုသည်ကို ပရမတ်သဘောနှင့် ကြည့်ရမည်၊ ပကတိ လူတို့၏ အမှတ်သညာနှင့် မကြည့်ရ၊ ပကတိ လူတို့၏ အမှတ်သညာနှင့် ကြည့်ခဲ့သော်လည်းရောင်စသည်တို့ခွဲခက်မာသောအမှုကို မတွေ့နိုင်ရှိလိမ့်မည်။

ထိုခက်မာသော အခြင်းအရာ ကြိုယာသဘော သက်သက်မျှသာ ဖြစ်သော ပရမတ် မြေခေတ်သည် အာပေါဟူသော ပရမတ်စေး ဖွဲ့စည်းမှုကြောင့် မြေခေတ်ပေါင်း ကုဋေ သိန်းသောင်းပေါင်းဖွဲ့မိသည်ရှိသော် အကုမ္ပြိတခုဟူသော ဝတ္ထုအထည်ဒြဗ်ဖြစ်၏၊ အကုမ္ပြိပေါင်း ကုဋေ သိန်းသောင်း ပေါင်းဖွဲ့မိသည်ရှိသော် သန်း ကြမ်းပိုး ဖြစ်၏၊ ထိုမှအဆင့်ဆင့်ပွားခြင်း သတ္တဝါတွင် ယူဇနာ လေးထောင့် ရှစ်ရာရှိသော အာသုရိန် နတ်ကြီးတိုင်အောင် ဗဟိဒ္ဓသန္တာန်တွင် ယူဇနာ ရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မြင်းမိရိတောင်ကြီး, နှစ်သိန်း လေးသောင်း အထူရှိသော မဟာပထဝီမြကြီး, တိုင်အောင် သိလေ၊ သန်း အစရှိသော အကုမ္ပြိအစရှိသော သက်ရှိသက်မဲ့ ရုပ်စုရုပ်ခဲ ဟူသမျှတို့ခွဲ ခက်မာခြင်း ဟူသော ဤမြေခေတ်သည် အထည်ခံ အမာခံ ဖြစ်သတည်း၊ ဤမြေခေတ်မှတပါး အထည် ဝတ္ထု၊ ရကောင်းသောမာတ်မရှိ၊ ရေခေတ် မီးခေတ် လေခေတ်တို့သည် လည်းမြေခေတ်ခွဲ တွယ်ကြရကုန်သည်၊ ဤသို့မြေခေတ်၏ ကိစ္စကြီးကျယ်ဟန်ကို သိရမည်။

မြင်းမိရိတောင်ကြီး တခုလုံးခွဲငင်း မဟာပထဝီ မြေကြီးတခုလုံးခွဲငင်း ပရမတ်မြေခေတ်သက်သက်ကို ကြည့်လိုသည် ရှိသော် အကုမ္ပြိမှု အထည်ဒြဗ်မရှိ၊ ခက်မာသော အခြင်းအရာ ကြိုယာသဘော သက်သက်ကို ကွက်ခြားခြင်း ကြည့်ရသည်၊ အကုမ္ပြိမှု အထည်ဒြဗ်မရှိဘဲ မှတ်ထဲခွဲထင်သော အရိပ်ကြီးကဲ့သို့, ရေထဲခွဲ

ထင်သော အရိပ်ကြီးကဲ့သို့, မြင်လိမ့်မည်။ အကုသိုလ်လောက် အရှည်အကို အကြီးအငယ် အခဲအမာထင်၍ လာလျှင် ပရမတ် မြေအစစ် မဟုတ်ပြီ၊ သဘ္ဘာနပညတ် ဒြပ်အထည်နှင့် ရောပြီ၊ သဘ္ဘာနပညတ် ဒြပ်အထည်နှင့် ရောခဲ့လျှင် ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။

(ဤဝတ် ကမ္မဋ္ဌာန်းခွဲ ရှင်အာနန္ဒာကို အရှင်ပုဏ္ဏမထေရ် ဆုံးမသောအခါ မှတ်ရပ်ဥပမာနှင့်ဆုံးမသည်၊ ဤမှတ်ရိပ် ဥပမာနှင့် ရှင်အာနန္ဒာ သောတာပန် ဖြစ်လေသည်)။

မြင်းမိုရ်တောင် မဟာဗောဓိ မြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သော်လည်း အခဲအကျိတ် အသည်ဝတ္ထု၊ အကုသိုလ် မရောမယှက်ဘဲ ပရမတ်စစ် အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဝတ် သက်သက်ကို ထင်မြင်အောင် ရှုနိုင်သော သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ် ဖြစ်သော မြေဝတ်ကို ထင်မြင်အောင် ရှုမှ အလွန်လွယ်လှတော့သည်၊ မှတ်၌ထင်သောအရိပ် ရေ၌ထင်သောအရိပ် သစ်ပင်ရိပ် တောင်ရိပ် အစရှိသောအရိပ်တို့သည် မြင်းမိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင် ရငြားသော်လည်း အကုသိုလ် အထည်ဒြပ် မရှိသည့် အတွက်ကြောင့် ပျောက်ခွင့် ပျက်ခွင့် ဆိုက်ခဲ့လျှင် မျက်တောင် တခဝပ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက ပျောက်နိုင် ပျက်နိုင်သကဲ့သို့ ထိုအဟူ ထိုမြင်းမိုရ်တောင်နှင့် အမှု ပြုနိုင်ကြီး ကျယ်၍နေသော ထိုပရမတ် မြေဝတ်သည်လည်း တခုတည်း သော ပရမတ်ဆံ ပရမတ်ခဲဟူ၍ အကုသိုလ် မရှိသည့် အတွက် မျက်တောင်တခတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်တရာ မက ပျောက်ပျက် ကွယ်ပနိုင်ချေသော အရိပ်နိဒါတ် ထင်မြင်နိုင် လိမ့်မည်၊ ဒိဗ္ဗစက္ခုဉာဏ် ထိုပရမတ်စစ် ဖြစ်သော မြေဝတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ညာဏ်ငုံနိုင်လောက်ရုံ ညာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ပိုင်း၍ကြည့်၊ ဦးခေါင်းကိုပိုင်း၍

ကြည့်သောအခါ အတွင်းအပြင် မခြားမနား ထုတ်ချင်းပေါက် အောင်ကြည့်။

မြေခေတ်မဟုတ်သော အဆင်းခေတ် ခုခံ၍ နေတတ်သည်၊ သဏ္ဌာန ပညတ်ဒြဗ္ဗ အထည်ကြီးလည်း ခုခံ၍ နေတတ်သည်၊ ညဏ်ကို ကြပ်ကြပ်လှပ်၍ ပေးလေ၊ ခြေဘဝါး တိုင်အောင် အောက်အဘို့ရကိုလည်း ညဏ်နှိုင်ရုံနှိုင်ရုံ ပိုင်း၍ကြည့်၊ တကိုယ် လုံးစပ်မိသောအခါ ညဏ်ကို ဦးထိပ်ကနေ၍ ရွယ်လိုက်လျှင် ခြေဘဝါးတိုင်အောင် ထုတ်ချင်းပေါက် ထွင်း၍ သွားလိမ့်မည်၊ မိမိကိုယ်ခန္ဓာတခွံ ခေတ်ပေါက် အောင်မြင်ခဲ့လျှင် စကြဝဠာ အနန္တ ကမ္ဘာအနန္တတို့ခွံ ဂိုဏ်သမျှသော သင်္ဘာဝါခန္ဓာရုပ် အကုန်လုံး ခေတ်ပေါက်ပြီးဖြစ်တော့သည်။ ဤပရမတ် မြေခေတ်တခု ပေါက်၍ သွားလျှင် ကြွင်းသော ရေခေတ်, မီးခေတ်, လေခေတ်, စက္ခုသောတ စသော အဏုတ္တိကခေတ်, ရူပသဒ္ဒ စသော ဗာဟိ ရခေတ်တို့ ရှုနည်း ဖေါက်နည်း အလွန်လွယ်၍ ဟုန်တော့သည်။

(ဤတွင် ရွှေကား ပဆဝိဟ္ဂသောမြေခေတ်ကို ခေတ်ပေါက် အောင် ရှုနည်း အမြွက်ပြီး၏)။

ပရမတ်နှစ် ရေအငေခေတ်ကား တွယ်မှု ကပ်မှု ဖွဲ့စည်းမှုသည် သာလျှင် ပရမတ်ရေခေတ်အစစ်တည်း၊ ထိုတွယ်မှုကပ်မှု ဖွဲ့စည်း မှုဟူသော ပရမတ် ရေခေတ်သည် ထက်သန်ခြင်းသို့ ရောက် သည်ရှိသော် စိုစွတ်ခြင်း ယိုစီးခြင်းဟူသော ပဋ္ဌရကာ ရေခေတ် ဖြစ်လေ၏၊ ထိုတွယ်မှု ကပ်မှု ဖွဲ့စည်းမှု ဟူသော အားဗန္ဓန ကြိုးသာသက်သက်မျှသာဖြစ်သော ပရမတ်ရေအစစ်သည်လည်း အခေါ်ခြင်္ကို အစိတ်တသိန်း စိတ်သော်လည်း တစိတ်စာမျှ အသဲ အကိုင် အဆံအမာ အထည်ဒြဗ္ဗဟူ၍မရှိ၊ တွယ်ကပ် ဖွဲ့စည်း ခြင်းကြိုးသာ အမှုအရာ သက်သက်မျှသာတည်း၊ ထိုတွယ်ကပ် ဖွဲ့စည်းမှုဟူသော ပရမတ် ရေခေတ်သည် မြေခေတ်, မီးခေတ်,

လေဓာတ်, သုံးပါးတို့ကို တရထဲ တသားထဲကဲ့သို့ နေအောင် မွှေနှောင်စည်းကြပ်ပေးသည်ဖြစ်၍ ကလာပ်တူ မဟာဘုတ် တို့သည် တပါးကိုတပါး အားပြုမှီငြိကြုံသည်၊ တပါးကိုတပါး ထောက်ပံ့မှီခို ရပ်တည်ကြုံသည်၊ မွှေနှောင်စည်းကြပ် ချုပ်ထိန်း၍ နေသော ရေဓာတ် ချုပ်ကွယ် ပျောက်ပျက် ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အဖေးပြေပျက်၍ ခဏခြင်းပျောက် ပျက်ကွယ်ဆုံး ကြလေကုန်၏။

(ဤကား ကလာပ်တနုတည်းခွဲ ရေဓာတ်၏ ကျေးဇူးကို ဆိုသော စကားရပ်တည်း)။

လောကဒွဲ ပရမာဏုမြဲမှစ၍ သတ္တဝါဒွဲ အသုဂိန် နတ်ကြီး ဟု ဆိုအပ်သော ရုပ်တုံးရုပ်ခဲကြီးဘိုင်အောင် ဗဟိဒ္ဓဒွဲ မြင်းမိုရ် တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီ မြေကြီး တိုင် အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြဗ္ဗ အနေနှင့် ရုပ်တရားတို့ကို အကျိုးအခဲ အတုံးအခဲဖြစ်၍နေကြမှသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း ဤရေဓာတ်မှတပါး အကျိုးအခဲဖြစ်အောင် မွှေစည်းသော ဓာတ်ဟူ၍ မရှိပြီ၊ ရှစ်သောင်း လေးထောင် နှစ်ပြုန်ဆောင်သော မြင်းမိုရ်တောင်ကြီးဒွဲရှိသော မွှေစည်းမှသည် ယခုခဏခြင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင်းမိုရ် တောင်ကြီး သည် ယခုခဏခြင်း ကွယ်ပျောက်ရာ၏၊ ခုစ်သောင်း နှစ်ထောင် နှစ်ပြုန်ဆောင်သော စကြဝဠာ တောင်ကြီးဒွဲရှိသော မွှေစည်းမှသည် ယခုခဏခြင်းပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာ တောင်ကြီးသည် ယခုခဏခြင်း ကွယ်ပျောက်ရာ၏၊ မဟာ ပထဝီမြေကြီးဒွဲရှိသော မွှေစည်းမှသည် ယခုခဏခြင်း ပျက်ဆုံး ခဲ့သည်ဖြစ်အံ့၊ ဤမဟာပထဝီ မြေကြီးသည် ယခုခဏခြင်း ကွယ်ပျောက်၍ ကောင်းကင်အဘိသာ ဖြစ်လေရာ၏။

<u>အာဘယ်ကြောင့်နည်းဟူမူ</u>၊ မွှေစည်းမှဟူလော ချုပ်ထိန်းမှု မရှိခဲ့သည်ရှိသော် **သုံးဝိဓာနဝေဒနာခန္ဓာ** ကိုယ်ကြီးမိုးဥဿာ နဆိုလာ

ပထဝီဖြစ်၍နေသော တခဲနက်သော ပရမတ်မြေ ပရမတ်မီး ပရမတ်လေတို့သည် တပါးကိုတပါး ဆောက်ပံ့မှု မှီတွယ်မှု အစည်းအရုံး ခဏခြင်း ကင်းလွတ်ကြလေကုန်၏၊ နိဗ္ဗာန်မှ တပါးသော သင်္ခတ လက္ခဏာရှိသော ပရမတ္ထ ဓမ္မတို့မည်သည် ထောက်ပံ့မှု မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည့် မရှိလေကုန်၊ မြင်းမိုရ်တောင်ကြီး စကြဝဠာတောင်ကြီး မဟာပထဝီမြေကြီး တို့၌ပရမတ်ရေဓာတ်သက်သက်ကိုကွက်ခြားဖြတ်၍ကြည့်ရှုလိုသည် ရှိသော် ခက်မာမှု ဟူသော မြေဓာတ်နှင့်မရောစေမူ၍ ဖွဲစည်းမှု ဟူသော ရေဓာတ်သက်သက်ကို ကွက်ခြားဖြတ်၍ ကြည့်ရသည်၊ အဆင်းသဏ္ဌာန် အထည်မြဲစုလည်း ခုခံ၍နေတတ်သည်။

ကြည့်ရှုသော ဓမ္မဝဝတ္ထုဟူသည်ကား အဆင်းသဏ္ဌာန်အထည်ဖြစ်စု ခုခံ၍နေခဲ့လျှင် နောက်ဦးဖြစ်မှု ပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်၊ ပရမတ်အစစ်ကို အဖြင်စင်ကြယ် လှပါမှ အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ်ကို မြင်နိုင်သည်၊ မြေဓာတ်ဦး ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်ဦးလည်း ဖွဲစည်းမှု သက်သက်ဟုဆိုအပ်သော ရေဓာတ်အဖြင် စင်ကြယ်သောအခါ မြင်းမိုရ်မဟာပထဝီ တခုလုံးဦး အကျိုးအခဲ အဆံအမာမရှိသည့် အတွက်မှထို၌ ရေထဲမှာ ထင်မြင်ရသော မိုးယံးမိုရ် တိမ်ရိပ် နေဝန်း လာန်းအရိပ် သစ်ပင်ရိပ်တို့ကဲ့သို့ ဖွဲစည်းမှု ဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်၊ မြင်းမိုရ်တောင်မဟာ ပထဝီဘို့ဦး ထင်မြင်နိုင်သောအခါ လူ နတ် ဗြဟ္မာ သတ္တဝါ ခပ်သိမ်းဘို့ဦး ထင်မှ မြင်မှ အလွန် လွယ်လွတော့သည်၊ သတ္တဝါသန္တာန်မှာ ထင်မြင်မှသာ လိုရင်းဖြစ်သည်၊ မြင်းမိုရ်မဟာပထဝီတို့က ချိုး၍ပြလိုက်သည်မှာ သတ္တဝါသန္တာန်၌ ထင်လွယ်၊ မြင်လွယ်အောင်ချိုလိုက်သည်၊ ဓိဓိသန္တာန်၌ ဦးခေါင်း ခြေဘဝါး ထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတပါး သန္တာန်ဟုကို လည်း ထိုအတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

(ဤတွင်ဧွန်းကား-အာပေါဟူသော ရေစာတ်ကို ဓာတ်ပေါက်အောင် ရွှန်းနှင်း အဖြက်ခြင်း၏)။

ပုဗ္ဗ အေးမှု ဟူသော အဓုဗရာ ကြီယာမှု သက်သက်သည် ပရမတ်နှစ် ဖီးအစစ်မည်၏။

ပုမှ အေးမှဟူသည်လည်း ကလာပ်တူ မဟာဘုတ် သုံးပါး တို့ကို ရင့်မာသန်စွမ်းအောင် ပေါင်းနွေးမှုပေတည်း၊ အပူစွမ်း အနှေးစွမ်းနှစ်ပါးရုံသည်ပင်လျှင် ကလာပ်တူ မဟာဘုတ်တို့ကို ရင့်မာအောင် ထက်သန်အောင် အသိုးအသိုး အစွမ်းသတ္တိနှင့် ပြည့်စုံကြအောင် ပေါင်းနွေးမှု ဂိုသည်ချည်း ဖြစ်သည့် အဓိဝမ်း မှ ဥ၍ မြုံ့၌တည်ဂိုသော ကြက်ဥတို့သည် အမိဖြစ်သူကြက်မ က မပြတ်ဝပ်၍ အငွေ့ပေးမှ အစဉ်အတိုင်း ရင့်မာ သန်စွမ်း၍ ကြက်သူငယ်အဖြစ်သို့ ရောက်သဖြင့် ပေါက်ဖွားနိုင်သည်၊ အမိ ကြက်မက မဝပ်ဘဲ အငွေ့မပေးဘဲ နေခဲ့သည်ဂိုသော် ကြက် သူငယ်အဖြစ်သို့ မရောက်နိုင်ပြီ၊ အမိဝမ်းတွင်းက ထုံခဲ့သော အင်္ဂအင်္ကုန်တွင် ပုပ်ခြင်းသို့ ရောက်လေတော့သည်။ ဤအတူ တစ္ဆေဟူသော ဤမီးစာတ်သည် အမိကြက်မနှင့် တူသည်၊ အတူတကွ ဖြစ်သော မြေစာတ် လေစာတ် ရေစာတ် ဤစာတ် ကြီး သုံးပါးတို့သည် ကြက်ဥနှစ်တို့နှင့် တူကြ ကုန်သည်၊ မီးစာတ်နှင့်အတူ တွဲဘက်ရမှ မြေစာတ် ဟူသော ခက်မာမှု သည် အောင်မြင်စွာ ဖြစ်နိုင်သည်၊ ရေစာတ်ဟူသော ဖွဲ့စည်းမှု သည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ လေစာတ် ဟူသော အဝှန်အဝှါမှုသည်လည်း အောင်မြင်စွာ ဖြစ်နိုင်သည်၊ မီးစာတ် နှင့်ကင်း၍ အောင်မြင်စွာ မဖြစ်နိုင်ကြကုန်။

မဟာသမုဒ္ဒရာရေ သိတာရေ ကန္တာရကိုခံသော ရေတို့သည် လည်း သိတစာတ်မီး၏ အစိုးအပွားတို့သာတည်း၊ သိတစာတ် မီး၏ အခပ်စိုးချက်နှင့် ဆက်လက်ဖြစ်ပွားကာ နေကြရကုန် သည်၊ မြင်းမိုရ်တောင် စကြဝဠာတောင် သိလာပထဝီမြေကြီး

တို့သည်လည်း သီတင်္ဂါတ်ဒိုးဇ၏ အစိုးအပွားး တို့သာတည်း၊ တပါးသောဓာတ်တို့နှင့် မရောနှောစေဘဲ ဒိုးဓာတ်သက်သက်ကို ရရသောအခါ အေးသောဝဏ္ဏတို့ရှိ၌ အေးမှုသက်သက်ကို ရရမည်၊ ပူသောဝဏ္ဏတို့ရှိ၌ ပူမှုသက်သက်ကို ရရမည်၊ အာဆင်းသဏ္ဌာန် အာဆည်ဖြစ် ပညတ်နှင့်ရောရှိ၍ မနေစေနှင့်၊ ပူမှု အေးမှုဟူသော ဤပရမတ်ဒိုးဓာတ်၏ အကာမြှုမှု အာဆံအာမာ အာထည့်ဝဏ္ဏ မရှိကြောင်းကား ထင်ရှားပါ၏၊ အာဆံအာမာ အာဆည့်ဝဏ္ဏဟူ၍ အကာမြှုမှု မရှိသည့်အတွက်ကြောင့် ဤဒိုးဓာတ်ကို အမြင်စင်ကြယ်သောအခါလည်း ရေကြည် ၊မုတ်ကြည်စသည် တို့၌ နေဝန်း လဝန်းအရိပ် တိမ်ရိပ် မိုးရိပ်တို့ကဲ့သို့ ညာဏ်အမြင်မှာသာ ကြိုးကျယ်၍အထည်ဖြစ်မရှိကြောင်း ထင်ရှားလိမ့်မည်၊ ဒီဒိကိုယ်ကို ရရသောအခါ ညာဏ်နှိုင်ရုံ ပိုင်း၍ ပိုင်း၍ရ၊ ဒီဒိကိုယ်မှာ အလင်းထင်ဖြင့်နှိုင်လျှင် သတ္တဝါ အနန္တမှာပင် ထင်တော့သည်။

(ဤတွင်ဖွေကား-တေဇောဟူသောဒိုးဓာတ်ကို ဓာတ်ပေါက်အောင် ရှာနည်း အဖြေက်ပြီး၏)။

ဒီးတောက် ဒီးခိုး၏ဘဝဖွင့်ပုံ ဒိုးဓာတ်၏အာနုဘော်ကြောင့် ဒိုးဓာတ်ကိုပင် အစဉ်ဖြစ်ပွားခြင်းသွားနိုင်အောင် လှုံ့ဆော်ချိုးပင့်မှုဟူသော ဝါယောသည်ပါ၌၏၊ ထိုဝါယော အတွက်ကြောင့် ဒိုး၏ပြန့်ပွားခြင်း, ဒိုးဂိုန်၏ပြန့်ပွားခြင်း,ဒိုးရောင်၏ပြန့်ပွားခြင်း, ဒိုးတောက်၏ လှုလှုတက်ပွားခြင်း, အဂိုးထွက်ခြင်း, အဆင့်ဆင့် ဒိုးကူးခြင်း အစရှိသော ဒိုးဓာတ်၏ ပြန့်ပွားစည်ကားမှုကိုသည် ထင်ရှားဖြစ်ကွန်၏သို့၊ ထိုအတူ ဝါယောမည်သော ဤလေဓာတ်သည် ပူအေးဟူသော ဒိုးဓာတ်၏ အရိန်အဝှန် ပေတည်း၊ ဒိုးစာရိဏ္ဍ အနည်းငယ် ချဆားသောဒိုးသည် ထိုအရိန်အဝှန်ကြောင့် ဒိုးစာရိသမျှ အကုန်ပြန့်ပွား နိုင်သည်၊ဒိုးဌိအတွင်းအရိန်အဝှန်သည့်၍ မပွားတဲ့နိုင် မတောက်တဲ့နိုင်ရှိလျှင် ယပ်နှင့် ယပ်၍

ပြောင်းနှင့်မှုတ်၍ အပက အင်္ဂါနိအဘုန် ကူရသေးသည်၊ ပူမှုဂိုလျှင် ပူဂိုန် ပူဟုနိုဂိုမြဲ, အေးမှုဂိုလျှင် အေးဂိုန်အေးဟုန်ဂိုမြဲ, ပူမှုအေးမှုကား တခြား, အင်္ဂါနိ အဘုန်ကား တခြား, ပူမှုအေးမှုကား ပရမတ် ဒီးဓာတ်တည်း၊ အင်္ဂါနိအဘုန်ကား ပရမတ် လေဓာတ်တည်း၊ ထိုအင်္ဂါနိ အဘုန်ဟူသော လေဓာတ်သည် ကလာပ်တူ ဖြစ်သော မြေဓာတ် ရေဓာတ် ဒီးဓာတ်တို့၏ အားခွန်ဗလလည်း မည်၏၊ ထိုအဟုန်အဘုန်ပွားရာ ကလာပ်တူ မဟာဘုတ် ချပ်ကလာပ်တို့သည်ဖြစ်ပေါ်၍လိုက်ရကုန်၏၊ ထိုအဟုန်အဘုန်သည် အလွန်ထက်သန်သည်ရှိသော် လေပြင်းမုန်တိုင်း ဖြစ်လေ၏၊ ထိုအဟုန်အဘုန်သည် လေမွှေရာ လေခေါင်းဆုံး စသည်တို့၌ကဲ့သို့ ထောက်ကန်တောင့်တင်းမှုချိုးပင့် ထမ်းဆောင်မှုဖြစ်၍ ဝိတ္ထဖန်မှုန် လက္ခဏာဟု ကျမ်းဂန်တို့၌ ဆိုပေသည်၊ မြင်းမိုရ်တောင် စကြဝဠာတောင် သိသာပထဝီ စသည်တို့၌ ရှိသော သိတ ဓာတ်ဒီးသည် ထိုအဟုန် အဘုန်ဟူသော လေဓာတ်၏အစွမ်းဖြင့် ခဏတိုင်း ခဏတိုင်း ပွားများ၍ ကမ္ဘာ ပျက်သည် တိုင်အောင် ချပ်ကလာပ် အဆက်ဆက် တို့ကို ပွားများစေနိုင်သည်၊ မြင်အောင်ကြည့်။

ဟဒယဝတ္ထုဠှိ ဖြစ်ပေါ်သော တစုသော စိတ်ကြောင့် ခဏခြင်း ခဏခြင်း တကိုယ်လုံး စိတ္တဇချပ်ကလာပ် ပြန့်နှံ့ဖြစ်ပွားမှု, ဥဒုဇချပ်ကလာပ်တို့ ပြန့်နှံ့ဖြစ်ပွားမှု, ဝမ်းထဲသို့ ရောက်သော အစာ အာဟာရ ဓာတ်တို့၏ တကိုယ်လုံး အနှံ့အပြား ပြန့်နှံ့ဖြစ်ပွားမှု, ကလလ ရေကြည်မှစ၍ သင်္ဃဝါတို့၏ အစဉ်အတိုင်း တိုးပွားစည်ကားမှု, အညွှန့်အသွေက် ပေါ်ပေါက် သည်မှစ၍ သစ်ပင်ချုံမြက်တို့ အစဉ်အတိုင်း တိုးပွားစည်ကားမှုတို့ သည်လည်း ဝါယော လှုံ့ဆော်မှုနှင့် ဖြစ်ကြကုန်သည် သာတည်း၊ မြင်းမိုရ်တောင် စကြဝဠာတောင် မဟာပထဝီ မြေကြီးမှစ၍ သက်ရှိသက်မဲ့ အလုံးစုံတို့ကို ဓိုဓို ဓိုဓိုထင်အောင် ကြည့်လေ၊ ဒိဒိကိုယ်မှစ၍ အကုန်လုံးနှံ့အောင်ကြည့်၊ ဦးထိပ်မှစ၍ ခြေဖဝါး အလင်း ပေါက်အောင် ကြည့်၊ ဤဓာတ်လည်း ဆိုခဲ့ပြီးသော

ခေတ်တို့နည်းတူ အဆံအမာဟူ၍ အကုန်မြဲမျှ မရှိသည့်အတွက် ကြောင့် ရေထဲ မှော်ထဲ၌ထင်သော လူရိပ် စသည်ကဲ့သို့ ထင်မြင်လိမ့်မည်၊ မျက်စိတွင် မြင်နေကြဖြစ်သော အဆင်းသဏ္ဌာန် အထည်ဖြစ် ပညတ်ကြီးခုခံ၍ နေတတ်သည်၊ အဟုတ်မရှိသော ထိုပညတ်ကို ညွှတ်ဖြင့် မှုတ်လွှင့်ပစ်လေ။

(ဤတွင်ရွှေကားဝါယောဟူသောလေခေတ်ကိုခေတ်ပေါက် အောင်ရှုနည်း အမြွှက်ပြီး၏)။

ခက်မာမှု, ဖွဲ့စည်းမှု, ပေါင်းနွှေးမှု, အရှိန် အဟုန်မှု-ဤလေးခုသောအခြင်းအရာအမှုအရာ ကြီယာကြီးတို့သည်သဘောလက္ခဏာအားဖြင့် အသီးအသီး ထင်ရှားကြကုန်၏၊ တည်ရာဌာနအားဖြင့် ခက်မာမှုကို မ တည်ပြု၍ တနုတည်းကဲ့သို့ တည်ကြကုန်၏၊ ဖြစ်အတူ ပျက်အတူ တည်ဒုတူတို့ သာတည်း ခက်မာမှုဟူသော မြေခေတ် ပျက်ဆုံးလျှင် တည်ရာ မရှိသည်ဖြစ်၍ ကြွင်းသော ခေတ်သုံးပါးသည်း ပျက်ဆုံးရတော့သည်၊ ထိုအတူ ဖွဲ့စည်းမှုဟူသော ရေခေတ်ပျက်ဆုံး လျှင်လည်း အဖွဲ့အစည်း ပျက်သဖြင့် တပါးနှင့်တပါး ထောက်ပံ့မှုကင်းကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ ပေါင်းနွှေး၍ ထက်သန်အောင် ပြုမှုဟူသော မီးခေတ်ပျက်ဆုံးလျှင်လည်း ကြွင်းသော ခေတ်သုံးပါးတို့သည် မိမိတို့သဘောအတိုင်း ပြည့်စုံစွာမတည်နိုင်ကြ၍ အကုန်လုံး ပျက်ဆုံးကြတော့သည်၊ ကြန့်ခိုင်တောင့်တင်းမှုဟူသော လေခေတ် ပျက်ဆုံးလျှင်လည်း ကြွင်းသော ခေတ်တို့သည် အားပြတ်၍ ပျက်ဆုံးကြကုန်တော့သည်၊ မီးဟူသော ပူမှု အေးမှု သည် လုံ့ဆော် ထထူ တလူလူ ဆောင်ရွက်ခြင်း ဟူသော လေခေတ်နှင့်တွဲရမှ ဖြစ်နိုင်သည်၊ လေခေတ်မရှိလျှင် အားပြတ်၍ ခဏခြင်း ကွယ်ဆုံးလေ၏၊ ထိုအတူ ခက်မာမှုဟူသော မြေခေတ်သည်လည်း ခက်မာခြင်းကြီယာကို ကြန့်ရန့် တင်းရင်း

အောင် ချီးပင့်သော လေဓာတ်မရှိလျှင် အားပြိတ်၍ ကွယ်လေ ဆုံးလေ၏၊ ဖွဲ့စည်းခြင်းဟူသော ရေဓာတ်သည်လည်း ဖွဲ့တွယ်ခြင်း ကြိယာကို ကြွနှံ့ရန့်တင်းရင်းအောင် ချီးပင့်သောလေဓာတ် မရှိလျှင် အားပြိတ်၍ ကွယ်ဆုံးလေ၏။

(ဤကား အခြင်းအရာကြီးလေးပါးတို့၏ အချင်းချင်း မှီတွယ် ကြပုံ၊ တပါးပျက်လျှင် အားလုံးပျက်ပုံကို ပြဆိုလိုက်သောအချက် တည်း)။

ထိုခေတ်ကြီး လေးပါးတို့၏-သက်ရှိသက်မဲ့ သန္တာန်နှစ်ပါး တို့၌ဖြစ်ပုံဆန်းကြယ်မှုသည်လည်း အစိန္တေယျ အရာဖြစ်၍ မကြီ အပ် မကြီရာ ကြီးကျယ်လှစွာ၏၊ ထိုဓာတ်လေးပါးတို့၏ တန် ခိုးဏာန္ဓိပါဒ်သည်လည်း အစိန္တေယျအရာဖြစ်၍ မကြီအပ်မကြီရာ ကြီးကျယ်လှစွာ၏။

ဤဓာတ်လေးပါးကို ဘုရား၏ နည်းလမ်းနှင့် အထင်အမြင် ထိုးထွင်း၍ ထမြောက် ပေါက်ရောက်အောင် လုပ်ကြံနိုင်လျှင် လောကုတ္တရာ အရိယ ဝိဇ္ဇာလမ်း ပေါက်၏၊ ဝိဇ္ဇာတို့၏ နည်း လမ်းနှင့် ထမြောက် ပေါက်ရောက်အောင် လုပ်ကြံ နိုင်လျှင် လောကိယာန္တာဂိ ဝိဇ္ဇာလမ်း ပေါက်၏။

အလတ်သော လောကီ နည်းလမ်းနှင့် ထမြောက်ပေါက် ရောက်အောင် လုပ်ကြံနိုင်လျှင် ဆေးလမ်း ဓာတ်လမ်း စက်ကြွ ယာလမ်းပေါက်၏၊ ထိုဓာတ်လေးပါးတို့၌ အချုပ်အချာ ဦးစီးဦး ကိုင်ကား-တေဇောပေတည်း၊ စကြဝဠာကမ္ဘာမြေရေနှင့် တကွ ချပ်သဏ္ဌာန်နှင့် စပ်သော သက်ရှိသက်မဲ့ အသုံးရုံသည့် တေ ဇော၏ အစိုးအပွားချည်းတည်း၊ ဓာတ်ဒီး၏ အစိုးအပွားချည်း တည်း၊ တေဇော ဟူသော ဓာတ်ဒီး၏ ဏှဒ္ဓိပါဒ်တန်ခိုး အာဏိုး သွားကို ဘုရားသဗ္ဗညုတ်ဉာ၏ ဉာဏ်တော်သည်သာ မှီနိုင်ရာ သတည်း။

လယ်တီဆရာတော်ဘုရားကြီး၏

(ဤတွင်ဖွေ့ကား စာတမ်းဟာဘုတိကော ဟူသော မာတိကာပုဒ်၏ အဓိပ္ပါယ် အာကျယ်ပြီး၏)။

ဆပ္ပသာဒမတ္တော့၊ ခြောက်မျိုးသော ဓာတ်ကြည့် ဓာတ်လင်း မှတ်ကြည့် မှတ်လင်း ကိုယ်ဝင်းအပြည့် ချယ်လှယ်လျက် ရှိ၏ ဟူသော **ဒုတိယမဟာဘိကာပုဒ်ဒွဲ့**၊ ပသာဒေါ၊ အကြည့်။ မတ္တော့၊ အကြည့်။ အတ္တော့၊ အကြည့်။အကြည့်ဟေ ဘသဒ္ဒါစု။

ထိုသဒ္ဒါတို့တွင် မတ္တာသဒ္ဒါ၏ နာမသတ် အနက်ကို ယူ၍ ဖလ မတ်ဟူသောစကားဒွဲ့ မတ်ဟူ၍ ဆိုသည်၊ ထိုမတ်ကိုပင် ယခု ကာလ မှတ်ဟူ၍ ဆိုကြသည်။

ထိုမှတ်သည် ဥတုဇ ဓာတ်မှတ်, ကမ္မဇဓာတ်မှတ် ဟူ၍ နှစ်မျိုးရှိ၏၊ ရန်ကုန်မြို့ မန္တလေးမြို့တို့ဒွဲ့ မှတ်တန်းမှာ လုပ်အပ် သောမှတ်စု မျက်မှတ် မှတ်ပြောင်း မှတ်စုသည် ဥတုဇဓာတ် မှတ်စုပေတည်း၊ သတ္တဝါတို့၏ အစွဲတွ သန္တာန် အတွင်းဒွဲ့ ဖြစ်သော မှတ်စုသည် ကမ္မဇဓာတ်မှန်စု ပေတည်း၊ ထိုကမ္မဇ ဓာတ်မှတ်သည် စက္ခုခေါ်သော ဓာတ်မှတ်တမျိုး, သောတ ခေါ်သော ဓာတ်မှတ်တမျိုး, ဃာနခေါ်သော ဓာတ်မှတ်တမျိုး, ဇိဝှါခေါ်သော ဓာတ်မှတ်တမျိုး, ကာယခေါ်သော ဓာတ်မှတ် တမျိုး, မနောခေါ်သော ဓာတ်မှတ်တမျိုး ဟူ၍ ခြောက်မျိုး အပြားရှိ၏။

စက္ခုဓာတ်မှတ်သည် မျက်လုံးအိမ်တွင်းဒွဲ့ တည်၏၊ သောတ ဓာတ်မှတ်သည် နားတွင်းဒွဲ့ တည်၏၊ ဃာန ဓာတ်မှတ်သည် နှာခေါင်းတွင်းဒွဲ့ တည်၏၊ ဇိဝှါဓာတ်မှတ်သည် လျှာအပြင်ဒွဲ့ တည်၏၊ ကာယဓာတ်မှတ်သည် တကိုယ်လုံး အပြည့်အနှံ့တည် ၏၊ မနောဓာတ်မှတ်သည် နှလုံးအိမ်ဒွဲ့ တည်၏၊ ဤအကြည် ဓာတ် ခြောက်မျိုးကိုရှု၍ ထင်ပြင်သော ယောဂီ ပုဂ္ဂိုလ်အား ဤခန္ဓာကိုယ်ကြီးသည် အလွန်ကြည်လွစွာသော ဖလိတုံး ဖလိ

တိုင်ကြီး မဏ်တုံး မဏ်တိုင်ကြီးနှင့် အလွန်တူလှ၏၊ ဤအကြည့် ဓာတ်ခြောက် မျိုးကိုပင် သင်္ကြိုဟ် ဒွါရသင်္ဂဟ၌ ဆိုရ ဟူ၍ သည်။

ဒွါရဆိုသည်ကား- အပေါက်ဟင်းလင်းကို ဆိုလိုသတည်း၊ ထို ဒွါရသည်လည်း အာကာသဒွါရ, မဏ္ဍာဒွါရ ဟူ၍ နှစ်မျိုး အပြားရှိ၏၊ ဘုန်းရှိသော သူတို့၏ အိမ်၌ တံခါး နှစ်မျိုး ရှိ၏၊ အိမ်တွင်း အိမ်ပြင် ထွက်ဝင်ရန် အပေါက်တံခါး, လေဝင်ရန် လေသာပြူတင်းပေါက် တံခါး ဟူ၍ အပေါက်တံခါး တမျိုး, အပေါက်ကားမရှိ မှဏ်ချူပ်တပ်၍ ထားသော အကြည့်တံခါး အလင်းတံခါး တမျိုး, ထိုနှစ်မျိုးတို့တွင် မှဏ်ချပ်တပ်၍ ထားသော အကြည့်တံခါး အလင်းတံခါး၏ ကိစ္စမူကား ထိုမှဏ်ချပ် မျက်နှာစာ၌ အဝေးအနီးတွင်ရှိရှိသမျှသော နေလနက္ခတ်တာရာ တိမ်တိုက် ကောင်းကင် မြေပြင် ရေပြင် တော တောင် သစ်ပင် အိမ်ရာ ကျောင်းကန် ဘုရား စေတီ အစရှိသော အဆောက်အဦ တို့သည် မိမိတို့သဏ္ဌာန်အဘိုင်း ထိုမှဏ်ချပ်အပြင်မှာ ထင်လာ ရကုန်၏၊ အိမ်တွင်း၌ နေကြကုန်သော အိမ်သူအိမ်သားတို့သည် အိမ်တွင်း၌ နေလျက်ပင် ထိုမှဏ်ချပ်မှာ ထင်လာ သမျှသော နေဝန်းသဏ္ဌာန် လဝန်းသဏ္ဌာန် နေရောင် လရောင် အစရှိသော အလုံးစုံတို့ကို အကုန်အစင် မြင်ရကုန်၏၊ အိမ်ပြင်ကနေ၍ ထိုမှဏ် တံခါးဖြင့် အိမ်တွင်းသို့ ကြည့်ပြန်လျှင်လည်း အိမ်တွင်း၌ ရှိရှိသမျှ အားလုံးကုန်မြင်ရ၏၊ ထိုမှဏ်တံခါးမှာ နေရောင် လရောင် မီးရောင်တို့သည် မှဏ်၏ အဘော်သဟဲတို့ပေပတည်း ထိုတံခါးနှစ်မျိုး အပြည့်ရှိသော အိမ်ကြီးနှင့် အလားတူ ဤတစု တစုသော လူခန္ဓာ နှတ်ခန္ဓာ နွား ကျွဲ ဆင် မြင်း ကြက် ငှက် စသော ခန္ဓာရုပ်မှာလည်း အာကာသ တံခါးတမျိုး, မဏ္ဍာတံခါးတမျိုး ဟူ၍ နှစ်မျိုးစီရှိကြသည်။

အားကာသ တံခါးဆိုသည်ကား-ခံတွင်းပေါက် လည်ချောင်း ပေါက် နှာခေါင်း ပေါက် မျက်ရည်ထွက်

သော မျက်စိပေါက် အစရှိသော ဒုါရကိုးပေါက်ဟူ၍ ဆိုအပ်သော အပေါက်စု, ကိုးသောင်း ကိုးထောင်သော မွေးညှင်းပေါက်စုသည် အာကာသ တံခါးမျိုးစုတည်း၊ ဆိုခဲ့ပြီးသော စက္ခုအကြည် သောတအကြည် ဃာနအကြည် ဇိဝှါအကြည် ကာယအကြည် မနောအကြည် တည်းဟူသော အဋ္ဌင်္ဂကမ္မဇ ဝတ်မှက် မျိုးကိုသည်ကား အာကာသ တံခါးပေါက်မဟုတ် မှက်ချပ်တွေနှင့် အလားတူသော မှက်ပေါက် အကြည်ပေါက် အလင်းပေါက်တို့ ပေတည်း၊ ထိုကမ္မဇ ဝတ်မှက် ခြောက်မျိုး တို့၏ ကိစ္စမှာကား အဖိုးအကာ လေသာပြူတင်း အလုံးစုံ ဖလိုမှက်အဘိပြီးသော နှုန်းအိမ်သည်ရှိ၏၊ အလယ်၌ အတုမရှိ အလွန်ကြည်သော ဖလိုလုံး မှက်လုံးတခုလည်းရှိ၏၊ ထိုအိမ်မှာ အဆက်ကောင်းကင် တခွင်လုံး၌ ရှိနေကုန်သော တိမ်တိုက် တိမ်လွှာ နေ လ နက္ခတ် တာရာ အပေါင်းတို့သည်၎င်း, ကောင်းကင်၌ ပျံသွားသောဋက်တို့သည်၎င်း, အဆက်အမိုးရှိမှက်ချပ်တို့ မှဝင်၍ အိမ်တွင်းရှိ မှက်လုံးမှာ အကုန်ပေါ်ကြကုန်၏၊ အဆက် အမိုး မှက်ချပ်ရှမှာ နေဝန်း လဝန်း တခုစီ, အိမ်တွင်းရှိ မှက်လုံးမှာ နေဝန်းတခု လဝန်းတခု ပေါ်၏၊ ထိုအထူ အဆက်ကောင်းကင်၌ ရှိသမျှသော ဝတ္ထုတို့သည် အမိုးမှက်ချပ်တို့၌၎င်း, အိမ်တွင်းမှက်လုံး၌၎င်း, တပြိုင်နက် တချက်တည်း ပေါ်ကြကုန်၏။

ထိုအတူ အရွေ့အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အရွေ့နံရံပြူတင်း မှက်ချပ်တို့၌၎င်း, အိမ်တွင်းရှိ မှက်လုံး၌၎င်း, တပြိုင်နက်ပေါ်ကြကုန်၏၊ အနောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည် အရှေ့ နံရံပြူတင်း ဟောင်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်၎င်း ခြောက်အရပ်၌ ရှိသမျှသော ဝတ္ထုတို့သည်၎င်း ထိုအတူ ပေါ်ကုန်၏၊ အောက်အရပ်၌ရှိသမျှသော ဝတ္ထုတို့သည် အောက်ကြမ်းပြင်မှက်ချပ်၌၎င်း, အိမ်လယ်၌မှက်လုံးတခု၌၎င်း, တပြိုင်နက် ပေါ်ကြကုန်၏၊ ဤအိမ်ကြီးအလားတူ ဤခန္ဓာကိုယ်၌လည်း

မနောဟူသော အကြည် ဓာတ်မဂ်လုံးကြီးသည် နှလုံးအိမ် တွင်းခွံတည်ဖြစ်၊ ပဘဿရမိဒံဘိက္ခဝေစိတ္တံဟူ၍ ကေဂိတ္တရုပါဒိ် တော်ခွံ ဟောတော်မူသောကြောင့် ထိုမနောဟူသောအကြည် သည် တလျှမ်းလျှမ်း တလက်လက် ပြိုးပြိုးပြက် တောက်ထွန်း ဖြစ်၊ သိက္ခဝေ၊ ရဟန်းတို့။ ဤဒံစိတ္တံ၊ ဤစိတ်ဟူသော ဓာတ်သည်။ ပဘဿရံ၊ တထိန်ထိန် တလက်လက် ပြိုးပြိုးပြက် ရှိ၏။

အဟိတ်စိတ်ပင် ဖြစ်သော်လည်း အသက်ထက်ဆုံး တွေဘူး သမျှ ကြုံဘူးသမျှကို အောက်မေ့လို၍ ရှေးရှုပြုလိုက်လျှင် အလို ရှိရာ အာရုံဝင်ထွေ၊ အမှတ်ရသည် ထိုစိတ်အကြည်မှာထင်လာ ပေါ်လာရသည်၊ အဟိတ်စိတ်ဟူသော မနော အကြည်ထက် ဒွိဟိတ်မနော သာလွန်၍ကြည်သည်၊ ဒွိဟိတ် မနောအကြည် ထက် တိဟိတ်မနော သာလွန်၍ ကြည်သည်၊ ဘုံအားဖြင့် လူဟိ ဟိတ်မနောထက် ဘုမ္မဇိုဝ်းမနောသာလွန်၍ကြည်သည်၊ထိုထက် တာဝတိံသာ မနော ထိုထက် ယာမာ မနော စသည်ဖြင့် ဘဝင် တိုင်အောင် အဆင့်ဆင့်သိလေ၊ ပုဂ္ဂိုလ်အားဖြင့် ပုထုဇ္ဇန်သာမန် ထက် ပကတိသာဝက ဗောဓိအလောင်း မနော, ထိုထက်မဟာ သာဝကဗောဓိ အလောင်း မနော, ထိုထက်အဂ္ဂသာဝက ဗော ဓိအလောင်းမနော, ထိုထက် ပစ္စေက ဗောဓိ အလောင်းမနော, ထိုထက် သဗ္ဗညုတ ဗောဓိအလောင်းတော်ကြီးများ မနောသာ လွန်၍ ကြည်သည်၊ဘုရားအဖြစ်သို့ရောက်ဘော်မူပြီးသောမနော အကြည်သည် အထွတ်အထိပ်သို့ရောက်၏၊ ထိုထက် တိုးတက် ဘွယ်ကိစ္စမရှိပြီ စကြဝဠာအနန္တ, ကမ္ဘာအနန္တ, သတ္တဝါအနန္တ, သဒ္ဒါရုအနန္တ, ပညတ်အနန္တ, ဒိဗ္ဗာန်ဖက ဤအလုံးရုံသောတရား ရုသည် သဗ္ဗညုမနော အကြည်တွင် ဝင်သည်ဟူ၍ မရှိပေ၊ အလုံးရုံ အကုန်ထင်ကြရပေ၏၊ ဤမနောအကြည်သည်အိမ်လယ် ခွံ စိုက်ထားသော မဂ်လုံးကြီးနှင့်တူ၏၊စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟူသောအကြည်ငါးမျိုးတို့သည် အိမ်မှာခြောက် မျက်နှာရှိ မဂ်ချပ်တို့နှင့်တူကုန်၏။

မျက်စိဖြင့် မြင်ကောင်းသော အဆင်းသဏ္ဌာန် အာဇည်ဝဏ္ဏု၊ ဟူဟူ သမျှသည် စက္ခုအကြည် မနောအကြည် နှစ်ဌာနခွဲဆိုက် ရသည်၊ အသံ ဟူသမျှသည် သောတအကြည် မနောအကြည် နှစ်ဌာနခွဲ ဆိုက်ရသည်၊ အနံ့ ဟူသမျှသည် ဃာန အကြည် မနောအကြည် နှစ်ဌာနခွဲ ဆိုက်ရသည်၊ အရသာဟူသမျှသည် ဇိဝှါအကြည် မနောအကြည် နှစ်ဌာနခွဲ ဆိုက်ရသည်၊ တွေ့၍ ထိ၍ သိကောင်းသော အဟူအချင်း အကြမ်းအနု ဟူသမျှသည် တကိုယ်လုံး၌ ကာယအကြည်နှင့် မနောအကြည် နှစ်ဌာနခွဲ ဆိုက်ရသည်၊ ကြင်းသော ဓမ္မာရုံ ဟူသမျှသည် မနောအကြည် သက်သက်ခွဲ ဆိုက်ရသည်၊ မျက်စိဖြင့် လက်ို ကြည့်သောအခါ မျက်စိအကြည်မှာ လဝန်းသဏ္ဌာန်တခု, နှလုံးအိမ်မနောအကြည်မှာ လဝန်းသဏ္ဌာန်တခု ရောင်ခြည် ဖွန်းဖွန်းထိန်ထိန် ထွန်းသော လဝန်းသဏ္ဌာန် နှစ်ခုတို့သည် မရှေးမနှောင်းတပြိုင်နက် တချက်တည်း ထိုနှစ်ဌာနမှာ ပေါ်ရကုန်သည်။

မရှေးမနှောင်း တပြိုင်နက်ကျပုံကား- ဌက်နှင့်ဌက်ရိပ် သစ်ကိုင်းနှင့် သစ်ကိုင်းရိပ်မှာ မရှေးမနှောင်း တပြိုင်နက် နားဘိသကဲ့သို့ဖျင်း မှတ်ကြည့်သောအခါ လူနှင့်လူရိပ် တပြိုင်နက်ပြိုးခြင်း စသည်ကဲ့သို့ဖျင်း မှတ်ရမည်၊ အရှေ့လောကဓာတ်မှထွက်ပေါ်၍လာသောနေဝန်း၏အရိပ်သဏ္ဌာန်ကြီးသည် အိမ်မှာအရှေ့နံရံ၌ မှတ်ကြည့်ပေါက်မှ အိမ်လယ်၌ မှတ်လုံးတိုင်အောင် ထိုးဝင်၍ မှတ်လုံးထဲမှာ ထိန်ထိန် ဖွန်းဖွန်း နေဝန်း သဏ္ဌာန်ကြီး ထင်လေ၏၊ အရှေ့ အရပ်မျက်နှာကို မကြည့်ဘဲ ထိုမှတ်လုံးကို ကြည့်၍ပင် နေဝန်းသဏ္ဌာန်ကြီးကို မြင်နိုင်၏၊ ဤအတူ မျက်စိဖြင့် လက်ို ကြည့်လေရာ လ၏ ဖွန်းဖွန်း ဘိတ်ဘိတ် အရိပ်သဏ္ဌာန်ကြီးသည် စက္ခုဟူသော ကမ္မဇဓာတ်မှတ် အကြည် ပေါက်မှနှလုံးအိမ်တွင်း၌ မနောဟူသော ကမ္မဇဓာတ်မှတ်တိုင်အောင် ထိုးဝင်၍ နှလုံးအိမ်တွင်းမှာ ထိန်ထိန် ဖွန်းဖွန်း လဝန်းသဏ္ဌာန်တခု ပေါ်လေသည်၊ စက္ခုအကြည်မှာ ပေါ်သည်နှင့်

နှလုံးအိမ်တွင်းမှာ ပေါ်မှုသည် မရှေးမနှောင်းတပြိုင်နက်တချက်တည်းသာတည်း။ ကွယ်ပျောက်မှုမှာ မူကား စက္ခုအကြည်မှာ လဝန်းသဏ္ဌာန် ကွယ်ပျောက်သော်လည်း မနောအကြည်မှာ ပျောက်တဲ့ နှင်သည်မဟုတ်၊ မြင်အောင်ကြည့်ပါလေ၊ သည်တချက်ဝဲ ကောင်းကောင်းမြင်လျှင် အကြည်ခြောက်မျိုးအကုန်ဝတ်ပေါက်အောင် မြင်နိုင်လိမ့်မည်၊ ထိုလဝန်းသဏ္ဌာန် အရိပ်ကြီး၏ စက္ခုမှက်ကြည်မှာ ထင်မှ, နှလုံးအိမ်တွင်းမနော်မှက်ကြည်မှာ ထင်ပေါ်မှုသည် မိုးယံးကြိုးမှန်သကဲ့သို့ ပြင်းထန်၏၊ ထိုအတူ နေဝန်းကို ကြည့်ရှုရာ၌လည်း မျက်ပိတ်သော စက္ခုအကြည်မှာ နေဝန်းသဏ္ဌာန်အရိပ်ကြီးတခု မနောအကြည်မှာနေဝန်းသဏ္ဌာန် အရိပ်ကြီးတခု မရှေးမနှောင်း တပြိုင်နက် တချက်တည်း ထင်ပေါ်သည် သစ်ပင်ကိုကြည့်ရာ၌ စက္ခုမှာ သစ်ပင်သဏ္ဌာန်အရိပ်တခု မနောမှာ သစ်ပင်သဏ္ဌာန် အရိပ်တခု တပြိုင်နက် ပေါ်သည်။

လူကိုကြည့်ရာ၌ စက္ခုမှာ လူသဏ္ဌာန် အရိပ်တခု မနောမှာ လူသဏ္ဌာန်အရိပ်တခု တပြိုင်နက်ပေါ်သည် ထိုပေါ်မှုသည် မိုးယံးကြိုးကျသကဲ့သို့ ပြင်းထန်သည်၊ မျက်စိနှင့် မြင်မြင်သမျှ ခပ်သိမ်းတို့၌ ဤနည်းအတူချည်း သိလေ၊ တိမ်တိုက်ချင်းချင်း ခွပ်ကြသော အခါ လျှပ်ရောင် ဖြစ်ပေါ်လာသကဲ့သို့ဂျင်း, လေချင်းချင်း တိုက်ကြသောအခါ ကြယ်ပျံသည်ဟု ခေါ်ကြသော ဥက္ကာလုံး ဖြစ်ပေါ်လာသကဲ့သို့ဂျင်း, ခက်မာသော ဝတ္ထုတခုနှင့် ခက်မာသော ဝတ္ထုတခု ထိခိုက် ကြသောအခါ အသံဖြစ်ပေါ်လာသကဲ့သို့ဂျင်း, သံမီးခတ်နှင့် အနှစ်အဆီရှိသောကျောက် ထိခိုက်ကြသောအခါ မီးပွင့် မီးပွားဖြစ်ပေါ်လာသကဲ့သို့ဂျင်း, ထိုအတူ လဝန်းသဏ္ဌာန်စသော အရိပ်သည် စက္ခုအကြည်မှာ ထိခိုက်သောအခါ မိုးယံးကြိုးကျသကဲ့သို့ ပြင်းထန်သော ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် စက္ခုအကြည်ပေါ်မှာ ဝိညာဏ်စိတ် တပွားပွား ဖြစ်ပေါ်လေသည်၊ ထိုဝိညာဏ်စိတ်ကို စက္ခုပေါ်မှာ ဖြစ်

ခြင်းကြောင့် စက္ခုဝိညာဏ်စိတ် ခေါ်သည်၊ ထိခိုက်ချက် ပြုန်လျှင် မီးပွား သေပျောက်သကဲ့သို့ ထိုဝိညာဏ် သေပျောက်ပြုန်၏၊ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန် ကြောင့် လည်း ထိုလဝန်းသဏ္ဌာန်ကို သိသော ဝိထိစိတ်အစဉ် တပွားပွား ဖြစ်ပေါ်လေသည်၊ ခေါင်းလောင်း ကြေးစည်တို့ကို ဝုတ်တံနှင့် တချက်နှက်လိုက်လျှင် နှက်လိုက်သော ဒဏ်အဟုန် ကြောင့် အသံကလာပ်တွေ တပွားပွားပေါ်၍နေသကဲ့သို့တည်း၊ ထိဒဏ်ငြိမ်းပြုန်လျှင်အသံပျောက်ဆုံးပြုန်သကဲ့သို့လဝန်းသဏ္ဌာန် ထိခိုက်ချက် ဒဏ်ဟုန် ငြိမ်းပြုန်လျှင် ထိဝိထိစိတ် အစဉ်သည် သေပျောက်ပျက်ဆုံးပြုန်လေ၏၊ မျက်စိဖြင့် မြင်သမျှမှာ ဤနည်း အတူချည်း သိလေ။

၁-စက္ခုအကြည်, ၂-ရူပါရုံ, ၃-စက္ခုဝိညာဏ်စိတ်-ဓာတ်သုံးပါးတချက်တည်း ဓာတ်ပေါက်အောင် ရှုနည်းပြီး၏)။

ဗိုလ်သံလုံး ရေသံလုံး လေသံလုံး စည်သံလုံး ခေါင်းလောင်းသံလုံး လူသံ ခွေးသံ ကြက်သံ ဌက်သံ အစရှိသော အသံရုသည် နားခေါ်သော သောတဓာတ်မှတ်ခွင်း, နှလုံးအိမ်တွင်းရှိ မနောဓာတ်မှတ်ခွင်း, ဤအကြည် ဓာတ်မှတ်နှစ်ခုခွံ့ မရှေးမနှောင်း တပြိုင်နက် တချက်တည်း ပေါ်သည် ခိုက်သည်၊ ထိထိခိုက်မှု သည်လည်း ဗိုလ်းကြိုး ကျသကဲ့သို့ ပြင်းထန်သည်၊ သောတအကြည်မှာ အသံလုံးပေါ်ချက် ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် သောတ အကြည်ပေါ်မှာ ဝိညာဏ်စိတ် တပွားပွားဖြစ်ပေါ်သည်၊ ထိဝိညာဏ်စိတ်ကို သောတအကြည်ပေါ်မှာ ဖြစ်ပေါ်ခြင်းကြောင့် သောတဝိညာဏ်စိတ် ခေါ်သည်၊ အသံစဉ်ပြုန်လျှင် ထိသောတဝိညာဏ်စိတ်သည်သေပျောက်ကွယ်ဆုံးပြုန်၏၊ မနောအကြည်မှာ ထိခိုက်ချက် ဒဏ်အဟုန်ကြောင့် ထိအသံကို သိသော ဝိထိစိတ်အစဉ် တပွားပွား ဖြစ်ပေါ်သည်၊

အောက်က ပြဆိုခဲ့ပြီးသော ခေါင်းလောင်းသံ ဥပမာကဲ့သို့၊ ထိုအသံဒိုက် ဒဏ် ငြိမ်းပြန်လျှင် ထိုဒိုထိစိတ်အစဉ် သေပျောက်ကွယ်ဆုံး ပြန်၏၊ နှားနှင့် ကြားကြားသမျှ ဤနည်းချည်းထိလေ။

(၁-သောတအကြည်, ၂-သဒ္ဒါရုံ, ၃-သောတဝိညာဏ်စိတ် စသော်သုံးပါးကိုတချက်တည်းခေတ်ပေါက်အောင်ရှုနည်းပြီး၏)။

၁-နှာခေါင်း၌ ဃာနအကြည်, ၂-အနံ့အမျိုးမျိုး ဟူသော ဂန္ဓာရုံ, ၃-ထိုနှာခေါင်း အကြည်မှာ ဖြစ်ပေါ်သော ဃာန ဝိညာဏ်စိတ် ဤခေတ်သုံးပါး ကို့ကိုဂုင်း, ၁-လျှာအပြင်၌ ဇိဝှါအကြည်, ၂-အချိုအချဉ် အစရှိသော ရသာရုံ, ၃-လျှာကြည်ပေါ်မှာဖြစ်ပေါ်သော ဇိဝှါဝိညာဏ်စိတ် ဤခေတ်သုံးပါးတို့ကို ဂုင်း, ဖြစ်မှု ပျက်မှုနှင့်တကွ စက္ခု သောတတို့၌ ဆိုခဲ့ပြီးသော အတိုင်း ခေတ်ပေါက်အောင် ရှုလေ။

ကာယဟူသော မှတ်အကြည်သည်ကား-ဦးခေါင်း ဦးထိပ်မှ စ၍ ခြေဘဝါး အပြင်တိုင်အောင် ကိုယ်တွင်း ကိုယ်ပ အသားအသွေးရှိသမျှ အလုံးရုံကို အကုန်နှံ့ပြား၍ တည်၏၊ မြမြထက်သော အပ်သွားနှင့်ထိုး၍ စမ်းလျှင် နာမှန်းသိရာ အရပ်ရသည် ကာယခေတ်ကြည် ရှိသည်ချည်းတည်း၊ ပထဝီကြမ်း ပထဝီနူးအမျိုးမျိုး, အပူအအေးဟူသော တေဇောအမျိုးမျိုး, အဟုန်ကြမ်း အဟုန်နူးဟူသော ဝါယော အမျိုးမျိုးရသည် ကာယအကြည်မှာချည်း ဆိုက်ရသည်၊ ခြေဘဝါးအပြင်ကို မီးနှင့်ကင်၍ ပူမှန်းသိရာ ရေနှင့်ဆေး၍ အေးမှန်းသိရာတို့၌ ထိုပူမှ အေးမှတို့သည် ခြေဘဝါးအပြင်ရှိ ကာယခေတ်ကြည်ရမှာ တချက်, နှလုံးအိမ်တွင်းရှိ မနောအကြည်ကြီးမှာ တချက် တပြိုင်နက်ပေါ်လေ၏ ဒိုက်လေ၏ တိုက်လေ၏၊ ထိုထိုဒိုက်မှု တိုက်မှုသည် ဒိုစယ်းကြိုးမှန်သကဲ့သို့ ပြင်းထန်၏၊ ပြင်းထန်သော ဒဏ်ချက်ကြောင့် ခြေဘဝါးအပြင် တခုလုံးမှာ ကာယဝိညာဏ်စိတ် အပြည့်ပေါ်

လေ၏၊ နှလုံးအိမ်အတွင်းမှာ ထိုအပူ အအေးကို သိသော ဝိထိစိတ်အစဉ် တတွေတွေ ဖြစ်ပေါ်လေ၏၊ ထိုအပူ ထိုအအေးရပျောက်စဲလျှင် ထိုဝိညာဏ်စု, ထိုဝိထိစိတ်အစဉ်စု ပျောက်ပျက်သေဆုံးလေ၏၊ ဒီးတွင်းအပြင် တကိုယ်လုံး၌ ပူမှန်းသိရာဌာန အေးမှန်းသိရာဌာန နာမှန်းသိရာဌာန, ကျင်မှန်းသိရာဌာန ကိုက်မှန်း, ခဲမှန်း, ညောင်းမှန်း, ညာမှန်း, ထုံမှန်း, ကျင်မှန်း, အောင့်မှန်း, အင့်မှန်း, လှုပ်မှန်းသိရာဌာန စသည်တို့မှာ ဤနည်းချည်း ကာယဝိညာဏ်ခဝတ်ပေါ်မှုကို သိရလေ။

၁-ကာယခဝတ်မှတ်, ၂-ဖောဋ္ဌဗ္ဗာရုံ, ၃-ကာယဝိညာဏ် စိတ်- ခဝတ်သုံးမျိုးကို ခဝတ်ပေါက်အောင် ဂ္ရုနည်း ပြီး၏။

နှလုံးအိမ်တွင်း၌ စဒ်းရေပွက်ကဲ့သို့ တလက်လက် တလင်းလင်း တဖွားဖွား မပြတ် မစဲ အမြဲ ဖြစ်ပေါ်၍နေသော ဘဝင်စိတ်ကို မနောအကြည်ဆိုသည်၊ ထိုဘဝင်စိတ်ဟု ဆိုအပ်သော မနောအကြည်သည် ရှေးဘဝဟောင်း နှင့် စပ်သော အာရုံကိုသာ အာရုံပြုသည်ဖြစ်၍ငင်း, ထိုသို့ပြုသော်လည်း ထင်လင်းသောပြုခြင်းမဟုတ် မထင်မရှားသော ပြုခြင်းသာ ဖြစ်၍ငင်း, အဘယ်ကို အာရုံပြုသည်ဟု ပုဂ္ဂိုလ်သန္တာန်မှာပေါ်စေသည် မဟုတ်၊ တည်ဆဲလုံး အိပ်၍နေရာ အိပ်မက်မှုကို လွှတ်၍ ဘဝင်စိတ်အာရုံပြုချက်နှင့် ငါသည် ဘယ်အာရုံကို တွေ့မြင်ရသည်ဟု မရှိလေ၊ ထိုဘဝင်ဟူသော မနောအကြည်လည်း မြစ်ရေအစဉ်ကဲ့သို့ ဖြစ်၍နေစဉ်အခါ ထိုပုဂ္ဂိုလ်သည် သေရေး သေ၍ နေသတည်း။

အကြင်အခါ နေဝန်းလဝန်းစသော အာရုံနိမိတ်သည် စက္ခုအကြည်စသော အကြည်ငါးမျိုးတို့မှ ဝင်၍ ထိုဘဝင်ဟူသော မနောအကြည်မှာ ပေါ်၏ ခိုက်၏၊ ထိုအခါ ထိုဘဝင်အကြည်သည် တုတ်လုံဒဏ်ထိသော ငြွေကဲ့သို့ငင်း ဟိုကဲ့သို့ငင်း ဆတ်ဆတ်ခါထကြွ၍ ပြတ်စဲပြီးလျှင် ထိုနေရာမှာ ကြယ်ဥက္ကာလုံး

တွေ့ ပေါ်ထွက်သကဲ့သို့ ထိုထိုခိုက်လာသောအာရုံကို သင်သော ဝိထိစိတ်တွေ့ ပေါ်ထွက်လေ၏၊ ထိုအခိုက်အတိုင်းပြယ်ပျောက်ပြန်လျှင် ကြယ်ဥက္ကာလုံးတွေ့ ကွယ်ပျောက် ပျက်ဆုံးသကဲ့သို့ သေပျောက်ပျက်ဆုံးလေ၏။

အကြင်အခါ၌ မြင်မှ ကြားမှ နံမှ လျက်မှ ကိုယ်မှာတွေ့ထိမှ ကိုမှ အလွတ်ဖြစ်၍ ခြောက်ပါးသော အာရုံတို့သည် မနော အကြည်သက်သက်မှာသာ ဝင်၍ ထင်လာ ခိုက်လာကုန်၏ ထိုအခါမှာလည်း ထိုဘဝင်ဟူသော မနောအကြည်သည် ဆက် ဆက်ခါလှုပ်ကွ၍ ပြတ်စဲပြီးလျှင် အာဝဇ္ဇနိုးဓောတို့သည် ဖြစ် ပေါ်၍ ထိုအာရုံဝထ္ထု၊ အမှတ်စွဲတို့ကို ကြံဘနကုန်၏၊ အာဇင် အခိုက် စဲပြန်လျှင် ထိုအာဝဇ္ဇနိုးဓောတို့သည် ပေါ်ထွက်သော ကြယ်ဥက္ကာလုံးကို ပျောက်ကွယ်သကဲ့သို့ ပျောက်ကွယ် သေဆုံးကြလေကုန်၏။

၁-ဘဝင်ဟူသော မနောအကြည်ခာတ်, ၂-ဓမ္မာရုံ, ၃-မနောဝိညာဏ်စိတ်- ခာတ်သုံးပါးကို ခာတ်ပေါက်အောင် ရွှဲနည်း ပြီး၏)။

ဤတွင် ဧရွှေ့ကား ဆပ္ပသာဒမဏ္ဍော ဟူသော ဒုတိယ မာတိကာပုဒ်၏ အဓိပ္ပါယ် ပြီး၏)။

အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်။ ဥဒ္ဓုနံ၊ ဆယ် ပါးသော ခာတ်ဓိးဘို့၏။ ဥဒဃော၊ အပွားအစိုးသောတည်း ဟူသော **စတုဓာတုမာတိကာပုဒ်၌** အရတိ ပဝတ္တတိတိ ဥတ္တ။အရတိ ပဝတ္တတိ၊ မပြတ်မလပ် ဖြစ်ပွား တတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဥတ္တ၊ ဥတ္တမည်၏။ (ဤကား-ကျမ်းဂန် ဘုံ၌ လာသောဝိဂြိုဟ်)။

ဥဒတိ ပသဒတိတိ ဥဝု။ ဥဒန္တိ ပသဝန္တိ ဖေတနဲ ဩကာသ သဘ္ဘ သဒ္ဒါရုလောကာတိ ဥတ္တ။ဥဒတိ ပသဒတိ၊ ပွားတတ်၏။ ဣတိ၊ ဤသို့သောအကြောင်းကြောင့်။ ဥတ္တ၊ ဥတ္တမည်၏။

ဖေတေနှ၊ ဤခေတ်မီးကြောင့်။ သြကာသသတ္တသခ်ီဂုလောကာ၊ သြကာသလောက သတ္တလောက သခ်ီဂုလောက တို့သည်။ ဥဒ္ဓံ ပဿေ ဝဿေ၊ သံသရာ၌ ကမ္မာအဆက်ဆက် ဖြစ်ပွားခြင်းနေ ကြောကုန်၏။ ဤတိ၊ ဤသို့ လောကသုံးပါးတို့၏ ဖြစ်ပွားရန် အကြောင်းဖြစ်သော သတ္တိကြောင့်။ ဥတု၊ ဥတုမည်၏။ ဤကား အာသင်္ကာဖန်ချပြသောဝိဂြိုဟ်။

ဥတုဆိုသည်ကား—အောက်က ပြဆိုခဲ့ပြီးသော တေဇောဟု ဆိုသော ဝေဒနီးကိုပင် ဆိုသတည်း၊ အာနမတဂ္ဂ သံသရာ၌ ကမ္မာအဆက်ဆက်တို့ကို တည်ဆောင်ဘန်ဆင်းပေသည်လည်း ဤခေတ်မီးပင်တည်း၊ စက္ကဝဠာဒဟန္တရတို့ကို ဘန်ဆင်းပေသည် လည်း ဤခေတ်မီးပင်တည်း၊ အနန္တစက္ကဝဠာတွင် တစုစုသော စက္ကဝဠာ၌ စက္ကဝဠာကို ခံသော ယူဇနာ ကုဋေသိန်း ခြောက် သောင်း အယုတ်သော လေပြင်ကြီး, ထို လေပြင်ကြီးပေါ်မှာ တည်သော ယူဇနာ လေးသိန်း ရှစ်သောင်း အထုအရိသော ရေပြင်ကြီး, ထိုရေပြင်ကြီးပေါ်မှာတည်သော ယူဇနာ နှစ်သိန်း လေးသောင်း အယုတ်သော သိလာပံသုမြေပြင်ကြီး, ထိုမြေပြင် ၌ ပေါက်ရောက်သော မြင်းမိုရ်ကတောင် စက္ကဝဠာတောင် သတ္တ ရတနာတောင် ဟိမဝန္တာတောင် အိုင်ကြီးခုနစ်ဆိုင် မဟာ သမုဒ္ဒရာလေးစင်း သိတာမုနစ်တန် ကုန်းကြီးလေးလုံး ကျွန်း ငယ်နှစ်ထောင် အလုံးစုံသောမြေအရာ ရေအရာ တောအရာ တောင် အရာ အပါယ်လေးဘုံ လူ့ဘုံ နတ်ပြည်ခြောက်ထပ် အကနိဋ္ဌ ဗဟ္မာဘုံအောင်သော ဗြဟ္မဉ္ဇဘုံရှု, ဤအလုံးစုံသော သြကာသ လောကသည်လည်း ထိုခေတ်မီး တည်ဖောက် ဘန်ဆင်းချက် သာတည်း။

(သတ္တသူဇာယောပမသုတ်, အဂ္ဂညသုတ်, ဒီဃနခသုတ်တို့၏အဋ္ဌ ကထာ, ဝိသုဒ္ဓိမဂ်ကျမ်း၌ အာကျပ်လာသော ကမ္မာပျက်မှု ကမ္ဘာ တည်ဆောင်မှုတို့ကိုရှု၍ ခေတ်မီး၏ အဖွဲ့မိုးကို သိအပ်၏)။

ဒီး-ရေ-လေ ဟူသော အဖျက်သုံးမျိုးတို့တွင် ဒီးဟူသည် ကား-ဥဏ္ဏဓာတ်ဒီးပင်တည်း၊ ရေဖျက်သည် ဟူရာဒ္ဓကားရေ ဟုံသော အာပေါကို လိုရင်းမဟုတ်၊ ထိုအာပေါနှင့် ယှဉ်သော သိတဓာတ်ကိုသာ လိုရင်းတည်း၊ သိတဓာတ်ဒီး ဖျက်သည်ကို ရေဖျက်သည်ဟု မှတ်ရမည်၊ လေဖျက်သော ကမ္မာဒ္ဓိလည်း ထိုလေကို တည်ထောင်ဘန်ဆင်းသောသူကား-ဥဏ္ဏဓာတ်ဒီးပေ တည်း၊ ထိုကြောင့် ကမ္မာကိုဖျက်သည်လည်း ဓာတ်ဒီးပင် တည်း၊ ကမ္မာကို တည်ထောင်ဘန်ဆင်းပေသည်လည်း ဓာတ် ဒီးပင်တည်း။ ဤကား-သြကာသလောကတည်ထောင်မှုတည်း။

သတ္တလောကမှာလည်း-အလွန်သေးငယ်လှ၍ ပကတိစက္ခု ဖြင့် မမြင်ကောင်းသော သတ္တဝါမှစ၍ အာကာသဋ္ဌ ဗြဟ္မာမင်းကြီး ၏ ခန္ဓာကိုယ်တိုင်အောင် ရုပ်တို့၏ ဖြစ်မှုကိုမြင်၍ ဓာတ်ဒီး၏ အစွမ်းကို သိအပ်၏။

သိမုံကား—ရုပ်ဓိသော သတ္တဝါတို့၏ ပဋိသန္ဓေခဏာ၌ ရှေး ဦးစွာ ဖြစ်ပေါ်သော ရုပ်ကလာပ်တို့သည် ရှေးကံပြောင်း ထူ ထောင်ဘန်ဆင်း၍ ဖြစ်ပေါ်ကြရကုန်၏၊ ပဋိသန္ဓေ၏ ဠိခဏာမှ စ၍ အစဉ်အကြိုင်း ရုပ်ရ ရုပ်ခဲ ဖြစ်မှု တည်မှု တိုးမှု ပွားမှု အင်္ဂါကြီး ငယ် တည်ထောင်မှု တို့သည်ကား-ဓာတ်ဒီး၏ အမှု တို့ပေတည်း၊ ကမ္မဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်တို့သည် ကား—ဓာတ်ဒီးတည်ထောင်၍ ပေးသော ကိုယ်အင်္ဂါတို့ကို အ စဉ်လိုက်၍ ဖြစ်ကြရကုန်၏၊ ရေအိုင်၌ ရေနယ်ကျယ်၍သွားရာ မှာ ကြာလိုက်၍ ပေါက်ပွားသကဲ့သို့တည်း၊ တိရစ္ဆာန်မျိုးတို့နှင့် တကွ ရုပ်ဓိသော လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အသက်တမ်း အတိုအရှည်ရှိသည်မှာလည်း ဤဓာတ်ဒီး အချက်ပင်တည်း။

ဓာတ်ဒီးငြိမ်သက်မှု ဓာတ်ဒီး၏တည်ရာ ကရဏ ကာယရုပ် သိမ်မွေ့မှုအာဆင့်ဆင့်ရှိ၍ အသက်တမ်းရှည်မှု အဆင့်ဆင့်ရှိပေ သည်၊ ဓာတ်ဒီး၏ မငြိမ်သက်မှု ထိုဓာတ်ဒီး၏တည်ရာ ကရဏ

ကာယရပ် ကြမ်းဘန်းမှ အဆင့်ဆင့်ရှိ၍ အသင်္ခတမ်းတိုမှ အဆင့်ဆင့်ရှိပေသည်။

ဂန္ဓာသေယျကသတ္တဝါတို့၌ ပဋိသန္ဓေအခါ အဓိအဘတို့၏ နိသန္ဒဝတ္ထုဒွေ့၌ ရောနှော ဘက်စပ်၍ဖြစ်သော ဥတုဟူသော ထိုဓာတ်မီးသည် အဓိမျိုး အဘမျိုးသို့ အစဉ်လိုက်၏၊ သစ်ပင်တို့၌ ဖိစနိယာမရပ်ကဲ့သို့ သတ္တဝါတို့၌ ဓာတိနိယာမရပ်ပေတည်း၊ ထိုဓာတိနိယာမကြောင့် အဆင်းသဏ္ဌာန်စသော အလုံးရုံသည့် အဓိမျိုး အဘမျိုးအဝိုင်းသာ ဖြစ်မြဲ၊ နဂါးနှင့်လူ ကိန္နရာနှင့်လူ စသဖြင့် ဓာတ်မတူသော သူတို့ချင်းပေါင်းဘက်ရာ၌ကား-ကရဇရပ် ဩဇာထက်သန်ရာသို့ ဓာတိရပ် လိုက်သည်ဟု ယူဘွယ်ရှိ၏ ဤကား-ဌာနတ္တလောက တည်ဆောင်မှုတည်း။

သစ်ပင် ချုံနွယ် စသော သဒ္ဒါရုလောကသည်ကား-ဓာတ်မီး၏ အစိုးအပွား သက်သက်ပေတည်း၊ အလုံးရုံသော သစ်ပင် ချုံနွယ်စသည်တို့ကို အဉအမျိုးမျိုး အသွေးအမျိုးမျိုး အညွှန့်အမျိုးမျိုး ပင်စည်အမျိုးမျိုး အကိုင်းအမျိုးမျိုး အခက် အရွက် အပွင့် အသီး အရသာ အမျိုးမျိုးတို့နှင့်တကွ ကမ္ဘာပျက်သည့်တိုင်အောင် ဓာတ်မီးသည် တည်ဆောင် ဘန်ဆင်းပေ၏၊ ထိုဓာတ်မီးတည်ဆောင် ဘန်ဆင်းသော အပင် အရွက် အသီး အပွင့်တို့ကို တူအောင် ထုလုပ်ရေးသား ချယ်လယ်နိုင်သော ပန်းပုဆရာ ပန်းချီဆရာတို့ကို လောကဒွ ချီးမွမ်းကြရကုန်၏၊ သတ္တဝါတို့၌ ဓာတိနိယာမ ရှိသကဲ့သို့ ဤသဒ္ဒါရုတို့၌လည်း ဖိစနိယာမရှိ၏၊ နေ လ နက္ခတ်တာရာကြီး တာရာငယ် ဂြိုဟ်ကြီး ဂြိုဟ်ငယ်စသော လောက အဆောက်အဦရုံ ဖွဲ့ ငွေ့ ပုလဲ ပတ္တမြား အစရှိသော ရတနာမျိုး သံမျိုး ကြေးမျိုး ပြဒါးမျိုး အစရှိသော ဓာတ်မျိုး အလုံးရုံသည်လည်း ဓာတ်မီး၏ အစိုးအပွားသာတည်း၊ ဤကား-သဒ္ဒါရုလောကတည်ဆောင်ချက်တည်း။

ဤသို့လျှင် ''ဥဒန်တို့ ပသဝန်တို့ ဇေတေန ဩကာသသတ္တသဒ္ဒါ ရလောကာတိ ဥတု'' ဟူသော ဝစနတ္ထနှင့်အညီ လောကသုံးပါး တို့၏ ဖြစ်ပေါ်ကြောင်း ပွားစီးကြောင်းဖြစ်၍ ရုပ်နှင့် စပ်သော လောကသုံးမျိုးကို တည်ထောင်ဘန်ဆင်းပေတတ်သောကြောင့် ဓာတ်ဒီးကို ဥတုဟူ၍ ဆိုသတည်း၊ ထိုဓာတ်ဒီးသည် အစ္ဆရိတ္တာ ဓာတ်ဒီး, ဗဟိဒ္ဓဓာတ်ဒီး ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါး တို့တွင် အစ္ဆရိတ္တာဓာတ်ဒီးသည် ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူ၍ လေးပါးရှိ၏၊ အဝိဘင်ရဲသူ သဏ္ဌာန်မှစ၍ အာကာသဓာတ် ပြဟ္မဉ်သဏ္ဌာန်တိုင်အောင် ဓာတ်အမျိုးမျိုး အကြမ်းအနု အမျိုးမျိုးအားဖြင့် ထိုဓာတ်ဒီးသည် အာနန္တရိယပြားဖြစ်၏၊ ဗဟိဒ္ဓဓာတ်ဒီးသည် သိတဓာတ်ဒီး ဥဏှဓာတ်ဒီးဟူ၍ အကျဉ်းအားဖြင့် နှစ်ပါးဖြစ်၏၊ ဂိမှဓာတ်ဒီး, ဝဿာနဓာတ်ဒီး, ဟေမန္တ ဓာတ်ဒီးဟူ၍ ဥတုအလိုအားဖြင့် သုံးပါးဖြစ်၏။

ထိုအဟူ ရတုခြောက်ပါးဆိုသည်လည်း ဓာတ်ဒီး ခြောက်မျိုးကိုပင်ဆိုသည်၊ တဆဲ့နှစ်ရာသိဆိုသည်လည်း ဓာတ်ဒီး တဆဲ့နှစ်မျိုးပင်တည်း၊ တရေ့ရှစ်နဝင်း ဆိုသည်လည်း နေဓာတ်ဒီးနှင့် နက္ခတ်ဓာတ်ဒီး ဘက်စပ်၍ အထူး အထွေ ပွားသော ဓာတ်ဒီးမျိုး တရေ့ရှစ်မျိုး ပင်တည်း၊ တနက်နွေ, တနင်းလာစသော ငြိုဟ်ကြိုးရှစ်ပါး ကိုးပါးဟူသည်လည်း ဓာတ်ဒီးအပြားပင်တည်း၊ ဗေဒင်ကျမ်း ဆေးကျမ်း ဓာတ်ကျမ်း နက္ခတ်ကျမ်း နိမိတ်ကျမ်း စသည်တို့၌ ဆိုသမျှသော လောကီ ဝေါဟာရ အပြားရှုသည် ဓာတ်ဒီး၏ အမှုချည်းသာတည်း။

ဓာတ်အမျိုးမျိုး အကြမ်း အနု အမျိုးမျိုးအားဖြင့် ထိုဗဟိဒ္ဓ ဓာတ်ဒီးသည် အာနန္တရိယပြား၏။

မာတိကာပုဒ်၌ ဓာတ်ဒီးဆယ်မျိုး ဆိုသည်ကား- အစ္ဆရိတ္တာ ဓာတ်ဒီး လေးပါးကို သိတ ဥဏှ နှစ်ပါးနှင့် မြှောက်, အစ္ဆရိတ္တာ

ဓာတ်ဒိုးရှစ်ပါးဖြစ်၏၊ ဗဟိဒ္ဓဓာတ်ဒိုးသည် သိတ ဥဇု နှစ်ပါး ရှိ၏၊ နှစ်ရပ်ကိုပေါင်းသော် ဓာတ်ဒိုး ဆယ်ပါးဖြစ်၏။

သက်ရှိသက်မဲ့အလုံးစုံရုပ်စုရုပ်ခဲဟူသမျှသည်ဓာတ်ဒိုးစုဓာတ်ဒိုးခဲသာဖြစ်၏၊ပူမှု အေးမှု ဟူသော ထိုဓာတ်ဒိုးသည် အမြဲလျှင်ထွန်းတောက်ခြင်းအမှု ဖြစ်လေရကား အလုံးစုံသော သက်ရှိသက်မဲ့ ရုပ်တုံးရုပ်ခဲစုသည် အမြဲလျှင်တသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် တောက်ထွန်း ပွားစီး၍နေ၏၊ ဒီဒိကိုယ်၌ ဦးနှောက်ခဲမျက်လုံးခဲစုမှစ၍ ခြေဘဝါးထိ ဓာတ်ပေါက်အောင် ကြည့်လေ၊ ဟသိမ့်သိမ့် တလျှမ်းလျှမ်း တရှိန်ရှိန် ထင်ဖြင်သော အရာမျိုးဌ ကိုယ်ခန္ဓာနှင့် အပြည့်ရှိသောဓာတ်ဒိုးသည် အသစ်အသစ်သော ရုပ်တို့ကိုလည်း ကိုယ်ခန္ဓာနှင့် အပြည့်ပင်ဖြစ်ပေါ်စေ၏၊ဖြစ်ပေါ်သမျှကိုလည်း ခဏခြင်းလောင်၍ ကွယ်ပျောက်စေ၏၊ ဤသို့အဟောင်းကွယ်ပျောက်မှုနှင့် အသစ်ဖြစ်ပေါ်မှုအတွက် တသိမ့်သိမ့် ထင်ရလေသည်။

ပရမတ္ထဓမ္မတို့၌ မျက်စိဖြင့်မြင်ကောင်းလောက်အောင် လှုပ်ရှားသော တရားဟူ၍ တခုမျှမရှိ အသစ် အသစ် ဖြစ်ပေါ်မှုနှင့် အဟောင်း အဟောင်း ကွယ်ပျောက်မှုရောယှက်၍နေသောအရာစုမှာ မျက်မြင်အားဖြင့် လှုပ်သည်ဟု ထင်ရသည်၊ ထသည်ဟု ကြွသည်ဟု ကျသည်ဟု သွားသည်ဟု လာသည်ဟုထင်ရသည်၊ အစိတ်စိတ်ဓာတ်ပေါက်အောင် မြင်သောဉာဏ်ရှိမှ ထိုအထင်ကို ပယ်ဖျောက်နိုင်သည်၊ ထိုဉာဏ်သည်လည်း အားမရှိသေးသော အခါ၌ ထိုဉာဏ်ကိုပင် ထိုအထင်လိုက်၍ ဖျက်တတ်သေးသည်၊ ဒီဒိကိုယ်ခန္ဓာအတွင်း၌ ဉာဏ်ကိုသွင်း၍ ဓာတ်သဘာဝ သက်သက်ကို ကြည့်မည်ဟု ကြည့်သောအခါ ထိုအထင်လိုက်၍ ဖျက်သည်ရှိသေ့ ဓာတ်သဘာဝ သက်သက်ဃို့ ဆိုက်အောင် မစူးဘဲ သမ္ဘဟ သဏ္ဌာန ပညတ် သန္ဓတိ ပညတ်တို့ ခုခံ၍ နေတတ်သည်။

သမ္ပဟ သဉ္ဇာနနပညတ်ဟူသည်ကား- အထည်ခြဖိတည်း၊ ရှသောဉာဏ်သည် အဆည်ခြဖိနှင့်တိုက်၍ နေလျှင် ပရမတ် အစစ်သို့ မဆိုက်နိုင်ပြီ။

သန္နိဋ္ဌာနပညတ်ဆိုသည်ကား-နိဗ္ဗာန်မှတပါးသော ပရမတ် စစ်တို့မည်သည် မျက်တောင်တခတ်မျှ အသက်ရှည်သေတရား ဟူ၍ တခုမျှမရှိ ဖြစ်ပျက် ဖြစ်ပျက်တို့ချည်း သာတည်း၊ ထိုသို့ ဖြစ်ပါလျက် ပျက်မှဖြစ်မှရောယှက်၍နေသောအခါ ပျက်ဆုံးလေသော အပေါင်းစုနှင့် နောက်ဖြစ်အသစ်စုကို တခုတည်းမှတ်ယူ၍ တခုတည်းထင်၍နေသော ပညတ်သည် သန္နိဋ္ဌာနပညတ်မည်၏၊ ဥာဏ်၌ ဤသန္နိဋ္ဌာနပညတ်ဝင်၍ ပျက်သောအခါ တခုသေသော တရားသည်ပင် သည်လိုဖြစ်ပြန်သည် ဟိုလိုဖြစ်ပြန်သည် သည်သို့ရောက်ပြန်သည် ဟိုသို့ရောက်ပြန်သည် လှုပ်သည် ကြွသည် ထသစည်သည်ဖြင့်ထင်ရလေသတည်း၊ထိုကြောင့်ထိုသမ္ဟဟပညတ် သဉ္ဇာနပညတ် သန္နိဋ္ဌာနပညတ်စုနှင့် ပရမတ်အစစ်ကိုကွဲအောင်ခွဲ၍ရှုလော၊ ဤကား ကသိမ့်သိမ့် တအိမ့်အိမ့် တလှုပ်လှုပ် တလှုပ်လှုပ် ထင်သမျှ၌ ပညတ်မှထွေးယှက်ချက်ကို ပြဆိုသော စကားရုတည်း၊ ကျမ်းဂန်ကို၌ ဥပဒေဟူ၍ ခေါ်ဆိုသော ဤဓာတ်မီး၏ အခြင်းအရာ တန်ခိုးအာနုဘော်ကို တဖော်ဖော်တတ် အခက်းကလည်း အတန်ငယ်ဆိုခဲ့ပြီ၊ ထိုအခက်း၌ ဆိုခဲ့သော အရာစုနှင့် ဤဥတုအရာ၌ အနည်းငယ်ပြဆိုလိုက်သောအရာစုကို အကုန်မြင်လျှင်ပင် ဥတုဟူသော ဤဓာတ်မီး၏ ကြီးကျယ်ဆန်း ကြယ်မှု, ဆိုခဲ့ပြီးသော လောကသုံးပါး၌ ဤဓာတ်မီး သည်သာ အချုပ်အခြာ ဖြစ်ကြောင်း လောကသုံးပါးသည် ဓာတ်မီး၏ အစီးအပွားသာ ဖြစ်ကြောင်း တို့ကို ဓာတ်ပေါက်အောင် မြင်လိမ့်မည်။

(ဤတွင်ရွေ့ကား ဤကိုယ်ကြီးသည် ဓာတ်မီး၏ အစီးအပွားသာ ဖြစ်၏ ဟူသော တတိယမာတိကာပုဒ်၏ အဓိပ္ပါယ်ပြီး၏)။

အယံကာယော၊ ဤ ကိုယ်ကောင်ကြီးကို၊ အာဟာရေဟိ၊ ဆယ်မျိုးသော ဓာတ်ဆိတ်ရှိသည်။ ထိုမှတစ်ပါး၊ အမြဲမပြတ် ထောက်ပံ့အပ်၏ ဟူသော စတုတ္ထဖြာမာတိကာပုဒ်၌ ကျမ်းဂန်တို့၌ ဩဇာဟူ၍ဂုဏ်း အာဟာရဟူ၍ဂုဏ်း ခေါ်ဆိုအပ်သော ပရမတ် ရုပ်ဆိုသည် ဖြစ်၏၊ ထိုရုပ်ဆိုကို ဓာတ်ဆိုဆိုသတည်း။

ထိုဓာတ်ဆိုသည် "ဥဒယာနုန္တရံ ရူပံ ဇနေတိတိ ဩဇာ၊ ဩဇဋ္ဌမကံ ရူပံ အာဟာရတိတိ အာဟာရော" ဟူသော ဝိဂြိုဟ် နှစ်ရပ်ကြောင့် ဩဇာမည်၏၊ အာဟာရလည်းမည်၏၊ ဥဒယာနုန္တရံ၊ ဖိဖိဥပါဒ်သည်၏အခြားမဲ့၌။ ရူပံ၊ ရုပ်ကို။ ဇနေတိ၊ ဖြစ်ပွားစေတတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဩဇာ၊ ဩဇာမည်၏။ ဩဇဋ္ဌမကံ၊ ဩဇာလျှင်ရှစ်ခုမြောက်ရှိသော။ ရူပံ၊ အဝိနိဗ္ဘောဂရုပ် ရှစ်ခုကို။ အာဟာရတိ၊ လွန်စွာ ဆောင်တတ် ဖြစ်ပွားစေတတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ အာဟာရော၊ အာဟာရမည်၏။ ကျမ်းဂန်တို့၌ ပြဆိုသော ဝိဂြိုဟ် နှစ်ရပ်)။

ထိုဓာတ်ဆိုသည် အဋ္ဌဂတ္တဓာတ်ဆို, ဇဟိဒ္ဓဓာတ်ဆို ဟူ၍ နှစ်ပါးရှိ၏၊ အဋ္ဌဂတ္တဓာတ်မိုးရှစ်ပါး ဇဟိဒ္ဓဓာတ်မိုးနှစ်ပါး ဟူ၍ ဓာတ်မိုးဆယ်ပါး ပြားရကား ထိုဓာတ်မိုး၏ အာဘက်ဖြစ်သော ဓာတ်ဆိုလည်း ဆယ်ပါးပင်ပြား၏၊ ထိုဓာတ်ဆိုသည် အာဟာရဇ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ, ကာမဘုံသားတို့၏ စတုသမုဋ္ဌာနိက ရုပ်ခန္ဓာကို ထောက်ပံ့မှုကိစ္စဟူ၍ နှစ်ကိစ္စရှိ၏၊ ထိုနှစ်ကိစ္စတို့တွင် မေဒဒါ၊ အဆီပြင် အဆီခဲ၊ ဝသာ၊အဆီကြည် ဤအဆီနှစ်မျိုးတို့ကို ဖြစ်ပွားစေခြင်း အမှုသည် အာဟာရဇ ရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ မည်၏၊ ကာမဘုံသားတို့၏ ရုပ်ခန္ဓာသည် အစာအာဟာရနှင့် ကင်း၍ မျက်တောင် တခတ်မျှ မတာည်နိုင်၊ ထိုသို့မတာည်နိုင်သောကြောင့်ပင်လျှင် လောကဋ္ဌ အသက်မွေးမှုဟူသောကိစ္စသည် အကြီးအကျယ်ဆုံးသော ကိစ္စ

ဖြစ်သတည်း၊ ကုန်းသတ္တဝါ ရေသတ္တဝါအပေါင်းတို့၏ အသက်ရှည်သမျှ နေ့နေ့ညည လှုပ်လှုပ်ရှားရှား အားထုတ်ကြရသော အမှုတွေကို အနှံ့အပြား မြင်နိုင်ပါလျှင် အသက်မွေးမှု ကြိုးကျယ်ကြောင်းကို မြင်လိမ့်မည်၊ အသက်မွေးမှု ကြိုးကျယ်ကြောင်းကို မြင်နိုင်ပါလျှင် အစာအာဟာရမှု ကြိုးကျယ်ကြောင်းကို မြင်လိမ့်မည်၊ အစာအာဟာရမှု ကြိုးကျယ်ကြောင်းကိုမြင်လျှင် ဤဓာတ်ဆီ၏ ထောက်ပံ့မှုကြိုးကျယ်ကြောင်းကိုလည်း, အစ္ဆရိယတ္တရုပ်ခန္ဓာတို့၏ မျက်တောင်တခတ် လျှပ်တပြက်မျှ ဗဟိဒ္ဓဓာတ်ဆီ ထောက်ပံ့မှုနှင့်ကင်း၍ မတည်နိုင်ကြောင်းကိုလည်း မြင်လိမ့်မည်။

ဥပမာကား–ဤခန္ဓာကိုယ်၌ရှိသော ခက်မာမှု နူးညံ့မှုဟူသော မြေဓာတ်, ဖွဲ့စည်းမှု ယိုစိမ်းမှု ဟူသော ရေဓာတ်, ပူမှု အေးမှုဟူသောမီးဓာတ်,တောင့်တင်းစွာထောက်ကန်မှု ရွေ့ရဲစွာထောက်ကန်မှုဟူသောလေဓာတ်, ဤဓာတ်ကြိုးလေးပါးသည် မှတ်ထဲ၌ထင်သော လူရိပ် ရေထဲ၌ထင်သော နေရိပ် လရိပ် တိမ်ရိပ် ဆိပ်းရိပ်နှင့် တူသည်ဟူသော အောက်က ပြဆိုခဲ့ပြီးသော အရာကို နှလုံးသွင်း၍ထား၊ ကောင်းကင်၌ စိုသက်တံ မည်သည့် ဂိုဏ်၊ ထွန်းကိုင်းဟူ၍လည်း သိကြားမင်း၏ပုဆိုးဟူ၍လည်းခေါ်ဝေါ်ကြ၏၊ ထိုစိုသက်တံ ဟူသော သဏ္ဌာန်ခြင်းသည် အရှေ့က နေရောင်အနောက်က မိုးတိမ်တို့က်ရှိလျှင် အနောက် မိုးတိမ်ဘို့က် အပြင်မှာ ထင်ပေါ်၏၊ အနောက်က နေရောင် အရှေ့က မိုးတိမ်တို့က်ရှိလျှင် အရှေ့ မိုးတိမ်တို့က်အပြင်မှာ ထင်ပေါ်၏၊ နေမှဖြစ်သည်ဖြစ်၍ နေပျောက်လျှင် ပျောက်ကွယ်၏၊ မိုးတိမ်တို့က်ကိုမှီရမှ ဖြစ်နိုင်သည်ဖြစ်၍ မိုးတိမ်တို့က် ပျောက်လျှင် ပျောက်ကွယ်၏၊ နေဝန်းသည် ထိုသဏ္ဌာန်ကို ဖြစ်ပေါ်စေမှုဖြင့် ကျေးဇူးပြု၏၊ မိုးတိမ်တို့က်သည် ထိုသဏ္ဌာန်ကို ထောက်ပံ့မှုဖြင့် ကျေးဇူးပြု၏၊ အကြင်အရပ်အစိတ်၌ နေရောင်ပျောက်၏၊ ထိုအရပ်အစိတ်၌ ထိုသဏ္ဌာန်သည် အပိုင်းအပိုင်းပြတ်၍ ကွယ်ပျောက်၏၊ နေရောင်လုံးလုံး ကွယ်ပျောက်လျှင်

လုံးလုံးကွယ်ပျောက်၏၊ အကြင်အရပ်အစိတ်၌ တိမ်တိုက်ပျောက်ပျက်၏၊ထိုအရပ်အစိတ်၌ ထိုသဏ္ဌာန်သည် အပိုင်းအပိုင်းပြတ်၍ပျောက်ကွယ်၏၊ တိမ်တိုက် ပါးရားသောနေရာ၌ ပါးရား၍သွားး၏။ နေရောင်ပင် ထင်ရှားရှိသော်လည်း ထောက်ပံ့သောတိမ်တိုက်ကွယ်ပျောက်လျှင် ခဏခြင်း ကွယ်ပျောက်လေ၏။

ဤဥပမာ၌ နေဝန်းသဏ္ဌာန်နှင့် ရှေးကံဟောင်း တူသည်၊ ထိုနေဝန်းမှထွက်သော နေခြည်နေရောင်နှင့် တကိုယ်လုံးရှိကမ္မဇဓာတ်မီးသည်ဂုဏ်း၊ ထိုကမ္မဇဓာတ်မီးနှင့်စပ်သော စိတ္တဇဓာတ်မီး ဥတုဇဓာတ်မီး အာဟာရဇ ဓာတ်မီးရှသည်ဂုဏ်း တူသည်၊ ကောင်းကင် တခွင်လုံး ပြန့်နှံ့၍တည်သော မိုးယံးတိမ်တိုက် အာပြင်ကြီးနှင့် တကိုယ်လုံးရှိ ဓာတ်ဆိုးတူသည်၊စိုသက်တံသဏ္ဌာန်ကြီးနှင့် ခန္ဓာကိုယ်၌ ဆိုးခဲ့ပြီးသော မဟာဘုတ်ဓာတ်ကြီးလေးပါးတူသည်၊ တိမ်ဘိုက်နှင့် ဓာတ်ဆိုး တူသည်ကဲ့သော်စကားမှာ ထောက်ပံ့မှု တူသည်ကို ဆိုလိုရင်းတည်း။ ကံသည်ဂုဏ်း ကမ္မဇဓာတ်မီးသည်ဂုဏ်း ကုန်ခဲ့သည်ရှိသော် ဓာတ်ဆိုထင်ရှားရှိသော်လည်း ကိုယ်ခန္ဓာ မဟာဘုတ် ခဲကြီးသည် ပျက်ဆုံးတော့သည်၊ ကံပင် ထင်ရှားရှိသော်လည်း အစာရေစာပြတ်၍ ဗဟိဒ္ဓဓာတ်ဆိ အလျဉ်းပြတ်ခဲ့သည်ရှိသော် အစ္ဆာတ္တဓာတ်ဆိတို့သည် အားကုန်၍ ထိုခဏမှ ကိုယ်ခန္ဓာ မဟာဘုတ်ခဲကြီး ပျက်စီးရတော့သည်၊ စို့သက်တံကြီးမှာ ဆိုခဲ့သမျှနှင့် အကုန်လုံးစုံအောင် စပ်၍ သိလော၊ ဓာတ်ကြီးလေးပါးခဏ်း၌ မှတ်၌ ထင်သော အရိပ်ဥပမာ, ရေ၌ထင်သော အရိပ်ဥပမာလည်း လူမျက်နှာ နေဝန်း လဝန်း တိမ်တိုက်တို့နှင့် ကံသည်ဂုဏ်း၊ ဓာတ်မီးရှသည်ဂုဏ်း ဘူ၏၊ မှတ်အပြင် ရေအပြင်နှင့် ဓာတ်ဆိုရတူ၏၊ မှတ်အပြင် ရေအပြင်၌ ထင်သော လူရိပ် မျက်နှာရိပ် နေဝန်း သဏ္ဌာန် လဝန်းသဏ္ဌာန် တိမ်တိုက်ကြီး သဏ္ဌာန်ရှနှင့် ကိုယ်ခန္ဓာဖြစ်၍နေသော ဓာတ်ကြီးလေးပါးတူ၏၊ ဤဥပမာ၌လည်း ထောက်ပံ့ခုခံမှု တူသည်ကိုယူ၊ ဤမျှသော ဥပမာတို့ဖြင့် ဓာတ်

ကြီးလေးပါး ဓာတ်ကြည်ခြောက်ပါးတို့၏ အာရုအာခဲ ဖြစ်သော ဤခန္ဓာကိုယ်သည် ဗဟိဒ္ဓဓာတ်ဆိ ထောက်ပံ့မှုနှင့် တည်နေရသည်၊ ဗဟိဒ္ဓဓာတ်ဆိ ထောက်ပံ့မှုကင်းလျှင် ခဏခြင်း ပျက်ဆုံးရတော့သည်ဟု ဖြလိုက်သည်။

ယခုအခါ ထောက်ပံ့ပုံကိုဆိုအံ့၊ လောကဌ အဆိနှင့်မီးသည် အဘက်ပေတည်း၊ အဆိဟူသမျှတို့သည် မီးနှင့်ပေါင်းဘက်ရမှ ပွားများနိုင်ကုန်၏၊ မီးတို့သည်လည်း အဆိနှင့်ပေါင်းဘက်ရမှ ပွားများနိုင်ကုန်၏၊ တည်နေနိုင်ကုန်၏၊ မြေဆိဟုဆိုအပ်သော ရေနုံရေချဉ် ရေနုံဆိ နှမ်းဆိ မုန်ညင်းဆိ အုန်းဆိ ပဲဆိ သတ္တဝါမှ ဖြစ်သော ထောပတ်ဆိ အစရှိသော အဆိမျိုးတို့သည် မီးကိုပွား စီးစေတတ်ကုန်၏၊ မီးသည် ထိုအဆိနှင့် နေရမှ ပွားစီးနိုင်သည်၊ ဤကား ထင်ရှားသော အဆိစုကို ဆိုလိုက်သော စကားတည်း။

ဩဇာဟုဆိုအပ်သော ထိုရုပ်ဆိသည် ခပ်သိမ်းသော ရုပ်ကလာပ်စုမှာပင် ပါရှိသတည်း၊ ခပ်သိမ်းသော ဝတ္ထုမျိုးခွပင်လျှင် ဓာတ်ဆိရှိ၏၊ အဝတ်ပုဆိုး မြက်သစ်ရွက် ထင်းသစ်သား စသော ထိုထိုဝတ္ထုတို့ကို မီးလောင်ရာ၌ ထိုထိုဝတ္ထုတို့၌ရှိသော ဓာတ်ဆိသည်သာ မီး၏အစာပေတည်း၊ မီးသည် ဓာတ်ဆိကို အစဉ်လိုက်၍ ပွားများ၍ သွားလေရာ ထိုဓာတ်ဆိနှင့်တကွဖြစ်သောရုပ်တို့ကို လောင်၍ သွားတော့သည်သာတည်း၊ မြင်အောင်ကြည့်။

ညအခါ ဓာတ်သဘင်ခံရာ၌ အလယ်၌ ကြီးစွာသော မီးစာကျင်ကြီးကိုလုပ်၍ အိုးခင်းကြီးစွာနှင့် ထားပြီးလျှင် ဆိ ရေနုံ လောင်း၍ မီးထွန်းကြ၏၊ ထိုသို့ထွန်းရာ၌ မီးတောက်၏ အသက်သည် ရေနုံဆိမှာနေ၏၊ ရေနုံဆိအားကြီးလျှင် မီးတောက်အားကြီး၏၊ ရေနုံဆိလျော့ပါးလျှင် မီးတောက်လျော့ပါး၏၊ ရေနုံဆိကုန်ခဲ့လျှင် မီးတောက်ကွယ်ပျောက်လေ၏၊ ထိုအတူ ဤကိုယ်ခန္ဓာဖြစ်၍နေသော မြေဓာတ်ကြီး ရေဓာတ်ကြီး လေဓာတ်ကြီး

အကြည်ဝတ်ခြောက်ပါး အလုံးစုံသည် ဒီးစာတိုင်ကြီးနှင့်တူ၏ ကိုယ်နှင့်အပြည့်ရှိနေသောအင်္ဂါတွေဝတ်ဆိုရသည်ဒီးစာတိုင်ကြီး အတွင်းမှာ ဂိုနှင့်ရင်း ဝတ်ဆိုရနှင့်တူ၏၊ တကိုယ်လုံးနှင့်အပြည့် ရှိနေသောအင်္ဂါတွေဝတ်ဒီးစုသည် ထိုဒီးစာတိုင်ကြီးမှာ အတွင်း အပြင် အနှံ့စွဲကပ်၍ တောက်နေသော ဒီးတောက်နှင့် တူ၏၊ သတ္တဝါတို့၌ နေ့စဉ်စား အပ် သောက်မျိုအပ်သော အစာတွင် ပါသော ဗဟိဒ္ဓဝတ်ဆိုရသည် ထိုဒီးတိုင်ကြီးမှာ မပြတ်မပြတ် ထပ်မနား လောင်းရသော ရေနံဆီနှင့်တူ၏၊ အထက် သက်တံရေး ဥပမာဖြင့် ဝတ်ဆိုထောက်ပံ့မှု ကြီးကျယ်ကြောင်းကို ပြသည်၊ နောက် ဒီးစာတိုင်ကြီးဥပမာဖြင့် ဝတ်ဆို၏ ရုပ်ကာလာပ်တို့ကို ဖြစ်စေမှုနှင့် တကွ ထောက်ပံ့မှုကိုပင် ပြသည်။

ထင်ရှားစေဦးအံ့၊ ဝမ်းခွဲ မျိုသမျှသော အစာရေစာမည်သည် အင္ဂကလာပ်ရုပ်စု ရုပ်ခဲရသာတည်း၊ ကလာပ်တိုင်း ကလာပ်တိုင်းမှာလည်း မဟာဘုတ်ကြီးလေးပါးကို ထောက်ပံ့သော ဩဇာဟူသော ဝတ်ဆိုသည် ပါဖြဲဖြမွတာပေတည်း၊ ထိုကြောင့် ထမင်းအစာ တပြည်သားရှိလျှင် ဩဇာဟူသောဝတ်ဆိုလည်း တပြည်သားပင် ရှိသည်ဟု ပရိယာယ်အားဖြင့် ဆိုထိုက်၏၊ တိုင်မြေဝင်ဆွေးမြေ့၍ လဲလှယ် ပြိုလှယ် ရှိနေသော အိမ်အိုကြီးကို ဒိုင်ခံသော ထောက်တိုင်သစ်တို့ ထောက်ကူထမ်းဆောင်နေသကဲ့သို့ မျိုမျိုသမျှသော အာဟာရဝတ်ဆိုတို့သည် အစာသစ်အိမ်၌ တည်သည်နှင့် တပြိုင်နက် တကိုယ်လုံး၌ အင်္ဂါတွေရုပ်တို့ကို ထောက်ပံ့ ထမ်းဆောင်ပေကုန်၏၊ အိမ်အိုကြီးမှာ ထောက်တိုင်ရု ယိမ်းယိုင် ရော့ရဲလျှင် တအိမ်လုံး ယိမ်းယိုင် ရော့ရဲသကဲ့သို့ဂုင်း ထောက်တိုင်ရု ပြိုလဲလျှင် တအိမ်လုံး ပြိုလဲသကဲ့သို့ဂုင်း ထိုအစာသစ်တို့သည် ခြောက်နာ၌ ခုနစ်နာရှိမျှ သစ်သစ် လပ်လပ် တည်နေလျက် ထောက်ပံ့ ထမ်းဆောင်၍ ခြောက်နာ၌ ခုနစ်နာ၌ ကျော်သည်မှစ၍ တဖွဖွ ပုပ်သိုး ယိမ်းယိုင် လျော့ပါးသောအခါ တကိုယ်လုံး၌ အင်္ဂါတွေ ရုပ်နှ

ခေတ်နှု ကလောပနှတို့သည် တဇေ့ရှဇေ့ရှ ယိမ်းယိုင်ရေ့ရဲ ပြိုပျက်ပျောက်ဆုံး ကြလေကုန်၏၊ အစာသစ်အိမ်၌ အစာသက်ကုန်လျှင် အတွင်းခေတ်နှုစု အကုန်ပျက်ဆုံးလေ၏၊ မတာကလေဝရဟု ဆိုအပ်သော ဥတုဇခေတ်ကြမ်းစုသာ ကျန်လေ၏။

အစာသစ်အိမ်၌ အစာသစ် အလျဉ်း မပြတ်ဒီ စောစောက တင်ကူး၍ တနေ့လျှင် တထပ် တထပ်ကျသော်ငှင်း, နှစ်ထပ် နှစ်ထပ်ကျ သော်ငှင်း, မျိုသွင်းခြင်းကိုပြုကြရကုန်၏၊ လူတို့ကား ထမင်းဆာ၍ အားငယ်လ ရေ့ရဲသည် ဟူ၍သာ သိကြကုန်၏၊ အစာသစ်အိမ်မှာ အစာ လျော့ပါးသည် မှစ၍ အတွင်းရုပ်ခဲခေတ်ခဲ ကလောပ်ခဲ အသက်ခဲ အားခဲ အင်ခဲတို့ တဇေ့ရှဇေ့ရှ ပြိုပျက်ကွယ်ဆုံး၍ သွားသည်ကိုမူကား မသိကျာကြ လေကုန်၊ စိုသက်တံ ဥပမာ၌ အခံဘိဓ်တိုက် အခြေအနေ ပျက်လျှင် စိုသက်တံသဏ္ဌာန်ကြိုး အခြေအနေ ပျက်သကဲ့သို့ အစာသစ်အိမ်၏ အစာခေတ်ဆိ နွမ်းနယ်လျော့ပါး၍သွားလျှင် တကိုယ်လုံး၏ မာမှုဟူသော အခြင်းအရာကြိုးတဇွေ့ဇွေ့ လျော့ပါးပြိုပျက်၍ လိုက်မှု, ဖွဲ့စည်းမှုဟူသောရေခေတ်ပြိုပျက်၍လိုက်မှု, ပူမှုအေးမှုဟူသော ရေခေတ်ပြိုပျက်၍လိုက်မှု, တောင့်တင်းခိုင်မာမှု ဟူသော လေခေတ် ပြိုပျက်၍လိုက်မှု, စက္ခုဟူသောအကြည်ခေတ် သောတဟူသော အကြည်ခေတ် ဃာနဟူသော အကြည်ခေတ် ဇိဝှါဟူသော အကြည်ခေတ် ကာယဟူသော အကြည်ခေတ် မနောဟူသော အကြည်ခေတ်တို့ ပြိုပျက်၍ လိုက်မှု, ဦးခေါင်းအတွင်း၌ ရှိသော ခေတ်နှုစု ရင်တွင်း၌ရှိသော ခေတ်နှုဝမ်းတွင်း၌ရှိသော ခေတ်နှုစု ခါးတွင်း ပေါင်တွင်းသလုံးတွင်း ခြေဘဝါးတွင်း၌ရှိသောချပ်နှု ခေတ်နှု ကလောပနှုစုတို့သည် ရေမြုပ်ကြီးတွေ ဖျတ်ဖျတ်ဖျတ်ဖျတ်ဖျတ် ကြေပျက်ဘိသကဲ့သို့ကြေပျက်ကြမှုကို အတပ်မြင်အောင်ကြည့်လေ၊ ထောက်ဘိုင်ကြီးစုယိုင်လျှင် တအိမ်လုံး စင်လုံး ယိုင်သကဲ့သို့ အစာသစ်အိမ်၏ အစာခေတ်ဆိ ယိုင်လျှင်

တကိုယ်လုံးရှိ အတွင်းဓာတ်နှစ်ရပ် စင်လုံးယိုင် မှုကိုလည်း မြင်အောင်ကြည့်လေ။

ထမင်းဆာ၍ အားအင်လျော့ပါးသည်ဟုဆိုသောအခါ ကိုယ်တွင်းရှိ အားဟု ဆိုအပ်သော ကလာပ်ခဲ့ ဓာတ်ခဲ့ ရုပ်ခဲ့တို့သည် ဆွေးနွံးခဲ့ ကြွေသင့်သို့ ကြေပျောက် လျော့ပါးမှုပေတည်း၊ ထမင်းဆာသူမှာ မျက်နှာ မျက်လုံးစသည်တို့ နွမ်းနယ်လျော့ပါး၍နေသည်ကို မျက်မြင်နှင့်ပင် သိသာ၏၊ ထိုသို့ ပြင်ပသန္တာန်မှာ လျော့လျော့ပါးပါး ထင်ဖြင့်ရသောအခါ အတွင်းသန္တာန် တန္ဓာလုံးမှာ ရုပ်ခဲ့ ဓာတ်ခဲ့ ကလာပ်ခဲ့တွေ ကြေပျောက် ပျက်ဆုံးချက် အားကြီးသူ၏ အကျွန်ဓာတ်စု လျော့ပါးမှုကို ထိုးထွင်း၍ သိရသည်၊ မာန်အဆင့်ဆင့် ပြောင်းလဲ၍သွားသည်ကို ပရမတ္ထအရာ၌ ပဌဗီဓာတ် အဆင့်ဆင့် ချုပ်ပျောက် ကွယ်ဆုံးမှု ဆိုသည်၊ ဖဿစည်းမှုအဆင့်ဆင့် ဧရွှေ့ပြောင်းသည်ကို အာပေါဓာတ် အဆင့်ဆင့်ချုပ်ပျက်မှုဆိုသည်၊ ကြွင်းသောဓာတ်တို့ ချုပ်မှုပျက်မှုကိုလည်း ဤနည်းအတူချည်းမှတ်၊ လျော့ပါးပျက်ပြုန်းပုံပြီး၏၊

ထိုသို့ လျော့ပါး၍သွားသောအခါ အလွန်းကြီး မလျော့ပါးမီ ထိုထမင်းအစာမျိုကြရသည်မျိုရ်အစာအိမ်၌ ထမင်းအစာတည်သည်နှင့် တပိုင်နက် ယိမ်းယိုင်ယိုယွင်း၍နေသော အိမ်အိုကြီးကို ခဏခြင်း ပင့်ချီမြှောက်ကြ၍ ထောက်လိုက်သောအခါကဲ့သို့ တကိုယ်လုံးရှိ ဓာတ်ကြီးလေးပါးကိုသည် ခဏခြင်း တောင့်တင်းပြောင်ပြိုးရှိ ကုန်ပြုန်ရာ၊ အားခဲ့ အင်ခဲ့ အသက်ခဲ့ တို့သည် ခဏခြင်း ပြာနှံမြဲ ပြာနှံပြုန်၏၊ ထိုပြာနှံတို့ကို မျက်မြင်မှာလည်း ထင်ရှားပါ၏၊ အတွင်းပိုပေါက်အောင်ကြည့်လျှင် ဗိုလ်းကြီးရှာ၍ ခဏခြင်း အင်းကွက် ကုန်းကွက် ချောင်းကွက် မြောင်းကွက်ရတွေ့ပြန်သလို သို့ အတွင်းသန္တာန် ကြီးငယ်ရ ခဏခြင်းချပ်ကလာပ်ပြည့်ရှိ ပျက်ပုံသည်ကို မြင်နိုင်လတ္တံ့။

(ဤကား တကိုယ်လုံးကို ဓာတ်ဆိုထောတ်ပုံ ပုံတည်း)။

အစာသစ်အိမ်ဟု ဆိုအပ်သော အူမကြီးသည် အလွန် ကြီရ
ရှိသော ပုဆိုးကြမ်း ဖျင်ကြမ်း ဝိတ်ကြင်းအလားရှိ၏၊ ထို
အစာသစ်အိမ်၏အောက်က ပါစကဓာတ်မီးအိုးတည်၏၊ လော
ကဌ် ''တကျည်း'' ဟူ၍ခေါ် ကြသောအကြောဆုံကြီးကို ''ဓာတ်
မီးအိုး'' ဆိုသည်၊ ထိုဓာတ်မီးအိုးဌ် ပါစကခေါ်သော ကမ္မဇ
ဓာတ်မီးသည်တည်၏၊ တကိုယ်လုံးကို စောင့်ရှောက်ပေသော
''ဥသ္ဟာ'' ခေါ်သော ပကတိကိုယ်ငွေ့ကြီးဟု ဆိုအပ်သော
ကမ္မဇဓာတ်မီးကြီးသည်လည်း ထိုပါစကဓာတ်မီး၏ အစိုးအပ်ငှာ
ပင်တည်း၊ အစာသစ်အိမ်ဌ် ရောက်သမျှသော အစာသစ်တို့ကို
ဓာတ်မီးအိုးမှာ ဓာတ်မီးသည် ထ၍ကျိုချက်ပေ၏။ ကျိုချက် ဆို
သည်ကား လောကဌ် နွားနို့ ဆိတ်နို့ စသည်တို့ကို ဆီဥဳး
ထောပတ်ဖြစ်အောင် ကျိုချက်သကဲ့သို့တည်း၊ ထိုသို့ ကျိုချက်
ရာဌ် အဖတ်နှ အဖတ်ကြမ်း အရည်နှ အရည်ကြမ်းဟူ၍ လေး
ပုံထွက်၏၊ ဩဇာ နည်းလှသော အဖတ်ကြင်း အရည်ကြမ်းရု
သည် အောက်သို့ ကျလေ၏၊ ဩဇာရှိသော အဆီအစေးရုသည်
အထက်သို့တက်၏၊ ထိုအတူ အစာသစ်အိမ်ဌ် ရောက်သမျှသော
အရည် အဖတ်တို့ကို အကြင်းအနှ ခြားနား၍ သွားအောင် ကျို
ချက်၍ စစ်မှုကို ဝမ်းဗိုက်ချက်မှ ဆိုသည်။

အဖတ်ကြမ်းရုသည် ကျင်ကြီးဖြစ်၍ အစာပေါင်းအိမ်သို့
လျှောကျလေ၏၊ အရည်ကြင်းရုသည် ကျင်ငယ် ဖြစ်၍ သိုးအိမ်
သို့ လျှောဝင်လေ၏၊ အစာဌ်ပါသမျှသော အဆီ အနှစ်ရုသည်
ပါစကဓာတ်မီး ဥသ္ဟာဓာတ်မီးတို့၏ အဟုန်ဖြင့် ဆူဝေ၍ ရသ
ဟရဏီကြော တဆောင်သို့ အစဉ်လျှောက်သဖြင့် တကိုယ်လုံး
ပြန့်နှံ့လေ၏၊ ထိုသို့ ပြန့်နှံ့သောအခါ ရောက်ရာ ရောက်ရာ
ဌာနဌ် တကိုယ်လုံးရှိ ဓာတ်မီးနှင့် ပေါင်းဝင်လေ၏၊ ထိုသို့
ပေါင်းဝင်သောအခါ လောကဌ် မီးနှင့်ကင်ရာ မီးနှင့်ချက်ရာ အဆီ
ဟူသမျှသည် ပွားစီးသကဲ့သို့ ကိုယ်စောင့် ဓာတ်မီးတို့နှင့်

ပေါင်းမိရာ၌ ဓာတ်ဆိုသည် ရုပ်ကလာပ်တို့ကို ပွားများစေ၏၊ အဆိုပြင် အဆိုခဲ အဆိုကြည်တို့ကိုပွားစေ၏၊ လောက၌ အဆိုနှင့် ပေါင်းမိသောအခါ မိုးတို့သည် လျှမ်းလျှမ်းတောက် ပွားစိုးကုန်သကဲ့သို့ ထိုဓာတ်ဆိနှင့် ပေါင်းမိသောအခါ တကိုယ်လုံးရှိ ဓာတ်မိုးတို့သည် လျှမ်းလျှမ်းတောက် ပွားများကုန်၏၊ လောက၌ ထိုထိုဝတ္ထုတို့ကို မိုးနှင့်ကျိုက်၍ အဆိ အနှစ် ထုတ်ယူကြရာ၌ မိုးအားနည်းပြန်လျှင် အဆိအဂုနည်း၍ အဖတ်အကြမ်းသာများတတ်၏၊ ထိုအတူ ဝမ်းမိုးဟုဆိုအပ်သော ထိုပါစကဓာတ်မိုးအားနည်းခဲ့လျှင် စားသမျှအစာသည် အသုံးမကျသောကျင်ကြိုး ကျင်ငယ် လေသလိပ်ဘက်သို့သာ လဲလေ၏၊ ရသဓာတ်ဟူ၍ လောကီကျမ်းတို့၌ ခေါ်ကြသော အဆိ အနှစ် ဘက်သို့ အနည်းငယ်မျှသာ လိုက်တော့သည်။

ပါစကဓာတ်မိုးအလွန်အားကြိုးပြန်လျှင်လောင်ကျွမ်း၍သွားသည်သာများ၏၊ အနှစ်အဆိ အဂုနည်း၏၊ ဓာတ်မိုးအိုးကြိုးကိုလေ သလိပ် ဖုံးလွှမ်း ဖြေးရှက် ဝိတ်ပင်၍ နေပြန်လျှင် ဓာတ်မိုး၏ အလွန်နူနဲ့ခြင်း မညီညွတ်ခြင်းစသည်ဖြစ်၍ အစာ မနူးမနပ်မကြေ၍ ရောဂါဥပဒ်ဖြစ်တတ်သည်၊ ပကတိ အစာ အာဟာရဂုသည် အနှစ် သြဇာ မရှိလှ၍ ပါစကဓာတ်မိုး ဥသွဓာတ်မိုး နှစ်ပါး သောင်းကျန်းသည့် အတွက် လူတို့မှာ ရောဂါဥပဒ်များကြကြောင်း, သေလွယ် ပျောက်လွယ် ကြကြောင်း, သံ ပြဒါးစသော အနှစ်ဓာတ်ဆိမျိုးကို့ကို အစိမ်းစာတိုပြောင်းအောင် စိရင်၍ အာဏာတ္တဓာတ်နှုတ်နှင့် မိသကဖြစ်နိုင်သော ဂုသာယနဓာတ်ဆေး ဓာတ်ဆိများကို မျိုသောသူမှာ ဓာတ်မိုးနှစ်ပါးငြိမ်သက်ယဉ်ကျေးလှသည်ဖြစ်၍ ရောဂါဥပဒ် ကင်းရှင်းကြောင်း, အသက် တရာတာမိုးမှာပင် နှစ်ရာ, သုံးရာ, လေးရာ, ငါးရာ, တထောင်မက အသက်ရှည်နိုင်ကြောင်းများကို ပဓာနိယင် ဒုတိယအင်္ဂါတွင် ဆိုခဲ့ပြီ။

(ဤတွင်ရွေ့ကား ဤကိုယ်ကြိုးကို ဆယ်မျိုးသော ဓာတ်ဆိုး ဘို့သည့် အမြဲမပြတ် ထောက်ပံ့အပ်ဏိဟူသော စတုတ္ထမာတိကာ ပုဒ်၏ အဓိပ္ပါယ်ပြီး၏)။

ပဠုမ မာတိကာ။ အယံကာယော၊ဤကိုယ်ခန္ဓာသည်။ ဓာတ်ဝမ္မော၊ အသစ်အသစ် မစဲဖြစ်ခြင်း သဘောရှိ၏၊ဟူသော ပဠုမ မာတိကာပုဒ်၌ ဓာတ်ကြိုးလေးပါးတို့ကို မှတ်ဉာဏ်ထင်သော အရိပ် ဥပမာ, စိုသက်တံ ဥပမာ, ဓာတ်မီး ဓာတ်ဆိတို့ ပြုပြင်ရာဖြစ်ကာ ပျက်ကာနေရသော အချက်ရုကို ဇေ့ဗုံစွာမြင်နိုင်ပါလျှင် ဤကိုယ်ခန္ဓာကြိုးမှာ မျက်တောင်တခတ် လျှပ်တပြက်မျှ အသစ်အသစ်ဖြစ်ပေါ်ခြင်းမှကင်းသော အကွက်မရှိ၊ ဖြစ်ပေါ်ရာတိုင်း၌ အဟောင်းအဟောင်း ကွယ်ပျောက်ပျက်ဆုံးခြင်းမှ ကင်းသော အကွက်လည်းမရှိ၊ကျိုက်ကျိုက်ဆူသော ရေနွေးအိုးကြီးအတွင်း၌ ဆူဆူတက် ဖြစ်ပေါ်မှု ပျက်ကွယ်မှု ထွေးရက်၍နေကြကုန်သော ရေပွက်ခဲတွေကဲ့သို့ တကိုယ်လုံး ဓာတ်မီး ဓာတ်ဆိတို့ အတွက် ဖြစ်မှု ပျက်မှုတွေ ပွက်ပွက်ဆူနေကြပုံကို မြင်လိမ့်မည်၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် တကိုယ်လုံး၌ မာမှုဟူသော ပထဝီသည် ဖြစ်ပေါ်၏၊ ထိုပထဝီသည် အဆံ အမာ အကြိုတ် အခဲဟူ၍ အကွက်မြဲမှုရှိသည်မဟုတ်၊ အခြင်းအရာ ကြံ့ယာသက်သက်မျှသာ ဖြစ်၏၊ ထိုကြောင့် ထိုမာမှုရှုသည် ဓာတ်မီး၏ အဟုန်ကြောင့် ခဏခြင်း ပျက်ဆုံးရ၏၊ မျက်တောင်တခတ်မျှ အသက်ရှည်၍ တည်နေနိုင်သည်မဟုတ်၊ ပထဝီပျက်ဆုံးလျှင်လည်း ထိုပထဝီမှာ တွယ်တာရသော နွဲ့စည်းမှု ပုံမှု အေးမှု တောင့်တင်းကြွရွမှု စသည်လည်း အတူပါရလေ၏၊ ထိုပထဝီမှာ မှီရသော အကြည်ဓြောက်ပါးတို့သည်လည်း ပါရလေကုန်၏၊ တကိုယ်လုံးနှံ့အောင် ကြည့်လေ။

ပျက်ဆုံးသမျှ နေရာမှာလည်း အစားထိုက်ထူသော အားဖြင့် အပြည့် အပြည့် ဖြစ်ပေါ်ရ၏၊ ဤသို့လျှင် မျက်တောင် တခတ် လျှပ်တပြက်အတွင်းမှာပင် ပျက်မှု ဖြစ်မှု အဆက်အလက် တရာ တထောင်မက ပြောင်းလဲသည်၊ ထိုဖြစ်မှု ပျက်မှုများကို မျက် စိနှင့်ကြည့်၍ မြင်နိုင်ကောင်းသည်မဟုတ်၊ အထက်ကပြဆိုခဲ့ပြီး သော သဘာဝအရင်းရှနှင့်ကြည့်ရှုမှ ဉာဏ်နှင့်သာ မြင်ကောင်း သော အမှုစုပေတည်း၊ လှုပ်လှုပ်ရှရှထင်သမျှသည် အဟောင်း ပျက်မှု အသစ်ပေါ်မှုချည်းသာဖြစ်၏၊ မျက်စိအမြင်မှာ မှုကား တခုတည်းသောအဆင်းသည်ပင် လှုပ်သည် ရှသည်ဟု ထင်မြင် ၍နေ၏၊ မျက်မြင်ကို အဟုတ်ထင်လျှင် ပရမတ် သဘောကို ဉာဏ်မရှုးနိုင်ပြီ၊ သတိကြပ်ကြပ်ပြုလေ။

လေးပါးသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်သမျှသော မာ မှု ဖွဲ့စည်းမှုစသော ပရမတ်ဓာတ်မြေ ဓာတ်ရေ စသည်ကို့သည် အတူတကွဖြစ်ပေါ်သော ဓာတ်ဒီး၏ အဟုန်ကြောင့် ခဏခြင်း ခဏခြင်း ပျက်ဆုံးကွယ်ပျောက်ရကုန်သည် ဟူသောစကားခွဲ လောကဒွဲ ဒီးတို့မည်သည် အကြင်ဝတ္ထုကို မှီတွယ်၍ ဖြစ်ပွား ၏၊ ထိုဝတ္ထုကို လောင်မြဲမွှေတာဖြစ်သည်နှင့်အညီ ထိုပရမတ် ဓာတ်ဒီးသည်လည်း ဒီဒီနှင့်အတူ ဖြစ်ပေါ်သော မာမှု ဖွဲ့စည်း မှု တင်းရင်းမှုဟူသော ဓာတ်ကြီးသုံးပါးနှင့်တကွ အကြည် ဓာတ်တို့ကိုလည်း ခဏခြင်း ခဏခြင်းကွယ်ဆုံးအောင် လောင် သည်သာဖြစ်၏၊ အမှိုက်မှ ဖြစ်သောဒီးသည် ထိုအမှိုက်ကို ခဏခြင်းကုန်အောင် စား၏၊ ဆီမှထသောဒီးသည် ထိုဆီကို စား၏၊ ရေနံမှ ထသောဒီးသည် ထိုရေနံကိုစား၏၊ ထိုထိုအဆီ မှထသော ဒီးသည် ထိုထိုအဆီကို ခဏခြင်းကုန်အောင်စား၏၊ ထိုအတူ သတ္တဝါတို့၏ ကိုယ်၌ ကိုယ်နှင့်အပြည့် တရှိန်ရှိန်မပြတ် မစဲ ထ၍နေသော ဓာတ်ဒီးသည်လည်း အတူတကွ ဖြစ်ပေါ် သော ဓာတ်တို့ကို ခဏခြင်း ခဏခြင်းကုန်အောင်စားသည်သာ

လျှင် ဖြစ်၏၊ အထူးအားဖြင့် ဓာတ်ဆိုဟူသမျှကို ခဏခြင်း ကုန်အောင်စေး၏။

ထိုကြောင့် ဖြစ်ပေါ်သမျှသော ခပ်ဆိမ်းသော ပရမတ် မြေ ရေ စသောဓာတ်တို့သည် မျက်တောင်တခတ် လျှပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သည်မရှိကြကုန်၊ မျက်တောင်တခတ် အတွင်းမှာပင် အကြိမ်များစွာ တထောင်မက တကိုယ်လုံးအကွဲတ် ကွယ်ဆုံး၏၊ ထိုသို့ကွယ်ဆုံးသော်လည်း အသစ်အသစ် အစား စေ့အောင် ထူထောင်ဘန်ဆင်းကြသော အကြောင်း တရားရှု အလွန်မျှားပြားလှ၍ ငယ်ရွယ်စဉ်အခါ၌ ခဏတိုင်းခဏတိုင်း တင်ကြိုးပွားချပင် လာနိုင်ပြန်သတည်း၊ မိမိကိုယ် တကိုယ်လုံး ခဏမစဲ ကြေပျက်ကွယ်ဆုံးမှုကိုလည်း မြင်အောင်ကြည့်၊ ကွယ် ဆုံးကြေပျက်မှုကိုစိပ်စိပ်မြင်လျှင်တကိုယ်လုံးနှင့် အပြည့် အပြည့် အသစ် အသစ် ဆက်လက်ဖြစ်ပေါ်မှုဟူသော ဓာတိအချက်တို့ ကိုလည်း စိပ်စိပ်ကြီးမြင်လိမ့်မည်၊ ရေနံဆီတပိသာ၌ တောက် သောမီးသည်ထိုရေနံဆီကို အတွင်ကုန်အောင်စား၏၊ ရေနံဆီကို မလျော့ရအောင် လောင်းသောသူက လောင်းနိုင်သမျှ ကာလ ပတ်လုံးရေနံဆီလည်း လျော့သည်မထင်ရ ဖိုးလည်းလျော့သည် မထင်ရ၊ မထင်ရသော်လည်း နှစ်ပါးလုံးပင် ခဏစဉ်အကိုင်း ကုန်ကြဆုံးကြသည်သာဖြစ်၏။

အကယ်၍ မကုန်မဆုံးကြသည် ဖြစ်ခဲ့အံ့ ရေနံဆီအသစ် လောင်းဘွယ်ကိစ္စ မရှိရာပြီ၊ တည်လုံးမှာ အခါခါလောင်းရ သည့်အတွက် အမြဲနှံ အသက် ငါးဆယ်ကုန်လျှင် ဖိုးစား၍ အသက် ငါးဆယ်ကုန်ကြောင်း ထင်ရှား၏၊ စေ့စေ့ကြည့်၍နေလျှင်လည်း သူ့ဆိုနှင့်သူ့ဖိုး ခဏခြင်း ခဏခြင်း ကုန်ဆုံး၍ သွားသည်ကို မြင်ရပါ၏ ဆီရော ဖိုးတောက်ရော လျော့ပါး၍ လျော့ပါး၍သွား သည်ကိုလည်း မြင်သာပါ၏၊ တည်ထွန်းလျှင် ရေနံဆီအမြဲနံ များစွာကုန်သည်ဟုလည်း သိကြပါ၏၊ ဤအတူ တကြိမ်စီး

သော အစာအာဟာရအတွက် နာရီပေါင်း မည်မျှေ့ မည်မျှသော ဤကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုး နေနိုင်သည်၊ အစာ အာဟာရ လျော့ပါး၍သွားလျှင် ဤခန္ဓာလျော့ပါး၍ သွားသည်၊ အစာအာဟာရပြတ်၍ သွားလျှင် ဤခန္ဓာမတည်နိုင်ပြီ၊ ဤကိုယ်ခန္ဓာတို့၏ ပျက်ဆုံးမှု မြန်လွှ အားကြီးလွှသည့် အတွက်ကြောင့် ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်မှု မြန်လွှအားကြီးလွှ၏၊ ကိုယ်ခန္ဓာ အသစ်အသစ် အလျဉ်ဆက်လက်ထူထောင်မှု မြန်လွှအားကြီးလွှသည့် အတွက်ကြောင့် လောကဌ အသက် မွေးမှုဟူသော အလုပ်ကြီးသည် အကြီးကျယ်ဆုံး အကြပ်တည်းဆုံး မလွဲသာဆုံး မနေသာဆုံး ဖြစ်လေသတည်း။

ဓမ္မ။ ဒီပါ မြေပြင်ဌ တန္ဒစ်တန္ဒစ်တွင် ဖြစ်ပွားသော စပါးမျိုး ပြောင်း ပဲ လူး ဆတ် အစရှိသော အစာ အာဟာရမျိုးသည် မည်ရွေ့.မည်မျှ များပြားလိမ့်မည်၊ တန္ဒစ်အာဘို့ တလအာဘို့တရက် အာဘို့စားသောက်၍ မည်ရွေ့.မည်မျှ ကုန်လိမ့်မည်ဟု ဖြေလိုက်လျှင် ခန္ဓာသစ် ဆက်သက် တည်ထောင်မှု, အသက်သစ် ဆက်လက်တည်ထောင်မှု ကြီးကျယ်ပုံကို မြင်လိမ့်မည်၊ နေ့စဉ်အကိုင်း အသက်သစ် ခန္ဓာသစ် အလျဉ်ဆက်လက်မှု အသက်မွေးမှု ကြီးကျယ်ကြပ်တည်း၍နေကြပုံကိုမြင်နိုင်လျှင် ဤခန္ဓာဤအသက် ရု ပျက်မှုဆုံးမှု ပျောက်ကွယ်မှု မြန်ကြောင်း အားကြီးကြောင်းကို လည်း မြင်လိမ့်မည်၊ ရေသတ္တဝါ ကုန်းသတ္တဝါတို့ အသက် မွေးမှု အစာရေစာမှ ဥစ္စာစီးပွားမှနှင့် နေ့နေ့ညည ပုပ္ပါးပါး လုလု ယက်ယက် လုပ်ကြ ကိုင်ကြ ထမ်းကြ ပိုးကြ သွားကြ လာကြ ပြောကြ ဆိုကြ ကိုက်ကြ စည်ကြ ကြောင့်ကြ စိုက်ကြ အားထုတ်ကြ စိုးရိမ်ကြ ပူပန်ကြ စောင့်ရှောက်ကြ ထိန်းကျောင်းကြ ငြင်းခုံကြ ဒိုက်ရန်ဖြစ်ကြသမျှ အလုံးစုံတို့ကို အရင်းသို့ ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤကိုယ်ခန္ဓာ အဟောင်း အသစ် အလျဉ်ဆက်လက်မှု, အသက်ဟောင်းအသက်သစ်အလျဉ်ဆက်လက်မှု, ကြပ်တည်းလွှသည့် အတွက်ကြောင့်ဟု မြင်လိမ့်မည်။

အသစ် အသစ် ဆက်လက်မှု ထူထောင်မှု ကြပ်တည်းပုံကို မြင်လျှင်လည်း အဟောင်း အဟောင်း ပျက်ဆုံး ပြောင်းလဲမှု မြန်ကြောင်း အနှစ်မရှိကြောင်း မြင်လိမ့်မည်၊ ဤကိုယ်ခန္ဓာ ဓာတ်ကြီး ဓာတ်ငယ်တို့ ပျက်မှု ဖြစ်မှု မြန်လှသည့် အတွက် ကြောင့် လောကဌ ကြောင့်ကြစိုက်ဘွယ် အနန္တ ဖြစ်ပွားခြင်း နေသည်ဟု ဆိုလိုပါသတည်း၊ ဤကား ပကတိ ဓာတ်ကို မြင်ဘို့ အချက်ရတည်း။

ဤခန္ဓာကို တွယ်တာ ခင်မင်သည့်အတွက် အသက်တရာ အသက်တထောင် ရှည်ရှည်နေလို၍ အသစ်အသစ်သော ဓာတ် တို့ကို ခဏမစဲ အစဉ်စပ်မိအောင် အလျဉ်ဆက်မိအောင် ထူ ထောင်မှုဟု ဆိုအပ်သော အသက်မွေးမှုအတွက်နှင့် ကိုယ်ခန္ဓာဌ ပကတိဓာတ်မှ ခဏမစဲ အသစ်အသစ် ဖြစ်ခြင်းနေချက်ကို မြင်နိုင် ပါလျှင် ဝိကတိ ဓာတ်ကိုလည်း မြင်နိုင်လတ္တံ့။

ဝိကတိ ဓာတ်ဆိုသည်ကား- အနာအမျိုးမျိုးဖြစ်ပေါ်မှု ရောဂါအမျိုးအမျိုး ဖြစ်ပေါ်မှု, ဘေးအမျိုးမျိုး ဖြစ်ပေါ်မှု, ရန်အမျိုး မျိုး ဖြစ်ပေါ်မှု, ဒဏ်အမျိုးမျိုး ဖြစ်ပေါ်မှု, ဥပဒ်အမျိုးမျိုး ဖြစ် ပေါ်မှု တို့ပေတည်း၊ ခဏခြင်း စပ်မိအောင် ဆက်မိအောင် အစဉ်မပြတ်အောင် အလျဉ်မပြတ်အောင် အသစ်အသစ် ဖြစ်ပေါ် ၍နေသောဓာတ်မှအပြင်သည့်အတွက် ကိုယ်ခန္ဓာစုမှာ ဇာဋ္ဌအနိဋ္ဌ ပြောင်းလဲလိုလျှင် ခဏခြင်း ပြောင်းလဲနိုင်သည်၊ ပျက်ကွယ်မှု မြန်သည့်အတွက်ကြောင့် ဇာဋ္ဌ အနိဋ္ဌ သုခ ဒုက္ခ ပြောင်းလဲလို လျှင် ခဏခြင်း ပြောင်းလဲနိုင်သည်၊ဘယ်ခဏာ၌ အနိဋ္ဌဓာတ်မျိုး ဒုက္ခဓာတ်မျိုး မပေါ်နိုင်သော ခဏဟူ၍ မရှိ။

ဓာတ်ဟူသည်ကား--ဖြစ်ပေါ်မှုတည်း၊ လောကဌ မျက်စိ နာဖြစ်သည် နားနာဖြစ်သည် အစရှိသည်ဖြင့်ခေါ်ဝေါ်ကြသော (ဖြစ်) ဟူသော အချက်ရုသည် ဓာတ်ချည်းတည်း၊ဤခန္ဓာကိုယ်

ရုဒ္ဓ အနိဋ္ဌာတိမျိုး ဒုက္ခာတိမျိုးတို့ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားရသည် အတွင်းသန္တာန်ကလည်း အသင့်၊ အနန္တများပြား၏၊ အပသန္တာန်ကလည်း အသင့်၊ အနန္တများပြား၏၊ ဤကိုယ်ခန္ဓာဌ တကိုယ်လုံး၏ အမာခံအထည်ခံဖြစ်သော မာမှုဟူသော ပထဝီဓာတ်ကို "ကဋ္ဌမုခဖြွဲ" ဟူ၍ ဟောတော်မူ၏၊ ခြေဖျားဌ အဆိပ်ထန်သောဖြွဲ ကိုက်ရာ ဦးခေါင်းတိုင် အောင် ခဏခြင်း အဆိပ်နှံ့၍ လူမှန်းမသိဖြစ်ရာဌ တကိုယ်လုံး ခဏခြင်း ရုပ်ပြောင်း၍ ကုန်၏၊ ပကတိ နဂိုရုပ်ရု အကုန်ကွယ်ပျောက်၏၊ လောင်မီးအရှနှင့်တူသော ရုပ်ရုသည် ခဏခြင်း တည်ထောင်၏၊ တကိုယ်လုံးမှာ နဂိုရ် ပကတိရုပ်ဟူ၍ အာကာမြို့မှ အကြွင်းအကျန် မရှိပြီ၊ တကိုယ်လုံးသည် လောင်မီး အလားရှိသော ရုပ်သစ်အတိ ပြည့်၏။

ဥပမာကာဒး-ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသော အလွန်ထက်လှစွာသော ယမ်းဖြင့် ပြည့်သော မီးဒုန်းကြီးကို စနက်ပေါက်မှ နှမ်းစေ့ခန့်ရှိသော အနည်းငယ်သော မီးပေါက် မီးပွား ထိပါးခဲ့သည်ရှိသော် ချိန်ဝင်ပိသာ ငါးဆယ်ခန့်ရှိသောယမ်းခဲကြီးသည် အကုန်လုံး ခဏခြင်း မီးအတိ ဖြစ်လေသကဲ့သို့တည်း။

ဤဖြွဲကိုက်သောသူဌ တကိုယ်လုံး ရုပ်သစ်ပြောင်းပုံ ရုပ်ပေါင်းကွယ်ပျောက်ပုံကား ခြေဘဝါး အထည်ဒြဗ်ဖြစ်၍ နေသော နဂိုရ်ရုပ်ရုကား သာယာ ချမ်းမြေ့သော ဣဋ္ဌရုပ်ရုဖြစ်ကြောင်းကို အများသူပင် သိ၏၊ ဖြွဲကိုက်၍ဖြွဲဆိပ်ပြန့်နှံ့သည့် အတွက် နဂိုရ်က မရှိသော ပူမှု နာမှု အောင့်မှု အင့်မှု ထိုးကျင့်မှု ထုံကျင်မှု ကိုက်မှု ခဲမှု တောင့်မှု တင်းမှုစသော မချမ်းသာမှု မသက်သာမှုရုသည် ယခုဖြွဲကိုက်သည်နှင့်တပြိုင်နက် ယခုမှ ဖြစ်လာသည်ဟု ထင်ရှားပါ၏၊ မေးမြန်းလျှင်လည်း ယခုမှဖြစ်လာသော အမှုရုပါဟု ပြောကြလတ္တံ့၊ ထိုသို့ပြောကြသော်လည်း ဓာတ်သစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် ဟူ၍ကား ခြားနား

၍ မသိကြရာလော၊ ကိုယ်၏အတွင်း၌ ယခုဘာဖြစ်သည်, ဘယ်လိုဖြစ်သည်, ပေါက်လာသည်, ပေါ်လာသည်, ဘယ်ရောဂါဖြစ်သည်, ဘယ်အနာဖြစ်သည်, စသည်ဖြင့် ဖြစ်လုံး ပေါ်လုံး ပေါက်လုံးနှင့် ပြောကြသမျှသော အမှုရသည့် ဇာတိသစ် ရုပ်သစ် ဓာတ်သစ် ကလာပ်သစ် ပရမတ်သစ် ချည်းသာတည်း။

ဒီမီကိုယ်ခန္ဓာတွင် တခုတခုသော နေရာ၌ဖုဉင်း, တကိုယ်လုံး၌ဖုဉင်း ယခုပူ၍လာသည်ဟု သိလျှင် ယခုမှပေါ်သော ဇာတိအသစ်ပေတည်း၊ အသစ်ပေါ်လျှင် ထိုပေါ်ရာမှာ အဟောင်းပျောက်မြဲ၊ တကိုယ်လုံးမှာ ယခုပူ၍ လာသည်ဟု သိသာခြားနားရှိလျှင် တကိုယ်လုံးရှိ ရုပ်ဟောင်း ဓာတ်ဟောင်း ကလာပ်ဟောင်းစု ကွယ်ပျောက်၍ကုန်ပြီဟု သိရသည်၊ ပြောင်းလဲပုံမြန်လှ၍ ပြောင်းလဲမှန်းမသိနိုင်ကြသည်၊ ယခုအေး၍လာသည်, နာ၍လာသည်, ကျင်၍ ထုံ၍ ကိုက်၍ ခဲ၍ ညောင်း၍ ညာ၍ တောင့်၍ တင်း၍ အောင့်၍ အင့်၍ ယား၍ ယံ၍လာသည်,ကျိန်း၍ စပ်၍လာသည် စသည်ဖြင့် ကိုယ်သန္တာန်အတွင်း အပ၌ မခံသာသော အမှုခပ်သိမ်းဖြစ်မှ ပေါ်ပေါက်မှုဟူသမျှသည် ဖြစ်မှန်း သိသာရာ, ပေါ်ပေါက်မှန်း သိသာရာ ကိုယ်အင်္ဂါတခုလုံး၌ ရုပ်ဟောင်းကွယ်ဆုံး၍ ဇာတိသစ်ရုပ်သစ် ပေါ်မှုချည်းမှတ်လော၊ တုန်ဗျား ဗျားသောသူ၌ အချမ်းတက်မှု အချမ်းကျမှု အပူတက်မှု အပူကျမှုများ၌ တကိုယ်လုံးအကျွတ် အဟောင်းအသစ် လဲပြောင်းမှု ထင်ရှားလှ၏၊အစားမှား၍ ခဏခြင်း အထူးဖြစ်လာမှု, ရေချိုး မိုးစွတ်မှား၍ ဖြစ်လာမှု စသည်ဖြင့် ဤကိုယ်ခန္ဓာအတွင်း၌ ထွေထွေလာလာ မခံသာဖြစ်ပေါ်မှုတို့သည် အသင့်အနန္တ များပြားလှ၏၊ ဤကား ဝိကတိဇာတိ ဖြစ်ပေါ်မှုစုကို ဆိုသော စကားရပ်တည်း။

ဤဝိကတိဇာတိဖြစ်ပေါ်မှု ထင်ရှားရှိနေသည့်အတွက်ကြောင့် စိတ်အလိုရှိတိုင်း မနေသာ မသွားသာ မလာသာမပြုသာ မကျင့်

သာ ဘေးဖြစ်ရန်အခွင့်, ရန်ဖြစ်ရန်အခွင့်, ဒဏ်ဖြစ်ရန်အခွင့်, ကိုယ်တွင်းအာနာရယ် ဖြစ်ရန်အခွင့်, ကိုယ်ပအာနာရယ် ဖြစ်ရန်အခွင့် အလုံးစုံမျိုးတို့ကို ကြောက်ရ ရိုံ့ရ ထိတ်ရ လန့်ရ စိုးရိမ်ရ ကြောင့်ကြရ ပူရ ပန်ရ ခြောင်ရ ခွားရ ရပ်ရွာ နွံစည်းခြေနေရ အိမ်ရာ ဝင်းခြံ အဆင်းအကာနှင့် နေရခြင်းစသည်ဖြင့် ကြပ်တည်းကြရလေသည်၊ ထိုသို့ကြပ်တည်းသော အမှုခပ်သိမ်းကို မြင်လျှင် ကိုယ်ခန္ဓာ၏ ဝိကာရာဘိဒုက္ခကို မြင်လတ္တံ့၊ ဤကား ဖြွဲကိုက်သောသူ ဥပမာ, ယမ်းမီးဒုန်းကြိုး ဥပမာ တို့ဖြင့် တကိုယ်လုံး၏ အမာခံဖြစ်သော ခက်မာမှုဟူသော ကဋ္ဌမုခဖြွဲ ဟူ၍ ဟောတော်မူသော မြေဓာတ်၏ ခဏခြင်း ဘောက်ပြန်မှု ပြောင်းလဲမှု ထင်ရှားခက်ထန်မှု ပြိုပျက်မှု အလွန် မြန်လှကြောင်း ကိုဆိုသော စကားရပ်တည်း။

အလွန်မာ၍နေသော လူပမာဏာဂ္ဂိုသော ချိပ်ခဲကြိုး ဖယောင်းခဲကြိုး အဆီခဲကြိုးမျှားကို ခဏခြင်း အတွင်းအပြင်နှံ့ပြားအောင် မီးမှုန်သင့်လေသောအခါ ခဏခြင်း မာမှုအဆင့်ဆင့် ပြိုပျက်၍ ပြေ့မှုအဆင့်ဆင့် တိုးတက်၍လာပုံ ဒီးနှင့်ဝေး၍ အေးပြန်သော အခါ ပြေ့မှုအဆင့်ဆင့် ကွယ်ပျောက်၍ မာမှုအဆင့်ဆင့် တိုးတက်၍ သွားပုံမျှားနှင့် အလားဟူ မြင်အောင်ကြည့်လေ၊ မာမှုအဆင့်ဆင့် ပြိုပျက်ကွယ်ပျောက်၍ သွားသည်ကို အဘိဝမ္မာ၌ မြေဓာတ်အဆင့်ဆင့်ချုပ်မှု ဆုံးမှု ကွယ်ပျောက်မှုသေမှုဆိုသည်၊ ဂုဏ်းကိုပင် သုတ္တန်ဒေသနာ,အဘိဝမ္မာဒေသနာတို့၌နိရောဓ,ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စ ဟူ၍ ဟောတော်မူသည်၊ နိရောဓ,ချုပ်၊ ဘင်္ဂ,ကွဲ၊ ခယ,ကုန်၊ ဝယ,ပျက်၊ အတ္ထ, ကွယ်၊ မရဏ,သေ၊ အနိစ္စ, မမြဲ။

ဝိပဿနာ ယောဂိပုဂ္ဂိုလ်တို့သည် ထိုအမှုကို ဒိဋ္ဌပစ္စက္ခ မြင်အောင်ရှုကြရကုန်သည်၊ ထိုအမှုကို မြင်သော ဉာဏ်ကို အနိစ္စဝိဇ္ဇာဉာဏ်ဆိုသည်၊ ကဋ္ဌမုခဖြွဲ ဟူ၍ဆိုအပ်သော မြေဓာတ်

ဖြ့ဂ် ဇာတိကိုမြင်နိုင်လျှင် ပုတိမုခဖြွဲ့, ဟူ၍ ဆိုအပ်သော ဇရေ ဓာတ် အဂ္ဂိမုခဖြွဲ့, ဟူ၍ဆိုအပ်သော ဒီးဓာတ် သဏ္ဌမုခဖြွဲ့ ဟူ ၍ ဆိုအပ်သော လေဓာတ် ဤဓာတ်ကြီးသုံးပါးတို့၏ ဘောက် ပြန် ပြိုပျက်မှု အသစ်အသစ် ဖြစ်ပေါ်ပြောင်းလဲမှုကိုလည်း မြင် နိုင်လတ္တံ့၊ ဇရေဓာတ်၌ ဖွဲ့စည်းမှုအဆင့်ဆင့် အားကြီး၍ သွားမှ, အဆင့်ဆင့် ရော့ရဲ ပြေပျက်၍သွားမှသည် အဆင့်ဆင့်ချုပ်မှ နိဇရောဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စပေတည်း၊ ဒီးဓာတ်၌ ပုမှအဆင့်ဆင့်ကိုးတက်ချက် ဆုတ်ယုတ်ချက်, အေး မှအဆင့်ဆင့် တိုးတက်ချက် ဆုတ်ယုတ်ချက်သည် အဆင့်ဆင့် ချုပ်မှ နိဇရောဓ,ဘင်္ဂ,ခယ, ဝယ,အတ္ထ,မရဏ, အနိစ္စပေတည်း၊ လေဓာတ်၌ တောင့်တင်း သန်မာမှ အဆင့်ဆင့်တိုးတက်ချက် ဆုတ်ပယုတ်ချက်, ရော့ရဲမှအဆင့်ဆင့်တိုးတက်ချက် ဆုတ်ယုတ် ချက်ရသည် အဆင့်ဆင့် ချုပ်မှ နိဇရောဓ,ဘင်္ဂ, ခယ,ဝယ,အတ္ထ, မရဏ,အနိစ္စပေတည်း၊ဤသို့သောအနိစ္စကိုမြင်မှပိပဿနာဉာဏ် အမှန်ဖြစ်သည်၊ လောက၌ သေချိန်ကျ သေရချေ့, အိုချိန်ကျ အိုရချေ့, ပျက်ချိန်ကျ ပျက်ရချေ့ဟု ရှုကြ မြင်ကြသောအရာ သည် ဝိပဿနာဉာဏ်ပင် မဟုတ်၊ ကုလား တရုပ် ချင်း ကရင် တို့လည်း မြင်ကြသော အမှုပင်ဖြစ်သတည်း။ ဓာတ်ကြီး လေး ပါးဘို့ချုပ်မှ ပျက်မှအနိစ္စလက္ခဏာကိုမြင်လျှင် အကြည်ဓြောက် ပါး ဓာတ်ဒီးဓာတ်ဆိုတို့ကို အထူးအားထုတ်ဘွယ်မရှိ အလိုလို မြင်နိုင် ထင်နိုင်လတ္တံ့။

(ဤတွင်ရွေ့ကား ဤကိုယ်ခန္ဓာကြီးသည် အသစ်အသစ်မစဲ ဖြစ်ခြင်း သဘောရှိ၏ဟူသော ပဋ္ဌမ မာတိကာပုဒ်၏ အဓိပ္ပါယ် ပြီး၏

ဆဋ္ဌမာတိကာ။ အယံကာယော၊ ဤကိုယ်ကြီးသည်။ ဇရာ ဝမ္မော၊ အိုမင်း ရင့်ဆွေးခြင်းသဘောရှိ၏ ဟူသော **ဆဋ္ဌမာတိ**

ကာ ပုဒ်ဦး ဇာတိအခေတ်းဌ ဆိုခဲ့ပြီးသောနည်းဖြင့် မျက်တောင်တခတ် လျပ်တပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောတရား ဟူ၍ အကာမြှုမျှ မရှိကြောင်းကို မြင်နိုင်ပေလျှင် ဤ ဇရာမှကို လည်း မြင်နိုင်လတ္တံ့. လောကဌ် ပျက်ဆုံးကွယ်ပျောက်မှုဟူသမျှသည် ဆုတ်ယုတ် လျော့ပါးခြင်းမရှိဘဲ ပျက်ဆုံး ကွယ်ပျောက်သည် ဟူ၍ အကာမြှုမျှ မရှိ၊ ခပ်သိမ်းသော ဝတ္ထုတို့သည် ပင်လျှင် ပျက်ဆုံးကွယ်ပျောက် လိုသည်ရှိသော် ရွှင်ရွှင်လန်းလန်း သစ်သစ် လတ်လတ် အနေမှ ဆုတ်ယုတ် လျော့ပါးပြီးလျှင် အချင်းခပ်သိမ်း ပျက်ဆုံး ကွယ်ပျောက် ကြလေကုန်သည်ကား ဓမ္မတာမျက်မြင်ပင်တည်း။

ထိုအတူ ပရမတ္ထ ဓမ္မတို့ဌ်လည်း ပျက်ဆုံး ကွယ်ပျောက်မှု ဟူသမျှ သည် ဆုတ်ယုတ်လျော့ပါး ဟောင်းနွမ်း အိုမင်း ဆွေးမြေ့ခြင်း ရှေ့သွားဇ်ရှိသည်သာလျှင် ဓမ္မတာ ဉာဏ်မြင်ပေတည်း၊ သိသာလောက်လှပြီ)။

ဤတွင်ရှေ့ကား ဇရာဓမ္မကို ပြချက်ပြီး၏။

သဋ္ဌမ မာတိကာ။ အယံကာယော၊ ဤကိုယ်ကြီးသည်။မရဏာဓမ္မော၊ သေပျောက် ကွယ်ဆုံးခြင်း သဘောရှိ၏ ဟူသော **သဋ္ဌမ မာတိကာပုဒ်ဌ်** ရှေးဌ် ပြဆိုခဲ့ပြီးသော နိရောဓ, ဘင်္ဂ, ခယ, ဝယ, အတ္ထ, မရဏ, အနိစ္စမှစ၍ကိုပင် ပရမတ္ထဓမ္မတို့၏ မရဏခေါ်သည်၊ ရှေးဌ် ပြဆိုခဲ့ပြီးသော နည်းအတိုင်း မျက်တောင်တခတ် လျပ်တပြက်မျှ အသက်ရှည်မှ တည်နေနိုင်မှ မရှိကြမှုဌ် အနှစ် အဆံ အမာမရှိသည့်အတွက် ဓာတ်မီးလောင်မှ ဇရာမီးလောင်မှ ဘေးသင့်၍ နေကြသည့်အတွက် ခဏခြင်း ခဏခြင်း ပျက်ဆုံးကွယ်ပျောက်မှုကို မရဏာဆိုသည်။

ထိုမရဏာမှု သည်ကား–မျက်တောင်တခတ် လျပ်တပြက် အတွင်းမှာပင် အကြိမ်တရာမက တကိုယ်ကောင်လုံး အကွဲကွဲ

အကျွတ် မရဏာဘေးသင့်၍ ပျက်ဆုံးကွယ်ပျောက်မှုပေတည်း၊ အလွန်ကျင်လည်း သန်မြန်သော ပဒုမာကြာပွင့်ကို ဂရေထဲမှ နွှတ်ယူ၍ လောလောပူသော မြေအပြင်၌ ချထားကြရာ၊ ၁-သန္တာတိဇရာ, ၂-ခဏိကဇရာ, ၃-ခဏိကမရဏာ, ဤသုံးပါးသောဘေးသင့်၍ ညှိုးနွမ်းခြောက်သွေ့ ပျက်ဆုံးသောအဖြစ်သို့ ရောက်လေ၏ ရေတည်းဟူသော အထောက်အပံ့မှ ကင်းလွတ်ခြင်းတပါး, နေပူဟူသောဝေတ်မီးဂိုန် မြေပူဟူသော ဓာတ်မီးဂိုန် ရေပူဟူသော ဓာတ်မီးဂိုန် ဤ အဂိုန်သုံးပါး ဘိစိး နှိပ်စက်ခြင်းတပါး ဤ အကြောင်းတို့ကြောင့် ထိုကြာပန်း၌ ကြည့်တွင်း မြင်တွင်း ထင်ရှားသော သန္တာတိဇရာသည် ပေါ်လာ၏။

သန္တာတိဇရာ ဆိုသည်ကား—မျက်မြင်နှင့် သိနိုင်သော ဆုတ်ယုတ်မှုလျော့ပါးမှု နွမ်းနယ်မှု ညှိုးချုံးမှုတည်း၊ ထိုအမှုသည်ကား မျက်မြင်နှင့်သိနိုင်သောအမှုတည်း၊ အဆုံးကျ၍ ပျက်ဆုံးမှုသည်လည်း မျက်မြင်နှင့် သိနိုင်သော အမှုပင်တည်း၊ ထိုသန္တာတိဇရာမှကို မျက်စိနှင့်မြင်သောအခါ ခဏိကဇရာ, ခဏိကမရဏာတို့ကို ဉာဏ်မျက်စိနှင့် အတပ်ဒိဋ္ဌ မြင်နွင့် ထင်ရှားလေ၏၊ ထိုခဏိကဇရာ ခဏိကမရဏာတို့ကား မျက်စိနှင့်မြင်ရသောတရားရုပမဟုတ်ပေကုန်၊ အဘယ်ကဲ့သို့ ဉာဏ်မျက်စိနှင့် မြင်နိုင်ရာသနည်းဟူမူကား ထိုပဒုမာကြာပန်းကို ရေမှနုတ်သည်နှင့်တပြိုင်နက် သန်မြန်ခက်မာမှုဟူသောမြေဓာတ်သည် ခဏစည်အတိုင်း ပြေ့နဲသောဘက်သို့ ပြိုလဲ၍လာ၏၊ အစည်အတိုင်းသန်မြန်မှုအဆင့်ဆင့် ပျက်ဆုံး၍ ပြေ့နဲသောဓာတိသစ် အဆင့်ဆင့် ပေါ်၍လာ၏၊ သန်မြန်သောရေဓာတ် အေးချမ်းသော မီးဓာတ် တောင့်တင်းစွာ ထမ်းဆောင်သော လေဓာတ်တို့သည်လည်း အစည်အတိုင်းချုပ်ကွယ်၍ လာကုန်၏၊ အဆင်းဓာတ် အနံ့ဓာတ် အရသာဓာတ် သြဇာဓာတ်တို့လည်း အစည်အတိုင်းချုပ်ကွယ်၍လာကုန်၏ ဉာဏ်နှင့် ကြည့်ခဲ့လျှင် နှင်းသီးနှင်းပေါက်ငယ်တို့တဖျုတ်ဖျုတ် ပျက်ဆုံးသကဲ့သို့ ထင်လိမ့်မည်၊ထိုသို့အဆင့်ဆင့် ပျက်ဆုံးပြိုလဲ၍လာမှ

အပေါင်းအသစ် အဆင့်ဆင့်လဲမှုသည့် အဘယ်မျှလောက်ထျင် မြဲနိသည်ဟု ပြောနိုင်သော အခွင့်မရှိ ပြောနိုင်စရာ ဥပမာမရှိ၊ ရှေ့အချက် နောက်အချက် ခြားနား၍ မြင်ခြင်းဌါမရ၊ပုထုဇ္ဇန်တို့ ညဏ်မှိအောင်လိုက်နိုင်သောအရာမဟုတ် မှိသမျှကို ပိုင်းခြား၍ အမျှင်ဖြတ်၍ ဖျက်ဆြေရသည်၊ မြဲနိသ၍ ညဏ်မှိအောင်မလိုက်နိုင်ရာ ဟူသမျှဘို့၌ ရှေ့ နောက် အခြားအနား မရှိ ကခုတည်းပင်ဟု ထင်ကြရသည်၊ လျင်မြန်ပုံ လက္ခဏာကို ညဏ်မှိသမျှ လိုက်၍ ကြည့်လေ။

(အကယ်၍ ထိုသို့ ခဏစဉ်အတိုင်း ပျက်မှု ဖြစ်ပေါ်မှုမရှိခဲ့သည်ဖြစ်အံ့၊ ပျက်ဖြင်မှာ ရိပ်ရိပ်ရိပ်ရိပ် ခဏထက်ခဏ ယိန္ဒမိုးသွေ့ခြောက်၍ လာမှု မရှိလေရာ၊ ညဏ်သိမ်မွေ့လှစေ)။

ဤကြာပန်းဥပမာအထူ-ခန္ဓာကိုယ်မှာလည်းခဏမစဲအနည်းနည်း ပြောင်းလဲ ဘောက်ပြန်မှုဘို့သည့် ကိုယ်တွေ့လည်းအနန္တ မျက်မြင်လည်း အနန္တ ညဏ်မြင်လည်း အနန္တ များပြားလှ၏၊ ကိုယ်တွေ့အနန္တ ဆိုသည်ကား ဦးခေါင်းထဲမှာ ယခုဘဲ့နှယ်ဖြစ်လာသည့် မျက်စိမှာ ဘဲ့နှယ်ဖြစ်လာသည့် မျက်နှာမှာ နှာခေါင်းမှာ နားမှာ ပါးစောင်မှာ နှုတ်ခမ်းမှာ ပါးစပ်မှာ လျှာမှာ လည်ချောင်းမှာ ရင်တွင်းမှာ ဝမ်းတွင်းမှာ ဘဲ့နှယ်ဖြစ်လာသည်ဟု သိသမျှအနန္တကို ဆိုသတည်း၊ ထိုအနန္တမှတို့၌ ဓာတ်အချက် ဇရာအချက် မရဏအချက်တို့ကို ညဏ်မှာထင်အောင် ကြည့်တတ်လျှင် မြင်သာလှတော့သည်၊ ပကတိ ခဏိကမှုတို့ကိုကား ညဏ်လိုက်နိုင်ခဲလှ၏။

လိုရင်း အခြံပွါယ်ကား-ဤခန္ဓာ တကိုယ်လုံးမှာ အတွင်းသန္တာန်မဖြစ်စေ သန်းကြွမ်းပိုး ခြင်မှက် ငြိုကင်း သန်း ဒုတ်ဘေး ထားဘေး လက်နက်ဘေး ဒိုးဘေး ရေဘေး အစရှိသော အပသန္တာန်မှ ဖြစ်စေ ဘောက်ပြန်လောက်အောင် အကြောင်းအခွင့်ဆိုက်တိုက်လာခဲ့သည့်ရှိသော်မဘောက်ပြန်နိုင်သော ခဏ

ငယ်ဟူ၍တစုမျှမရှိ၊ အနိဋ္ဌဖောတို့ မပေါ်နိုင်သောခဏငယ်ဟူ၍ မရှိ၊မပျက်နိုင်သော ခဏငယ်ဟူ၍မရှိ၊ မယိုယွင်းနိုင်သော ခဏငယ်ဟူ၍ တစုမျှမရှိ၊ ဆိုက်တိုက်လာသော အန္တရာယ်၏ ဒဏ်အားလျော်စွာ ဆိုက်တိုက်လာသော ခဏမှာပင် အထူးထင်ဖြင့် လောက်အောင် ဘောက်ပြန်ပျက်ပြား ပြောင်းလဲနိုင်သော ဓာတ်သဘော ဓရာသဘော မရဏာသဘော အဖြစ်ရှိသော ခန္ဓာငါးပါး တရားစု ဖြစ်ချေ၍ ဓာတိဝမ္မော ဓရာဝမ္မော မရဏာဝမ္မော-ဟူ၍ ဆိုသတည်း။

(ဤတွင်ရွက်ကား ဤခန္ဓာကိုယ်ကြီး၏ မရဏာဝမ္မကို ပြဆို သောအခါကြီး၏)။

အဋ္ဌမဓာတိကာအယံကာယော၊ဤကိုယ်ကြီးသည်၊အနိစ္စော၊ အရှည်ခံခိုင် တည်တံ့နိုင်သော တရားရုပ်မဟုတ် ဟူသော အဋ္ဌမ မာတိကာပုဒ်၌ မျက်စောင်တခတ် လျှပ်တပြက်ခန့်မျှ အသက်ရှည်ကာ တည်နေနိုင်သော အခိုင်တရားစု မဟုတ်ကြောင်းကို အောက်က ပြဆိုခဲ့ပြီးသည်ကား များလှပြီ၊ အကယ်၍ မျက်စောင်တခတ်လျှပ်တပြက်ခန့် အသက်ရှည်၍ တည်နေနိုင်သော အခိုင်တရားစု မြစ်ခဲ့ငြားအံ့၊ မျက်စောင် တခတ်ကာလ လျှပ်တပြက်ကာလမည်သည့် မျက်မြင်မှာပင် သိသာထင်ရှားသော ကာလဖြစ်ခဲ့၍ ဤခန္ဓာကိုယ်ကြီးကို မိုးယံးကြိုး လောင်မီးပင်ကျသော်လည်း ထိုမျက်စောင်တခတ် လျှပ်တပြက်ကာလ အတွင်း၌ ဘောက်ပြန်ခြင်း မရှိလေရာ၊ မဘောက်မပြန် ပကတိအတိုင်းကိုသာ မြင်ရရာ၏ ထိုသို့ကားမဟုတ်၊ အားကြိုးသော ဘေးဒဏ် ထိပါးခဲ့သော်လျှင် ထိပါးသည်နှင့်တပြိုင်နက် ဘောက်ပြန်၏၊ ရွေ့ပြောင်း၏၊ဘောက်ပြန်သမျှရွေ့ပြောင်းသမျှသည်အဟောင်း ပျက်ဆုံးမှု အသစ်လဲပြောင်းမှုချည်းသာတည်း။

လောက၌ ခပ်သိမ်းသော ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ရှိသမျှ နာရီရှိသမျှ ပုဂ္ဂိုလ် ဒေသားထုတ်ကြသမျှ ကြောင့်ကြစိုက်

ကြသမျှ ပူပန်ကြသမျှ ပင်ပန်းကြသမျှကို အရင်းသို့ဆိုက်အောင် ကြည့်နိုင်ပါလျှင် အနိစ္စအတွက်ကြောင့်ဟု မြင်လတ္တံ့၊ ဤအနိစ္စ အတွက်ကြောင့် ဒုက္ခဖြစ်ကြရသည်ကို မြင်လတ္တံ့၊ ဤအနိစ္စ ဘေး ကြီးကျယ်ကြောင်းကို မြင်လတ္တံ့၊ အကယ်၍ နိစ္စဖြစ် ကုန်ငြားအံ့၊ ကြောင့်ကြစိုက်မှု ခပ်သိမ်းတို့သည် အနည်းငယ်မျှ မရှိကြကုန်ရာပြီ၊ ဒါနမှု သီလမှု အစရှိသော ပုညကြိယာမှုတို့ကို မပြုလို မနေသာ ပြုကြရကုန် သည်လည်း ဤအနိစ္စအတွက် ကြောင့်ပင်တည်း၊ အနိစ္စအတွက်ကြောင့် ကြောင့်ကြ စိုက်ကြ ရသော ဒုက္ခမှုရုပင်တည်း၊ အနိစ္စမဟုတ်ဘဲ နိစ္စ ဖြစ်ခဲ့သည် ရှိသော် နောင်ရေးနှင့် ကြောင့်ကြစိုက်ဘွယ် မရှိရာပြီ။

အနိစ္စလက္ခဏာ ဆိုသည်ကား- ခဏိကမရဏ ခဏိကဘင်္ဂ ကို ဆိုသတည်း၊ ထိုအနိစ္စလက္ခဏာဟု ဆိုအပ်သော ခဏိကမရဏ ခဏိကဘင်္ဂ ခဏမစဲ အမြဲပါရှိ၍နေသောကြောင့် ဆိုအပ်ခဲ့ပြီးသော ပစ္စုပ္ပန်ရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ သံသရာရေးနှင့် ကြောင့်ကြစိုက်မှုပေါင်း အနန္တ ဘေးသင့်၍နေ ကြရကုန်သည်၊ ဤအချက်တို့ကို အောက်က ပြဆိုခဲ့ပြီးသော အသက်ခန္ဓာ အလျဉ်ဆက်လက်မှု အသက်မွေးမြူမှု ဇာတိသစ် ပျိုးထောင်မှု ကြီးကျယ်ပုံ ကြပ်တည်းပုံများနှင့် တလုံးတည်း ရောနှောရှု ကြည့်လေ သိလေ မြင်လေ။

(ဤတွင်ဖွင့်ကား ဤခန္ဓာကိုယ်ကြီး၏ အနိစ္စ လက္ခဏာကို အမြွက်မှု ပြဆိုချက် ပြီး၏)။

နဝမ မာတိကာ။ အယံကာယော၊ ဤကိုယ်ခန္ဓာကြီးသည်၊ ဒုက္ခော၊ ဆင်းရဲပင်ပန်း ယိန္ဓမ်းညှိုးချုံး ဒုက္ခတုံးကြီးသာတည်း၊ ဟူသော နဝမမာတိကာပုဒ်၌ ဒုက္ခသည် ၁-ဒုက္ခဒုက္ခ, ၂-သင်္ခါရဒုက္ခ, ၃-ဝိပရိဏာမဒုက္ခ ဟူ၍ သုံးပါးရှိ၏။

ကိုယ်၌ အနာမျိုး ကိုးဆယ့်ရှစ်ပါးစသော အစ္ဆာတ္တာဘေးရန် ထိပါး၍ ပူလောင်မှု ကျင်နာမှု ကိုက်ခဲမှု ညောင်းညာမှု ဒိုးဘေး

ရေဘေး ထားဘေး လှံဘေး ရန်သူဘေး ငြိုးဘေး ကင်းဘေး အစရှိသော ဗဟိဒ္ဓဘေးရန်ထိပါး၍ နာကျင်ပင်ပန်းမှု အပါယ်ဘုံသားကို ခံရသော ကာယိက ဒုက္ခမှု စသည်သည် ဒုက္ခဒုက္ခ မည်၏၊ စိုးရိမ်မှု ကြောင့်ကြမှု နှလုံးပူပန်မှု နှလုံးမသက်သာမှု စိတ်မချမ်းသာမှု အလိုးစုံသည်လည်း ဒုက္ခဒုက္ခမည်၏၊ တိရစ္ဆာန်သတ္တဝါတို့သည်ပင် ဤဒုက္ခဒုက္ခကို ဒုက္ခမှန်းသိကြ၏၊ ထိဒုက္ခဖြစ်ခွင့်ကို မြင်လျှင် ကြောက်ကြ ရှုံ့ကြ ထိတ်လန့်ကြ ပြေးပုန်းကြ ရှိုးကြခုခံနိုင်လောက်လျှင်ခုခံကြ၏၊ မိမိကိုယ်၌ အနာဆိုးရှိသော သူသည် ရေနံ့ညှော် ဆီညှော် ကြက်သွန်ညှော် စသော ညှော်မျိုးကို ကြောက်ရ၏၊ ဤကြောက်မှု မှာလည်း ညှော်ကို ကြောက်ရရင်း မဟုတ်၊ မိမိကိုယ်ဟု ဆိုအပ်သော အနာထက္ကြွ မည်ကို ကြောက်ရရင်းတည်း၊ အနာမရှိသော သူမှာ ညှော်ကိုကြောက်ဘွယ်မရှိ၊ ဤခန္ဓာကိုယ်ကြီးသည် ကျိုက်ကျိုက် ဆူဆူ ပွက်ပွက်ဆူသော အနာခဲကြီးအတိဖြစ်၏၊ အရှေ့တိုင်းရန်, ဗဟိဒ္ဓဘေးရန် တည်းဟူသော ညှော်တို့နှင့် တွေ့ကြုံထိပါးခဲ့လျှင် ဘယ်နေရာကမဆို ဘယ်အခါမဆို ဤဒုက္ခဒုက္ခ တည်းဟူသော ငနဲးမနဲး ထက္ကြွသည်းထန်၍ ထွန့်ထွန့်လူး ပျံတ်ပျံတ်လူး ဖြစ်ရ၏၊ လောကဌ် ကြောင့်ကြမှု ရှုံ့မှု ထိတ်လန့်မှု အလုံးစုံကို အရင်းသို့ဆိုက်အောင် ကြည့်တတ်ပါလျှင် ဤခန္ဓာကိုယ်ကြီးသို့ ဆိုက်လိမ့်မည်၊ ဤခန္ဓာကိုယ်ကြီးကို ကြောက်ရရင်း အမှန်ဖြစ်ကြောင်း၊ ဤဒုက္ခဒုက္ခအတွက်ကြောင့် သတ္တဝါတို့၌ ကြပ်တည်းကျဉ်းမြောင်းမှု အနှောင့်အရှိနေကြောင်း မျှားကို အသိညာဏ်တွင် ထင်ရှားလိမ့်မည်။

ဒုက္ခဒုက္ခ အဖွင့်က ပြချက်ပြီး၏။

သင်္ခါရဒုက္ခ ဆိုသည်ကား— မဖြစ်သေးသော ဝတ္ထုကို ဖြစ်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ, မရှေး

သော ဝတ္ထုကို ရလာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ,မရောက်လာသေးသော ဝတ္ထုကို ရောက်လာအောင် တင်ကူး၍ ကြောင့်ကြစိုက်ရသော ဒုက္ခ, ဤသို့ အစရှိသော ဒုက္ခ ရသည် သဒ္ဒါရုဒုက္ခမည်၏။

ဝိပရိဏာမဒုက္ခ ဆိုသည်ကား—သဒ္ဒါရုဒုက္ခနှင့် တင်ကူး၍ ကြောင့်ကြ စိုက်ရသည့်အတွက်ကြောင့် ဖြစ်လာသော ဝတ္ထု ရလာသော ဝတ္ထု၊ ရောက်လာသော ဝတ္ထု၊ တို့ကိုမပျက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခ,မပျောက်ပါစေလင့်ဟု ကြောင့်ကြစိုက်ရသော ဒုက္ခ, မဆုတ်ပါစေလင့် မယုတ်ပါစေလင့် မလျော့ပါစေလင့် မဘေးကင်းမပြုန် ပါစေလင့် မသေပါစေလင့် သေးမထိပါစေလင့် ဒဏ်မထိပါစေလင့် ရုန်မထိပါစေလင့် ဟု ကြောင့်ကြ စိုက်ရသော ဒုက္ခရုသည် ဝိပရိဏာမ ဒုက္ခမည်၏၊ ထိုသို့ မပျက်ပါစေလင့် မပျောက်ပါစေလင့် မဆုတ်ယုတ်ပါစေလင့်ဟုကြောင့်ကြစိုက်ပါလျက် ပျက်ရန် ပျောက်ရန် ဆုတ်ယုတ် ဆုံးရှုံးရန် အကြောင်း ဆိုက်တိုက်လာ၍ ဆုတ်ယုတ် ပျက်စီး ကွယ်ပျောက် ဆုံးရှုံးပြီးသောအခါ ဖြစ်ရသော ကာယိကဒုက္ခ စေတသိကဒုက္ခရုသည်လည်း ဝိပရိဏာမဒုက္ခမည်၏။

ဥပဓာဂြင့် ထင်ရှားအောင် ပြဦးအံ့-နေ့စဉ်စား၍နေသော ထမင်းသည် ဒုက္ခသုံးမျိုးနှင့် ပြည့်စုံ၏၊ ထို ထမင်းသည် ထမင်းနှင့်မကင်းနိုင်သောသူ ထမင်းကိုလက်မလွတ်နိုင်သောသူကို ဒုက္ခသုံးမျိုးနှင့်ခံပစ်၏၊ အဘယ်သို့ခံပစ်ပါသနည်းဟူမူထိုထမင်း ဖြစ်လာရန် ကြေးကြေးနှစ်က မျိုးစပါးကို အားထုတ်ရသော အမှုရှုမှစ၍ နောက်နောက်နှစ်ဦး ထမင်းဖြစ်အောင် ချက်ဖူ ပြုတ်ဖူကို အားထုတ်ရသောအဖူကိုင်အောင် အကြားကာလ၌ အားထုတ်ရ ကြောင့်ကြစိုက်ရသော အမှုခပ်သိမ်းသည် ထိုထမင်း၏သဒ္ဒါရုဒုက္ခမည်၏၊ ထမင်းကို မလွတ်နိုင်သောသူသည် မလွတ်နိုင်သမျှ ကာလပတ်လုံး ထိုသဒ္ဒါရုဖူ အပြီးစွပ်လျက်နေ၏၊ ထမင်းကို လွတ်သောအခါ ထိုသဒ္ဒါရုဖူ ကွာလွတ်၏၊ အဘယ်ကြောင့်

နည်းဟူမူ ထမင်းမည်သည် ထိုမျှလောက်သော သဒ္ဒါရမ္ဘတို့ကို ဘင်ကူး၍ ကြောင့်ကြစိုက်နိုင်မှ ဖြစ်လာရသော သဒ္ဒါရ ဓမ္မမျိုး အစစ်ဖြစ်လာသောကြောင့်တည်း၊ ဤကား ထမင်းကိုမလွတ်နိုင်သောသူကို ထိုထမင်းက သဒ္ဒါရဒုက္ခနှင့် နှိပ်စက်ပုံတည်း။

(ဤ ပြဆိုခဲ့ပြီးသော သဒ္ဒါရမ္ဘတို့ကား သန္တာတိသဒ္ဒါရမ္ဘတို့ သာတည်း၊ ခဏိကသဒ္ဒါရကိုကား ပဋ္ဌာန်း ၂၄ ပစ္စည်းနှင့် သိရမည်)။

ထမင်းကိုမလွတ်နိုင်သောသူကို ထိုထမင်းသည် ဒိပဒိကာမ ဒုက္ခနှင့် အဘယ်သို့နှိပ်စက်လေသနည်းဟူမူ–ငှေးငှေးနှစ်၌ စပါး မျိုးကို ပြုပြင်မှုမှစ၍ ထိုထမင်းကို စားပြီးနောက် ကျင်ကြိုးကျင်ငယ်ကိစ္စနှင့် ကြောင့်ကြစိုက်ရသော အမှုတိုင်အောင် အကြားကာလ၌ ထိုအလုပ်ပျက်ကွက်ရန် ဆုတ်ယုတ်ရန် ပျက်စီးမှုန် အခွင့်ရကို တင်ကူး၍ မြော်ရှု၍ ကြောင့်ကြစိုက်ရသော အမှုရထိန်းသိမ်း စောင့်ရှောက်ရသောအမှုရသည် ထိုထမင်း၏ ဝိပရိဏာမမည်၏၊ ထမင်းကို မလွတ်နိုင်သောသူသည် ထိုထမင်း၏ ဝိပရိဏာမမှ အမြဲ စွပ်လျက် နေ၏၊ ထမင်းကို လွတ်သောအခါ ထိုဝိပရိဏာမမှ ကျွတ်လွတ်၏၊ အဘယ်ကြောင့်နည်းဟူမူ ထိုထမင်းဖြစ်လာရန် အဆောက်အဦဖြစ်သော အလုံးစုံသော ဝတ္ထု၊ စု အလုံးစုံသော အမှုရသည် ပျက်စီးရန် အကြောင်းဆိုက်တိုက်လာလျှင် ပျက်စီးဘောက်ပြန်ခြင်း သဘော ဂိုလေသောကြောင့်တည်း၊ ဤကား ထမင်းကို မလွတ်နိုင်သော သူကို ထိုထမင်းက ဝိပရိဏာမဒုက္ခနှင့် အမြဲနှိပ်စက်ပုံတည်း။

ထိုထမင်းကိုစားရန် မျိုရန်အတွက်နှင့် ထိုသဒ္ဒါရမ္ဘ ဝိပရိဏာမမှကို ကြောင့်ကြပြုရ အားထုတ် လုပ်ဆောင်ရသော အခါ၌ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှု အလုံးစုံသည် ထိုထမင်း၏ဒုက္ခ ဒုက္ခမှမည်၏၊ ထမင်းသည် ဒုက္ခဒုက္ခမှနှင့်လည်း ထိုသူကို အမြဲနှိပ်စက်၏။

ပျက်ကွက်ရန် အကြောင်းဆိုက်ဘိုက်၍ ပျက်ကွယ်ဆုံးပါး၍ သွားသောအခါ ထိုပျက်ဆုံးမှုကြောင့် ဖြစ်ရသော ပူပန်မှု ပင်ပန်းမှုတို့သည်ကား ထမင်းအဖြစ်သို့ ချေမောစွာ မရောက်ဘဲ ဘောက်ပြန် ပျက်ပြားသော ဝိပရိဏာမ ဒုက္ခပေတည်း၊ ထိုထမင်းသည် စားပြီး မျိုပြီးနောက် အစာမကြေမှုနှင့် စပ်၍ သေလောက် ကြေလောက်အောင်ဖြစ်သော ဝိပရိဏာမဒုက္ခမှ, အနာရောဂါ အမျိုးမျိုးနှင့် တွေ့ကြုံရသော ဝိပရိဏာမ ဒုက္ခမှ, အစာကောင်းစွာ ကြေကျွေ၍ ကျင်ကြီး ကျင်ငယ်ကိစ္စနှင့် စပ်သော ဝိပရိဏာမဒုက္ခမှ တို့သည်ကား ရှေးအဘို့က ချောမောခဲ့၍ ထမင်းဖြစ်ပြီးနောက်မှ ခံရသော ထမင်း၏ ဝိပရိဏာမ ဒုက္ခကဲ့သ့ပေတည်း။

အမှား ပြောခြင်း ဆိုခြင်း ဒဿနား- ထိုထမင်းသည် ခံတွင်းသို့ ရောက်၍ အဆင်းသဏ္ဌာန် အနံ့အရသာ အကူနဲလုံးဘောက်ပြန် ပျက်စီးခြင်းသို့ ရောက်လေ၏၊ ထိုသို့သော ဘောက်ပြန်မှုကိုသာ ဝိပရိဏာမဟု ပြောဆိုကြကုန်၏၊ ဤသို့ ပြဆိုခဲ့ပြီးသော ဝိပရိဏာမ စကားရှသည် သန္နိဋ္ဌိစကားရပေတည်း။

ခဏိကအာဒိဒဿနား-အသိုးသိုးသော ဥပါဒ်ဖြင့် သန္တာန်၌ ဖြစ်ပေါ်ခြင်းသို့ရောက်ကြကုန်သော မြေခဲတံ ရေခဲတံ အစရှိသော ပရမတ္ထဓမ္မဟူသည် မျက်တောင်တခတ်မျှ သစ်သစ်လတ်လတ် ဥပါဒ်သောအာဘုံး မတည်နိုင်ကြပုန်မူ၍ ဇရာဒီးလောင်သဖြင့် ခဏခြင်း ရင့်ရော်ဆွေးမြေ့ကြကုန်၏၊ မရဏဒီးလောင်သဖြင့် ခဏခြင်း ပျောက်ပျက် ကွယ်ဆုံးကြကုန်၏။

ထိုသို့ ဇရာဘေး မရဏဘေးကို့ကြောင့် ခဏခြင်းရင့်ရော်မှု ခဏခြင်းပျက်ဆုံးမှုရသည် ခဏိက ဝိပရိဏာမ မည်၏၊ ထိုခဏိကဝိပရိဏာမမှ အမြဲရောက်၍ နေကုန်သော ထိုမြေခဲတံ ရေခဲတံ အစရှိသော ပရမတ္ထဓမ္မတို့သည် ဇရာဒီး မရဏဒီးကို့၏ လောင်စာသက်သက်မှ ဖြစ်ကြကုန်ရကား သာယာချမ်းမြေ့သောတရားရှမဟုတ်ကြကုန်၊ ခဏမစဲ အိုဘေး သေဘေးထိ

၍ မချိမဆံ့ ဘောက်ပြန် ပျက်ဆုံးရသော ဝိပရိဏာမဒုက္ခတရား ရှိသတည်း။

ဤဇော်နှင့် ကြည့်လိုက်သည်ရှိသော် အပေါ် ရေ ဖုံးလွှမ်း၍ နေကြကုန်သော ကိုယ်ခန္ဓာ အကောင် ကြီး ငယ်တို့သည် ပြည့် ရှင်မင်းကြီး၏ မီးလောင်တိုက်ကြီးနှင့် အသိုးအသိုး တူကြကုန်၏၊ ထိုထိုခန္ဓာကိုယ်အတွင်း၌ ဖြစ်ဖြစ်သမျှသော မြေဝတ် ရေဝတ် အစရှိသော ရုပ်နာမ်တရားတို့သည် ရာဇဝတ်သင့်၍ မီးလောင်တိုက်တွင်းသို့ ဝင်ကြရကုန်သော ရာဇဝတ်ကောင်တွေ နှင့်တူကုန်၏၊ ခဏမစဲ လောင်၍နေကုန်သော ဇရာမီး မရဏမီး တို့သည် ထိုမီးလောင်တိုက်တခုလုံးကို တဟုန်တည်းထ၍လောင် ကျွမ်း ကွယ်ဆုံးစေနိုင်သော အလွန်ထက်လှ ကြီးကျယ်လှစွာ သော ယမ်းအိုး မီးဖွားအိုး မီးတို့နှင့်တူကုန်၏။

တူကြဟန်ကား–ဤကိုယ်ခန္ဓာကြီးအတွင်း၌ ရုပ်သစ်နာမ်သစ် တို့ကို ကိုယ်ခန္ဓာနှင့် အပြည့်အပြည့်ခဏမစဲ ဖြစ်ပေါ်အောင်ဘန် ဆင်းတည်ထောင်ပစ်ချကြကုန်သော ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း တရားကြီး လေးပါးတို့သည် မင်းဖြစ် မင်းဒဏ် သင့်သောအမှုသည်တို့ကို မီးလောင်တိုက်ကြီးအတွင်း သို့ ခဏမစဲအောင် ပစ်ချသော ထောင်မှူးကြီး လေးယောက်တို့ နှင့် တူကုန်၏။

ပါဠိဋ္ဌိတော်၌ကား-ကုသိုလ်ကံ, အကုသိုလ်ကံနှစ်ပါးဟူသော "မနောသဉ္စေတနာဟာရ" ကို မီးကြီး တွင်းသို့ လာလာ သမျှ သောသူတို့ကို ဆွဲငင် ပစ်ချသော ယောကျ်ား အားကောင်းနှစ် ယောက်တို့နှင့် တူသည်ဟု ဟောတော်မူသည်၊ ကိုယ်ခန္ဓာနှင့် အပြည့်အပြည့် ခဏမစဲ အသစ်အသစ် ဖြစ်ပေါ်သော ရုပ်တရား နာမ်တရားတို့ကို ဖြစ်ပေါ်ပြီးသည်နှင့်တပြိုင်နက် ဇရာမီး မရဏ မီးတို့က ပြာမှုန့်မျှမကျန်ရအောင်ဟုန်းကနဲဟုန်းကနဲထ၍ တသုတ် တသုတ် အပြောင်အစင်ပြောင်လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြ

သည်နှင့် လောင်တိုက်ကြီးအတွင်း၌ ကျလာသမျှ ရောက်လာသမျှသော ရာဇဝတ်ကောင်တို့ကို ယမ်းအိုးမီးရှူးအိုးကြီး နှစ်လုံးတို့ကပြောမှုန့်မှ မကျန်ရအောင် ဟုန်းကနဲဟုန်းကနဲထ၍ တသုတ်တသုတ် အပြောင်အပြောင်လောင်၍ ကုန်ဆုံးကွယ်ပျောက်ကြမှုတူသည်။

(ဤကား ခဏိက ဝိပရိဏာမကို ပြဆိုလိုက်သော စကားရပ်တည်း)။

အထက် သန္တိအဆိုက်နှင့် ပြဆိုခဲ့သော ထမင်းဥပမာနှင့် ဤခန္ဓာစု တူပုံကို ပြဆိုဦးအံ့-အရေပါးဖြင့် ဖုံးလွှမ်းအပ်သော ဤခန္ဓာကိုယ်ကြီးငယ်တစုကိုနပ်ပြီးကျက်ပြီးသောထမင်းအိုးကြီးပြု၍ထား ဤဘဝတွင် ပဋိသန္ဓေမှစ၍ နေ့ဂိုသမျှ ခဏမစဲ ရုပ်သစ်နာမ်သစ်တို့ကို ဖြစ်ပေါ်လာရန် ဝေးဘဝ၌ ဒါန သီလ စသော ကံကိုပြုလို၍ လယ်လုပ်ခြင်းကုန်သွယ်ခြင်းစသည်ဖြင့် ဒါနဝတ္ထု၊ ပစ္စည်းဝတ္ထု၊တို့ကို ရှာမှီး အားထုတ်ရသော ဒုက္ခမှု, ပေးကမ်းလှူဒါန်းရသော ဒုက္ခမှု, ဥပုသ်သီတင်း ကျင့်သုံးရသော ဒုက္ခမှု တို့မှစ၍ ဤဘဝ၌ အနှစ်တရာနေ၍ စုတိကမ္မဇရုပ် ချုပ်သည့်တိုင်အောင် ဤအကြား၌ ဤကိုယ်ခန္ဓာကို အနှစ်တရာရှည်၍ ပါအောင် နေ့စဉ်ကြောင့်ကြစိုက်ရ အားထုတ်ရသောဒုက္ခမှုစသည့် နေ့စဉ် အသစ်အသစ် ဖြစ်ပေါ်၍နေသော ဤကိုယ်ခန္ဓာကြီး၏ သဒ္ဓါရုဒုက္ခမှုစုပေတည်း၊ ရေသတ္တဝါ ကုန်းသတ္တဝါတို့ နေ့ဂိုသမျှ ညဂိုသမျှ အသက်ဆေးမြူမှု ကြီးကျယ်ပုံကြွပ်တည်းပုံကို မြင်နိုင်ပါလျှင် ဤခန္ဓာ၏သဒ္ဓါရုဒုက္ခမှုကြီးကျယ်ပုံကို မြင်နိုင်လတ္တံ့။

ထိုခန္ဓာဝဋ်အလှူဒါနမှုတခုအကွက် ပစ္စည်းဝတ္ထု၊ စုဆောင်းရသော ဒုက္ခမှု,အလှူကိစ္စ ဆောင်ရွက်ရသောဒုက္ခမှုတို့ကို ဒိဋ္ဌမျက်မြင်ဂိုသဖြင့် ဤဘဝဤခန္ဓာအတွက်နှင့် ဝေးဝေးဘဝတို့က တင်ကူး၍ ဒုက္ခစိုက်ခဲ့ရသော ဤကိုယ်ခန္ဓာ၏ သဒ္ဓါရုဒုက္ခမှုကိုလည်း မြင်နိုင်လတ္တံ့၊ ပဋိသန္ဓေ တည်နေသည်မှစ၍ အဆုံးစုကိသို့

ဆိုက်သည်တိုင်အောင် အကြားဖြစ်သော အနှစ်တရာ တထောင် တသိန်း တကုဋေ အသင်္ချေကာလအတွင်းမှာနှစ်ပေါင်း လပေါင်း ပက္ခပေါင်း နေ့ရက်ပေါင်း နာရီပေါင်းခဏပေါင်းအနန္တရှိသည် တွင် ပျက်ခွင့်ဆိုက်လျှင် မပျက်သောခဏဟူ၍ မရှိ, ဘောက် ပြန်ခွင့်ဆိုက်လျှင် မဘောက်ပြန်သောခဏဟူ၍ တခုမျှမရှိ, သေ ခွင့်ဆိုက်လျှင် မသေသောခဏဟူ၍ တခုမျှမရှိ,၌ယိုဘောက်ပြန် ခြင်းသဘော သေခြင်းသဘော အစဉ်ပါရှိ၍ နေသည့်အတွက် လောကနှင့် အပြည့် ရှိနေသော ဘောက်ပြန်ရန် အခွင့်ရ သေ ကြေရန်အခွင့်ရ ဆိုက်တိုက်လာမည်ကို မြော်ခေါ်၍ ကြောင့်ကြ စိုက်ရ အားထုတ်ရ ရှောင်ရှားရ ကြောက်ရ ရွံ့ရ ထိတ်လန့်ရ စိုးရိမ်ပူပန်ရသော ဒုက္ခမှ ဟူသမျှသည် ၌ကိုယ်ခန္ဓာ၏ ဝိပရိ ဏာမ ဒုက္ခမှ ချည်းသာတည်း၊ ထိုသို့ ကြောင့်ကြစိုက်ပါ လျက်လည်း အထူးထူး အထွေထွေသော ဘောက်ပြန်မှ ပျက် ပြားမှ ဗျားမှ နာမှ ညောင်းညာကိုက်ခဲမှ အစရှိသော ဝိပရိ ဏာမမှ ကိုသည် ဖြစ်လာ ကုန်၏၊ ဖြစ်တတ်မှန်း သိလျက် နှင့်ပင် မလွဲသာ၍ သွားရ လာရ ပြုရ၍ ဖြစ်လာသော ဒုက္ခမှစု, လောဘနိုင်ငံသို့လိုက်မှကြောင့် တွေ့ရသောဒုက္ခမှစု,ဒေါသနိုင်ငံ သို့လိုက်မှ မာနနိုင်ငံသို့လိုက်မှကြောင့် တွေ့ရသော ဒုက္ခမှစု, ဒိဋ္ဌာဒိဋ္ဌိနိုင်ငံသို့လိုက်၍ ဆောင်းအခါရေသို့ဆင်းခြင်း နွေအခါ ဒီးကင်ခြင်း အစရှိသည်ကို တွေ့ရသော ဒုက္ခမှစု, ပရိယတ်ကို အားထုတ်သည့်အတွက် ပဋိပတ်ကို အားထုတ်သည့်အတွက် တွေ့ကြုံရသော ဒုက္ခမှစုသည်လည်း ၌ခန္ဓာ၏ ဝိပရိဏာမဒုက္ခ မှစုချည်းပင်တည်း၊ ခဏိကဝိပရိဏာမဒုက္ခစုကိုကား ပြဆိုခဲ့ပြီး။

လိုရင်းကား-မိမိအလိုရှိအပ်သော ဇာတိဖြစ်ပေါ်လာအောင် ရှေ့အဘို့ တနာရီက တင်ကူး၍, တရက်က တင်ကူး၍, တလက တင်ကူး၍, တနှစ်ကတင်ကူး၍, ရှေးရှေးဘဝက တင်ကူး၍, ရှေး ရှေးကမ္ဘာက တင်ကူး၍ ပြုရသော ဒါနမှ သီလမှ ဘာဝနာမှ

သုစရိုက်မှု ဒုစ္စရိုက်မှုရဟာနိုးပြုမှု ရဲသေ့ပြုမှုကောင်းသောအသက်မွေးမှု မကောင်းသော အာသက်မွေးမှု အစရှိသော အလုံးစုံသော ဒုက္ခမှုစသည် ထိုအလိုရှိအပ်သော ဇာတိမွေ၏ သဒ်ါရဒုက္ခမှု ချည်းပေတည်း၊ ဤသို့သော သဒ်ါရဒုက္ခကို ''သဇ္ဇေ သဒ်ါရာဒုက္ခာ'' ဟူ၍ ဟောတော်မူသည်။

နှေးခဲ့တင်ကူး၍ ပြုခဲ့ဘသည့်အတွက် နောက်အချိန်ကျ၍ ထိုထို ဇာတိ ဖြစ်ပေါ်လာသော အခါခဲ့လည်း ကာလမြင့်ရှည် တည် နိုင်ပါစေခြင်းငှါ အားထုတ်ကြရကုန်၏၊ ထိုအားထုတ်မှုစသည် သဒ်ါရဒုက္ခမှုစုပင်တည်း၊ ရဲပြီးသော ကောင်းသော ဣဋ္ဌဇာတိ အစည်ပျက်ဆုံးရာသော အကြောင်းကို မြော်၍, မကောင်းသော အနိဋ္ဌဇာတိဖြစ်ပေါ်လာရန် အကြောင်းကို မြော်၍, စောစောက တင်ကူး၍ ပြုနှင့်ရသော ဒုက္ခစုသည် ဖြစ်လတ္တံ့သော ဝိပရိဏာမဒုက္ခကိုမြော်၍ ပြုရသောအမှုဖြစ်သောကြောင့် ထိုခန္ဓာ၏ ဝိပရိဏာမဒုက္ခပင် မည်ပေသတည်း။

(ဤတွင်ရွေ့ကား-ဤ ခန္ဓာကိုယ်ကြီး၏ ဒုက္ခသဘော လက္ခဏာကို အဖြက်မှ ပြဆိုချက် ပြီး၏)။

ဒဿမ မဟာဝိကာရ အံ့ယံ ကာယော၊ ဤခန္ဓာငါးပါး အပေါင်းကြီးသည်။အနတ္တာ၊ကိုယ်မဟုတ်ဟူသော**ဒဿမမဟာဝိကာရပုဒ်ဖြင့်**-

အနတ္တာပုဒ်၏ အရဖြစ်သော ကိုယ်—ဟူသည့် ကာယ သရိရ ဒေဟ တနု ဝပု ဂတ္တ ဗောန္ဒိသန္ဒါတို့ ဟောအပ်သော ရူပကာယ ကိုယ်မဟုတ်၊ ကိုယ်မချို အမိသေ်မှ သားတော်ခဲသည်၊ အတ္တ သမာ ပေမာ နတ္ထိ ကိုယ့်ထက် ချစ်အပ်သောသူမရှိ၊ ကိုယ့်သား သူ့သား ကိုယ့်မယား သူ့မယား စသည်တို့ဖြင့် အတွင်းအပြင် သန့်ခြားရာ ပြင်ပသူတပါး မဟုတ်ဘဲ အတွင်းအနှစ် ထားအပ်သော ဓိဓိဟုဆိုအပ်သော ကိုယ်ပေတည်း၊ ဤ ကိုယ်ကိုပင်လျှင် ငါဟူ၍ ခေါ်သည်။ ။ကိုယ်-ငါ အာတ္တတ္တ။

ထိုကြောင့် အောက်က ပြဆိုခဲ့ပြီးသော ကိုးပါးသော မာတိကာပုဒ်တို့၏အရ ဓမ္မသဘာဝတို့ကို ဤဆိုအပ်ခဲ့ပြီးသောအတိုင်း ဒိဋ္ဌထင်လင်း ထိုးထွင်းသိမြင်ပါလျှင် ငါဟူသော ကိုယ်ကောင်သတ္တဝါ အမာ အနှစ်ပျောက်၍ အနုတ္တဝိစ္ဆာလမ်း ပေါက်တော့သည်၊ ဓာတ်ကြီး လေးပါး ဓာတ်ကြီး ခြောက်ပါး ဝိညာဏဓာတ်ခြောက်ပါး ဤဓာတ်ရုကို ဓာတ်ပေါက်အောင် မြင်လျှင် ငါ ဟူသော ကိုယ်ကောင် အတ္တ ပျောက်လတ္တံ့၊ ထိုဓာတ်တို့၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကိုမြင်လျှင် ငါ၏ဥစ္စာ ငါ၏ဟာဟူသော အတ္တနိယပျောက်၍ အဂိုယဝိစ္ဆာလမ်း ဆုံးခန်း တိုင်ရောက် ထမြောက် ပြီးစီးလေတော့သည်၊ ထိုအခါ ယောဂီအဖြစ်မှ လွတ်မြောက်၍ တဝိစ္ဆာအဖြစ်သို့ ရောက်လေ၏။

နိဂုံး

ဤကျွန်ုပ်ရေးကား-၁၂၆၀-ပြည့်နှစ်နတ်တော်လဆန်း-၎-ရက် ၅-ရက်တွင် ဘီးလင်းမြို့ ကုသိနာရုံဘုရားကိုအဖူးအမျှော်ရောက်သောအခါ ပုင်းတောင်ပေါ်ဘုရားမှာ နေသော ရသွေ့ဆရာနှင့် တွေ့ကြရာ သက္ကာယဒိဋ္ဌိဟုဆိုအပ်သော အတ္တဝါဒုပါဒါန်ဖြို့ပျက်ရာသောနည်းလမ်းကို ရသွေ့ဆရာလျှောက်ထားချက်နှင့် ကိုရွာမြို့လယ်တီတောကျောင်းဆရာ ငါသည် အတ္တဝါဒုပါဒါန် ဖြို့ပျက်ရန် ဝိပဿနာဝိစ္ဆာပေါက်လမ်းကို ပြဆို ရေးသား လိုက်သော **ဝိစ္ဆာမဂ္ဂဒီပနီ** ဤ စာကျမ်းသစ်သည် ၁၂၆၀-ပြည့်နှစ် ပြာသိုလဆန်း ၁၂-ရက်နေ့တွင် အပြီးသို့ရောက်သတည်း။

ဝိစ္ဆာမဂ္ဂဒီပနီ နိဋ္ဌိတာ။

နိဗ္ဗာနပစ္စယော ဟောတု။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဤကျမ်းကို သက်တော် ၅၂-နှစ်တွင် စိရင်တော်မူသည်)။

ဧကုဏ္ဍကဝဂ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

မာတိကာ။ အယံကာယော၊ ဤ ကိုယ်ကောင်သည်။မဟာ ဝေဘုသဇ္ဈယော၊ အထည်ခံ အမာခံဖြစ်သော ဝေတ်ကြိုး လေးခု အစုအခဲသာတည်း။ ဆပ္ပသာဒမတ္တော၊ ခြောက်မျိုးသော ဝေတ် ကြည့် ဝေတ်လင်း မွတ်ကြည့် မွတ်လင်း ကိုယ်တွင်းအပြည့် ချယ်လယ်လျက်ရှိ၏။ အဂ္ဂိနဇ္ဈ၊ ဆယ်မျိုးသော ဝေတ်မီးတို့၏ လည်းကောင်း။ဩဇာနဇ္ဈ၊ ဆယ်မျိုးသော ဝေတ်ဆီတို့၏ လည်း ကောင်း။ ဥဒယော၊ အပွားအစီးသာဖြစ်၏။ ယက္ခပုရော၊ ဝေတ် ကြမ်းဝေတ်နု အထုထုကို တခုတနိမ့်၊ အကျန်မထားအမြဲစားသော ဘီလူးမျိုး အပြည့်ရှိ၏။ အနိစ္စော၊ အရှည်ခိုင်ခံ့ တည့်တံ့နိုင်သော သဘောမရှိ။ ဒုက္ခော၊ သာယာချမ်းမြေ သက်သာရာ ရသော အခွင့်မရှိ။ အနတ္တာ၊ ငါ့ကိုယ်ငါ့ကိုယ် စွဲဆိုသမှု အတွင်းပြုထိုက် သော သဘောမရှိ။ အယံ၊ ဤသည်ကား။ မာတိကာ၊ **မာတိကာ တည်း။**

တတ္ထ၊ မာတိကာပုဒ်အပေါင်းတို့တွင်။ အယံ ကာယော၊ ဤကိုယ်ကောင်သည်။ မဟာဝေတ္တသဇ္ဈယော၊ အထည်ခံ အမာခံ ဖြစ်သော ဝေတ်ကြိုးလေးခု အစုအခဲသာတည်း။ ဣတိ၊ ဤပဌမ မာတိကာပုဒ်၌။ ပထဝီ၊ ဝေတ်မြေလည်းကောင်း။ အာပေါ၊ ဝေတ်ရေလည်းကောင်း။ တေဇော၊ ဝေတ်မီး လည်းကောင်း။ ဝါယော၊ ဝေတ်လေလည်းကောင်း။ ဣမာ၊ ဤလေးပါးတို့သည်။ မဟာဝေတ္တယော၊ကိုယ်သဏ္ဌာန်ဖြစ်ရန် အထည်ခံအမာခံ ဝေတ် ကြိုးလေးပါးတို့တည်း။ ကက္ခဋကြောယော၊ ခက်မာသော အမှုသည်

လည်းကောင်း။မုဒုကြိုယာ၊နူးညံ့သော အမှုသည်လည်းကောင်း။ အယံ၊ဤ အခြင်းအရာ ကြိုယာမျှသည်။ ပထဝီ၊ ပရမတ်နှစ် မြေ အစစ်တို့ပေတည်း။ ဒုတိ့၊ အကာမြွှန်ယ် အနည်းငယ်မျှ ဒေထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ် မဟုတ်။ ကာယ မနေပသာဒဝ်၊ကာယဒွါရ မနောဒွါရတို့ဖြင့် သာလျှင်။ ဂယ္ဟတိ၊ ယူအပ် သိအပ်၏။

ဗန္ဓနံ၊ တွယ်မှု ကပ်မှု စေးနှဲ့မှုသည်။ အာပေါ၊ ပရမတ်နှစ် ရေအစစ်ပေတည်း။ ဒုတိ့၊ အကာမြွှန်ယ် အနည်းငယ်မျှ အထည် ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ နဖုဋ္ဌော၊ ကိုင်၍ ထိ၍ သိရသော ဓာတ်မ ဟုတ်။ မနေန ဝေဝ၊ မနောဒွါရဖြင့်သာလျှင်။ ဂယ္ဟတိ၊ ယူအပ် သိအပ်၏။

ဥဏ္ဍတာ၊ ပူသောအမှု။ သိတတာ၊ အေးသောအမှု။ အယံ၊ ဤအမှုသည်သာလျှင်။ ဇောတဓော၊ပရမတ်နှစ် ဓါးအစစ်ပေတည်း။ ဒုတိ့၊ အနုမြွှန်ယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ ကာယ မနေပသာဒဝ်၊ ကာယဒွါရ မနောဒွါရတို့ဖြင့် သာလျှင်။ ဂယ္ဟတိ၊ ယူအပ် သိအပ်၏။

ဝိတ္ထမ္ဘနံ၊ ထောက်ကန်မှုသည် သာလျှင်။ ဝါယော၊ ပရမတ် နှစ် လေအစစ် ပေတည်း။ ဒုတိ့၊ အကာမြွှန်ယ် အနည်းငယ်မျှ အထည်ဒြဗ်ဟူ၍။ နတ္ထိ၊ မရှိ။ နဒိဋ္ဌာ၊ နတ်မျက်စိသော်မှလည်း မြင်ရသော ဓာတ်မဟုတ်။ကာယမနေပသာဒဝ်၊ ကာယဒွါရ မနော ဒွါရတို့ဖြင့်သာလျှင်။ ဂယ္ဟတိ၊ ယူအပ် သိအပ်၏။

လက္ခဏံ၊ ဓာတ်ကြီးလေးသင်း ဓာတိရင်းကို အလင်းမြင် ရန် ပြလိုက်သော လက္ခဏာခဏ်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ယသ္မာ၊ အကြင်ကြောင့်။ ဇေတာ၊ ဤလေးပါးသော ဓာတ်ကြီး ကို့သည်။ ကြိယမတ္တာ၊ အမှုအရာ ကြိယာမျှကို့ သည်သာ။ ပဟာန်၊ ဖြစ်ကုန်၏။ အဒဿာ၊ အထည်ဖြစ်ဟူ၍ အကာမြှုမျှ မရှိ ကြကုန်။ သမုဒိတာသုဇေဝ၊ ကုဋေတသိန်းမက ရှမ် ခဲမိ ကြကုန် မှသာလျှင်။ ဥိကဏ္ဌာဒိ၊ သန်းဥ သန်းဖြ စသည်ပညတ် ဖြစ်ဝတ္ထု၊ အထည်ရတို့သည်။ ပဟာန်၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပမ္ပယေ၊ ထူးထွေပြောင်းလဲ ချုပ်စဲကွယ်ပရုန် အကြောင်းသည်။ ပတ္ထော၊ ဆိုက်တိုက် ခဲ့သည်ရှိသော်။ ခဏော၊ မျက်တောင်တ ခက် လျပ်တပြက်မျှ တခဏတွင်း၌။ ဗဟုဝိကာရော၊ အထွေ ထောင်သောင်း မကညောင်းအောင် ဖေါ်ပြောင်း လဲလှယ် ဘောက်ပြန်လွယ်ရကုန်သည်။ ပဟာန်၊ ဖြစ်ကုန်၏။

သက်သေကား—ခက်မာသောချိပ်ခဲကို ဒီးကင်ရာ ခဏခြင်း ပြော့ပျောင်း၍ အရည်ဖြစ်ရာ၌ ဒီးထိသောအခါမှစ၍ မာမှုဆုတ် ယုတ်ရွေ့ပြောင်း၏၊ မျက်တောင်တခတ်အတွင်းမှာပင် အဆင့် ဆင့် အခါခါ တရာ တထောင်မက ဆုတ်ယုတ် ပြောင်းလဲချက် များ၏၊ ပြောင်းလဲချက် အထွေတရာရှိလျှင် ကြေပျက် ကွယ် ပျောက်သော ပထဝီတရာ, အသစ်အသစ် နောက်ဖြစ် ပထဝီ ပေါင်း တရာ,ပြောင်းလဲချက် အထွေတထောင်ရှိလျှင် ကြေပျက် ကွယ်ပျောက်သော ပထဝီပေါင်း တထောင်, အသစ်အသစ် နောက်ဖြစ် ပထဝီပေါင်း တထောင်,ရိုပ်ရိုပ် ရိုင်ရိုင် အဆင့်ဆင့် ကြေပျက်ကွယ်ပျောက်၍ သွားချက်တွေကို အတပ်မြင်အောင် ကြည့်နိုင်ပါလျှင် မာမှုဟူသော မြေဓာတ်၏ အနှစ်မရှိကြောင်း ကြမှု ပျက်မှု လျင်မြန်ကြောင်း အသိညဏ်တွင် ထင်ရှားသာ လိမ့်မည်၊ ရှေးရှေးမာချက်ဘို့ အဆက်ဆက် ကြေပျက်ရောက်ခဲ့ရ လည်း ထိုမာချက် အမှုတို့နှင့်အတူ ဖွဲ့ရက်ဖြစ်ဘက် ပျက်ဘက် ဖြစ်ကုန်သော ရေဓာတ်, လေဓာတ်, ဒီးဓာတ်ကိုလည်း ကြေ ပျောက်လေရာ အတူပါကြလေကုန်၏၊ အသစ်အသစ် ဖြစ်ပေါ် လာသော မာမှုတို့ကား ဒီး၏ဒဏ်ကြောင့် တဆင့်ထက်တဆင့်

နှံ့၍ နှံ့၍ သွားဘုန်၏၊ ရေခတ်မှာလည်း ဖဲမှ တွယ်မှအဆင့်ဆင့် ကြေပျက်၍သွားပုံကို အတပ်မြင်နိုင်စေ၊ မီးခတ်မှာလည်း အေးမှ နွေးမှအဆင့်ဆင့်ချုပ်ကွယ်၍, ပူမှ လောင်မှ အဆင့်ဆင့် အသစ်အသစ် တိုးတက်ဖြစ်ပွားး၍, သွားပုံကို အတပ်မြင်စေ၊ လေခတ်မှာလည်း ငုပ်လေ၌ အဆင့်ဆင့်ချုပ်၍, ပွဇလေ ရွှဲလေ စု အဆင့်ဆင့်ဖြစ်ပေါ် လာပုံကို အတပ်မြင်စေ၊ တဘန် မီးငြိမ်းပြန်လျှင် အခြည်မှ အခဲ ဖြစ်မြဲဖြစ်ပြန်လေ၏၊ နှံ့သောမြေခတ်မှ အဆင့်ဆင့်ကွယ်၍ ထက်သောမြေခတ်မှ အဆင့်ဆင့်ဖြစ်ပေါ်ပြန်၏။

ထက်သန်သော ရေခတ်, မီးခတ်, လေခတ်တို့ အဆင့်ဆင့် ကွယ်ပျောက်၍ နှံ့သော ရေခတ်, မီးခတ်, လေခတ်တို့ အဆင့်ဆင့်ဖြစ်ပေါ်ပြန်၏၊ ချိုင်ခဲဖြစ်မြဲဖြစ်ပြန်၏၊ ဤခွဲလည်း နှံ့သောမာမှ အဆင့်ဆင့်ချုပ်ပျောက်၍ ထက်သောမာမှ အသစ်အသစ်ဖြစ်ပေါ်ပုံ, စိုစွတ်မှ ပူလောင်မှ ပွရွှမှ အဆင့်ဆင့်ကွယ်ပျောက်၍ ဖဲစည်းမှ ပူအေးမှ တောင့်တင်းမှ အသစ်အသစ်ဖြစ်ပေါ်ပုံများကို မြင်တတ်စေ၊ ဤချိုင်ခဲခွဲ အထည်မဟုတ်သော မဟာဘုတ်လေးပါးတို့၏ ဓာတ်မှကိုလည်းကောင်း, ချုပ်ကွယ်မှ လျင်မြန်ပုံကိုလည်းကောင်း, အတပ်အလင်း မြင်နိုင်ပါလျှင် သတ္တဝါကောင်ဖြစ်၍နေသော မဟာဘုတ်, တော တောင် ရေမြေဖြစ်၍နေသော မဟာဘုတ်တို့၏ ဓာတ်မှ ချုပ်ကွယ်ခြင်း လျင်မြန်မှုများကို အတပ်အလင်း မြင်နိုင်လိမ့်မည်၊ တခုတခုသော မဟာဘုတ်၏ အနှစ်သာရ မရှိကြောင်းကိုလည်း ထင်နိုင်လိမ့်မည်၊ ဤချိုင်ခဲ ဖြစ်၍နေသော မဟာဘုတ်တို့သည် နိုင်လောက်သော မီးဘိစိုးသောအခါ ခဏခြင်း ဖရိဖရဲ ပြိုကွဲပျက်ပြားကြကုန်သကဲ့သို့ ထိုအတူ ကမ္ဘာမီး ကမ္ဘာရေ ကမ္ဘာလေ အစရှိသော နိုင်လောက်သော ဝိရောဓိပစ္စည်း ဘိစိုးခဲ့လေလျှင် မြင်းမိုရ်တောင် စကြဝဠာတောင် မဟာပထဝီ မြေဖြစ်၍

နေသောမဟာဘုတ်တို့၌လည်း ခဏခြင်း ခဏခြင်း ဖရိဖရဲ ပြိုကွဲပျက်ပြားနိုင်ရန် အခွင့်ကို မြင်လိမ့်မည်။

သတ္တဝါကောင် သတ္တဝါ၏ အင်္ဂါကြီးငယ် ဖြစ်၍နေသော မဟာဘုတ်တို့၌ကား ဆိုဘွယ်မရှိ၊ နိုင်လောက်သော ဝိရောဓိ ပစ္စည်း ဘိစီးခဲ့လျှင် အထင်အလင်း ခဏခြင်းဘောက်ပြန်ချက်မှာ မျက်မြင်ဒိဋ္ဌ ဖြစ်တော့သည်၊ ဤမဟာဘုတ်တို့သည် အထည်ဖြစ်ဟူ၍ အကဲမြို့မှ မရှိကြကုန်ဟူသော အချက်, အနှစ်သာရ မရှိကြ၍ တခဏခြင်း ယိုယွင်းပျက်ပြား နိုင်ကြကုန်၏ဟူသော အချက် ဤ အချက်များသည် နက်နဲလှ၏၊ အတပ်ဒိဋ္ဌ မြင်နိုင်ခဲလှ၏၊ဤနှစ်ချက်ကို အတပ်ဒိဋ္ဌ မြင်နိုင်မှလည်း နက်နဲသောအနိစ္စသဘော, နက်နဲသောဒုက္ခသဘော, နက်နဲသောအနတ္တသဘော များကို မြင်နိုင်မည်၊ ဤနှစ်ချက်ကို အတပ်ဒိဋ္ဌ မမြင်နိုင်ခဲ့လျှင် အတုအပ အနိစ္စ, အတုအပ ဒုက္ခ, အတုအပ အနတ္တနှင့် တဘဝပြီးရကုန်တော့သည်။

ဝိကာရော၊ ဘောက်ပြန်ချုပ်ပျက် လျင်မြန်ချက်ကို သက်သေနှင့် တကွ အလင်းပြသော ဝိကာရဂိုဏ်းသည်။ နိဋ္ဌိတော၊ ပြီး၏။

ပထဝီ။အာယံကာယော၊ ဤကိုယ်ကောင်သည်။တေသံ၊ထိုမာဟ္ဂ စေးဟ္ဂ အေးဟ္ဂ ပူဟ္ဂ ပဋ္ဌလ္လပ်ရှားဟ္ဂဟူကုန်သော မဟာဘုတ်တို့၏။ သဉ္ဇယော၊အစုံအခဲသည်။ဟောတိ၊ဖြစ်၏ကထံဟောတိ၊အဘယ်သို့ဖြစ်သနည်းဟူမူ။ ကသော၊ ဆံပင်ဟူသော မြေအရုလည်းကောင်း။ လောမံ၊ မွေးညှင်း ဟူသော မြေအရုလည်းကောင်း။ နခါ၊ ခြေသည်း လက်သည်း ဟူသော မြေအရု လည်းကောင်း။ ဒန္တာ၊ သွားရိုးဟူသော မြေအရုလည်းကောင်း။ တစော၊ အရေဟူသော မြေအရု လည်းကောင်း။ မံသံ၊ အသားဟူသော မြေအရုလည်းကောင်း။ နှာရု၊ အကြောဟူသော မြေအရုလည်းကောင်း။ အဋ္ဌိ၊ အရိုးဟူသော မြေအရုလည်းကောင်း။ အဋ္ဌိမိဉ္ဇံ၊

ခြင်ဆီဟူသော မြေအရုလည်းကောင်း။ ဝက္ကံ၊ အညှိုဟူသောမြေအရုလည်းကောင်း။ဟဒယံ၊နှလုံးဟူသောမြေအရုလည်းကောင်း။ ယကနံ၊ အသည်းဟူသော မြေအရုလည်းကောင်း။ ကိလောမကံ၊ အမြှေးလွှာဟူသော မြေအရုလည်းကောင်း။ဝိဟာကံ၊အဖျဉ်းဆောင်းထဝ် ဟူသော မြေအရုလည်းကောင်း။ ပပ္ဖါသံ၊ အဆုတ်ဟူသော မြေအရု လည်းကောင်း။ အန္တံ၊ အူမဟူသော မြေအရုလည်းကောင်း။ အန္တဂုဏံ၊ အူသိမ် အူနုဟူသော မြေအရုလည်းကောင်း။ ဥဒရိယံ၊ အစာသစ်ဟူသော မြေအရုလည်းကောင်း။ ကရိသံ၊ အစာပေါင်းဟူသော မြေအရုလည်းကောင်း။ မတ္ထလုင်ံ၊ ဦးဏှောက်ဟူသော မြေအရုလည်းကောင်း။ ဏှမေ၊ ဤနှစ်ဆယ်သော မြေအရုတို့သည်။ ပထဝီ၊ မြစု မြေခဲတို့သာတည်း။

ပထဝီစ၊မြေသည်လည်း၊သိလာ၊ကျောက်မျိုးလည်းကောင်း။ ပသု၊ ခွံမျိုးလည်းကောင်း။ ဏှတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။:နခါ၊ နှစ်ဆယ်သော ခြေသည်းလက်သည်းတို့ လည်းကောင်း။ ဒန္တာ၊ သုံးဆဲ့နှစ်ချောင်းသော သွားရိုးတို့ လည်းကောင်း။ အဋ္ဌိ၊ သုံးရာသော အရိုးတို့လည်းကောင်း။ ဏှမေ၊ ဤ သုံးရဲ့ ငါးဆဲ့နှစ်ခုသော မြေတို့သည်။ သိလာ၊ ကျောက်မြေတို့ပေတည်း။ သေသာ၊ ကြွင်းသောမြေကို့သည်။ ပံသု၊ ခွံမြေတို့ပေတည်း။

ဥဒ္ဓိတော၊ ပေါ်သောဓာတ်။ သယိတော၊ ဝပ်သော ၎ပ်သောဓာတ်။ မန္ဒေါ၊ နုံ့သောဓာတ်။ သမေါ၊ မျှသောဓာတ်။ ဏှတိ၊ ဤသို့။ အဝဋ္ဌော၊ ဓာတ်၏အဝိုက်အတန့်တို့သည်။ စတသော၊ လေးမျိုးတို့တည်း။ ဏှမေသု၊ ဤနှစ်ဆယ်သော အရုတို့၌။ ပထဝီ၊ မြေသည်။ ဥဒ္ဓိတာ၊ပေါ်ဓာတ်တည်း။ဝါယော၊ လေသည်။သယိတော၊ ဝပ်ဓာတ် ၎ပ်ဓာတ်တည်း။ အာပေါ၊ ရေသည်။ မန္ဒေါ၊ နုံ့ဓာတ်တည်း။ တေဇော၊ မီးသည်။ သမေါ၊ မျှဓာတ်တည်း။

ဣာမေသူ၊ ဤ ဆံအာစရိသော နှစ်ဆယ်သော အရုတ်ရှိ၌။ မန္ဒေါ၊ နုံ့သော။ ယော အာပေါ၊ အကြင် ရေခေတ်သည်။ အတ္ထိ၊ ရှိ၏။ ပစ္စယေ၊ ရေခေတ်ကို နှိုးနိုင်သော အကြောင်းသည်။ ပတ္တေ၊ ကြုံကြိုက်ခဲ့သည်ရှိသော်။ သော၊ ထိုနုံ့သော ရေခေတ်သည်။ ဥဋ္ဌဟိသတိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံးသည်။ ဇလရာသိ၊ ရေအာရုသည်။ဟုတ္ဝာ၊ဖြစ်၍။သန္ဒိဿတိ၊စိုးသွားလတ္တံ့။ပစ္စယေ၊ ဓိးခေတ်ကို နှိုးနိုင်သော အကြောင်းသည်။ ပတ္တေ၊ ကြုံကြိုက်ခဲ့သည် ရှိသော်။ တေဇော၊ ဓိးခေတ်သည်။ ဥဋ္ဌဟိဿတိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံးသည်။ အင်္ဂါရာသိ၊ ဓိးအာရုသည်။ ဟုတ္ဝာ ဖြစ်၍။ဇလိဿတိ၊တောက်လတ္တံ့။ ဗျာယိဿတိ၊ ကျမ်းလတ္တံ့။ ပစ္စယေ၊လေခေတ်ကိုနှိုးနိုင်သောအကြောင်းသည်။ ပတ္တေ၊ ကြုံကြိုက်ခဲ့သည်ရှိသော်။ ဝါယော၊ လေခေတ်သည်။ ဥဋ္ဌဟိဿဘိ၊ ပေါ်လတ္တံ့။ ကာယော၊ တကိုယ်လုံး သည်။ ဝါတရာသိ၊ လေအာရုသည်။ ဟုတ္ဝာ၊ ဖြစ်၍။ဝိကိရိဿတိ၊ဇလဖွဲကြဿားလတ္တံ့။

အဝိစ၊ ဆိုးခွင့်အထူးကား။ ဒ္ဝိသု၊ နှစ်ပါးကုန်သော။ပထဝိသု၊ ကျောက်မြေ နှံ့မြေတို့တွင်။ ဆိလာ၊ ကျောက်မြေသည်။အဏ္ဏတ္တံ၊ အဏ္ဏတ္တကျောက်မြေလည်းကောင်း။ဇဟိဒ္ဓါ၊ ဇဟိဒ္ဓ ကျောက်မြေလည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဝိဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။သတ္တာ၊သတ္တဝါသန္တာန်ဝယ် အာထည့်ခံအမာခံ ဖြစ်ကုန်သောသွားရိုး ဦးခေါင်းရိုးအစရှိသောကျောက်တို့သည်။ အဏ္ဏတ္တံ၊ အဏ္ဏတ္တကျောက်တို့ပေတည်း။ ဣတရေ၊ ဤမှတပါးသော တော တောင် ရေ မြေ၌ရှိသောကျောက်တို့သည်။ဇဟိဒ္ဓါ၊ အပကျောက်တို့တည်း။

ဣဒဉ္စ၊ ဤသို့ အဏ္ဏတ္တ ဇဟိဒ္ဓ ဝေါဟာရ နှစ်ပါး ခြားနားမှုသည်လည်း။မိန္ဆာဝမှာနံ၊တဏ္ဟာ မာန ဒိဋ္ဌိဟူကုန်သောအယုတ်တမာ ဓာတ်မိန္ဆာတို့၏။ ကမ္မံ၊ အမှုပေတည်း။ ဇကန္တု တော၊

အမှန်စင်စစ်အားဖြင့်။ အစ္ဆာတ္တံနာမ၊ အတ္ထင်းမှန်လှ အစ္ဆာတ္တာတရား မည်သည်။ နတ္ထိ၊ မ၌။ တတ္ထ၊ ထိုနှစ်မျိုးသော ကျောက်တို့တွင်။ သတ္တာ၊ သတ္တဝါဝယ် အမာခံဖြစ်၍နေသော ကျောက်တို့သည်။ ဩဇဋ္ဌာရိကာ၊ကျောက်ကြမ်းတို့လည်းကောင်း။သုခုမာ၊ ကျောက်နုတို့လည်းကောင်း။ ဣတိ၊ ဤသို့။ဒွိဓာ၊ နှစ်ပါး အပြားရှိကုန်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။အပါယိကာ၊ နွားကဲ့သို့ ဆင်မြင်း စသော အပါယ်ဘုံသားသန္တာန်ဝယ် အမာခံ ဖြစ်သော အရိုးကျောက်တို့သည်။ဩဇဋ္ဌာရိကာ၊ ကျောက်ကြမ်းတို့ ပေတည်း။ မနုဿာ၊ လူဘို့ကိုယ်ဝယ်အမာခံဖြစ်သောအရိုးကျောက်တို့သည်။သုခုမာ၊ သိမ်မွေ့သောကျောက်နုတို့ပေတည်း။ တတော၊ ထိုလူကျောက်ထက်။ စာတုမဟာရာဇိကာ၊ စာတုမဟာရာဇ် ကျောက်မျိုးတို့သည်။ သုခုမာ၊ နူးညံ့ကုန်၏။

အပိစ၊ ဆိုခွင့် အထူးကား။ တေသု၊ ထိုစာတုမဟာရာဇ်ကျောက်မျိုးတို့တွင်။ ဝိနိပါဘိကာ၊ ဝိနိပါဘိကခေါ် ဆိုရသော နတ်စိမ်း နတ်ဝါး သူရဲ သဘက် တစ္ဆေ မှင်စာ စသော ကျောက်မျိုးတို့သည်လည်းကောင်း။ရက္ခသာ စာတုမဟာရာဇ်၏ အပါဖြစ်ကုန်သော ငရဲထိန်း ပြိတ္တာထိန်းစသော ရက္ခိုသ် ဘီလူးတို့သည်လည်းကောင်း။ဩဇဋ္ဌာရိကာ၊ ကျောက်ကြမ်း မျိုးတို့သာတည်း။ တတော၊ထိုစာတုမဟာရာဇ်နတ်ကောင်းဖြစ်သော ကျောက်မျိုးတို့ထက်။ တာဝတိံသာ၊ တာဝတိံသာနတ် ခေါ်ဆို့အပ်သော ကျောက်မျိုးတို့သည်။ သုခုမာ၊သိမ်မွေ့နူးညံ့ကုန်၏။ ဧဝံ၊ဤနည်း အတူ အာကာသဋ္ဌဿ သန္တာန် အမာခံကျောက်မျိုးတို့ငြားအောင်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဣတော၊ ဤ အာကာသဋ္ဌ ဗြဟ္မဒေဝံမှ။ ဥပရိ၊ အထက်၌။ ပထဝီခေတ္တံ၊ မြေခေတ် မြေနယ်သည်။ နတ္ထိ၊ မ၌။ ပံသုပိ၊ ဆိုးမြေသည်လည်း။အစ္ဆတ္တံ၊ အစ္ဆတ္တ ဆိုလည်းကောင်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဲ ဆိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးပြား၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သတ္တာ၊ သတ္တဝါသန္တာန်ဝယ် အမံ အမွှန်း ဖြစ်ကုန်သော နှလုံးခဲ အဆုတ်ခဲ အသည်း

လွှာ အာအရလွှာ ကိုးရာသောအသား အစရှိကုန်သော ဆိုမျိုးတို့သည်။ အစ္ဆတ္တံ၊ အစ္ဆတ္တဆိုမျိုးတို့ပေတည်း။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓဆိုမျိုးတို့သည်။ ပါကဋာ၊ ထင်ရှားကုန်ပြီ။ အပါယတော၊ နွားကဲ့သို့ ဆင် မြင်း စသော အပါယ်ဆိုတုံး ဆိုခဲတို့မှ။ အကနိဋ္ဌာ၊ အကနိဋ္ဌ ဗြဟ္မာ့သန္တာန် အမံအမွန်းဖြစ်သော ဆိုတုံး ဆိုခဲတိုင် အောင်။ ဥပရူပရိ၊ တဆင့်ထက် တဆင့်။ သုခုမဘာဝေါစ၊ သိမ်မွေ့သော အဖြစ်ကိုလည်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဤမေ၊ ဤနှစ်မျိုးသော ကျောက်မြေ ဆိုမြေတို့သည်။ နိဿဋ္ဌာ၊ သူသူငါငါ သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြံမှု, သိမှု, စေ့ဆော်မှု မရှိကြကုန်။

ပထဝီ၊ မြေခေတ်ကိုဆိုသော အခေါ်းသည်။နိဋ္ဌိတာ၊ ပြီးပြီ။

အာပေါ။ ဝိတ္ထံ၊ သည်းခြေရည် သည်းခြေခဲလည်းကောင်း။ သေမှံ၊ သလိပ်ရည် သလိပ်ခဲ လည်းကောင်း။ ပုဗ္ဗော၊ ပြည်ရည် ပြည်ခဲ **လ**ည်းကောင်း။ လောဟိတံ၊ သွေးရည် သွေးခဲ လည်းကောင်း။ သေဒေါ၊ ချွေးရည် ချွေးခဲ လည်းကောင်း။ မေဒေါ၊ အဆီပြင် အဆီခဲလည်းကောင်း။ အာသု၊ မျက်ရည် ကြည် မျက်ရည်ခဲလည်းကောင်း။ ဝသာ၊ အဆီကြည် လည်းကောင်း။ ခေဠော၊ တံထွေးရည် တံထွေးခဲ လည်းကောင်း။ သိင်္ဃာဏိကာ၊နှာရည်ကြည်နှာရည်ခဲလည်းကောင်း။လသိကာ၊ လက်ဆီ ခြေဆီဟူသော အစေးလည်းကောင်း။ မုတ္တံ၊ကျင်ငယ် လည်းကောင်း။ ဤတဆဲ့နှစ်ပါးသော အရည် အခဲ အစွဲ အစေးတို့သည်။ အာပါ၊ ရေအာရုတို့ပေတည်း။

အာပေါစ၊ ရေသည်လည်း။ မဓုရော၊ ရေချိုလည်းကောင်း။ လောဏော၊ ရေငံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါး ပြားဏိ။ သဗ္ဗေ၊ အသုံးစုံကုန်သော။ဣမေ၊ ဤတဆဲ့နှစ်ပါးသော ရေအာရုတို့သည်ကား။ လောဏာယေဝ၊ ရေငံသက်သက်တို့

သာတည်း။ ဤမေသူ၊ ဤတဆဲ့နှစ်ပါးသောရေအရုတ်ရှိ၌။အာပေါ၊ ရေစောတ်သည်။ ဥဋ္ဌိတော၊ ပေါ်၏။ ဝါယော၊ လေစောတ်သည်။ သယိတော၊ ၎ပ်၏။ ပထဝိ၊ မြေစောတ်သည်။ မနွေ၊ နှံ့၏။ တေဇော၊ ပီးစောတ်သည်။ သမော၊ မျှ၏။ ဤမေသူ၊ ဤတဆဲ့နှစ်ပါးသော ရေအရုတ်ရှိ၌။ ယာပထဝိ၊ အကြင်နှံ့သော မာမှဟူသော မြေစောတ်သည်။ အတ္ထိ၊ ရှိ၏။ ပစ္စယော၊ မြေစောတ်ပေါ် ရှန်အကြောင်းသည်။ ပတ္ထော၊ ကြံကြိုက်ခဲ့သော်။ သာပထဝိ၊ ထိုမြေစောတ်သည်။ ဥဒ္ဓဟိသတိ၊ ပေါ်လတ္တံ့။ တေ၊ ထိုတဆဲ့နှစ်ပါးသော အရည်အစေးတို့သည်။ ထဒ္ဓါ၊ အမာအခက် တခဲနက်သော မြေမှုန့် မြေစိုင်တို့သည်။ ဘဝိသန္တိ၊ ဖြစ်ကုန်လတ္တံ့။ တေဇော၊ပီးစောတ်သည်။ ဥဋ္ဌဟန္တော၊ ပေါ်သည်ရှိသော်။ဇာလာ၊ ပီးတောက် ပီးလျှံတို့သည်။ ဘဝိသန္တိ၊ ဖြစ်ကုန်လတ္တံ့။ဝါယော၊ လေစောတ်သည်။ ဥဋ္ဌဟန္တော၊ ပေါ်သည်ရှိသော်။ ဝိတ်ရှိသဆန္တိ၊ ဖရိဖရဲ ကြဲကုန်လတ္တံ့။ ပထဝိသု၊မာမှဟူသော မြေစောတ်တို့ကို။ အာပေန၊ တွယ်မှု ကပ်မှုဟူသော ရေစောတ်သည်။ ပိဏ္ဍိတာသု၊ ပေါင်းဖွဲ့အပ်ကုန်မှသာလျှင်။ တာ၊ ထိုကျောက်မြေ ခဲ့ရုံမြေတို့သည်။ ခန္ဓဘာဝံ၊ သွားရိုး ဦးခေါင်းရိုးစသော ကျောက်တုံးကျောက်ခဲ နှလုံးသား မျက်လုံးသားစသော ခဲ့ရုံတုံး ခဲ့ရုံခဲအဖြစ်သို့။ ဂဏ္ဆန္တိ၊ ရောက်နိုင်ကြကုန်၏။

အယံပိ၊ ဤရေစောတ်သည်လည်း။ အဏ္ဏတ္တ ဗဟိဒ္ဓ ဝသေန၊ အဏ္ဏတ္တရေ ဗဟိဒ္ဓရေတို့၏ အစွမ်းဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့ကွင်။ သတ္တသန္တာန ဘူတာ၊ သတ္တဝါရည် သတ္တဝါစေးဖြစ်၍ ဖြစ်ကုန်သော ရေစောတ်တို့သည်။ အဏ္ဏတ္တံ၊ အဏ္ဏတ္တရေမည်ကုန်၏။ ဗဟိဒ္ဓါ၊ ဗဟိဒ္ဓရေတို့သည်။ ပါကဋာ၊ ထင်ရှားကုန်ပြီ။ အပါယတော၊ အပါယ်ဘုံရှိ သတ္တဝါရည် သတ္တဝါစေးဘို့မှ။ ပဋ္ဌာယ၊ စ၍။ အကနိဋ္ဌာ၊ အကနိဋ္ဌဗြဟ္မာရည် ဗြဟ္မာစေးတိုင်အောင်။ ဥပရုပရိ၊ တဆင့်ထက်တဆင့်။ သဋ္ဌာရိက သုခုမတာ၊ အကြမ်း အနု ဝေဘန်မှုကို။

ညာတဗ္ဗာ၊ သိအပ်ဏ္ဍိ။ ဣမေ၊ ဤရေခတ်တို့သည်။ နိသတ္တာ၊ သူသူ ငါငါ သတ္တဝါ မဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြံမှု, သိမှု, စေ့ဆော်မှု မရှိကုန်။

အာပေါ၊ ရေခဲတံကိုဆိုသော အခေါ်းသည်။ နိဇ္ဇီဇောာ၊ ပြိုးပြိ။

တေဇော။ ညှဉ်ဗာ၊ တကိုယ်လုံးကို ပေါင်းနွေးလျက် သွေးသည်းခြေ လေ သလိပ်ကို ကြည်လင်စေမှု စောင့်ထိန်းပြုသော ညှဉ်ဗာမည်သော ကိုယ်စောင့် ခေတ်မီး လည်းကောင်း။

(အာယု ညှဉ်ဗာစ ဝိညာဏံ ဟူ၍ ခန္ဓ သံယုတ်ကျမ်းဌ ဟောတော်မူသော ကိုယ်စောင့်တရား သုံးပါးတွင် ပါဝင်ပေသော ညှဉ်ဗာပေတည်း၊ အာယု၊ ဇီဝိတိန္ဒြေ။ ညှဉ်ဗာ၊ ကိုယ်ွင်ဟူသော ကမ္မဇခေတ်မီး။ ဝိညာဏံ၊ ဘဝင်ဝိညာဏ်။ ကိုယ်စောင့် တရား သုံးပါး)။

ပါစကော၊ မျိုမျိုသမျှ အာဟာရကို ကြေမွနူးနပ် ကျိုချက်လတ်၍ ခေတ်ကြည့်ခေတ်နှစ် အဆိစစ်သော ပါစက ခေတ်မီး လည်းကောင်း။ ဇီရဏံ၊ ဟိုမြစ်နုနယ်သော အရွယ်အဆင်းကိုကို ဟောင်းမြင်းရင့်ရော်အိုရွပ်ပေါ်အောင် အမြဲလောင်သော ဇီရဏ ခေတ်မီးလည်းကောင်း၊ သန္တာပေါ်၊ ရက်ဆက်ရက်ခြားဟျားတုံ ပူတုံ ကျင်ထုံ ညောင်းညာ ကိုက်ခဲစွာ၍ သန္တာပ မည်သော အပျက်ခေတ်မီးလည်းကောင်း။ ဒါဟောာ၊ သွေး သည်းခြေ တို့ကိုအနေပျက်အောင် အကျက်လောင်၍ ပေါက်နာ ကျောက်မာ နူနာ ဂူနာ ရောဂါဆန်းရိုး အမျိုးမျိုးကို ပြုတတ်သော ဒါဟ မည်သော အပျက်ခေတ်မီး လည်းကောင်း။ ဣမေ၊ ဤငါးပါးသော အရုတ်ရှိသည်။ တေဇော၊ မီးအရုတ်ရှိတည်း။

တစောစ၊ ဒီးသည်လည်း၊ အင်္ဂါရော၊ ဒီးစာအထဲ အနှံ့စွဲ၍ ရဲရဲညိုးညိုး လောင်သော ဒီးလည်းကောင်း။ ဇာလံ၊ ဒီးတောက် ဒီးလျှံလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဓာ၊ နှစ်ပါးပြားဖြာ။ ဣမေ၊ ဤငါးပါးသော ဒီးတို့ကား။ အင်္ဂါရာ၊ စွဲဒီး ခဲဒီးတို့သာတည်း။ ဣမေသု၊ ဤငါးပါးသော ဒီးအစုတို့၌။ တစော၊ ဒီးဓာတ်သည်။ ဥဒ္ဓိတော၊ ပေါ်ဖြာ။ အာပေါ၊ ရေဓာတ်သည်း သယိတော၊ ဆုပ်ဖြာ။ ပထဝိ၊ မြေဓာတ်သည်။ မန္ဒေါ၊ နုံ့ဖြာ။ ဝါယော၊ လေဓာတ်သည်။ မဏ္ဍတ္တော၊ လျစ်လျူ။ ဂိုဖြာ။ ဣမေသု၊ ဤငါးပါးသောဒီးအစုတို့၌။ တယော၊ သုံးပါးကုန်သော မြေဓာတ် ရေဓာတ် လေဓာတ်တို့သည်။ လဒ္ဓပစ္စယာ၊ အကြောင်းထူးကို ရကြပါကုန်မူကား။ ဥဒ္ဒဟိသဒ္ဒိ၊ ထကြ ပေါ်ကြကုန်လတ္တံ့။ ဣမေ၊ ဤဒီးအစုတို့သည်။ ပံသုဝါ၊ မြေမှုန့်တို့သည်မူလည်း။ ဘဝိသဒ္ဒိ၊ ဖြစ်ကုန်လတ္တံ့။ ဇလဓာတုဝါ၊ ရေအယဉ်တို့သည်မူလည်း။ ဘဝိသဒ္ဒိ၊ ဖြစ်ကုန်လတ္တံ့။ ဝါတာတုသိဝါ၊ လေအစုတို့သည်မူလည်း။ ဟုတ္ဝာ၊ ဖြစ်၍။ လဃိသဒ္ဒိ၊ လွင့်ကုန်လတ္တံ့။ တစောနှ၊ ဓာတ်ဒီးသည်။ နိစ္စံ၊ အမြဲ။ သေဒိတာဇေဝ၊ ပေါင်းနွှေးကုန်မှသာလျှင်။ ပထဝါဒယော၊ မြေဓာတ် ရေဓာတ် လေဓာတ်တို့သည်။ ထိရာ၊ မပုပ်မသိုး မညှိုးမနွမ်း နွားလန်းတောင့်တင်းစွာ တည်နိုင်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံပိ၊ ဤဒီးဓာတ်သည်လည်း။ အဏ္ဏတ္တာ ဗဟိဒ္ဓဝသေန၊ အဏ္ဏတ္တာဒီး ဗဟိဒ္ဓဒီးတို့၏ အစွမ်းဖြင့်။ ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

(သတ္တဝါကောင်မှာ ဒီးဓာတ်မစောင့်လျှင် ရေဓာတ်ငပ်လျက် မြေဓာတ်ပျက်၍ တခဏခြင်း ယိုယွင်းပျက်စီးသည်၊ ထိုကြောင့် လူကောင် လူခဲ နတ်ကောင် နတ်ခဲ ဗြဟ္မာကောင် ဗြဟ္မာခဲ ဖရိဖဲရဲ ပြိုကွဲပျက်ပြားမသွားရအောင် စောင့်ရှောက်သော ဒီးဓာတ်သည် အဏ္ဏတ္တာဒီးမည်၏။ အပဒီးရုသည် ဗဟိဒ္ဓဒီးမည်၏။ ဩဠာရိက, သုခုမ-ဆိုဖြဲ။ အကနိဋ္ဌ ဗြဟ္မာ့ကိုယ်ရွေသည် အသိမ်မွေ့ဆုံးဖြစ်၏)။

ဣမေပိ၊ ဤဓာတ်ဖိုး တို့သည်လည်း။ နိသတ္တာ၊ သူသူငါငါ သတ္တဝါမဟုတ်ကုန်။ နိဇ္ဇီဝါ၊ အရှင်မဟုတ်ကုန်။ အစေတနာ၊ ကြီမှု, သိမှု, စေ့ဆော်မှု မရှိကုန်။

တေဇော၊ ဖိုးဓာတ်ကိုဆိုသော အခဏ်းသည်။ နိဋ္ဌတော၊ ပြီးပြီ။

ဝါယောဝ။ အဿာသော၊ ဝင်သက် လေလည်းကောင်း။ ပဿာသော၊ထွက်သက်လေ လည်းကောင်း။ ဗလံ၊ အားခွန်ဗလ ခေါ်ဆိုကြသော ဗလဓာတ်လေ လည်းကောင်း။ ထမ္ဘနံ၊ ဖြစ် ဘက်ကလာပ် သဟဇာတ်ကို ကြပ်မကြိုးပမ်း ပင့်ချိထမ်းသော ထမ္ဘနဓာတ် လေလည်းကောင်း။ ဓာရဏံ၊ ပင့်ချိသမျှ သဟဇာ ကို မကျလေအောင် တန့်စားဆောင်သော ဓာရဏ ဓာတ်လေ လည်းကောင်း။ စလနံ၊ ကိုယ်အင်္ဂါကို တည်ရာမှ စေ့လှုပ်ရှား ပေသော စလန ဓာတ်လေ လည်းကောင်း။ ဂမနံ၊ သွားသို သောအခါ ဖြစ်ပေါ်လာသော ဂမနဓာတ်လေ လည်းကောင်း။ ဌာနံ၊ တန့်တန့်ကြပ်ကြပ် ရပ်လိုသောအခါ ဖြစ်ပေါ်လာသော ဌာနဓာတ်လေ လည်းကောင်း။ နိသဇ္ဇံ၊ ထိုင်လိုသောအခါ ဖြစ် ပေါ်လာသော နိသဇ္ဇ ဓာတ်လေ လည်းကောင်း။ သယနံ၊ လျောင်းလိုသောအခါ ဖြစ်ပေါ်လာသော သယန ဓာတ်လေ လည်းကောင်း။ ဥဂ္ဂေပေါ၊ ကိုယ်အင်္ဂါကို ချိမြောက်လိုကာ ဖြစ်ပေါ်လာသောဥဂ္ဂေပ ဓာတ်လေ လည်းကောင်း။ နိဂ္ဂေပေါ၊ ကိုယ်အင်္ဂါကို ပစ်ချလိုကာ ဖြစ်ပေါ်လာသော နိဂ္ဂေပဓာတ် လေ လည်းကောင်း။ ဝိဂ္ဂေပေါ၊ ထိုမှ ဤမှ ဖိလာအရပ် ပစ်လို လတ်ကာ ဖြစ်ပေါ်လာသော ဝိဂ္ဂေပ ဓာတ်လေ လည်းကောင်း။ သမိဉ္ဇနံ၊ ကိုယ်အင်္ဂါကို ကွေးလိုကောက်လို သိမ်းပိုက်လိုကာ ဖြစ်ပေါ်လာသောသမိဉ္ဇနဓာတ်လေလည်းကောင်း။ ပသာရဏံ၊ ဆန့်တန်းလိုကာ ဖြစ်ပေါ်လာသော ပသာရဏဓာတ်လေလည်း ကောင်း။ ဂဟဏံ၊ ကိုင်လိုဆွဲလိုသောအခါ ဖြစ်ပေါ်လာသော

ဂဟာဏ ဓာတ်လေလည်းကောင်း။ အာကာသဓာတ် အလိုရှိရာ အပါ
ဆွဲငင်သော အာကာသဓာတ် လည်းကောင်း။ အပကာသဓာတ်၊
တွန်းလို ဖယ်လိုသောအခါ ဖြစ်ပေါ်လာသော အပကာသဓာတ်
လေ လည်းကောင်း။ ကထနံ စကားစမြည် ဆိုလိုသောအခါ ဖြစ်
ပေါ်လာသော ကထန ဓာတ်လေ လည်းကောင်း။ ကမ္ပံနံ၊ တုန်
လှုပ်သော ကမ္ပနဓာတ်လေ လည်းကောင်း။ဖရဏံ၊ဝမ်းမီးစစ်၍
အနှစ်အဆီရအပ်သော ရသဓာတ်ရည်ကို တကိုယ်လုံးနှံ့ အကုန်
ပြန့်သော ဖရဏဓာတ်လေ, နှလုံးအိမ်သည်းခြေအိမ် အသည်းခဲ
အဆုတ်ခဲတို့ဒွဓာဝရဖြစ်ပွါး၍နေသောသွေးရည်သည်းခြေရည်
တို့ကို တကိုယ်လုံးနှံ့အောင် ဖြန့်ဖြူးသော ဖရဏ ဓာတ်လေ
လည်းကောင်း။ကုဿိသယော၊ ဝမ်းတွင်းဒွဓာကိန်းသော ဓာတ်လေ
လည်းကောင်း။ ကောဋ္ဌာသယော၊ အအူတွင်းဒွဓာ ကိန်းသော
ဓာတ်လေလည်းကောင်း။ ဥဒ္ဓရိယော၊ အဆက်သို့ဆန်တက်သော
ဓာတ်လေလည်းကောင်း။ အင်္ဂမင်္ဂေါ၊ အောက်သို့သက်သော
ဓာတ်လေလည်းကောင်း။ ဣတိမေ၊ ဤအရုတို့သည်။ ဝါတာ၊ လေ
အရုတို့ပေတည်း။

မန္ဒေါ၊ လေပြေ လေညှင်းလည်းကောင်း။ဗလဝါ၊ လေပြင်း
မုန်တိုင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဝါတော၊ လေသည်။
ဒ္ဓဓာ၊ နှစ်ပါးအပြားရှိ၏။ဣမေ၊ ဤဆိုအပ်ပြီးသောလေတို့သည်။
ကေစိ၊အချို့တို့ကား။ မန္ဒာ၊လေပြေလေညှင်းတို့ပေတည်း။ကေစိ၊
အချို့တို့ကား။ဗလဝါ၊ လေပြင်းမုန်တိုင်းတို့ပေတည်း။ ဣမေသု၊
ဤလေအရုတို့၌။ ဝါယော၊ လေဓာတ်သည်။ ဥဋ္ဌဂတော၊ ပေါ်၏။
အာပေါ၊ ရေဓာတ်သည်။ သင်္ခယိတော၊ ငုပ်၏။ပထဝီ၊ မြေဓာတ်
သည်။ မန္ဒာ၊ နုံ့၏။ ထေဇော၊ ပီးဓာတ်သည်။ မဒ္ဒဝတ္တော၊ လျှော့
လျူ့ရှိ၏။ ပစ္စယေ၊ အကြောင်းထူးသည်။ သတိ၊ ရှိခဲ့သော်။
တေဝိ၊ ထိုရေဓာတ် မြေဓာတ် ပီးဓာတ်တို့သည်လည်း။ ဥဒ္ဓဟိ
သန္တိ၊ ပေါ်ကုန်လတ္တံ့။ အယံ ဝါယောနာမ၊ ဤလေမှာတ် မည်
သည်ကား။ ပထဝါဒိနံ၊မြေဓာတ် ရေဓာတ် ပီးဓာတ်တို့၏။ ဗလံ၊

အားခွန်ဗလပေတည်း။ ဝါတာဗလံ၊ လေခေတ် တည်းဟူသော အားကို။ လဘိတွာ၊ ရကြပါကုန်မှ။ သင်္ကိစ္စံ၊ မိမိတို့ကိစ္စကို။ ကရောန်တိ၊ ပြုနိုင်ကြကုန်၏။ အယံပိ၊ ဤလေခေတ်သည်လည်း။ အဏ္ဏတ္တ ဗဟိဒ္ဓဝသေန၊ အဏ္ဏတ္တလ ဗဟိဒ္ဓလေတို့၏အစွမ်းဖြင့်။ ဒ္ဒိခေ၊ နှစ်ပါးအပြားရှိ၏။

လူသတ္တဝါန နတ်သတ္တဝါနစသည် ဖြစ်၍နေသော ခေတ်တုံး ခေတ်ခဲတို့ကို ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဝေါ်ရန် ထင်မှတ်ရန် အမှုရင်းကား လေခေတ်မှပေတည်း၊လက်ကိုချိုကွေ့လိုသောဓောစိတ် ဖြစ်ပေါ်လျှင် ချိုကွေ့လိုသော လက်တခုလုံးခွ ထန္ဆနလေ, ခေါရ ထာလေ, စလနလေ, ဥဇ္ဇောပလေ, ဤစိတ္တဇလေတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ လက်သည် အထက်သို့တက်လေ၏၊ ထိုဓောစိတ် သေပြန်လျှင် ထိုလေတို့ချုပ်ကွယ်၍ လက်သည် အောက်သို့ ကျပြန်၏၊ အလုံးရုံသော ကိုယ်အမှုအရာတို့မှာ ဤနည်းတူမှတ်လေ၊တထိုင်တွင်းဝယ် ကြိုးငယ်အင်္ဂါ များစွာလှုပ်မှုတို့၌ လှုပ်ခြင်းတခုတခုမှာ ဓောစိတ်လည်း တမျိုးတမျိုး, လေခေတ်အလုံးအခဲလည်း တမျိုးတမျိုး၊ တခုသော လှုပ်ခြင်းပြီးလျှင် ဓော တမျိုး သေလေ၏၊ လေခေတ်အလုံးအခဲလည်း တမျိုးချုပ်ဆုံးလေ၏၊ ထိုလေခေတ်တို့နှင့်အဘူ ဖြစ်ပေါ်ပါကုန်သော အလုံးရုံသော ရုပ်တို့လည်း ထိုလေခေတ်နှင့်အတူပင် ချုပ်ဆုံးလေကုန်၏၊ ပုထုဇ္ဇနတို့၏ စိတ်အထဲမှာမူကား ပဌမလှုပ်မှု၌ ရုပ် နာမ်စုသည်ပင် ဒုတိယလှုပ်မှု ဖြစ်လာသည်၊ တတိယလှုပ်မှု စတုတ္ထလှုပ်မှု ဖြစ်လာသည်၊ ထိုရုပ် ထိုနာမ်စုသည်ပင် တနေ့လုံး တလလုံး တဘဝလုံး ဖြစ်နေသည်ဟု အမြဲယူ၏။

ဝါယော၊ လေခေတ်ကို ဆိုသောအခေါ်းသည်။ နိဋ္ဌိတော၊ ပြီး၏။

ဘူတသဒ္ဒယော ဟူသော ပဌမ မာတိကာပုဒ်၏ အဓိပ္ပာယ် ဤဝယ် ပြီး၏။

မှက်အကြည်း။ ' ဆပ္ပသာဒမတ္တော၊ ခြောက်မျိုးသော ဓာတ်ကြည် ဓာတ်လင်း မှက်ကြည် မှန်လင်း ကိုယ်တွင်းအပြည့် ချယ်လယ်လျက်ရှိ၏။ ဤတို၊ ဤမာတိကာပုဒ်၌။ အစ္ဆတ္တမတ္တော၊ ကိုယ်လုံးအပြည့်ရှိနေကုန်သော အတွင်းဓာတ်မည် မှက်အကြည်တို့သည်။ စက္ခု၊ စက္ခုဟူသော မှက်အကြည်တမျိုး။ သောတံ၊ သောတဟူသော မှက်အကြည်တမျိုး။ ဃာနံ၊ ဃာနဟူသော မှက်အကြည်တမျိုး။ ဇိဝှါ၊ ဇိဝှါဟူသော မှက်အကြည်တမျိုး။ ကာယော၊ ကာယဟူသော မှက်အကြည်တမျိုး။ မနော၊ မနောဟူသော မှက်အကြည်တမျိုး။ ဤတို၊ ဤသို့။ ဆ၊ ခြောက်မျိုးတို့တည်း။ ကာယော၊ တကိုယ်လုံးသည်။ ဤမေဟိ၊ ဤဓာတ်ကြည်ခြောက်မျိုးတို့ဖြင့်။ ပရိပူရော၊ ထက်ဝန်းကျင် ပြည့်၏။ ဖလိက ခန္ဓသမော၊ ဖလင်တုံးကြီး မှက်တုံးကြီးနှင့် အကဉ်နီတူ၏။

မှက်တုံးကြီးမှာ—အဆင်းဟူသော ဝဏ္ဏနှင့်တကွ ကြည်သော ကြောင့် ပကတိမျက်စိနှင့်ပင် အကြည်အလင်း ထုတ်ချင်းပေါက် မြင်ရသည်၊ ဤ အကြည်ရုပ်မှာ စက္ခုအကြည် တစုသည်သာလျှင် အဆင်းဟူသောဝဏ္ဏပါ ကြည်သည်ဖြစ်၍ ပကတိမျက်စိနှင့် မြင်ရသည်၊ ကြွင်းသော ဝါးမျိုးသော အကြည်ရုပ်မှာ ဝဏ္ဏပါ ကြည်မှု မဟုတ်ကြ၍ ပသာဒစက္ခုဖြင့် မမြင်ရ၊ ပညာစက္ခုဖြင့်သာ မြင်ရသည်။ အလွန်ညက်ညော သိမ်မွေ့လွစ်သော ချိန်ဝင် သုံဆဲ့ဝါးပိသာ ခန့်ရှိသော ဝါဂွမ်းရုပ်မှာ အကြွမ်တရာ ချက်၍ ထက်လှ ကြည်လွှစ်သော နှမ်းဆီတကျပ်ကို လောင်း၍ အဘန် ဘန်နယ်သည်ရှိသော် အဂၤုန်နှံ၍ ဂွမ်းရုအလုံး ဆိုကြည်တုံးကဲ့သို့ မြင်ရမည်၊ သုံးဆဲ့ဝါးပိသာရှိ ဂွမ်းသားရုနှင့် အထည်ခံဓာတ်ကြီးလေးပါးအရုပ်ဟု ဆိုအပ်သော ဤကိုယ်ကောင်ကြီး တူသည်၊ အလွန်ကြည်လွှစ်သော နှမ်းဆီတကျပ်နှင့် အကြည်ဓာတ်မျိုးတူသည်၊ စက္ခုကား မျက်စိအကြည်တည်း၊ သောတကား နားတွင်း အကြည်တည်း၊ ဃာနကား နှာခေါင်းတွင်း အကြည်တည်း၊ ဇိဝှါကား လျှာပေါ်ရှိ အကြည်တည်း၊ မနောကား

နှလုံးအိမ်တွင်း အကြည်တည်း၊ ကာယကား တကိုယ်လုံးရှိ အကြည်တည်း၊ မနောကား နာမ်အကြည် ပေတည်း၊ အကြွင်း ငါးမျိုးတို့ကား ရုပ်အကြည်တို့ပေတည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဤ စိတ္တံ၊ ဤ စိတ်ဟူသော အကြည် သည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် တလက်လက် တလင်းလင်း ရှိ၏ ဟူ၍ ဟောတော်မူသည် တချက်။ စိတ္တံ၊ စိတ်သည်။ပဏ္ဍရံ၊ ဆွတ်ဆွတ်ဖြူ၏ ဟူ၍ ဟောတော်မူသည် တချက်။ ဤသို့ ဟော ချက်ကိုထောက်၍ မနောဟူသော အကြည်သည် ကိလေသာ ဟူသော ခေတ်မည်း ခေတ်ပုပ်တို့နှင့် မယှဉ်ဘဲ စင်ကြယ်စွာနေ သောအခါ ဆွတ်ဆွတ်ဖြူ၏, ပြိုးပြိုးပြက်ပြက် ရှိ၏ဟု သိအပ်၏။ လူတို့၏ကိုယ်မှာ နွါရကိုးပေါက် ရှိသည်ဟု လာသည်တချက်, နွါရခြောက်ပေါက် ရှိသည်ဟု လာသည်တချက်၊ ကိုးပေါက် လာရာမှာ အာကာသကို နွါရဆိုသည်၊ခြောက်ပေါက်လာရာမှာ အကြည်ခြောက်ပါးကို နွါရဆိုသည် အာကာသပေါက် မဟုတ်။

ဘုန်းရှိသော သူတို့နေရာ နန်းအိမ်၌ တံခါးနှစ်မျိုးရှိ၏၊ လူတို့ အတွင်းအပြင် ထွက်ဝင်ရန် လေးမျက်နှာမှ လာသော လေတို့ ထွက်ဝင်ရန် အာကာသ နွါရပေါက်တမျိုး, နေရောင် လရောင် ကြယ်ရောင် ပဋ္ဌာမြားရောင် မီးရောင်တို့ ထွက်ဝင်ရန် အတွင်းမှ ပြင်တခွင်ကို မြင်ရရန် မှန်ပြား မှန်ချပ်တင်၍ ထားသော အကြည်နွါရပေါက်တမျိုး၊ နန်းအိမ်လုံးတွင်း၌ နေသောသူတို့ သည် ထိုမှန်တံခါးတို့ဖြင့် ပြင်တခွင်ရှိ အလုံးစုံကို မြင်ရသည်၊ ပြင်တခွင် ရှိသမျှဘို့သည်လည်း ထိုမှန်ကြည်တွင် အရိပ်အသွင် အကဲနှိ ထင်ကြရကုန်သည်၊ နန်းအိမ်ကြီးနှင့် ကိုယ်ကောင်ကြီး တူသည်၊ မှန်ပြတင်းပေါက်နှင့် အကြည်တံခါး ခြောက်ပါးနွါရ တူ သည်၊ နန်းအိမ်တွင်းရှိ နန်းအိမ်ရှင်တို့နှင့် ကိုယ်တွင်းရှိ စိတ် စေ တသိုက်တို့ တူကုန်သည်၊ ပြင်တခွင်ရှိ ဝတ္ထုရုနှင့် အာရုံခြောက် ပါး တူသည်၊ လောကဌ အာဆင်းခေတ် ဟူသမျှသည် စက္ခုအာ ကြည်ပေါက်မှာ ဆိုက်ရသည်၊အသံခေတ်ဟူသမျှသည် သောတ

အကြည် ပေါက်မှာ ဆိုက်ရသည်၊ အနံ့ခံတ် ဟူသမျှသည် ဃာနအကြည်ပေါက်မှာ ဆိုက်ရသည်၊ အချို အချဉ် စသော ရသခံတ်ဟူသမျှသည် ဇိဝှါအကြည်ပေါက်မှာ ဆိုက်ရသည်၊ မြေအတွေ့,လေအတွေ့, မီးအတွေ့ ဟူသမျှသည် ကာယအကြည် ပေါက်မှာ ဆိုက်ရသည်၊ အဆင်းခံတ် အသံခံတ် အနံ့ခံတ် ရသခံတ် အတွေ့ခံတ်တို့နှင့်တကွ ကြွင်းသော ပရမတ် ပညတ် အလုံးစုံသည် မနောအကြည်ပေါက်မှာ ဆိုက်ရသည်။

နေ,လကို မြင်လို၍ စက္ခုဟူသော ကမ္မဇခံတ်မှဏ်နှင့် ချိန် သောအခါ နေဝန်းသဏ္ဌာန် လဝန်းသဏ္ဌာန်သည် စက္ခုအကြည် မနောအကြည် နှစ်ချက်၌ တပြိုင်နက် ထင်ပေါ်သည်၊ သန်း ဦးခေါင်းပမာဏရှိသော စက္ခုအကြည်ရှု၌ စက္ခုပသာဒ ကမ္မဇ ခံတ်မှဏ်ပေါင်း အသောင်းမက မျှားစွာ၏၊ ထို၌ ထင်သော နေဝန်းအရိပ် လဝန်းအရိပ်တို့လည်း အသောင်းမကပင်၊ရင်တွင်း နှလုံးအိမ်နှလုံးသွေးရှိမနောအကြည်သည်မူကား တခုသာတည်း၊ ထို၌ထင်သော နေဝန်းအရိပ် လဝန်းအရိပ်လည်း တခုပင်။

ဤသို့လျှင် နေနှင့် စက္ခုပသာဒ ချိန်သား ရသောခဏခါ စက္ခု မှာ နေဝန်းတခု, နှလုံးရှိ မနောဒွါရမှာ နေဝန်းတခု,ထိန်ထိန် ကြွန်း ကြွန်း နေဝန်းနှစ်ခု တပြိုင်နက် အရိပ်ပေါ်လေသည်၊ လ, ကို ကြည့်ရာ၌လည်း.ထိုအတူ၊ အထက်ကောင်းကင်၌ တည်ရှိသော နေဝန်း,လဝန်းတို့သည် မှဏ်အပြင် ရေအပြင်တို့၌ အရိပ်ထင်ပြ သကဲ့သို့တည်း၊ နွားကို ကြည့်ရာ၌လည်း စက္ခုအကြည်၌ နွား ကောင်သဏ္ဌာန်တခု, မနောအကြည်၌ နွားကောင်သဏ္ဌာန်တခု တပြိုင်နက် ပေါ်သည်၊ ယျက်စိနှင့် မြင်မြင်သမျှမှာ ဤနည်း ချည်းမှတ်၊ ဗိဿံသံကို ကြားရာ၌ သောတ အကြည်မှာ ဗိဿံသံတလုံး, မနော အကြည်မှာ ဗိဿံသံတလုံး တပြိုင်နက် ပေါ်သည်၊ နှားနှင့် ကြားကြားသမျှမှာ ဤနည်းချည်း၊ခွေးကောင် ပုပ်ကိုနံရာ၌ ဃာနအကြည်မှာ ခွေးကောင်ပုပ် တခု, မနော အ ကြည်မှာ ခွေးကောင်ပုပ်တခု တပြိုက်နက် ပေါ်သည်၊ ဃာန

နှင့် နံနံသမျှမှာ ဤနည်းချည်း၊သကြားကိုစားရာ၌ ဖိဂ္ဂါအကြည့်မှာ သကြားရသာ တခဲ့, မနောဘကြည့်မှာ သကြားရသာတခဲ့ တပြိုင်နက်ပေါ်သည်၊ ဖိဂ္ဂါနှင့်လျက်လျက်သမျှမှာ ဤနည်းချည်း၊ တကိုယ်လုံးတွင် တခုတခုသော နေရာ၌ မြေအတွေ့ လေအတွေ့ ဒီးအတွေ့ တွေ့သောအခါတွေ့ရာဌာန ကာယအကြည့်မှာတချက်, မနောအကြည့်မှာ တချက် တပြိုင်နက် အရိပ်ပေါ်သည်၊ စက္ခု သောတ ဃာန ဖိဂ္ဂါ ကာယ ငါးဌာနတို့နှင့်မဆိုင်၊ ကြွင်းကျန်သမျှသော ပရမတ်ရိပ် ပညတ်ရိပ်တို့သည်ကား မနောအကြည့်၌သာ ထင်ကြ ပေါ်ကျကုန်သည်။

အပင် အခက် အရွက် အညွှန့် အပွင့်အသီးတို့ဖြင့်ဂုင်း, ကျေးငှက်အမျိုးမျိုးတို့ဖြင့်ဂုင်း အလွန်စည်ပင်သော ဥယျာဉ်၏အလယ်၌ စိုက်ထားသော မွတ်တုံး ဖလံတိုင်မှာ အရိပ်အမျိုးမျိုးအပြည့်ထင်သကဲ့သို့တည်း၊ အကြည့် ခြောက်မျိုးဘို့၌ အရိပ်ခြောက်ပါးထင်ရှားပေါ်ရှသည် ပရမတ္ထ သဘာဝအားဖြင့် မိစ္ဆာကြိုးမှုန်သကဲ့သို့ ပြင်းထန်သော အဟုန်နှင့်တကွဖြစ်၏၊ ခေါင်းလောင်းကြေးစည်ကို ထိုးရာ၌ တချက်ထိုးရာ ထိုးချက်နာလှ၍ အကြာအရှည် မြည်သံအဆက်ဆက် ဖြစ်ပွားး၍ သွားလေ၏၊ ထိုအတူ အစ္ဆာတ္တအကြည့်ရှု၌ အာရုံအရိပ်တချက်ကြုံတ်လိုက်သည်ရှိသော် အရာအထောင်မကသော စိတ္တာပဗန္ဓစောဝါရတို့သည် အဆက်ဆက် ဖြစ်ပွားး၍သွားကုန်၏၊ ပကတိသော မီးပူ နေပူ ငရဲမီးပူ ပြိတ္တာမီးပူတို့နှင့် တွေ့ကြုံသောအခါ ပုဂ္ဂိုလ်မှကား ထိုအပူကို အလွန်ကြောက်လန့်၏၊ ထိုပုဂ္ဂိုလ်တို့၏ စိတ်တို့သည် မှကား အကြည့်တို့တွင် အတင်းဝင်၍ ထင်လာခိုက်လာကုန်သော ထိုမီးတို့၏ ဥဇ္ဇာရသတို့ကို ပူထိုက်သမျှ မကျန်ရအောင် အဝခံစားကုန်၏ ထိုအပူတို့ မထင်လာ မခိုက်လာမှ လွတ်ကုန်၏။

အလွန်အေးလှသော ရေအေး လေအေး ဥတုအေး သိတဘေးတို့နှင့် ဆိုက်တိုက်ရာတို့၌လည်းကောင်း, ပစ်ခတ် ရိုက်နှက်သော ဒဏ်ချက်, ခြင်္သေ့ သစ်ကျား သားခဲ့ ငါးဂဲတို့ ကိုက်ခဲ

သော ဒဏ်ချက်, အဆိပ်ရှိသော ဖြွဲကင်းသန်း မှက် ခြင် သန်း ကြမ်းပိုးတို့ ကိုက်ခဲသော ဒဏ်ချက်, ကိုယ်တွင်းမှဖြစ်သော အနာမျိုး ရောဂါမျိုးတို့ ထိုးကျင့်ပုလောင် ထုံကျင် ကိုက်ခဲသော ဒဏ်ချက်, ဓါဘ ဘိုးဘွား သားမြေး မျိုးဆွေ အေဋ္ဌညစ္စာတို့၏ ပျက်စီးခြင်း ဟူသော ဝိပတ္တိဒဏ်ချက်, သူတပါးတို့ ဆဲရေး ငေါက်ငန်း မြည်တမ်းပြိမ်းချောက်ခြင်းဟူသော ဒဏ်ချက် ဤသို့ အစရှိသော အလုံးစုံသော အပြင်းအထန် ဒုက္ခဒဏ်ချက် တို့သည် ထို မနော အကြည်တွင် အတင်းဝင်၍ ထင်ပြ ခိုက်တိုက်လာကုန် သည်ရှိသော် ထိုပုဂ္ဂိုလ်က စက်ဆုပ်လှလျက် မနောအကြည် ဓောအကြည်ဘို့က ဒုက္ခရသတို့ကို နာထိုက်သမျှ ပူထိုက်သမျှ အေးထိုက်သမျှ မကျန်ရအောင် အဝခံစား သုံးဆောင်ကုန်၏။

ခွေးသေပုပ် လူသေပုပ် မစင်ပုပ်တို့၏ အနီးအပါးသို့ရောက် သောအခါ အပုပ်နံ့ကို့သည် ဃာနအကြည်၌ ခိုက်လေကုန်၏၊ အပုပ်နံ့ကို ခံစားသုံးဆောင်သော ဓောဝါရတို့သည် သိန်းသန်း ကုဋေမက ဖြစ်ကုန်၏၊ ပုဂ္ဂိုလ်ကမူကား ထိုအပုပ်တို့ကို စက် ဆုပ်လှ၏၊ ဓောစိတ်တို့မူကား ထိုအပုပ်ရှိရာမှ မခွါမခြင်း ထို အပုပ်နံ့တို့ကိုသာ မြိန်ယှက်စွာ သုံးဆောင်ကြကုန်၏။ မိမိအလို ရှိရာ ကောင်းသော အာရုံကို ခံစား သုံးဆောင်ကြသောအခါ၌ လည်း ထိုမနောအကြည် ဓောအကြည်တို့ ခံစား မှသုံးဆောင်မှ တို့သာတည်း၊ ပုဂ္ဂိုလ်၏ခံစားမှ သုံးဆောင်မှဟူ၍အသိုးအခြား မရှိ၊ သို့သော်လည်း မိမိအလိုနှင့် ခံစားရာ၌သာလျှင် ငါသည် ယနေ့သလေးထမင်းကို စားရသည်, သားပြွမ်းထမင်းကို စား ရသည် စသည်ဖြင့် ပြောဆိုကြကုန်သည်၊ အလိုမရှိရာ၌ကား ငါသည် ယနေ့ ခွေးသေပုပ် အရသာကို သုံးဆောင်ရသည်, လူသေပုပ်အရသာကို သုံးဆောင်ရသည်, မစင်အရသာကို သုံး ဆောင်ရသည်ဟု မဆိုကြ၊ မဆိုကြသော်လည်း ဓောခံစားချက် သုံးဆောင်ချက်မှာ မထူးကြ၊ မကောင်းသောအာရုံနှင့် တွေ့ကြုံ သမျှသော ခြောက်ခွါရမှာပင် ဤနည်းချည်းမှတ်၊ တနေ့တနေ့၌

ဖြစ်သမျှသော ဓောဝါရဟုတ္တင် ပိဒိအလိုနှင့် ဖြစ်ရသော ဓောဝါရကား အလွန်နည်း၏၊ ဓောဝါရပေါင်း တသောင်း တသိန်း တွင်မှာ တခုမျှသာ ရှိ၏၊ မျက်စိဥပစာ နားဥပစာ ဆိုက်တိုက်ရာ၌ အာရုံ ပေါက်သောက်တို့ ရောက်တတ်ရာ ထင်ချက်နှင့် အချည်းနှီး အလကား တတွေတွေ ဖြစ်ပွားသော ဓောလေ ဓောလွင့်တို့သာ များကုန်၏၊ အဝိုးမရ အနတ္တတရားတို့ သာတည်း။

ဤမနောအကြည်သည် ပုဂ္ဂိုလ်တယောက်မှာ နှစ်ခုပြိုင်၍ ဖြစ်ရိုးမရှိ၊ စက္ခုအကြည်တွင် အာရုံထင်ဆဲအခါ စက္ခုမှာပေါ်လာခိုက် တကိုယ်လုံးမှာ စိတ်မရှိ၊ သောတ, ဃာန, ဇိဝှါ တို့၌လည်း ဤနည်းအတူ၊ နှလုံးသွေးခွဲမှကား စမ်းရေ စိမ့်ရေ တတွေတွေ တပွက်ပွက်အမြဲထွက်၍နေဘိသကဲ့သို့ အကြည်ငါးချက်တွင် ဖြစ်ပေါ်သော အခိုက်ကို လွှတ်၍ တလင်းလင်း တလက်လက် အမြဲပေါ်ထွက်၍နေ၏၊ ကိုယ်အင်္ဂါလှုပ်ရှားခွင့် နှုတ်အင်္ဂါလှုပ်ရှားခွင့် စိတ်အင်္ဂါလှုပ်ရှားခွင့် ဆိုက်တိုက်သောအခါ အဟုန်နှင့်တကွ ပြင်းစွာထသော ဓောဓာတ်၏ အားခွန်ဗလသည် မကြံအပ် မကြံရာ လွန်စွာ သန်စွမ်း၏၊ ယူဇနာ လေးထောင့် ရှစ်ရာရှိသော အသုရိန်နတ်မင်း၏ ကိုယ်ကြီးကိုပင် အလျင်အမြန် ပျံတက်ပြီး သွားအောင် ဆောင်နိုင်၏၊ ယူဇနာ တထောင်ရှိသော အာနန္ဒာငါးကြီး၏ ကိုယ်ကိုပင် ခဏခြင်း ဝေ့ရှုရှားအောင် ဆောင်နိုင်၏၊ မျက်တောင်တခတ်မျှတွင် အကြိမ်ပေါင်း တသိန်းမက ထနိုင်၏။

ဤအကြည်ခြောက်ပါးတို့တွင် ရှေ့အကြည်ငါးပါးတို့မှာ ကမ္မဇရုပ်တရား အလွန်များသော ဥပဓါတ် ပုဂ္ဂိုလ်တို့၌ အလွန်တောက်ထွန်း၏၊ လူတို့သန္တာန်တွင် မထင်နိုင်သော အာရုံရှသည် ဥပဓါတ်ဖြစ်သော ငရဲကောင် ပြိတ္တာကောင်တို့ သန္တာန်မှာပင် ထင်နိုင်၏၊ လူမျက်စိ လူနား မမြင်နိုင် မကြားနိုင်ရာမှာ ငရဲပြိတ္တာတို့ မြင်နိုင် ကြားနိုင်၏၊ လူအကြည် ခြောက်ပါးထက် စာဝုမဟာရာဖ၏ နှတ်အကြည် ခြောက်ပါးလွန်ကဲ၏၊ အထက်ကို အာဆင့်ဆင့် သိလေ။

သုဓမ္မဝတီ-၇၁၁-၁၃

ရူပဖြဟ္မာတို့၌ ဃာနအကြည် ဇိဝှါအကြည် ကာယအကြည် မရှိ၊ စက္ခုအကြည် သောတအကြည် မနော အကြည်သာ ရှိ၏၊ အရူပဖြဟ္မာ၌ မနောအကြည်သာရှိ၏၊ အသညသတ် ဖြဟ္မာ၌ အကြည်ခြောက်ပါး မရှိ၊ ဝဏ္ဏအကြည်မူကား အသညသတ် ဖြဟ္မာမှာပင် ယူဇနာတရာမက ထွန်းလင်း၏၊ နတ် ဖြဟ္မာတို့၏ နား မျက်စိ စိတ်အကြည်မှာ ညဉ့်မှောင်ဟူ၍ လည်းကောင်း, တော တောင် ရေ မြေ ဟူ၍ လည်းကောင်း မကွယ်နိုင်၊ မနော အကြည်မှာ အနုပထုဇ္ဇန်ထက် ကလျာဏ ပုထုဇ္ဇန် ကြည့်၏၊ ကလျာဏပုထုဇ္ဇန်တွင်လည်း အနိယတ ပုထုဇ္ဇန်ထက် ဗျာဒိတ်ရ ပြီးသော နိယတပုထုဇ္ဇန် လွန်ကဲ၏၊ ထို နိယတသည် ပကတိ သာဝက, မဟာသာဝက, အဂ္ဂသာဝက,ပစ္စေကဗုဒ္ဓ, သဗ္ဗညုဗုဒ္ဓ ဟူ၍ ငါးပါးရှိ၏၊ မိမိရည်သန်သော ဗောဓိ၏ အဆောက်အဦ တို့ကို ဖြည့်ဆည်းပူးမှု၌ ဘဝအစဉ်မြဲသောသဒ္ဓါ,မြဲသော ပညာ, မြဲသောဆန္ဒ ရှိသောအခါ နိယတ ဗျာဒိတ် ထိုက်၏၊ ထိုနိယတ အကြည်ငါးပါးတို့သည် အဆင့်ဆင့် လွန်ကဲကုန်၏၊ သောတာပန် ဖြစ်သောအခါလည်း နိယတ တချက် ခုနစ်ဘဝထက် မလွန်မူ၍ ပရိနိဗ္ဗာန်စံခြင်း မြဲမှုတည်း၊ သစ္စာလေးပါး တရားတို့၏ သစ္စာရိပ်ထင်လောက်အောင် ကြည့်သောအခါမှ သောတာပန် ဖြစ်နိုင်သည်၊ သဗ္ဗညု ဘုရားခေါ်ရသော အကြည်သည်ကား အတုမရှိသော အကြည်ကြီးပေတည်း၊ ထိုအကြည်၌ကား အလုံးစုံသော ဥယျတရား ငါးပါးတို့သည် အမြဲထင်ရကုန်၏။

သဗ္ဗေ ဓမ္မာ သဗ္ဗာကာရေန ဗုဒ္ဓဿ ဘဂဝတော ဉာဏမုခေ အာပါထံ အာဂစ္ဆန္တိ။ ။ပဋိသမ္ဘိဒါမဂ်။

သဗ္ဗေ၊ ကြွင်းမဲ့ညဿုံ အလုံးစုံကုန်သော။ ဓမ္မာ၊ ဥယျတရား တို့သည်။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာနှင့်တကွ။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏမုခေ၊ဉာဏ်တော်ဦး၌။အာပါထံ၊ ထင်ခြင်းသို့။အာဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

ဥဒာဏမုခ ဆိုသည်ကား- ဘဝင် အကြည်ပေတည်း၊ ဘဝင် အကြည်တွင် အကုန်ထင်၍ နေကြရာမှာ ရှုလိုရာရာကို အာဝဇ္ဇန်း နှင့် အသိုးပြု၍ ရှုတော်မူသည်။

အကြည်ခြောက်ပါး၏ ဒဲ့ကျယ်သည် ဤဝယ် ပြီး၏။

အဂ္ဂိနဉ္စ၊ ဆယ်မျိုးသော ဓာတ်ဒီးတို့၏လည်းကောင်း။ သြဇာ နဉ္စ၊ဆယ်မျိုးသောဓာတ်ဆိတို့၏လည်းကောင်း။ ဥဒယော၊အပွါး အစိုးသာ ဖြစ်၏။ ဣတိ၊ ဤမာတိကာ ပုဒ်၌။ အဂ္ဂိနာမ၊ဓာတ်ဒီး မည်သည်ကား။ တေဇော၊ တေဇောဓာတ်ပင်တည်း။ အဂ္ဂိ၊ ပက တိသောဒီးကျိုး ဒီးတောက်ဒီးပေါက် ဒီးပွားသည်။ဝတ္ထုမာနော၊ ဖြစ်သည်ရှိသော်။ ဥဒယေန၊ အရောင်ဟူသော အရှိန် ဟူသော အခိုးဟူသောအပွားအစိုးနှင့်။ သဟေဝ၊တကွသာလျှင်။ဝတ္ထုတိ၊ ဖြစ်၏။

ဒီးရှိန်လည်း ဒီးမှပေါက်ဖွားသော ဥဒယတမျိုး၊ ဒီးရောင် လည်း ဒီးမှပေါက်ဖွားသော ဥဒယတမျိုး၊ ဒီးခိုးလည်း ဒီးမှ ပေါက်ဖွားသော ဥဒယတမျိုး၊သိတဒီးဖြစ်လျှင် သိတရှိန်ပေါက် ဖွားသည်၊ ဥဏှဒီးဖြစ်လျှင် ဥဏှရှိန်ပေါက်ဖွားသည်၊ အရှိန် ထွက်မြဲတည်း၊ ထွက်ကိုင်း သိရ မြင်ရသည် မဟုတ်၊ အလွန် အားကြီးသော ထက်သန်သော အရှိန်မှသာ သိရ မြင်ရသည်။

ဇဝံ၊ ဤပကတိဒီးအတူ။ သော၊ ထိုပရမတ်ဓာတ်ဒီးဟူသော တေဇောသည်လည်း။ဝတ္ထုမာနော၊ ဖြစ်သည်ရှိသော်။ ဥဒယေန၊ အေးရှိန် အေးခိုး ပူရှိန် ပူခိုးဟူသော အစိုးအပွားနှင့်။ သဟေဝ၊ တကွသာလျှင်။ ဝတ္ထုတိ၊ ဖြစ်၏။

ဤပရမတ်ဓာတ်ဒီး တေဇောကြီးသည်လည်း သိတဓာတ်ဒီး ဖြစ်အံ့ သိတရှိန်ပွင့်မြဲ၊ ဥဏှဓာတ်ဒီးဖြစ်အံ့ ဥဏှရှိန်ပွင့်မြဲ၊ အရှိန် မထသောဓာတ်ဒီး အရှိန်မပွားသော ဓာတ်ဒီးဟူ၍ မရှိလှ၊

ထသော ပွားသော အေးဂိုန် ပူဂိုန်တို့ကိုပင်လျှင် ဥတုဇကလာပ် ဆိုသည်၊ ပရမတ္ထ သိမ်မွေ့လှသော အေးဂိုန် ပူဂိုန်ထဲချက် ပွား ချက်ကို တုံးတိုင် အုတ်ကျောက်တို့မှာပင် မြင်အောင်ကြည့်, လက်နှင့်စမ်း၍ အေးမှုန်းဆိုလျှင် အေးဂိုန်ပွားချက်, ပူမှုန်းဆိုလျှင် ပူဂိုန်ပွားချက်မှတ်။

သော၊ ထိုဓာတ်ဒီးသည်။ကမ္မဇော၊ရှေးကပြုသော ကောင်းမှု ဖိဇ မကောင်းမှုဖိဇကြောင့် ဖြစ်ပေါ်သော ကမ္မဇဓာတ်ဒီးလည်း ကောင်း။ စိတ္တဇော၊ အသစ်အသစ် မစဲဖြစ်သော စိတ်၏အဟုန် ကြောင့် ဖြစ်ပေါ်သော စိတ္တဇဓာတ်ဒီးလည်းကောင်း။ ဥတုဇော၊ ဥတုဟူသော ဓာတ်ဒီးမှ ပေါက်ဖွားသော ဓာတ်ဒီးလည်း ကောင်း။အာဟာရဇော၊ဓာတ်ဆီမှ ပေါက်ဖွားသော ဓာတ်ဒီး လည်းကောင်း။ကမ္မဇောတုဇော၊ကမ္မဇဓာတ်ဒီးကိုမှ အဆင့်ဆင့် ပေါက်ဖွားသော ဥတုဇဓာတ်ဒီးလည်းကောင်း။ စိတ္တဇောတု ဇော၊ စိတ္တဇဓာတ်ဒီးတို့မှ အဆင့်ဆင့်ပေါက်ဖွားသော ဥတုဇ ဓာတ်ဒီးလည်းကောင်း။ ဥတုဇောတုဇော၊ ဥတုဇ ဓာတ်ဒီးတို့မှ အဆင့်ဆင့်ပေါက်ဖွားသော ဥတုဇဓာတ်ဒီးလည်းကောင်း။ အာ ဟာရဇောတုဇော၊ အာဟာရဇဓာတ်ဒီးတို့မှ အဆင့်ဆင့်ပေါက် ဖွားသော ဥတုဇဓာတ်ဒီးလည်းကောင်း။ကမ္မဇောဇဇော၊ကမ္မဇ ဓာတ်ဆိတို့မှ အဆင့်ဆင့် ပေါက်ဖွားသော ဓာတ်ဒီးလည်း ကောင်း။စိတ္တဇောဇဇော၊စိတ္တဇဓာတ်ဆိတို့မှ အဆင့်ဆင့်ပေါက် ဖွားသောဓာတ်ဒီးလည်းကောင်း။ ဥတုဇောဇဇော၊ဥတုဇ ဓာတ် ဆိတို့မှအဆင့်ဆင့်ပေါက်ဖွားသော ဓာတ်ဒီးလည်းကောင်း။အာ ဟာရဇောဇဇော၊အာဟာရဇဓာတ်ဆိတို့မှ အဆင့်ဆင့် ပေါက် ဖွားသော ဓာက်ဒီးလည်းကောင်း။ ဤတိ၊ ဤသို့။ ဒွါဒသဝိဓာ၊ တဆဲ့နှစ်ပါးအပြားရှိကုန်၏။တေဒွါဒသ၊ ထိုတဆဲ့နှစ်ပါးတို့သည် ပင်။သိတဥဏ္ဍဝသေန၊သိတတဆဲ့နှစ်ပါး ဥဏ္ဍတဆဲ့နှစ်ပါးတို့၏ အစွမ်းအားဖြင့်။ စတုဝိသတိ၊ ဓာတ်ဒီးနှစ်ဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ဗဟိဒ္ဓါ၊တော တောင် မြေ ရေ လနေနက္ခတ်

စသည်တို့၌ ဖြစ်သော ဗဟိဒ္ဓဓာတ်ဒိုး နှစ်မျိုးတို့နှင့်တကွ။ ဆဗ္ဗိ သ၊ နှစ်ဆဲ့ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣမေ၊ ဤဓာတ်ဒိုး အပေါင်းတို့သည်။ ဥဒေန္တာ၊ ပဒိုသန္ဓေ နေသောအခါမှစ၍ ထကြကုန်သည်ရှိသော်။ တေဓဋ္ဌ၊ အဂ်္ဂါနဟူသော ဓာတ်ဒိုးကိုလည်းကောင်း။ ဩဘာသဋ္ဌ၊ အဆင်းအရောင်ဟူသော ဝဏ္ဏဓာတ်ကိုလည်းကောင်း။ ရုမဋ္ဌ၊ အဂိုးဟူသော လေ ဓာတ်ကိုလည်းကောင်း။ မဇ္ဈန္တာ၊ တဖွားဖွားလွှတ်ကုန်လျက်။ ဥဒေန္တိ၊ တခဏတခြား တိုးပွားခြင်းထကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ အယံကာယော၊ ဤကိုယ်ကောင်ကို။ အင်္ဂါနံဗ်ိတော၊ ဓာတ်ဒိုးတို့သည် တည်ထောင်ဘန်ဆင်းအပ်၏။ အင်္ဂါပူရော စ၊ ဓာတ်ဒိုးတို့ဖြင့်လည်း တင်းကျပ်ပြည့်၏။ အင်္ဂါခန္ဓဘူတော၊ ဓာတ်ဒိုးတုံးကြီး ဓာတ်ဒိုးခဲကြီးအတိဖြစ်၏။ ဗဟိဒ္ဓါစ၊ ဗဟိဒ္ဓဓာတ်ဒိုးနှစ်မျိုးတို့သည်လည်း။ အာဒိကပ္ပတော၊ ဝိဝဋ္ဋဌာယီတည်ထောင်ဦးမှစ၍။ ဥဒေန္တာ၊ ဖြစ်ပေါ်တည်ထွန်းကြကုန်သည်ရှိသော်။ တေဇောဘာသရုမေ၊ အဂ်္ဂါနအမျိုးမျိုး,အဆင်းအရောင်ဟူသော ဝဏ္ဏဓာတ်အမျိုးမျိုး, အဂိုးဟူသောလေဓာတ်အမျိုးမျိုးတို့ကို။ မဇ္ဈန္တာ၊ တဖွားဖွား လွှတ်ကုန်လျက်။ အဇ္ဈတနာ၊ယနေ့ထက်တိုင်။ ဥဒေန္တိ၊ တနေ့တခြား ကိုးပွားတည်ထွန်းကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ သဇ္ဇော၊ အလုံးစုံသော။ လောကော၊ မဟာပထဝီ မြင်းမိုရ် စကြဝဠာ သမုဒ္ဒရာဒိပ နေလ နက္ခတ်စသော လောကကို။ အင်္ဂါနံဗ်ိတော၊ ဓာတ်ဒိုးတို့သည် တည်ထောင်ဘန်ဆင်းအပ်၏။ အင်္ဂါပူရော စ၊ ဓာတ်ဒိုးတို့ဖြင့်လည်း တင်းကျပ်ပြည့်၏။ အင်္ဂါခန္ဓဘူတော၊ဓာတ်ဒိုးတုံး ဓာတ်ဒိုးခဲတွေ အတိဖြစ်၍ ဖြစ်၏။ (သိတဓာတ်ဒိုးမှ သိတဂ်ိုနိုထွက်သည့် သိတရုပ်ကလာပ်ပွားသည်၊ ဥဏ္ဟဓာတ်ဒိုးမှ ဥဏ္ဟဂ်ိုနိုထွက်သည့် ဥဏ္ဟရုပ်ကလာပ်ပွားသည်)။

တေဓော၊ ဓာတ်ဒိုးကို ဆိုသောအခါထိုးသည်။ နိဋ္ဌိတော၊ ပြီး၏။

ဩဇာနာမ၊ ဩဇာမည်သည်ကား။ ရူပကွန်ဓသ၊ ရုပ်စုရုပ်ခဲ၏။ သာရဘူတော၊ အဆိအနှစ် အထွတ်အထိပ်ဖြစ်သော။ သိနေပေါ၊ အဆိအစေးမျိုးတည်း။ လောကေ၊ လောကဒ္ဓ။ သိနေပေါ၊ အဆိဟူသမျှသည်။ အဂ္ဂိနာ၊ မီးနှင့်။ ဗုဒ္ဓော၊ ဝေ့သည်ရှိသော်။ ဥတ္တရိတ္ထာ၊ ဆူဆူတက်ပွက်၍။ ဥဒ္ဒါတိ၊ ထ၏။ အယံပိ၊ ဤပရမတ် ဓာတ်ဆိသည်လည်း။ အဂ္ဂိနာ၊ ကမ္မဇဓာတ်မီးနှင့်။ သံယုတ္တော၊ ပေါင်းယှဉ်မိသည်ရှိသော်။ သန္တိ၊ အဆိလျှဉ် အဆက်ဆက်ကို။ ဝေဓေတိ၊ တိုးပွားစေ၏။ ကာယံ၊ တကိုယ်လုံးကို၊ ထန္တေတိ၊ အရှည်ခံခိုင်အောင် ထောက်ပံ့ပေ၏။ (တိုးပွားသော အဆိကလာပ် စုသည် အာဟာရဇ ကလာပ်မည်၏)။

လောကေ၊ လောကဒ္ဓ။ အဂ္ဂိသ၊ မီး၏။ သရဏံ၊ ကိုးကွယ်ရာကား။ သိနေဟော၊ အဆိမျိုးတည်း။ သိနေဟံ၊ အဆိမျိုးကို။ ဝိနာ၊ ကင်း၍။ အဂ္ဂိ၊ မီးသည်။ နဝတ္တတိ၊ မဖြစ်နိုင်။ ထင်းမီး ကောက်ရိုးမီး နွားချေးမီး အမှိုက်မီး မြို့ရွာ တော တောင် ကို လောင်သောမီး ရေနံမီး ဆီမီး ဖယောင်းမီး ငရဲမီး ပြိတ္တာမီး တကိုယ်လုံးဒွိရှိသော ဓာတ်မီး အလုံးစုံသည် ထိုဝတ္ထုဒွိ ရှိသော အဆိကိုတွယ်၍ စွဲရ တောက်ရသည်၊ အဆိအားကောင်းလျှင် မီးအားကောင်းသည်၊ အဆိ နည်းပါးလျှင် မီးအား နည်းသည်၊ ပေါသောအဆိကုန်၍ ပြာမီးသွေးဖြစ်သောအခါ ၎င်သောအဆိတို့ မမှီနိုင်မှ သေရသည်။

ဇံ၊ ဤလောကမီး အတူ။ ယထာဝုတ္တာနံ၊ ဆိုခဲ့ပြီးသော အပြားရှိကုန်သော။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အဂ္ဂိနာ၌၊ နှစ်ဆဲ့လေးပါးသော အစ္ဆရိတ္တဓာတ်မီး နှစ်ပါးသော ဗဟိဒ္ဓဓာတ်မီး တို့၏လည်း။ ပဒီသရဏံ၊ ကိုးကွယ်ရာကား။ သိနေဟော၊ ဓာတ်ဆိပေတည်း။ သိနေဟံ၊ ဓာတ်ဆိကို။ ဝိနာ၊ ကင်း၍။ နုပ္ပဇ္ဇတိ၊ ဖြစ်လည်း မဖြစ်နိုင်ကုန်။ နတိဋ္ဌတိ၊ တည်လည်း မတည်နိုင်ကုန်။

(မီးစာနှင့် မီးထွန်းရာဌ ထွန်းသောမီး၏ အသက်သည် ရေနံဆီဌ တည်၏၊ ရေနံဆီကုန်လျှင် သေ၏၊ ဤအတူ အထက်ဌ

ပြဆိုခဲ့ပြီးသော နှစ်ဆဲ့ခြောက်ပါးသောဓာတ်ဒီးမျိုးတို့၏အသင်္ဃာသည် ဓာတ်ဆိမျိုးတို့ဒွ် တည်၏၊ ဓာတ်ဆိပွားလျှင် ပွားကုန်၏၊ ဓာတ်ဆိဆုတ်လျှင် ဆုတ်ကုန်၏၊ ဓာတ်ဆိငုပ်လျှင် ငုပ်ကုန်၏၊ ဓာတ်ဆိကုန်လျှင် ကုန်ကုန်၏)။

တသ္မာ၊ ထိုကြောင့်။ အဂ္ဂိနံ၊ နှစ်ဆဲ့ခြောက်ပါးသော ဓာတ်ဒီးမျိုးတို့၏။ ပဒိုသရဏာ၊ ကိုးကွယ်ရာ ဖြစ်ပေကုန်သော။ ဩဇာဝိ၊ ဓာတ်ဆိမျိုးတို့သည်လည်း။ ဆဇ္ဇိသ၊ နှစ်ဆဲ့ခြောက်ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (နှစ်ဆဲ့ခြောက်မျိုး အရေအတွက်မှာ ဓာတ်ဒီးနှစ်ဆဲ့ခြောက်မျိုးနှင့် အစဉ်ဟပ်၍ စဲ့စပ်အောင် ဝေဘန်လေ)။

သကလော၊ အလုံးစုံသော။ ကာယော၀၊ သတ္တ၀ါခေါ်ရသော ရုပ်ကောင် ရုပ်ခဲရုကို လည်းကောင်း။ လောကော၀၊ မြင်းမိရိသမုဒ္ဒရာ မဟာပထဝီ စသော သြကာသ လောကကို လည်းကောင်း။ သြဇာဟိ၊ ဓာတ်ဆိမျိုးတို့သည်။ ရက္ခိတော၊ စောင့်ချုပ်အုပ်ထိန်း၏။ ထန္တိ့တော၊ ထောက်ပံ့ချီပင့်၏။ သြဇာပုရော၊ ဓာတ်ဆိတို့ဖြင့် တင်းကျမ်း ပြည့်၏။ သြဇာခန္ဓော၊ ဓာတ်ဆိတုံးဓာတ်ဆိခဲတွေသာ ဖြစ်၏။

အာဟာရော၊ ဓာတ်ဆိကိုဆိုသော အခေါ်းသည်။ နိဋ္ဌိတော၊ ပြီးပြု။

ဓာတ်ဆိဓာတ်ဒီးတို့၏ အားရှိအားမဲ့ကို ဆိုရာမှာ ဓာတ်ကြီးလေးပါး ဓာတ်ကြည်ခြောက်ပါးတို့ဒွ် ဆိုခဲ့ပုံနှင့်ချင့်၍သိလေ။

အယံကာယော၊ ဤတကိုယ်လုံး တကောင်လုံးသည်။ ယကွ ပူရော၊ ဓာတ်ကြမ်းဓာတ်နူ အရုပ်ကို တခုတနှမ် အကျန်မထား အကုန်စားသော ဓာတ်ဘိလူးမျိုးအပြည့်ရှိ၏။ ဣဟ ဘိ၊ ဤမာတိကာပုဒ်ဒွ်။ ဓာတုယကွော၊ ဓာတ်ဘိလူးမည်သည်ကား။ ဓမ္မဓာတု ဘူတံ၊ ဓမ္မဓာတ်ဖြစ်၍ဖြစ်သော။ မရဏံ၊ မရဏဓာတ်ပေတည်း၊

ဓာတာ၊ အသစ်အသစ် မစဲဖြစ်ကြကုန်သော ဓာတ်ကြီးလေးမျိုး ဓာတ်ကြည် ခြောက်မျိုး ဓာတ်ဒီးတဆဲ့နှစ်မျိုး ဓာတ်ဆိတဆဲ့နှစ် မျိုးတို့သည်။ ဇကေမတ္တာဝိ၊ တာရုမ္ပလည်း။မရဏေနု၊မရဏာဓာတ် ဒီးနှင့်။ဝိနာ၊ကင်း၍။ နုဝတ္တာန္တိ၊မဖြစ်ကုန်။သဟေဝ၊ မရဏာဓာတ် နှင့် ထက်ကြဝ်တကွသာလျှင်။ ဝတ္တာန္တိ၊ ဖြစ်ကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ ကာယော၊ တကိုယ်လုံး တကောင်လုံးသည်။ မရဏာပုရော၊ မရဏာဟူသော ဓာတ်ဘိလူးဖြင့်ပြည့်၏။

ဓာတ်ဘိလူးအရကို ပြသောစကား ပြီး၏။

အနိစ္စ။ အာယံကာယော၊ ဤကိုယ်သည်။ အနိစ္စော၊ အရှည်ခဲ့ခိုင် တည်တံ့နိုင်သော သဘောမရှိ။ ဒုက္ခတိ၊ ဤမာတိကာပုဒ်၌။ ဝိဇ္ဇောဘာသော၊ လျှပ်ရောင်သည်။ သယံဝိ၊ မိမိသည်လည်း။ အသာရော၊ အရှည်ခဲ့ခိုင် တည်တံ့နိုင်သော အနှစ်အခဲမဟုတ်။ တသ၊ ထိုလျှပ်ရောင်၏။ အန္တာနဲ့ရေစ၊ အတွင်းခဲ့လည်း။ သာရော၊ အရှည်ခဲ့ခိုင် တည်တံ့နိုင်သော အနှစ်အမာ တွယ်တာရာသည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ သော၊ ထိုလျှပ်ရောင်သည်။ အနိစ္စော၊ ခိုင်မြဲသောဝတ္ထု၊မဟုတ်။ ဥဒယာနန္တရမေဝ၊ ထွက်ပေါ်ဖြစ်ပွားသည်၏ အခြားမဲ့၌သာလျှင်။ အန္တရဓာယတိ၊ ကွယ်ပျောက်လေ၏။

ဇေဝံ၊ ဤအတူ။ သဒ္ဒါရုပိ၊ပထဝီ အာပေါ် အစရှိသော သဒ္ဒါရုတရားတို့သည်လည်း။ အသာရာ၊ အရှည်ခဲ့ခိုင် တည်တံ့နိုင်သော အနှစ်ခဲတို့လည်း မဟုတ်ကုန်, အရှည်ခဲ့ခိုင် တည်တံ့နိုင်သော အနှစ်အမာ တွယ်တာရာလည်း မရှိကြကုန်မူ၍။အနိစ္စာ၊ အနိစ္စတို့သာတည်း။ ဥဒယာနန္တရမေဝ၊ ဖြစ်ပေါ်သည်၏ အခြားမဲ့၌သာလျှင်။ အန္တရဓာယန္တိ၊ ကွယ်ပျောက်ကြကုန်၏။

အနိစ္စပြီး၏။

ဒုက္ခ။ ခေမော၊ ဘေးမရှိသော။ သိဝေါ၊ ချမ်းမြေ့သာယာသော အမှုသည်။ သုခေါ၊ သုခမှုမည်၏။ ယထာဝုတ္တော၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ သောအနိစ္စာဘာဝေါ၊ ထိုအနိစ္စမှုသည်။ အခေမော၊ ဘေးကင်းမှု မဟုတ်။ အသိဝေါ၊ ချမ်းမြေ့ သာယာသော အမှု မဟုတ်။ အထခေါ၊ စင်စစ်သော်ကား။ ဘယံ၊ ဘေးမှသာတည်း။ တာပေါ၊ ပူပန်မှုသာတည်း။ တဿာ၊ ထို့ကြောင့်။ အနိစ္စာ၊ အနိစ္စတရား ဆင်းရဲတို့သာတည်း။ နသုခါ၊ တရားချမ်းသာတို့ မဟုတ်ကုန်။

အပိစ၊ တနည်းသော်ကား။ ဥပဓိတွာ၊ ဖြစ်ပေါ်ပြီး၍။ ဥပဓိတာ၊ တခဏတခြား ကြီးပွားကြကုန်သော တရားတို့သည်။ ပါကေန၊ ရင့်ခြင်းအမှုနှင့်။ သဟေဝ၊ တကွထက်ကြပ်သာလျှင်။ ဥပစယန္တိ၊ ကြီးပွားကြကုန်၏။ သောစပါကော၊ ထိုရင့်ခြင်းအမှုသည်လည်း။ မရဏာသ၊ မရဏာဘိလူး၏။ အာဝုဓော လောင်ဒီးလက်နက်ပေတည်း။ ယကွေဝ၊ ဓာတ်ဘိလူးသည်။ ဇာတံဇာတံ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဓာတ်ရုကို။ တေန၊ ထိုလောင်ဒီး လက်နက်ဖြင့်။ ဒါဟေတွေ၊ ပြုက်၍ပြုက်၍ အကွမ်းဝတ်၍။ ခါဒတိ၊ စား၏။ တသ္မာ၊ ထို့ကြောင့်။ ဥပစိတော၊ တခဏတခြား တနေ့တခြား ကြီးပွားခိုက်ဖြစ်သော။ ကာယောပိ၊ တကိုယ်လုံး တကောင်လုံး သည်လည်း။ ပါကသဗ်ဘိတော၊ လောင်ဒီးလက်နက် ဘုတ်ပြုက်ချက်နှင့် ထက်ကြပ်တကွ ကြီးပွားရသည်။ ဟုတွာ၊ ဖြစ်၍။ ဒုက္ခေါ၊ ဒုက္ခအဂုသာတည်း။

ဒုက္ခပြီး၏။

အနတ္တာ။ အသာရော၊ အရှည်ခံခိုင် တည်တံ့နိုင်သော အနှစ်သာရလည်းမဟုတ် အနှစ်အမာ တွယ်တာရာလည်း မရှိသည်ဖြစ်၍။ အနိစ္စာ၊ ထွက်သက်ဝင်သက် တရှူထွက်မှု မပျက်ခံခိုင်မတည်တံ့နိုင်သော။ ဝိဇ္ဇောဘာသော၊ လျှပ်ရောင်သည်။ ကဿ၊

အဘယ်သူ၏။ ဝသံ၊ တနာရိ တပဟိုရ် တည်စေလိုသော အလို ကို။ ဝတ္တာတိ၊ လိုက်နိုင်အံ့နည်း။ အဝသဝတ္တော၊ အလိုလိုက်ခြင်း အလျဉ်းမရှိသော လျှပ်ရောင်၌။ကောဏ္ဍသရော၊အစိုးရသူ အရှင် ဟူ၍ မည်သူတယောက် ရှိပေအံ့နည်း။ အနိဿရော၊ အစိုးမရပါ ဘဲလျက်။ဤသော မမာတိ၊ သင်း-ငါ့ဟာဟူ၍။ မညမာနော၊ မှတ် ထင်သူသည်။ ဥမ္မတ္တော၊ အရူးလုံးလုံး မဟုတ်လော။

ငါ့ဟာဟု ထင်မှတ်မှုသည်ပင် အရူးမှုလုံးလုံး ဖြစ်လေရကား ထိုလျှပ်ရောင်ကို ငါ၏ကိုယ်ဟု ဆိုသူ မှတ်သူမှာ ဆိုဘွယ်ရာ မရှိပြီ၊ ဥပမာဖြင့် လျှပ်ရောင်ကို အစိုးရသောသူ ပိုင်နိုင်သောသူ ဟူ၍မရှိ၊ အစိုးမရဘဲ မပိုင်မနိုင်ပါဘဲနှင့် ငါ့လျှပ်ရောင် ငါ့လျှပ် ရောင်ဟု ဆိုခဲ့ ယူခဲ့လျှင် ထိုသူကို အရူးဆိုကြမည်၊ အစိုးရသူ ပိုင်သူဟူ၍မရှိလျှင်လည်းထိုလျှပ်ရောင်သည် အရှင်မရှိ သခင်မရှိ စင်စစ်သာတည်း၊ ထိုသို့ ဖြစ်မှုသည် အနှစ်မရှိသည့် အတွက် သက်သက်သာတည်းဟုပြသည်၊နာဓ်ရုပ် တရားတို့၏အနှစ်မရှိမှု ကိုမြင်လျှင် ဤလျှပ်ရောင်နှင့်တူမှုကို မြင်လတ္တံ့၊အနှစ်မရှိမှုသည် နောက်၌ ထင်ရှားလာလတ္တံ့၊ ဤကား အနှစ်မရှိသောကြောင့် အနတ္တ, အလိုသို့ မလိုက်သောကြောင့် အနတ္တ, အစိုးမရသော ကြောင့် အနတ္တ, ငါပိုင်ဆိုင်သော ငါ့ကိုယ်မဟုတ်, သူပိုင်ဆိုင် သော သူ့ကိုယ် မဟုတ်သောကြောင့် အနတ္တ, ဟု လာသော အနတ္တ အနက်လေးချက် တလုံးတည်းကျပုံတည်း။

(ဤကိုယ်အလုံး၌ နာဓ်တရား ရုပ်တရားတို့၌ ဖြစ်ပေါ်မှု, တည်မှု, ပျောက်မှု, ဆုတ်ယုတ်မှု, ကွယ်ပျောက်မှု, ဤအမှု ငါးရပ် သည့် ပုဂ္ဂိုလ်၏ အလိုနှင့်ဆိုင်သော အမှုရုပေတည်း)။

၁။ ပုထုဇဉ် ဒိဒိကိုယ်ကို အေးစေလိုသော်လည်း အေးနာဓ် အေးရုပ် ဖြစ်ပေါ်၍ မလာ၊ ရေတွင်း ရေကန်မှ အေးမြသော ရေကို ပေးမှသာ အေးနာဓ် အေးရုပ် ဖြစ်ပေါ်လာသည်။ ဖြစ်ပေါ်မှု။

၂။ ထိုအေးနာမ် အေးရုပ် တို့ကို တနာရိုပတ်လုံး နှစ်နာရိပတ်လုံး အနေမပျက် ဆက်လက်ခါ တည့်နေစေလိုသော်လည်း အလိုအတွက် သက်သက်နှင့်မတည့်၊ ဆိုခဲ့ပြီးသော အေးမြသောရေ အေးမြသော လေတို့ကို တနာရိပတ်လုံး နှစ်နာရိပတ်လုံး မပျက်မစီးပေ၍ နေမှသာ အနေမပျက် ဆက်လက်ဖြစ်ပွားကာ တည့်လေသည်။ ။တည့်မှု။

၃။ အသွေး အသား အားခွန် ဗလတို့ကို ပွားစေလိုသော်လည်း အလိုအတွက် သက်သက်နှင့်မပွား၊ အစာ ရေစာ ဓာတ်စာ ဆေးဝါးပေးသွင်းမှသာ ပွားလေသည်။ ။ပွားမှု။

၄။ ဖြစ်ပွား တိုးတက်၍ နေသော ရောဂါရုပ် ရောဂါနာမ်တို့ကို ဆုတ်ယုတ်စေလိုသော် အလိုအတွက် သက်သက်နှင့် မဆုတ်မယုတ်၊ သပ္ပါယဖြစ်သော ဆေးဝါး အစာတို့ကို နေရာကျ ပေးသွင်းမှသာ ဆုတ်ယုတ်လေသည်။ ။ဆုတ်ယုတ်မှု။

၅။ ပူနာမ် ပူရုပ်တို့ကို ပျောက်ကွယ် စေလိုသော်လည်း အလိုအတွက် သက်သက်နှင့် မကွယ် မပျောက်၊ အေးမြသော ရေ အေးမြသောလေကို ပေးမှသာ ပျောက်ကွယ်လေသည်၊ အလွန်ချမ်းလှ၍ အေးနာမ် အေးရုပ်တို့ကို ပျောက်ကွယ် စေလိုသော်လည်း အလိုအတွက် သက်သက်နှင့် မပျောက် ဒီးပူ နေပူကို ပေးမှသာ အေးရုပ် အေးနာမ် အေးကိုယ် ကွယ်ပျောက်သည်။ ။ကွယ်ပျောက်မှု။

အလွန်ထင်ရှားသော အချက်ရုကို ပြလိုက်သည်၊ အမြဲနိစ္စ ကြောင့်ကြ စိုက်ကြသော ကျွေးမွေး မွေးမြူ ပြုပြင်မှု ကြည်ရှောင်မှု ဆောင်ရွက်မှုတို့နှင့် အနုစိပ်ကာ အချက်စေ့ အကွက်စေ့ မြင်အောင်ကြည့်လေ၊ ဤသို့လျှင် အမှုငါးပါးတို့၏ ပုဂ္ဂိုလ်အလိုနှင့်ကား သက်သက်မဆိုင်၊ အလွတ်ကဖြစ်သော ဒီး နေ ရေ လေ ကောက်ပဲ သစ်ပင်ချုံမြက်တို့နှင့်သာဆိုင်ကြောင်းကိုအလင်းသိမြင်ရသဖြင့် မဆိုင်သူသတ္တဝါကငါ့ကိုယ်ငါ့ကိုယ်ယ်ဟုအဆိုအစွဲ

အထင်လွဲချက်သည် မျက်မြင်ဒိဋ္ဌဖြစ်သတည်း။ ။အကြောင်းနှင့် စပ်၍ အနုတ္တရမည်ကြောင်း။

အနုတ္တ ပြီး၏။

ယခုအခါ အကုန်လုံး ရောကြိတ်၍ အနိစ္စ, ဒုက္ခ, အနုတ္တ လက္ခဏာရေး သုံးပါးကို ထင်ရှားအောင် ပြပေအုံ့၊ လက္ခဏာရေးသုံးပါးကို ရှုမြင်လိုသောသူသည် ထိုလက္ခဏာရေးသုံးပါး၏ ဒိုရာ မှီရာဖြစ်သော ရုပ်ခေတ် နာမ်ခေတ် တို့ကို တကိုယ်ကောင်လုံး အုံးအုံးဆူကြွ အကုန်ထအောင် ဆွရသည်၊ တကိုယ်ကောင်လုံး အုံးအုံးဆူကြွ အကုန်ထမှ မြင်ရသည်။

ဆွနည်းမှာလည်း-ဤခန္ဓာကိုယ် နှစ်ပုံခွဲ၍ ဆွနည်း, သုံးပုံခွဲ၍ ဆွနည်း, လေးပုံခွဲ၍ ဆွနည်း, ငါးပုံခွဲ၍ ဆွနည်း, ခြောက်ပုံခွဲ၍ ဆွနည်း စသည်ဖြင့် များသောအပြားရှိ၏၊ ရုပ်တရု နာမ်တရု ပြု၍ ဆွနည်းသည် နှစ်ပုံခွဲ၍ ဆွနည်းမည်၏၊ ဝေဒနာ သုံးပါး ပြု၍ဆွနည်းသည် သုံးပုံခွဲ၍ ဆွနည်းမည်၏၊ အာဟာရ လေးပါး ပြု၍ ဆွနည်းသည် လေးပုံခွဲ၍ ဆွနည်းမည်၏၊ ခန္ဓာငါးပါးပြု၍ ဆွနည်းသည် ငါးပုံခွဲ၍ ဆွနည်းမည်၏၊ မြေတရု ရေတရု လေတရု မီးတရု ဝိညာဏ်တရု အာကာသတရု ပြု၍ ဆွနည်းသည် ခြောက်ပုံခွဲ၍ ဆွနည်းမည်၏၊ (ပဏ္ဏာသာတိမင်းကြီးသည် ဤခြောက်ပုံခွဲနှင့် ကျတ်သည်)။

အာယတနနှင့်ခွဲလျှင် ဆဲ့နှစ်ပုံဖြစ်၏၊ ဓာတ်နှင့်ခွဲလျှင် ဆဲ့ရှစ်ပုံဖြစ်၏၊ ကောဋ္ဌာသနှင့်ခွဲလျှင် သုံးဆဲ့နှစ်ပုံဖြစ်၏၊ အဘိဓမ္မာနည်းနှင့်ခွဲမူကား တရားသရုပ် အလွန်များပြား၏၊ ဤခန္ဓာကို လက္ခဏာရေးနှင့် ကြိတ်နယ်လိုသောသူမှာ အဘိဓမ္မာနည်းမလို၊ ပညာပါရမီ ပွားများဘို့ ပဋိသန္ဓိဒါဉာဏ် ပွားများဘို့ အာရုံခဲ့သာ အဘိဓမ္မာနည်းလိုသည်၊ တရားကိုယ် အစိတ်အလိ များပြားလွန်းလျှင် ခွဲမှု ခြမ်းမှု ဝန်ကြီး၍ ခရီးမတွင်ရှိသည်၊ အစိတ်

များလျှင် မမြင်နိုင် မထင်နိုင်သော တရားရဲ့ အာများပါ၏သည်၊ မမြင်သောတရားကို လက္ခဏာရေးတင်၍လည်း ဘာဝနာအစစ် မဖြစ်၊ တရားကိုယ် တရားချက်ကို အတပ်မြင်၍ တင်မှသာ ဘာဝနာအစစ် ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း အဘိဓမ္မာနည်းကို တာဝတိံသာ၌ တခါ, စန္ဒကူးတောတွင် အရှင်သာရိပုတ္တရာကို တခါ သာဟောလေသည်၊ သည်ပြင် ဘယ်သတ္တဝါကို အဘိဓမ္မာနည်းနှင့် ဟော၍သွတ်သည်ဟု မရှိ၊ တာဝတိံသာတွင် အဘိဓမ္မာဟောစဉ်အခါမှာလည်း နတ်ပြဟ္မာတို့ကို သတ္တုန်နည်း သွပ်၍ သွပ်၍ သွတ်ရသည်၊ဇုဠဂါနုသတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော သူသည် ကျယ်ဝန်း နက်နဲလှ၍ စွာနမရ၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် သိမ်မွေ့ နက်နဲလှ၍ စွာနမရ၊ ဤအတူမှတ်။

အရှင်သာရိပုတ္တရာ သည် တရားအစိတ်အလိ ကျယ်ဝန်းများပြား၍နေသောကြောင့် ဆဲဝါးရက်မှ ရဟန္တာ ဖြစ်သည်။

အရှင်မောဂ္ဂလာန် မှာတရားအစိတ်အလိုသင့်တင့်မြတ်ခြင်း ရှိသောကြောင့် ခုနစ်ရက်နှင့် ရဟန္တာ ဖြစ်သည်။ ။သက်သေ။

ဓာတ်ခြောက်ပါးရဲ့၏ ပကြဲသဘောမင်း ပွင့်တော်ရာမှ ဓာတ်ကြိုးလေးပါးနှင့် လက္ခဏာရေး သုံးပါးတင်လျှင် ပါဒါရုပ်ရုပ်ပြီးတော့သည်၊ စိတ်နှင့် လက္ခဏာရေး သုံးပါးတင်လျှင် ဝေဒနာသိက်ရုပ် ပြီးတော့သည်၊ အာကာသဓာတ်မှာ ထင်ရှားသူ အကူအပံ့မှာထည့်လေသည်၊၅၂ ကမ္ဘဋ္ဌာန်း စာမျက်နှာ အင်္ဂါရုပ်ပုံပုံလိုက်သည်။

ဘုံနှန်းပြာသာဒ် ဆောက်လုပ်ရာ၌ သည် ဘုံ ထုတ်လျောက်ယက်မ ဆင့်ကြမ်း ဒုံး ကျား ဘုံနှင့်သတ္တဝါမှာ အမာခံအားညှိခံ ဓာတ်ကြိုးလေးပါး တူသည်၊ပြာသာဒ် အမှန်းအခြယ် ကြိုးလာရုန်၌ အကြည်ဓာတ်ခြောက်မျိုး ဟူသည်၊ ပြာသာဒ် ဗဟုကာ

ရုနှင့် ဓာတ်မီးဆယ်မျိုး တူသည်၊ အဘိုးအဓ ထမင်း ရိက္ခာပေးသော ပြာသာဒ်အရှင်နှင့် ဓာတ်ဆိ ဆယ်မျိုး တူသည်၊ ကောက်ပဲအသီးအနှံနှင့် အကြည်ခြောက်ပါး တူသည်၊ ကောက်ပင် ပဲပင်နှင့် ဓာတ်ကြီးလေးပါး တူသည်၊ လယ်မြေ ယာမြေနှင့် ဓာတ်မိုး ဆယ်မျိုး တူသည်၊ မိုးယံးရေနှင့် ဓာတ်ဆိဆယ်မျိုး တူသည်၊ မိုးယံးရေဂိမ္ဗ မြေဓာတ်မြှုံးသည်၊ မြေဓာတ်မြှုံးမှ အပင် ဖြစ်သည်၊ အပင်ဖြစ်မှ အပွင့်အသီး အမြဲဖြစ်ထွန်းသည်၊ မီးထွန်းရာ၌ ဆိရေနံနှင့် ဓာတ်ဆိဆယ်မျိုး တူသည်၊ မီးစာနှင့် ဓာတ်မီးဆယ်မျိုး တူသည်၊ မီးတောက်နှင့် ဓာတ်ကြီးလေးပါး တူသည်၊ မီးရောင်နှင့် ဓာတ်ကြည်ခြောက်မျိုးတူသည်၊ ကြာအိုင်ကြီးဒွဒရေနှင့် ဓာတ်ဆိတူသည်၊ ခွံ မြေနှင့် ဓာတ်မီး တူသည်၊ ကြာရုံကြီးတွေနှင့် မဟာဘုတ်ကြီးတွေတူသည်၊ ကြာပွင့်တွေနှင့် အကြည် ဓာတ်တွေ တူသည်။

ဥပမာလေးချက်၌ ဆိုသို့ရင်းကား-ငရဲပြိတ္တာမှ တပါးသော ကာမဘုံသားရုတ်ရှိ၌ ဓာတ်ဆိမှာ ဓာတ်မီးတွယ်ရသည်၊ ဓာတ်မီးမှာ မဟာဘုတ်တွယ်ရသည်၊ မဟာဘုတ်မှာ ဓာတ်ကြည် တွယ်ရသည်၊ ဓာတ်ဆိလျော့ပါးလျှင် ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည် တို့သည်လည်း လျော့ပါးကုန်တော့သည်၊ ဓာတ်ဆိကုန်ခန်းလျှင် ဓာတ်မီးလည်း ပေသတော့သည်၊ ဓာတ်ကြီးအစည်းအဝေးလည်း ပျက်ပြုန်တော့သည်၊ ဓာတ်ကြည်ရုလည်း ကွယ်ဆုံးတော့သည် ဆိုလိုသည်၊ ကြာအိုင်ကြီးဒွ အိုင်နယ် ရေနေ ကျယ်၍ကျယ်၍ သွားလျှင် ကြာတောလည်း ကျယ်၍လိုက်သည်၊ အိုင်နယ် ရေနေ ကျဉ်း၍ ကျဉ်း၍ လာလျှင် ကြာတောလည်း ကျဉ်း၍လာတော့သည်၊ ထိုအတူ ပဒိုသန္ဓေမှစ၍ ဓာတ်မီး ဓာတ်ဆိတို့သည် တခဏတခြား အလုံးအဘန် သဏ္ဌာန် ကြီးပွားအောင် တည်ထောင် ချဲ့ကွင့်ကြကုန်၏၊ ကမ္မဇ စိတ္တဇတို့ သည်မူကား ကြာအိုင်ကြီးမှာ ရေရောက်ရာ ကြာလိုက်၍ ပေါက်သကဲ့သို့ အစ္ဆရိတ္တ ဥတုဇ အာဟာရဇတို့ ကြီးပွားတိုးတက်ရာ လိုက်၍ ဖြစ်ကြ

ကုန်ဖျ၊ ဥတုဇ အာဟာရဇတို့ ကြံရုံဆုတ်ယုတ်၍လာလျှင်လည်း ဆုတ်ကြကုန်ဖျ၊ ဇရကုန်လျှင်ကြာပျောက်သကဲ့သို့ဥတုဇစာတ်နှင့် အာဟာရဇ စာတ်နှင့်တို့ကုန်လျှင် ကမ္မဇအကြည်တို့ကုန်ရကုန်ဖျ။

(လူတို့၏ အသက်တမံး ဆုတ်တုံ တက်တုံ ဖြစ်မှုသည်လည်း စာတ်ဆိ စာတ်မီးတို့၏ အချက်သာတည်း၊ စာတ်ဆိ စာတ်မီးတို့၏ အားရှိအားမဲ့သို့ လိုက်၍ အသက်တမံး အရှည်အာဘို လုံးရပ် သဏ္ဌာန် အကြီးအငယ် အသွေးအဆင်း အပြောင်အပွဲ ဖြစ်ရသည်)။

ဖြစ်ပုံကား-ကမ္ဘာဦးအခါ သတ္တဝါ အများဒွဲ ဒုစ္စရိုက် ကင်းရှင်းဖျ၊ သုစရိုက်ဆယ်ပါး ဖြာပွစိုရိလေးပါး သစ္စာတရား ထွန်းကားဖျ၊ ထိုတရားတို့၏ သာယာချမ်းမြ စိုရွှမ်းလှသော အရှိန်အဝါတို့ကြောင့် နေ လ နက္ခတ် တာရာတို့မှ ဖြစ်သော စာတ်ဆိ စာတ်မီး, မြေ ရေ မိုးယံး လေတို့မှဖြစ်သော စာတ်ဆိ စာတ်မီး, သစ်ပင် တောတောင်တို့မှ ဖြစ်သော စာတ်ဆိ စာတ်မီး, လူတို့ အာဟာရ ပြုကြသော ကောက်မျိုး စပါးမျိုးအပင် အကိုင်းအခက် အရွက် အညွှန့် အသီးအပွင့်တို့မှဖြစ်သောစာတ်ဆိ စာတ်မီး တို့သည် အလွန်နှစ်ဆိသြဇာ ဂိုကြကုန်ဖျ၊ ထိုဇဟိဒ္ဓ စာတ်ဆိ စာတ်မီးတို့မှာ တွယ်ရသော အာရုံတို့ စာတ်ဆိ စာတ်မီးတို့လည်း အလွန်နှစ်ဆိသြဇာ ဂိုကြကုန်ဖျ၊ ထိုစာတ်ဆိ စာတ်မီးတို့မှာ တွယ်ရသော ကမ္မဇရုပ် မဟာဘုတ်စာတ်ကြည့်တို့သည် အနှစ်သဒ္ဒါတိုင် အစဉ်အဆက်ဂျည် တည်ကုန်ဖျ။

နောက်အခါ သတ္တဝါများဒွဲ ဒုစ္စရိုက်တရား ပေါ်ပေါက်၍ တစေ့ရွေ့စေ့ရွှဲတိုးပွားလာဖျ၊ ဒုစ္စရိုက် တရားတို့၏ ချောက်ချား ပူလောင်သော အဂိုနိအဝါတို့ကြောင့် ဆိုခဲ့ပြီးသော ဇဟိဒ္ဓ စာတ်မီး စာတ်ဆိ အလုံးစုံတို့သည် တစေ့ရွေ့စေ့ရွှဲ နှစ်ဆိသြဇာ ဆုတ်ယုတ် ခေါင်းပါးကြကုန်ဖျ၊ ထိုဇဟိဒ္ဓ စာတ်ဆိ ထိုစာတ်မီးတို့မှာ တွယ်ရသော အာရုံတို့စာတ်ဆိ စာတ်မီးတို့လည်း တစေ့ရွေ့

ဧရွှေနှစ်ဆိုဩဘာ ဆုတ်ယုတ်ကုန်ခန်းကုန်ဇာ၊ထိုအခါ ထိုဝတ်မီး မှာတွယ်ရသော ကမ္မဇရုပ် မဟာဘုတ် ဓာတ်ကြီးတို့သည် အစဉ်အတိုင်း ဆုတ်ယုတ်၍ တသိန်းတမ်း ကိုးသောင်းတမ်း စသည်ဖြင့် ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်တမ်းဖြစ်လာကုန်ဇာ၊ တဘန် ဒုစ္စရိုက်ဘက်က ဆုတ်ပြန်ဇာ။

သုစရိုက်ဘက်က တက်ပြန်သောအခါ ဇဟိဒ္ဓအစ္ဆရိတ္တနှစ်ဆိ ဩဘာတိုးတက်၍ အသက် တဧွေ့ဧွေ့ ရှည်၍သွားပြန်ဇာ၊အများ သတ္တဝါတို့ အတွက်နှင့် တလောကလုံး သိမ်းကျုံးလွှမ်းမိုး၍ ဖြစ်လာသော ဓမ္မတာအချက်ကို သဗ္ဗညုဘုရားတို့၏ ဘုန်းကံ သော်မှလည်း ခုခံတန့်စားခြင်းငှါ မတတ်နိုင်၊ သဗ္ဗညုဘုရားတို့ ဇာ၏ ဘုန်းကံသည် အသက်အသင်္ခေ့ အကျိုးပေးနိုင်သော အစွမ်း ရှိသည်ချည်း၊ သို့သော်လည်း ထိုကံကြောင့် ဖြစ်သော ကမ္မဇရုပ် မဟာဘုတ် ဓာတ်ကြည် တို့သည် ဘုရားသန္တာန်ရှိ အစ္ဆရိတ္တ ဓာတ်ဆိ ဓာတ်မီးမှာ တွယ်ရကုန်သည်၊ အစ္ဆရိတ္တ ဓာတ်ဆိဓာတ် မီးတို့သည်လည်း ထိုကာလရှိ အမိအဘ အာဟာရ ဥတုစသည် တို့၌ပါသော ဇဟိဒ္ဓဓာတ်ဆိ ဓာတ်မီးတို့မှာ တွယ်ရကုန်သည်၊ တသိန်းတမ်း တရာတမ်းဖြစ်ရသည်မှာလည်း ထိုဇဟိဒ္ဓ ဓာတ် ဆိ ဓာတ်မီးတို့ဇာ၏ အကွက်နှင့် ဖြစ်ရလေသည်၊ ထို့ကြောင့် ဖြစ် ရာအသက်တမ်းကို မလွန်နိုင်ကြကုန်။

(အသက်အသင်္ခေ့ ပေးနိုင်သော သတ္တိရှိသော ကံသည် ဆယ်နှစ်တမ်းမှာ ပေးခွင့်ရ၍ ပေးရလျှင် ဆယ်နှစ်ကိုမလွန်နိုင်၊ အလွန်ခိုင်သော ဓာတ်နှစ်ဟု ဆိုအပ်သော ပြဒါးရည်ကို စက္ကူ နှင့်ထုပ်၍ထားလျှင် စက္ကူတသက်သာတည်နိုင်သကဲ့သို့တည်း)။

ဤဒုပါဒ်လေးပါးကို ပွားများ၍နေလျှင် တကမ္ဘာတည်နိုင်ဇာ၏ ဟူသော ပါဠိတော်မှာ အသင်္ခေ့ယျကမ္ဘာဟု မဟာသီဝ မထေရ်ကြီးဆိုဇာ၏၊ ထိုကို မဟာအဋ္ဌကထာ ဆရာတို့က ပယ်ကြ၍ ထို ကာလအသက်တမ်းကို ကမ္ဘာဆိုသည်ဟု ဘွင့်ကြကုန်ဇာ။

(တရာတမ်းမှာပင် ဖြစ်သော်လည်း မိမိကိုယ်ကို ရုပ်ပြောင်း နိုင်လျှင် တထောင်မက နေရပါ၏၊ ရုပ်ပြောင်းနည်းကား ပကတိ အစာအာဟာရ တို့နှင့်သာ မနေမူ၍ ခိုင်ခဲ့သော ကျောက်သံ ပြဒါးစသည်ကို ထမြောက်အောင် စီရင်၍ ပြောင်းခြင်းတည်း)။

အနည်းငယ် ဆိုဦးအံ့။ ထို ကျောက်ဓာတ် သံဓာတ် ပြဒါး ဓာတ်တို့ကို စိမ်းစိုသော အာမကဘာဝ အတိုင်း မျိုခဲ့လျှင် ကိုယ် တွင်းသို့ ရောက်သော်လည်း ဗဟိဒ္ဓအဖြစ်ကိုမစွန့် အစ္ဆရိယဘာဝ မကူး၊ အာမကဇာတိ ကုန်ဆုံးအောင် ကျိုချက်၍ မျိုခဲ့လျှင် အစ္ဆရိယဘာဝသို့ ပြောင်းကူး၍ ခိုင်ခဲ့သောရုပ်တို့ကို ပွားစေ၏၊ မျိုဘန်များ၍ ပွားဘန်များလျှင် တကိုယ်လုံးဝယ် ပကတိရုပ်နွယ် ကုန်ဆုံး၍ ထိုဓာတ်သွေး ဓာတ်သား ဖြစ်လေ၏၊ ထိုသို့ဖြစ်သော အခါ တရာတမ်းမှာပင် တထောင်မက နေရ၏။

သက္ကတော ဇရာယ ပဠိကမ္မံ ကာတုံ။ ။နေတ္တိပါဠိတော်။

ဇရာယ၊ အိုမင်း ဆွေးမြေ့ခြင်းဟူသော ဇရာတရားကို။ ပဠိ ကမ္မံ ကာတုံ၊ မဆွေးရအောင် ကြံဆောင် ပြုပြင်ခြင်းငှါ။ သက္က တော၀၊ ဖြစ်ကောင်းသည်သာတည်း။

ရသာယန ဘေသဇ္ဇံ ပန သုစိရံဝိ ကာလံ ဇီဝိတံ ပဝတ္တေတိ ယေဝ။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ရသာယန ဘေသဇ္ဇံ ပန၊ ရသာယန ဓာတ်ဆေးမျိုး သည် ကား။သုစိရံဝိကာလံ၊တရားတွင်းမှာ တရာ တထောင်မက ကာလ ကြာမြင့်သည်တိုင်အောင်လည်း။ ဇီဝိတံ၊ အသက်ကို။ပဝတ္တေတိ ယေဝ၊ အရှည်ခံခိုင် တည်တံ့စေနိုင်သည် သာတည်း။

ဤသည်ကားကဗ္ဗိကာရဖွဲ့ဝရသောကာမဘုံသားကို့ဏ်ခန္ဓာ သည် ဓာတ်ခဲ ဓာတ်မီးတို့မှာ တွယ်တာ၍ တည်နေ ရကြောင်း ကို အထင်အလင်း ထိုးထွင်း၍ သိနိုင်ရန် အတန်ငယ် ဆိုလိုက် သော အချက်ပင်တည်း၊ ဤ အချက်ကို မျက်မှောက် ထင်ထင်

ကောင်းကောင်း မြင်မှသာ သခ်ါရ ဘာဝကို ပြုလိုက်တိုင်း လင်း
မည်ကြောင့် သခ်ါရဓမ္မာဘို့ကို ဆွလိုက်သောအချက်စုပင်တည်း။

အနိစ္စလက္ခဏာကို-သန္တတိ ဖုံးလွှမ်းသည့်, သန္တတိကိုခွါမှ အနိစ္စလက္ခဏာပေါ်သည်ဟူသောကျမ်းဂန်စကားခ့ဲ သန္တတိကို ခွါမှသည့် အာဟာရနှင့်စပ်၍ခွါမှ, ဣရိယာပထနှင့်စပ်၍ ခွါမှ, အနာရောဂါနှင့်စပ်၍ ခွါမှစသည်ဖြင့် များပြားဏ်

အာဟာရနှင့် စပ်၍ ခွါမှုကို ဆိုပေအံ့။ သဗ္ဗေ သတ္တာ အာ ဟာရ ဋ္ဌိတိကာ။သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါ တို့သည်။ အာဟာရဋ္ဌိတိကာ၊အာဟာရနှင့်တွဲဘက်၍ အသက် ရှည်ရ တည်ရကြကုန်ဏ်။ ပါဠိတော်။ တထပ်စာပြု၍ မျိုအပ် သော အစာခ့ဲ ဓာတ်ဆိ ထက်ဝက် ဓာတ်မီးထက်ဝက်ပါဏ်၊ ဆာလောင် နှမ်းလျ၍ နေသောသူခ့ဲ ဆာလောင်မှုကား ပါစက ဓာတ်မီးသည် အစာအိမ်မှာအစာမရှိ၍ အထက်နှလုံးအသည်းသို့ မီးကူးလျှင် နှလုံး အသည်းစသော ရင်တွင်းသားတို့မှ ဓာတ်မီး ထ၍လောင်သည်ကို ဆာလောင်မှု ခေါ်သည်၊ နှမ်းလျမှုကား တကိုယ်လုံးရှိ ရုပ်ဓာတ်တို့ဏ်လျော့ပါးမှုတည်း၊ လေဟုန် လှိုင်း ဟုန်ကြောင့် ရေမှဖြစ်သော လူပမာဏရှိသော ရေမြုပ်စုကြီး သည် ရေမှလွတ်၍ ကုန်းပေါ်သို့ရောက်လေရာ ရေနှင့်ကွာ၍ အာပေါအစေးခြောက်သဖြင့် အတွင်းတခွင်လုံး အပြင်တခွင်လုံး ရှိ ရေပွက်ဘို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ကြေပျက်ကြ ကုန်ဏ်၊ အတွင်းတခွင်လုံး ရေပွက်ငယ်တို့ ကြေပျက်ပုံကို အကုန်မြင် အောင်ကြည့်၊ ထိုအခါ အတွင်းသားရေပွက်တို့ ကြေပျက်ကုန် သည့်အတွက် ရေမြုပ်ခဲကြီး အတွင်းသားအားလုံးကျ၍ ဟာ၍ ကုန်သဖြင့် တင်းရင်းရင်း ကြီ၍သွားဏ်၊ ကျန်ရှိသောရေမြုပ်သား တို့လည်း လျော့လျော့ပါးပါး အားနဲ့ အင်နဲ့ ဖြစ်ကြကုန်ဏ်၊ မြင်အောင်ကြည့်။

ဒီးအိမ်ပျံ မှိုင်းခံရာ၌ ရေနံတိုင်ကြိုးကို ဒီးညှို၍ အတွင်းသို့ သွင်းလိုက်လျှင် ဒီးတောက်ဖျားမှ ထွက်သော အရိုးတို့သည် အိမ်တွင်းတခွင်လုံး အပြည့် တိုးပွားကာ နေကုန်၏၊ ဤကိုယ် တကောင်လုံးသည် ဒီးအိမ်ရှည်ကြိုးနှင့်တူ၏၊ တထပ်စာ မျိုလိုက်သောအစာရသည် ဒီးအိမ်တွင်သွင်းလိုက်သော ရေနံတိုင် ဒီးတောက်ကြိုးနှင့်တူ၏၊ အစာသစ်တွင် ပါသော ဓာတ်ဆိဓာတ် ဒီးတို့မှထ၍ တကိုယ်လုံးအပြည့် တိုးပွားသော မဟာဘုတ် ရုပ်သစ် ကလာပ်သစ်တို့သည် ဒီးအိမ်တွင်း၌ မှိုင်းခိုးတိုးပွားပြည့် လျှမ်းသည်နှင့်တူ၏၊ ဤ ဥပမာဖြင့် အစာအိမ်၌ ထမင်းအစာ ရောက်သောအခါ တကိုယ်လုံး၌ အတွင်းတခွင်လုံးအပ်သွားရာမျှ မလပ်ရအောင် ဘုတ်သစ် ရုပ်သစ် ကလာပ်သစ်တို့ တိုးတက် ဖြစ်ပွားပုံကို အတပ်မြင်အောင်ပြသည်၊ မြင်အောင်ကြည့်။

လူကောင်ပမာဏရှိသောမျက်တုံးဖလံတုံးကြီးဝယ် အလယ် အတွင်း၌ ဒီးကိုင်သွင်း၍ ထွန်းထားလျှင် ဒီးတောက်သည်နှင့် တပြိုင်နက် မျက်တုံး ဖလံတုံးတခုလုံး ဒီးရောင်အပြည့်အနှံ့ ဖြစ်ပေါ်၏၊ ထွန်းထားသောဒီး တဖွေးဖွေး သေ၍ သေ၍ မှိန်၍မှိန်၍ သွားလျှင် ထိုဒီးရောင်တို့လည်း ဆုတ်ယုတ် နည်းပါး၍ သွားကုန်၏၊ ဒီးတောက်သေလျှင် ဒီးရောင်တို့လည်း အကုန်ပျောက်ကုန်၏၊ ဤဥပမာဖြင့် ထိုရုပ်သစ် ကလာပ်သစ်တို့သည် အစာအိမ်မှ အာဟာရဆူလျှင် ဆူဆူတက် တိုးပွားကုန်၏၊ အာဟာရကျလျှင် ကျကြကုန်၏၊ အာဟာရ ကုန်လျှင် ကုန်ကြကုန်၏ဟု ပြသည်၊ မြင်အောင်ကြည့်။

သန္နိဋ္ဌာနဝါပုံကိုဆိုအံ့။ ယခုနေ့ ညစာ စားပြီးနောက် အစာရေစာ အပြီးဖြတ်လိုက်အံ့၊ ဤကိုယ်သည် အဘယ်သို့ ဖြစ်သွားမည်နည်းဟု ညွှန်နှင့်ကြည့်၊ ယခုစားသောအစာမကျမီအတွင်း ယင်းအစာတွင်ပါသော ဓာတ်ဆီ ဓာတ်မီးတို့၏ အဟုန်ကြောင့် တကိုယ်လုံး၌ ဓာတ်ဆီ ဓာတ်မီးတို့သည် လျှမ်းလျှမ်း တောက်

မျှ အာကုန်ထ၍ တကိုယ်လုံးဝယ် အထည်ခံ အမာခံဖြစ်သော ဝတ်ကြီးလေးပါးတို့ကို အပြည့်အနှံ့ ပွားစေကုန်၏၊ ဝတ်ကြီးလေးပါး အသစ်အသစ် ဖြစ်ပေါ်တိုးပွားလျှင် ကြာအိုင်ကြီး ဥပမာကဲ့သို့ ဝတ်ကြည်ဖြောက်ပါးတို့လည်း လင်းလင်းတက် တိုးပွားကုန်၏။

နွေအခါ ဖြောက်သွေ့ ကျဲချောင်၍နေသော တောကြီးမှာ ဒိဃီးကြီး သည်းစွာရှာ၍ ယခုအသစ် ဖြစ်ပေါ် ပေါက်ပွားသော အညွှန့်အရွက်တို့ဖြင့် ထူထပ်ပိတ်ဆို့.ညို.ညို. မှိုင်းမှိုင်းဖြစ်သကဲ့သို့တည်း၊ မိုးအိမ်ပျံ ဥပမာနှင့်လည်း တူအောင်ကြည့်၊ မျက်လုံးနှစ်ခုသည် ထိုတောအုပ်၌ ချုံပုပ်ငယ် နှစ်ခုနှင့်တူ၏၊ ထိုချုံငယ်နှစ်ခုသည် အရွက်ကြွေ၍ ကျရစေနေစဉ်ဒိဃီးကြီးရှာ၍ အတွင်းအပြင် အရွက်အညွှန့်ပြည့်သဖြင့် တချုံလုံးစွဲ၍ ဆန်း၍ ပိတ်၍ ပိန်း၍ စိမ်းစိမ်း ညို.ညို. မှိုမှိုမှိုင်းမှိုင်း ဖြစ်ပြန်၏၊ ချုံဖြစ်ပုံကို မြင်အောင်ကြည့်၊ မျက်လုံးနှစ်လုံးမှာလည်း ဝမ်း၌ အစာမှ၍ မျက်လုံးရုပ်ခဲအတွင်းသားကျရစေနေပုံ,အစာမျိုသောအခါ ဒိဃီးကြီးရှာ၍ တချုံလုံး ပေါက်သော အရွက် အညွှန့် ပြည့်သကဲ့သို့ အစာ၌ပါသော ဝတ်ဆိအဂိုး ဝတ်မီးအဂိုး တက်၍ မျက်လုံးတွင်းရှိ ဝတ်ဆိ ဝတ်မီးတို့ကို လန်းလန်း ဆွတ်ဖြူး ကြွအောင်နှိုး၍ ထိုဝတ်ဆိ ဝတ်မီးတို့၏ အစိုးအပွား ဝတ်ဆိ လေးပါး အကြည်ဝတ်သုံးပါးတို့ တဖွားဖွား ဖြစ်ပေါ်တိုးတက် ပြည့်လျှမ်းပုံများကို အတပ်မြင်အောင် ကြည့်၊ ဤသို့သော အချက်သို့ ဆိုက်မှ ဒိဗ္ဗစက္ခု တိဟိတ် နှစ်ပါး ကွဲပြားသည်၊ ဒိဗ္ဗစက္ခု မှန်လျှင် မြင်အောင် မကြည့်နိုင်၊ တိဟိတ်မှန်မှ အတပ် မြင်အောင် ကြည့်နိုင်သည်။

ထိုကြောင့် ကျွတ်ထိုက်သော တိဟိတ် အင်္ဂါကို ပြရာ၌ ''ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော'' ဟု ဟောတော်မူသည်၊ ဥဒယတ္ထဂါမိနိယာ၊ ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အသစ်

အသစ် တဖွားဖွား ဖြစ်ပေါ် တိုးတက်ချက်ကိုလည်းကောင်း၊ ဖြစ်ပေါ်တိုးတက်ပြီးသော ထိုရုပ်ဓာတ် နာမ်ဓာတ်တို့၏ အစဉ် အတိုင်း ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ပျက် ကွယ်ပျောက်ချက်ကို လည်းကောင်း အတပ်သိနိုင် မြင်နိုင်သော။ ပညာယ၊ ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

မျိုးမသိသော တောဖြစ် တောင်ဖြစ် မြေဖြစ် ရေဖြစ် အစာရေစာခဲပါသော ဗဟိဒ္ဓဓာတ်ဆိ ဓာတ်ဒီးတို့မှဆက်လက်ဖြစ်ပေါ်ကြသော ရုပ်သစ် ကာလာပသစ်တို့ ဖြစ်ခြင်းကြောင့်လည်း ထို တဖွားဖွား ဖြစ်ပေါ်ကြကုန်သော ရုပ်သစ် နာမ်သစ် ကလာပ် သစ်တို့သည် အခိုက်အတန့်ဖြစ်ပေါ်လာသော အာဂန္တုတို့ သာတည်း၊ ငါနှင့်မဆိုင် ငါပိုင်မဟုတ်ကုန်၊ အနာဂုပ်ကြီးခဲ့ ဘဲရိုင်း ယင်မတို့လွှတ်၍ကျသော သိမ်မွေ့သေးငယ်လွန်စွာသော လောက်ရှင်တွေနှင့် ထပ်တူတို့ သာတည်း၊ ကိုယ်တွင်းခဲ့ပင် ဖြစ်ကုန်သော်လည်း ထိုလောက်ရှင်တို့ကို ငါ့ကိုယ်ငါ့ကိုယ်ဟု အတွင်းပြု၍ သိမ်းပိုက်ခြင်းငှါ မထိုက်ပေ၊ ထိုမျက်စိ နှစ်လုံးခဲ့ ဥတုဇရုပ် ကြမ်းဖြစ်သော အသားကြမ်း အသွေးကြမ်းရုသည် အထည်ခံတည်း၊ ထိုအထည်ခံ ရုပ်ကြမ်းရုကား သေသည်နောက် တိုင်အောင် ကျန်ရှိလေ၏၊ အကာရုပ် အခွံရုပ်ရုပေတည်း၊ သတ္တဝါဟု မှောက်မှားကြသော ရုပ်နှ ဓာတ်နှုတို့မှကား သေသည်နှင့် တပြိုင်နက် ချုပ်ကွယ်ကုန်၏၊ ဖြစ်ပွားချက်ကို မြင်ရသည်ဆိုသော်လည်း ဝတ္ထုအထည်ခြဗ်အနေနှင့် မမြင်စေနှင့်, လက္ခဏာဝိုင်းကပြခဲ့သော အချက်ရုအတိုင်း ရိပ်ရိပ် ရိပ်ရိပ် မာချက် တိုးတက်၍လာသည်ကား ပထဝီတည်း မြေဓာတ်တည်း စသည်ဖြင့် အမျှအရာ ကြီယာမျှကို မျက်လုံးသား တခုလုံး ညာဏ်နှင့်ကြည့်၊ မြင်အောင်ကြည့်နိုင်လျှင် တိဟိတ်၊ မကြည့်နိုင်လျှင် ဒွိဟိတ်၊ ထိုသို့ တိုးတက်ဖြစ်ပွား၍ မျက်လုံး ပြည့်သောအခါ ထိုသတ္တဝါအား ငါငါဟူသော ငါလုံး, ငါ့ငါ့ဟူသော ငါ့လုံး နှင့်တကွ ကွဲရှ တောင့်တင်းသော စိတ်သညာသည် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာ

သောရပ်သစ်တို့ကို ငါပြု၍ ကြည့်ကြည့်လင်လင် ငါမြင်သည်ဟု မိန္ဆာအားယူဖြစ်၏၊ ထိုရပ်သစ် ကလာပ်သစ်တို့ကို အာဂန္တုက ပြင်ပစင်စစ် လောက်ဖျင်တို့နှင့် မခြား ထင်နိုင်မှသာ မိန္ဆာအယူ ပျောက်၍ သမ္မာအယူ ရောက်နိုင်မည်။

ဥဒယကို ပြသော အာချက် ပြီး၏။

ထိုနေ့ ညစာကိစ္စနှင့်မျိုလိုက်သောအစာကို့သည် သန်းခေါင်ကျော်မှသာ မပုပ်မနွမ်းတည်နိုင်ကုန်သည်၊ သန်းခေါင်ကျော်ကို လွန်လျှင်ပင် မစင်ပုပ်အဖြစ်သို့ တရွေ့ရွေ့ရောက်လေ၍ ပုပ်သိုးယိုနွမ်းကြလေကုန်၏၊ ထိုအခါ မိစ္ဆာခေါတ် ရေခေါတ်နှင့် ဝေး၍ တဖြည်းဖြည်း ရင့်ရော်ရေ့ရဲသဖြင့် ထိုတောအုပ် ထိုချုံငယ်ရှိ သစ်ရွက်တို့သည် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်ကြွေကျ၍ တောအလုံး ချုံအလုံး အရိုးကဲ့ကဲ့ အခြွင်ကဲ့ကဲ့ ပွဲခြောက် ခေါင်းပါးပြန်သကဲ့သို့ ထိုအတူ သန်းခေါင်ကျော်ဘိုင်အောင် ကိုယ်နှင့်အပြည့်ဖြစ်သော မျက်လုံးအိမ်နှင့်အပြည့် ဖြစ်ပွားး တိုးတက်ကြကုန်သော ခေတ်ကြီးလေးပါး အကြည်ခေတ်အများတို့သည် ခေတ်ဆိ ခေတ်ဓိုး တို့ တရွေ့ရွေ့ဆုတ်ယုတ်သည်နှင့် ထက်ကြပ်တကွဆုတ်ယုတ်ကွယ်ပျောက် ကြပြန်ကုန်၏၊ မျက်လုံးသားသည် အရိုးကဲ့ကဲ့ အခြွင်ကဲ့ကဲ့ ရေ့ရဲနွမ်းပါး ကြုံ၍သွားပြန်၏၊ သတ္တဝါသည် လည်း ကြည့်မှမြင်မှမနှင်မပျက်ပြန်၏၊ တောချုံငယ်၌ အတွင်း အပြင်တွင် အရွက်တွေ့ကြွေကျချက်နှင့် ထပ်တူ ထပ်မျှ မြင်အောင်ကြည့်၊ မြင်လျှင် တိတိတ်၊ မမြင်လျှင် ဒွိဟိတ်။

မြစ်နားတလျှောက်ရှိ ချောင်းထဲ မြောင်းထဲ အင်းထဲ အိုင်ထဲမှာ မြစ်ရေကြီးစွာတက်သောအခါ အပြည့် အလျှမ်း ရှိနေသော ချောင်းရေ မြောင်းရေ အင်းရေ အိုင်ရေ တို့သည် မြစ်မက ရေကျ၍ သွားလျှင် လျှောပါလေကုန်သည်နှင့်လည်း အတန်ငယ် တူပါ၏၊ အစာသစ်ဆိုရသော ဗဟိဒ္ဓ ခေတ်ဆိ ခေတ်ဓိုးတို့မှာ

တွယ်၍ဖြစ်ပွားရသော ထိုမျက်လုံးဂို့ အစ္ဆာတွ ရုပ်နာဓ ရုသည့် ဗဟိဒ္ဓ ဓာတ်ဆိ ဓာတ်မိုးတို့ ဆုတ်ယုတ် ကျလျော့လျှင့် ဆုတ်ယုတ်ကျလေသောကြောင့် ဆိုခဲ့ပြီးသော အာဂန္တု၊အဖြစ်သည် ထင်ရှားလှ၏၊ ငါမပိုင် ငါမနိုင်၍ မဆိုင်မှုသည် ထင်ရှားလှ၏။ အကြောင်းတခုကြောင့် ထိုအနာပုပ်တွင်းမှာပင် သေပျောက်ကွယ်ဆုံးကြသော လောက်ငယ်တွေနှင့် တူလှပေ၏၊ မြင်အောင်ကြည့်၊ မြင်လျှင် တိဟိတ်၊ မမြင်လျှင် ဒွိဟိတ်။

အစာသစ် အိမ်မှာ ပါစကဓာတ်မီး အဆိထုတ် ပြီးသော ရသဓာတ်ရည်ရုသည် ဖရဏဓာတ်လေကြောင့် ဆူဝေလျောက်သွား၍ တကိုယ်လုံး အပြည့်ရှိနေသော အခါ ညှစ်ဓာတ်မီးဂို့နှိန် စောင့်ရှောက်ချက်ကြောင့် ရုတ်တရက် အကုန် မပုပ်မယိ မကုန်မခန်းတဲ့မူ၍ တရွေ့ရွေ့သာ ပုပ်ယိ ကုန်ခန်းသဖြင့် တကြိမ်မျိုသော အစာအသက် ခုနစ်ရက်ဖြစ်ရလေသည်။

ထိုကြောင့် အစာသစ်အိမ်မှာ အစာသစ် ကုန်ပြီးနောက် ထိုအစာသစ်မှ ဖြစ်သော ဓာတ်ဆိညှန့် ဓာတ်မီးညွှန့်ဟု ဆိုအပ်သော ရသဓာတ်ဆိတို့ စောင့်ထိန်းချက်ကြောင့် တကိုယ်လုံးရှိ အတွင်းဓာတ်နှတို့သည် ခဏစဉ် အတိုင်း တဖြုတ်ဖြုတ် ချုပ်ကုန်ငြားသော်လည်း ရုတ်တရက် မကုန်တဲ့မူ၍ ခုနစ်ရက်တိုင် အောင် မြင့်၍ သွားကုန်၏၊ ခုနစ်ရက်တိုင်လျှင် အကြွင်းမရှိကုန်၏၊ သတ္တဝါကို သေပြီဆိုရ၏။

ဤအချက်ကို ကြာရုံကြီးဥပမာနှင့် ထင်စွာပြဦးအံ့၊ အိုင်တွင်းဌ ရေရှိသောအခါ ကြာရုံ ရှင်လန်း၏၊ အိုင်တွင်းဌ ရေကုန်လျှင် ကုန်ခြင်း ကြာရုံမသေတဲ့သေး၊ ရွံ့ရုတ်၍နေသော ရေအစောင့်အရှောက်နှင့် မသေဘဲနေနိုင်သေးသည်၊ ရွံ့ရုတ်သောရေကုန်၍ ရွံ့ခြောက်မှ သေသည်။

သေပုံကား—ရွံ့ရုတ်သောရေသည် အားရှိတုန်းအခါကြာမြစ်မှ လျောက်၍ ကြာရွက်ဖျား တိုင်အောင် တက်သည်၊ နေပူ၍ တနေ့တခြား ရေအားနည်းသောအခါ ကြားရွက်ဖျားမှစ၍

တရွေ့ရွေ့ ရေသက်ကုန်ခန်းသည်၊ ရေသက် ကုန်ခန်းရာ ကုန်ခန်းရာမှ ခြောက်သွေ့သေဆုံး၍လိုက်သည်၊ နွံရုတ်သော ရေသက် အကုန်လုံး ကုန်သောအခါ အပင်ပါ အမြစ်ပါ သေဆုံးသည်၊ ဝမ်းခွဲတည်သော အစာသစ်သည် ကြာအိုင်ရှိရေနှင့် တူသည်၊ ဝမ်းခွဲ အစာသစ်ကုန်ပြီးနောက် ထိုအစာသစ်မှ တကိုယ်လုံးပြန့်နှံ့၍ နေသော ရသဓာတ်ဆိသည် နွံရုတ်၍ ထားသော နွံထဲရှိရေနှင့်တူသည်၊ ဝမ်းခွဲ အစာကုန်သော်လည်း ထိုရသဓာတ်ဆိ စောင့်ရှောက်ချက်ကြောင့် ခုနစ်ရက် အသက်ရှည်မှုသည် နွံထဲရှိ ရေစောင့်ရှောက်ချက်ကြောင့်ကြာရုံမသေဘဲ နေသေးသည်နှင့်တူသည်၊ ထိုကြာရုံသည် မသေသေးသော်လည်း အိုင်တွင်းရေ လျော့ပါးလျှင် လျော့ပါးသည်၊ အိုင်တွင်းရေ ကုန်လျှင် မသေရုံမျှ ကျန်ရှိသည်၊ အိုင်တွင်းရေ ကုန်လျှင် နွံတွင်းရေလည်း တနာရီတခြား တနေ့တခြားခန်း၍ သွားသကဲ့သို့ ဝမ်းခွဲရှိသော အစာကုန်လျှင် ကိုယ်တွင်းခွဲရှိသော ရသဓာတ်ဆိတို့သည် တနာရီတခြား တနေ့တခြား ကုန်ခန်းကုန်သည်၊ နွံတွင်းရေ တနာရီတခြား ခန်း၍သွားလျှင် ကြာရုံမှာလည်း ကြာရွက်ဖျားမှစ၍ တနာရီတခြား အဝေးကုန်ခန်း၍ လျော့ပါး၍သွားသကဲ့သို့ ကိုယ်တွင်းရှိ ရသဓာတ်ဆိ တနာရီတခြား ကုန်ခန်း၍ သွားလျှင်လည်း ကိုယ်တွင်းရှိဓာတ်ဆိ ဓာတ်မီး ဓာတ်ကြိုး ဓာတ်ကြည်တို့ ခြေဖျား လက်ဖျား နားရွက် မျက်လုံး စသည်တို့မှစ၍ ကုန်ခန်းကြကုန်သည်၊ နွံတွင်းရှိရေ အကြွင်းအကျန် မရှိကုန်၍ ခြောက်သွေ့သောအခါ အမြစ်ပါ ကြာပင်သေဆုံး သကဲ့သို့ အသည်းနှလုံးရှိ ရသဓာတ်ဆိ တိုင်အောင် အကြွင်းအကျန် မရှိကုန်ခန်းသောအခါ အသည်းနှလုံးရှိဓာတ်နှင့်တို့အကုန်ချုပ်ဆုံး၍ သတ္တဝါသေပြီဟုဆိုရသည်၊ ဥပမာမှာ အမြင်လင်းအောင် ကြည့်။

အထက်၌ ဆိုခဲ့ပြီးသော အကိုင်း ဝမ်းတွင်းရှိ အစာကျသော အခါမှစ၍ မျက်လုံး တွင်းရှိ ဓာတ်ဆိ ဓာတ်မီး ဓာတ်ကြိုး ဓာတ်

ကြည့် တို့သည် အားအင် လျော့ပါးကုန်၏၊ ထင်းအား မီးအား ကောင်း၍ ခွင်ပေါ်ရှိ အိုးတွင်းခွံ ဆူဝေပြည့်လျှမ်း၍ တက်သော ရေမြုပ် ရေပွက်တို့သည် ထင်းအား မီးအား နည်းသော အခါ လျော့ပါး၍ ကျကုန်သကဲ့သို့ ထင်းကုန် မီးကုန်သည့်အခါ ဖြုတ် ဖြုတ်ဖြုတ်ဖြုတ် ကျပျက်ချုပ်ဆုံးကြကုန်သကဲ့သို့ အစာသစ် အိမ်တွင် အစာကုန်သော အခါမှစ၍ မျက်လုံးတွင်းရှိ ဝတ်ဆီ ဝတ်မီး ဝတ်ကြိုး ဝတ်ကြည့်ကို့သည် တဖွေးဖွေး အားနည်း ကုန်၍ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ချုပ်ကြပျက်ကြ ကွယ်ပျောက် ကြကုန်၏။

မျက်လုံးနှစ်ခုကို ကွက်ခြားခြင်း၌ ဆိုသည်မှာ ဉာဏ်အမြင် လင်း ကဲ့မည့်နေရာဖြစ်၍ ကွက်ခြားသည်၊ မျက်လုံး နှစ်ခုဌ အတာ ပြင်ပြီးမှ တကိုယ်လုံးဉာဏ် ဖြန့်ရမည်၊ ထိုသို့ ချုပ်သောအခါ ထိုသတ္တဝါလည်း တဖွေးဖွေး နှမ်းပါးကြဲလို၍ သွားတော့သည်၊ ထိုဓာတ်နှုတို့ ချုပ်ကုန်ရာသို့ ထိုသတ္တဝါ၏ အားသည်လည်း ရိပ်ရိပ် ရိပ်ရိပ် အဝိုင်းအဝိုင်းပြတ်၍ပါလေတော့သည်၊ ထိုသတ္တ ဝါ၏အသက်သည်လည်း အဝိုင်းအဝိုင်းပြတ်၍ပါလေတော့သည်၊ အား ဟူသည်ကား ဗလဓာတ် ပေတည်း၊ အသက် ဟူသည် ကား ဇီဝိတရုပ်ရုတည်း၊ အသက် အဝိုင်းအဝိုင်း ကြွေ၍ ကြွေ၍ ပါလေသောအခါမှစ၍ထိုသတ္တဝါ နည်းနည်း နည်းနည်းသေပြီ၊ သို့သော်လည်း ဇီဝိတရုပ် အကြွင်းအကျန် များသေး၍ အသေ မခေါ်ကြသေး၊ ထိုသို့ တနာရိုထက်တနာရိတကိုယ်လုံးရှိအတွင်း ဓာတ်နှု အားနှု အသက်တို့ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် မစဲချုပ်၍ အတွင်ချုပ်၍ နှစ်ရက် သုံးရက် လေးရက် ငါးရက် ခြောက်ရက် တိုင် သေ၍သွားသဖြင့် အရွက်ဖျားမှစ၍ အစဉ်အတိုင်း သေ၍ လာသော ကြာရုံကဲ့သို့ ထိုသတ္တဝါဝယ် ဦးခေါင်း ခြေလက် မျက်စိ နား နှာ စသော ကိုယ်အင်္ဂါအဖျားအနားမှစ၍ အသက် ကုန်၍ ကုန်၍ သွား၏။

သုခဖွဲ့ဝတ္ထု-၇၁၁-၁၆

နောက်ဆုံးခွဲ နှလုံး အာသည်းရှိ ဓာတ်ဆိုး ဓာတ်မီးနှ ဓာတ်ကြီးနှ ဓာတ်ကြည်နှကို အကြွင်းအကျန်မရှိကုန်ဆုံးကွယ်ပျောက်သောအခါ အသက်လည်း အကြွင်းအကျန်မရှိ ကုန်ဆုံးလေတော့သည်၊ ထိုအခါ ထိုသတ္တဝါကိုသေပြီ ဆိုကြသည်၊ အံစာသစ်အိမ်၌ အစာပြုတ်သော အခါမှစ၍ တကိုယ်လုံး အပြည့်ရှိသောဇီဂရဏာဓာတ်မီးတို့လည်း အခွင့်ကြီးရကြ၍ မျက်လုံးတွင်းရှိ ဇီဂရဏာ ဓာတ်မီးတို့သည် မျက်လုံးတွင်းရှိ ဓာတ်ဆိ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့ကို အစဉ်အတိုင်း ကုန်အောင် ခန်းအောင် တမျှင်းမျှင်းလောင်ကုန်၏၊ ထိုဓာတ်ဆိ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့သည် အသက်ခဲစရှနှင့်တကွ တမျှစ်မျှစ် ကွယ်ပျောက် ကုန်ဆုံးကြကုန်၏၊ ဤအတူ ဦးဏှောက်ခဲကြီး တခုလုံးရှိ ဇီဂရဏာဓာတ်မီးတို့သည် ထိုဦးဏှောက်ခဲကြီး အပြည့်ရှိသော ဓာတ်ဆိအနှ ဓာတ်မီးအနှ ဓာတ်ကြီးအနှ ဓာတ်ကြည်အနှလုံးကို အာသက်ခဲစရှနှင့်တကွ တမျှင်းမျှင်း ကုန်ခန်း စေကုန်၏၊ ထိုအတူ အာသည်းတွင်းရှိ အာဆုတ်တွင်းရှိ နှလုံးတွင်းရှိစသည်ဖြင့် တကိုယ်လုံးကုန်အောင် ညဏ်နိုင်ရုံ ကွက်၍ ကွက်၍ ကြည့်လေ။

အထက်၌ ပြခဲ့ပြီးသော ဂွမ်းခဲကြီးကို မီးနှင့်ကပ်သော အခါ ဂွမ်းမွေးတိုင်းရှိသော ဆိကြည့်တို့ ချုပ်ကြကုန်သကဲ့ သို့လည်းကောင်း, ရေမြှုပ်ခဲကြီးရှိ ရေပွက်ငယ်တို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း, ကြာရုံတွင်းရှိ အစေးတို့ ချုပ်ကြကုန်သကဲ့သို့လည်းကောင်း, ထပ်တူ ထပ်မျှ မြင်အောင်ကြည့်၊ တကယ်မြင်ပေလျှင် ပေဏဝိတ္ထာ။ပမံ ရုပံ ဟု ဟောတော်မူသော ခန္ဓသံယုတ်ကို ဟုတ်လှပေသည်ဟု ဖြစ်လတ္တံ့၊ ရုပံ၊ ရုပ်ကောင်ကြီးသည်၊ ပေဏဝိတ္ထာ။ပမံ၊ အထက်က ထုတ်ပြခဲ့သော ရေမြှုပ်ခဲကြီးနှင့် တထပ်ထည်း တူလှ၏၊ တကိုယ်လုံးရှိ မာဆက်မာမှုဟူသော မြေဓာတ်ကြီး, ဖွဲ့မှု စည်းမှုဟူသော ရေဓာတ်ကြီး, နွေးမှု အေးမှုဟူသော မီးဓာတ်ကြီး, တောင့်မှု တင်းမှုဟူသော

လေဓာတ်ကြီး ဤဓာတ်ကြီးလေးပါးတို့၏ ရိပ်ရိပ် ရိပ်ရိပ် ဇေ့ဓါ ဇေ့. ဇေ့.ဇေ့. ချုပ်ယုတ် ကုန်ခန်းချက်တို့ကို ဖြင်လတ္တံ့။

စိတ် စေတသိက်တို့နှင့် တကွသော ဓာတ်ကြည်မျိုးတို့သည် ကား မိဃ်းတိမ် တိုက်ကြီး၏ အပေါ်တွင် ဖြစ်ပေါ်ထင်ဖြင်ရသော သက်တံရေးတို့နှင့် တူကုန်၏၊ မဟာဘုတ်ဓာတ်ကြီးရသည် မိဃ်းတိမ်တိုက်နှင့် တူ၏၊ မိဃ်းတိမ်တိုက် ထူထပ်လျှင် ထိုသက်တံရေးတို့သည် နတ်ဝတ်ပုဆိုးကို ဖြန့်တန်း၍လှန်းထားသကဲ့သို့ ရှိကုန်၏၊ မိဃ်းတိမ်တိုက်ပါးလျားလျှင် ပါးလျားကုန်၏၊ မိဃ်းတိမ်တိုက် အပိုင်းအပိုင်းပြတ်၍ သွားလျှင် အပိုင်း အပိုင်း ပြတ်ကုန်၏၊ မိဃ်းတိမ် ကွယ်ပျောက်လျှင် ကွယ်ပျောက်ကုန်၏၊ ဤဥပမာအတိုင်းပင်တည်း၊ အတပ်ဖြင်အောင် ကြည့်လေ၊ ဤသို့သော အချက်သို့ဆိုက်မှ ဒွိဟိတ် တိဟိတ်နှစ်ပါး ကွဲပြားသည်၊ ဒွိဟိတ်မှန်လျှင် ဖြင်အောင် မကြည့်နိုင်၊ တိဟိတ်မှန်မှ အတပ်ဖြင်အောင်ကြည့်နိုင်သည်၊ ထိုကြောင့် ကျတ်ထိုက်သော တိဟိတ်အင်္ဂါကိုပြရာ၌ ဥဒယဗ္ဗယဉာဏ ပညာယ သမန္နာဂတောဟု ဟောတော်မူသည်၊ အနက်မှာ အထက်ဥဒယအခဏ်းက ပေးခဲ့ပြီ။

ဤသို့လျှင် ရိပ်ရိပ် ရိပ်ရိပ်တိုးတက်ဖြစ်ပွားမှုဟူသော ဥဒယသဘော, ရိပ်ရိပ်ရိပ်ရိပ် ဆုတ်ယုတ် ကုန်ခန်းမှုဟူသော ဝယသဘောကို တကယ်ဖြင်ပေမူကား-

ယော စ ဝသတတံ ဇိဂေ၊ အပသံ ဥဒယဗ္ဗယံ။
ဧကောဟံ ဇိဝိတံ ဃေယျော၊ ပသတော ဥဒယဗ္ဗယံ။
ဟု ချီးမွမ်းချက်နှင့် ထိုက်သက်ပေတော့သည်။

ယောစ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ ဝယဖြစ်ပုံကို။ **အပသံ**၊ အိမ်မက်တွင်မှ မမြင်ဘူးဘဲ။ ဝသသတံ၊ အနှစ်တရာပတ်လုံး။ ဇိဂေ၊ အသက်ရှည်၏။ တသ၊ ထိုသူ၏။ ဇိဝိတာ၊ အနှစ်တရာ အသက်ရှည်မှ

ထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ဓမ္မတို့၏ ဥဒယဖြစ်ပုံ ဝယဖြစ်ပုံကို။ ပဿတော၊ မြင်သောသူ၏။ ဇကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

ရိပ်ရိပ် ရိပ်ရိပ် ပြိုပျက်မှုကို အတပ်မြင်လျှင် ဓာတ်ဘီလူးစား ချက်ကိုလည်း အတပ်မြင်လတ္တံ့၊ အနိစ္စလက္ခဏာကိုလည်း အတပ် မြင်လတ္တံ့၊ အနိစ္စဖြစ်၍ ထိတရားတို့ နှိမ်းပါးညှိုးချုံးမှု, သေဆုံးချုပ်ပျက်မှုသည်ပင် ဒုက္ခမျှဖြစ်လေရကား ဒုက္ခလက္ခဏာကိုလည်း အတပ်မြင်လတ္တံ့၊ အနှစ်မရှိ၍ သိရသော အနတ္တလက္ခဏာ, ထိပုဂ္ဂိုလ်၏ အလိုရှိချက်သို့ မလိုက်၍ သိရသော အနတ္တလက္ခဏာ, ထိတရားတို့ ဖြစ်မှု တည်မှု ပျောက်မှု ဆုတ်ယုတ်မှု ချုပ်ဆုံးမှုတို့မှာ အာဏာပေး၍ အရေးမရသောကြောင့် အစိုးမရ၍ သိရသော အနတ္တလက္ခဏာ, ဤအရာတို့လည်း ကောင်းစွာ ထင်လင်းကုန်လတ္တံ့။

ဤသို့လျှင် တနေ့ တနေ့လျှင် နှစ်ထပ် နှစ်ထပ်မျှ၍ မြေဖြစ် ရေဖြစ် ဓာတ်ဆိ ဓာတ်မီးတို့ကို အယူညမပြတ်ရအောင် ဆက်သွင်းသဖြင့် အတွင်းဓာတ်ဆိ အတွင်းဓာတ်မီး အတွင်းဓာတ်ကြီး အတွင်းဓာတ်ကြည်တို့၏ချုပ်ချုပ်ဖြစ်ဖြစ်အသစ်အဟောင်း သောင်းပြောင်း ရောထွေ အနေမပျက် ဆက်လက် မြင့်ရှည် အစဉ်တည်မှသည် သန္တတိပညတ်မည်၏၊ ထိသန္တတိပညတ် မြွေးယှက် ဖုံးလွှမ်းမှကြောင့် ဒိုတောင်လဲ ရွက်ခုပ်နှံ သစ်ပင်ဥ အသစ်အသစ်နှံသော အရွက်တို့၏ ဖုံးလွှမ်းချက်ကြောင့် အနေမပျက် စည်ကားလှုပ်သာ မြင်ရသဖြင့် တနေ့မစဲ တဖွဲဖွဲကြွေ ချက် အရွက်အဟောင်း ကုန်၍ကုန်၍ သွားချက်မျှားကို အပင်ကို ကြည့်၍ သိနွင့်မရှိ၊ ဤအတူ လူတို့ခန္ဓာမှာလည်း ရှေးရှေးအနုပ်က မျိုးအပ်သော ဓာတ်ဆိ ဓာတ်မီးတို့ အတွက်နှင့် တိုးတက်ပြည့်လျှမ်းသော တကိုယ်လုံးရှိ ဓာတ်ဆိ ဓာတ်မီး ဓာတ်ကြီး ဓာတ်ကြည်တို့သည် တဆဲ့ငါးနာရီမှ တည့်တံ့စွာနေကြ၍ တဆဲ့ငါးနာရီကို လွန်သောအခါမှစ၍ ထိသစ်ပင်ရှိ သစ်ရွက်ဟောင်းတို့

ကဲ့သို့ တရွေ့ရွေ့ချုပ်ပျက် ကွယ်ဆုံးကြကုန်၏၊ ခုနစ်ရက်ခန့် တိုင်လျှင် ထိုတနပ်မှ ဖြစ်ပွားကြကုန်သော ဓာတ်အပေါင်းတို့ သည် မကြွင်းမကျန် ကွယ်ဆုံးကုန်၏။

ထိုအနပ်ဝယ် တဆဲ့ငါးနာရီကျော်၍ အတော်လျော့ပါး အင် အားနည်းချိန်သို့ကျလျှင် ဒုတိယအနပ်·ထောက်ရပြန်၏၊ ပဌမ အနပ်စား ယိုယွင်းရာကို ဒုတိယအနင်္ဂါက ဖြည့်ပေ၏၊ ဒုတိယ အနပ်စား ယိုယွင်းရာကို တတိယအနပ်က ဖြည့်ပေ၏၊ ဤသို့ရှေး ရှေးအနပ်စား ဆုတ်ယုတ်လျော့ပါး အင်အားချိနဲ့ ဂိုချိန်ကျလျှင် နောက်နောက် အနပ်ကထောက်၍ ဖြည့်ကာဖြည့်ကာ လာခဲ့ကြ သောကြောင့် ရှေးရှေးအနပ်အတွက် တိုးတက်သမျှတဆဲ့ငါးနာရီ ကျော်ကစ၍ တခုမကျန် ကုန်သည်တိုင်အောင် ကြေပျက်ကွယ် ဆုံး၍ သွားသည်ကို မသိကြ မမြင်ကြ ဂိုလေသည်၊ မသိကြ သော်လည်း ပဌမ အနပ်က ဖြစ်ပေါ်သော မျက်လုံးသား ရုသည် ခုနစ်ရက်တွင် ကုန်သည်၊ ထိုအတူ ဦးဏှောက်ခံရ၍ အသည်းခံရ၍ နှလုံးခံရ လျှာခံရ ကိုးရာသောသားတစ်ခံရ သလိပ်ရည် သလိပ် ခံရ သည်းခြေရည် သည်းခြေခံရ သွေးရည် သွေးခံရ အလုံးစုံတို့ သည် ခုနစ်ရက်တွင် ကုန်ဆုံးသည်။

တဆဲ့ငါးနာရီကျော်၍ အတန်ငယ် ကွယ်ပျက်လျော့ပါးသည် မှစ၍ ကွယ်ပျက်ကိုင်း ကွယ်ပျက်တိုင်းမှာလည်း တကိုယ်လုံးရှိ အားခဲ အသက်ခဲတို့လည်း ဗျက်ဗျက်ကြွေ၍ ပါလေကုန်သည်၊ ယခုနှဲ့မှစ၍ အစာရေစာကို အပြီးဖြတ်ခဲ့သော်ဟု ကြံ၍ရှုမှ သန္ဓာတိပညတ် ပြယ်ပျောက်၍ မြစ်ရေကို ကြည့်၍နေသော ယောကျ်ားသည် တွေတွေ တွေတွေ မျှောသွားလေသောမြစ်ရေ ဟောင်းရကိုလည်း မျှောလာမှန်း သိရသည်၊ ထိုနေ့ရာမှာ ထပ် ကာထပ်ကာ နောက်ထပ်လာ၍ဖြစ်လာသောရေသစ်ရကိုလည်း နောက်လာသက်သက် ဖြည့်လျှောက်ချက်ဟု အတပ်မြင်သည်၊ ဤအတူ ပွားမြင်စမှစ၍ ယခုနှဲ့တိုင် တနာရီမစဲ အသားခဲ ဦး ဏှောက်ခဲအဆုတ်ခဲ နှလုံးခဲအသည်းခဲ မျက်လုံးခဲ အားခဲ အသက်

ခဲ ထိုတကိုယ်လုံးမှ ခဏာမစဲ ကြေပြုန်းကွယ်လွန်၍ သွားချက်တို့ကို မြင်သာသည်၊ ထိုကိုမြင်ရလျှင် နောက်နောက် မျိုအာပ်သောအထပ်စုသည် ထိုယိုပွင်း ကွယ်ဆုံးသော နေရာစုကို အခြေအနေ မဘောက်ပြားအောင် အားစိုက်မှု အစားသွင်းမှု အစားထူထောင်မှုသာဟု မြင်နိုင်သည်၊ ထိုနှစ်ချက်ကို မြင်လျှင်လည်း တနေ့လျှင် နှစ်ထပ်နှစ်ထပ် စားမှုသည် အသက်မပြတ်ရအောင် အသက်သစ်သွင်းမှုပင်တည်းဟု မြင်နိုင်မည်။

ထိုသို့ မြင်ရလျှင် လဆန်းမှာ နေ့ိုက် လပြည့်ကျော်တို့ အသက်စုသည် စပါးထဲ ဆန်ထဲမှာရှိသေးသည်ဟုမြင်နိုင်သည်၊ အသစ်အသစ်မျိုမှ ထိုအစာအတွက် အသစ်အသစ် ဖြစ်ပေါ်လာသော အသက်စု ခန္ဓာစု စိတ်စုကို ထိုအစာ ထိုဆန် ထိုစပါး အပါပြု၍ စပါးထဲ ဆန်ထဲမှာရှိသေးသည်ဟူသတည်း၊ထိုစပါးထိုဆန်ကိုမရ၍ မမျိုရလျှင် ထိုအသက် မပေါ်လာပြီ၊ ဤသို့ မြင်ရလျှင် တလောကလုံး အသက်မွေးရန် ကိစ္စနှင့် ကြောင့်ကြ စိုက်ကြအားထုတ် ကြသော ရောင်းမှ ဝယ်မှ လယ်ယာ ဥယျာဉ်လုပ်မှ လက်ပညာ နှုတ်ပညာနှင့် ပစ္စည်းဥစ္စာရှာမှုအလုံးစုံသည် အသက်သစ်ဆက်ရန် အသက်သစ်သွင်းရန် အမှုတို့သာဟု မြင်လတ္တံ့၊ အနမတဂ္ဂသံသရာတလျှောက် ပေါက်အောင်ကြည့်၊ စကြဝဠာအနန္တနှံ့အောင်ကြည့်၊ ယခုနေ့ စကြဝဠာအနန္တသားတို့ တပြိုင်နက် အစာအပြီးဖြတ်ကြကုန်အံ့၊ ရှစ်ရက် ကိုးရက် ဆယ်ရက် တိုင်လျှင်အနန္တ စကြဝဠာသည်မသာတောကြီးအပြီးဖြစ်လတ္တံ့၊ နှစ်လ သုံးလ ဆယ်လ ကိုးလကြာလျှင် စကြဝဠာ အနန္တလုံးအရိုးတောကြီး အပြီးဖြစ်လတ္တံ့၊ မြင်အောင်ကြည့်။

(ဤတွင်ရွှေ့ကား အနိစ္စလက္ခဏာကို ကွယ်ကာဖုံးဝိတ်သော သန္တတိပညတ်ကို အစာအာဟာရနှင့်စပ်၍ခွါ၍ အနိစ္စလက္ခဏာကိုထင်ရှားအောင်ပြသော အခဏ်းပြီး၏)။

ထို သန္တိပညတ်ကို ဣရိယာပထနှင့် စပ်၍ ခွါနည်းကို အာ
ဖြက်မျှ ဆိုလိုက်အံ့။

ဣရိယာပထကိုခွါမှုသည်ကား–ဣရိယာပုထ် အပြောင်းအလဲ
ကို မပြုမူ၍ တခုတည်းသော ဣရိယာပုထ်၌ ထား၍ ကြည့်ခြင်း
တည်း၊ ယခုအချိန်မှစ၍ ကိုယ်အင်္ဂါကြီးငယ်ကို အတန်ငယ်မျှ
မလှုပ်မရှားပြီ၊ မျက်တောင်မျှ မခတ်ပြီ၊ တစင်းထဲစင်း၍ အပြီး
အိပ်တော့အံ့ ဟုပြု၍ ဤကိုယ် ဘယ်ကို သွားမည်ဟု ညာဏ်နှင့်
ကြည့်၊ ထိုသို့ ကိုယ်ကို အသေထားသောအခါ ကိုယ်မှာအပေါ်
ကျသော မြေဓာတ် ရေဓာတ်တို့က အောက်ကျသောမြေဓာတ်
ရေဓာတ်တို့ကို တအိအိ ဖိနှိပ်ကြိတ်နင်း၍ သွားလတ္တံ့၊ ဓာတ်
ခြင်း အနှိပ်အကြိတ်နာရာ အောက်ခံဓာတ်ရမှ ဓာတ်ပိုးထ၍ ထ၍
လာလတ္တံ့၊ အလှုပ်အရှားမရှိ၍ အင္ဂါ အင်္ဂ အင်္ဂီး မထွက်ရသဖြင့်
အမြဲထာဝရ အင်္ဂါကြီးငယ် လျော်သွား၍ နေသော ဓာတ်ပိုး
ဓာတ်လေတို့လည်း အင်္ဂီးထုတ်ခွင့်မရ၍ အဆစ်အဖုရုတ်ခွင် ရုပိ
ရုရာရု၍ ထကြွသောင်းကျန်းလတ္တံ့၊ ထိုသို့ဖြစ်လာမှကိုမြင်လျှင်
ဤခန္ဓာသည် အပြုအပြင်မရှိဘဲ ဆယ်နာရီ တဆဲ့ငါးနာရီ ကျော်
လျှင် အောက်ခြမ်းတပြင်လုံး ပူလောင်၍ လာလတ္တံ့၊ အောက်မှ
ထသော ဓာတ်ပိုးတို့သည် ကိုယ်လုံးအနှံ့ တက်၍ တကိုယ်လုံး
ညောင်းမှ ညာမှ ထုံကျင်မှတွေ ဖြစ်လာလတ္တံ့၊ အဂိုးထုတ်မှ
လှုပ်မှ ရှားမှ မပြုသော အတွက်ကြောင့် ထိုဓာတ်ပိုးတို့သည်
တဖွေ့ဖွေ့ တနာရီတခြား တနေ့တခြား အတွင်းဓာတ်နှ တို့ကို
အတွင်းလောင်မြိုက်ကုန်လတ္တံ့။

ထိုအခါ တကိုယ်လုံးရှိသောဓာတ်ဆိုးခဓာတ်ပိုးနှ ဓာတ်ကြီးနှ
ဝေတ်ကြည့်နှုတို့သည် အားခဲတွေအသက်ခဲတွေနှင့်တကွ ဗျစ်ဗျစ်
ဗျစ်ဗျစ် ဗျက်ဗျက် ဗျက်ဗျက် ကြေဗျက်ကွယ်ဆုံး ပိန်ချုံးလျော့
ပါး၍များမကြာဘဲ အသေကြီးသို့ ဆိုက်လတ္တံ့၊ တဖွေ့တဖွေ့
အတွင်းဓာတ်နှုတို့ ကြေဗျက်ရာကြေဗျက်ရာတို့၌ ထိုထိုနေရာမှ

အသက်ခဲ အားခဲတို့လည်း အဆုပ်ဆုပ် ပြိုကွဲကွယ်ဆုံး၍ သွားပုံကိုမြင်အောင်ကြည့်၊ ဤသို့သောအဖြစ်ကိုအတပ်မြင်ခဲ့လျှင် ကိုယ်ခန္ဓာတို့၏ ဓာတိအမျိုးအရိုး ဓစ်မြစ် ဒုက္ခစစ်ကြောင်းကို သိလတ္တံ့၊ အညာမှ စီးလာသောရေတို့မည်သည် ခိုင်ခဲ့သောဆည်ရိုးဆည်ဘောင်နှင့် တားဆီးနိုင်ပါမူ တန့်ရပ် ပေါင်းဘွဲ့ကာရက် ကြာနေ့မျှား နေပါ၏၊ ဆည်ရိုး ဆည်ဘောင်မရှိခဲ့လျှင် မျက်စိတမှိတ်မျှ ရပ်တန့်၍မနေ၊ နိမ့်ရာအကြေသို့ စီးသွားမြဲမမှတာအတိုင်းသာ စီးဆင်းမျောသွား၏၊ ဤအတူဤကိုယ်ခန္ဓာတို့သည် ပြုပြင်ထိန်းကျောင်းမှုနှင့် ထက်ကြပ်မကွာ စောင့်ရှောက်ပါမူ အတော်အတန် သဏ္ဌာန် ရပ်ဆင်းအသင်းမပျက် သာရာဘက်၌ တန့်ရပ်ပေါင်းဘွဲ့ကာနေပါသေး၏၊ အပြင်အပြုအမှုမဘက် သက်သက်နေခဲ့လျှင် မျက်တောင်တခတ်မျှ တန့်ရပ်တည်နေခြင်းမရှိ၊ ယိုင်ယိုင်လှိုင်းခွမ်း ဒုက္ခလမ်းသို့သာ သွားမြဲမမှတာ ဖြစ်သတည်း။

ထိုဒုက္ခဘက်သို့ တသွန်ထဲ လဲ၍ ကစင့်ကရ ပြိုကွဲကုန်ဆုံးသည် တိုင်အောင် မတန့်မနားသွားမြဲမမှတာ အတွက်ကြောင့် ပေါက်လွှတ် လျောက်လျား သွားခွင့် မပေးမူ၍ ဒုက္ခဒိုးမကြိုးဒိုတင်ကူး၍ တင်ကူး၍ ပြောင်းမှ လဲမှ လွှဲမှ ဖယ်မှ ပြုမှ ပြင်မှတို့ကို အစဉ် အမြဲ ကြောင့်ကြ စိုက်ကြရကုန်၏၊ အိပ်၍ ကြာညောင်းလျှင် ထိုင်ရသည်၊ မထိုင်ရလျှင် မကြာဒိုကိုးကွယ်ရာမဲ့အဖြစ်သို့ရောက်၍ ပျက်ဆုံးမည်၊ ကြွင်းသော ဇာရိယာပုထ်တို့၌လည်း ဤနည်းချည်း၊ သို့သော်လည်း ဒုက္ခဘက်သို့တသွန်ထဲလဲ၍ အမြဲသွားမှကြောင့် တင်ကူး၍ ပြုပြင်ကြရ ကုန်သည်ဟု နက်နဲစွာမသိကြ၊ အရိုးအစဉ် အနေမျှသိကြသည်၊ ပြုပြင်နိုင်လှ၍ အခြေအနေ မပျက်နေသည်ကို သန္ဓာတိဖုံးလွှမ်းချက် ခေါ်သည်။

ဇာရိယာပုထ်ကိုခွါ၍ ဒုက္ခသစ္စာမှကို မြင်အောင် ကြည့်နည်းအာဖြွက်ပြီး၏။

ယခုအခါဥတုပြောင်းလဲ၍ကြည့်ပုံကို ဆိုဦးအံ့၊ ဥတုဟူသည်ကား ဓာတ်မိုးတည်း၊ အညာပြည် ဓာတ်မိုးနှင့် အောက်ပြည် ဓာတ်မိုး အပြောင်း၊ ဆောင်းဓာတ်မိုး နွေဓာတ်မိုး မိုးယဉ်းဓာတ်မိုး အပြောင်း၊ သရဒဓာတ်မိုး သိသိရဓာတ်မိုး ဟေမန္တ ဓာတ်မိုး ဂိမှန္တဓာတ်မိုး ဝသန္တဓာတ်မိုး ဝဿာနုဓာတ်မိုး အပြောင်း၊ ဒိဿဓာတ်မိုး ပြိဿဓာတ်မိုး မေထုန်ဓာတ်မိုး ကြကဋ္ဌဓာတ်မိုး သိဟ်ဓာတ်မိုး ကန်ဓာတ်မိုး တူဓာတ်မိုး ဗြိစ္ဆာဓာတ်မိုးဓနုဓာတ်မိုး မကာရဓာတ်မိုး ကုံဓာတ်မိုး မိန်ဓာတ်မိုး အပြောင်း၊ လဆန်း လဆုတ်အပြောင်း၊ နေ့ဓာတ်မိုး ညဉ့်ဓာက်မိုး အပြောင်း၊ နေသုံးခါ ညဉ့်သုံးခါ အပြောင်း၊ နေပူမှအရိပ်, အရိပ်မှ နေပူအပြောင်း မိုးပူနှင့်အနှိုးအဝေးအပြောင်း၊ တုန်ဗျားဗျားရာဒွဲအချမ်းနှင့်အပူ၊ အပူနှင့်ပကတိ အပြောင်း၊ ဤအလုံးရုံးကို အကုန်ပြောင်းကူး၍ ကြည့်ရမည်၊ ကြည့်ရာဒွဲလည်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ကိုးကို အမှုသက်သက် အနေနှင့် မြင်အောင်ကြည့်၊ (ဝဏ္ဏဒြပ် ပညတ် အထည် အမျှင်တန်း၍ မနေစေနှင့်)။

တုန်ဗျားဒွဲ ပဋိပက္ခဓာတ်မိုး နှစ်ချက် ပြောင်းကူးပုံကိုဆိုအံ့၊ အဗျားမတက်မီ တကိုယ်လုံးဂိုဓာတ်ကိုးကိုပင် ငါငါဟူ၍ ငါ့ကိုယ်ဟူ၍ ဖြစ်နေသည်၊ တကိုယ်လုံးအတွင်းအပြင် အကုန်မြင်အောင် ကြည့်၍ထား၊ မပူသာ မချမ်းလှ မျက်ခြိုနေသော ထိုငါရသည်ပင် လျှင် တကိုယ်လုံး၏ အချက်အခြာ ငါစက ဓာတ်မိုးအိုးမှ စ၍ ဗရဏဓာတ်လေနှင့်တကွ အလွန်အေးမြ ချမ်းစ်မဲ့သာသော သိတအဖြစ်နှင့် အုံလုံးကြွ၍ထလေ၏၊ တကိုယ်လုံး ရေတုံး ဖြစ်လေ၏၊ အလံ သည်းလံ ရပ်တည်မရ ကုန်ရ၏၊ မျက်စေ့ အဆုံးကို ပူမှအေးမှကား မီးတမျိုး၊ မြေခါသောအမှ, ရေခါသောအမှ, လေခါသောအမှ ဤသုံးမှတို့လည်း ထိမီးအနေနှင့် သင့်လျော်စွာ တမျိုးစီ ချည်းပင်၊ သောင်းကျန်းထကြွသော သိတ မီးကိုကား အလွန်အေးမြမှတမျိုး, ထိအားလျော်စွာ ဖြစ်ပေါ်လာကုန်သော မြေမှ ရေမှတို့လည်း တမျိုးပင်၊ အမှအချက် သက်သက်

ကို မြင်အောင်ကြည့်၊ ဒုဗိအတည် အမျှင်တွယ်၍ မနေစေနှင့်၊ သိတဓာတ်မိုး ဖြစ်ပေါ်လွှမ်းမိုးမှု၌ တကိုယ်လုံး ရေတုံးဖြစ်သော အခါ သမဓာတ်မိုး ကွယ်ဆုံးလေ၏။

ထိုသမဓာတ်မိုးနှင့် တကွ ဖြစ်သော ဓာတ်ဆိစု ဓာတ်ကြိုးစု စက္ခုသောတ ဃာန ဇိဝှါ ကာယ မနော ဟူသော ဓာတ်ကြည့်စု အာသက်ခဲစု အားခဲစုတို့လည်း ထိုသမဓာတ်မိုးတို့နှင့် အတူ တကွ ကွယ်ဆုံးကြလေကုန်၏၊ သိတ ဓာတ်မိုးတို့ အသစ်အသစ် ဖြစ်ပေါ်တိုးပွားး၍ လာသောအခါ ဓာတ်ဆီသစ် ဓာတ်ကြိုးသစ် ဓာတ်ကြည့်သစ် အသက်သစ် အားသစ် တို့လည်း ဖြစ်ပေါ်တိုးပွားလာကုန်၏၊သမလုံးလုံးအခိုက်နှင့် သိတလုံးလုံး အခိုက် နှစ်ခု တို့၏ အကြားဌ သမအာဆုတ် သိတအတက် အဆက်ဂပေါ အလွန်ပြေလွှ၍ အနေမဇွေ့ ပြကတော့ပင် စိတ်မှာထင်ရသည်၊ မြင်အောင်ကြည့်၊ သမကိုယ်ကြီး အပြိုးကွယ်ပျောက်မှုကို မြင်ပါလျက် ငါကား မပျောက်နေတတ်၏၊ သမကိုယ်ကြီး ကွယ်ဆုံးပြီဟုဆိုနိုင်၏၊ ထိုငါကွယ်ဆုံးပြီဟု မဆိုတဲ့နိုင် ရှိနေတတ်၏၊ သန္တာတိပညတ်၌ အပျောက်အပျက် မစင်ကြယ်လျှင် ငါတွယ်၍ နေတတ်၏၊အဆိညာဏ်နှင့် သန္တာတိပညတ် အမျှင် ပြတ်အောင် ခုတ်စဉ်းလေ၊ သမကိုယ်ပိုင်း အဆုတ်အချုပ်မှာ ဇရာမိုး မရဏာမိုးအချက် ထင်ရှားသည်။

ကွယ်ဆုံးချက်ကား-မရဏာမိုး အချက်တည်း၊ ကွယ်ဆုံးသမျှ သည်နွမ်းပါးမှု ရှေးရှိမြဲတည်း၊ နွမ်းပါးမှုကား ဇရာမိုး၊ သေလုမတွ့ ပင်ပန်းရသော သိတကိုယ်ပိုင်း အသစ်ဖြစ်ပေါ်တိုးပွားမှုမှာ ဇာတိမိုးအချက် ထင်ရှားသည်၊ ရောဂါနှိပ်စက်၍ မသက်သာသော သောကမိုး, ညည်းညူသော ပရိဒေဝမိုး, မအေးချမ်းလှသော ဒုက္ခမိုး, နှလုံးမကြည်သော ဒေါမနဿမိုး, စိတ်ပူအိုက်၍ ရှိုက်ကာ ငင်ကာ ငိုပြန်ပါလျှင် ဥပါယာသမိုး ဤမိုးငါးပါးလည်း ထင်ရှားပါ၏၊ ထိုအခါ အလောဘ, အဒေါသ, အ

မောဟ-ဟူသော ကုသိုလ်တရားတို့ ဖြစ်ပွားရန် အဆောက် အဦတရားတို့ ထင်ရှားရှိပါကုန်ငြားသော်လည်း အဒေါသဖြစ်ပေါ် ခွင့်မရအောင် ပူလောင်၍ နေသော ဒေါသမီး, အမောဟ ဖြစ် ပေါ်ခွင့်မရအောင် ပူလောင်၍နေသော မောဟမီး, အလောဘ ဖြစ်ပေါ်ခွင့် မရအောင် ငါချမ်းသည် ငါတုန်သည်ဟု ဖြစ်နေ သော လောဘမီး, ဤ မီးသုံးပါးလည်း ထိုအခါ ထင်ရှားစွာ လောင်လျက် ရှိသည်။

အလောဘအသင်းအပင်း ဟူသော ပဒုမာကြာတောစုကို ပြုတ်ပြုတ်ပြုန်းအောင် လောင်တတ်သောကြောင့် လောဘကို မီးဆိုသည်။

အဒေါသအသင်းအပင်း ဟူသော စန္ဒကူးတောစုကို ပြုတ် ပြုတ် ပြုန်းအောင် လောင်တတ်သောကြောင့် ဒေါသကို မီးဆို သည်။

အမောဟအသင်းအပင်း ဟူသော ပတ္တမြား ဂုတနာစုကို ပြုတ်ပြုတ် ပြုန်းအောင် လောင်တတ်သောကြောင့် မောဟကို မီးဆိုသည်၊ ဤသို့လျှင် တုန်ဗျားတက်ဟူ၍ မီးဆဲ့တပါး ထင်ရှား သည်။

(ဤကား-သမဝိုင်းမှ သီတဝိုင်းသို့ အကူးတွင် သန္ဓိတိ ပညတ်ကို ဗျက်၍ အနိစ္စဘော်ပြနည်းတည်း)။

အပူကြိုးတက်၍အလာနှင့် သီတဝိုင်းအချုပ် အပူကြိုးကျ၍ သမဝိုင်း အကူးတို့၌လည်း ဤနည်းအတူင်း အဝိုင်းအဝိုင်း ဖြတ် လေ၊ ကြွင်းသော အပြောင်းအကူးတို့၌လည်း ဤနည်းအတူင်း သိလေ။

တနည်းကား—ရောဂါအမျိုး ကိုးဆဲ့ခြောက်ပါး ဖြစ်ပေါ် ချက်များနှင့်လည်း ဖြတ်၍ကြည့်လျှင် မြင်သာလှ၏၊ ကာလနာ

မျိုး ကျောက်နာမျိုး နှစ်မျိုးတွင်ဆိုအံ့၊ တကိုယ်လုံးခွ ညီညွတ်စွာ နေသောအခါ ငါပြု၍အားထားသော အကြင်သမဝါတ်တို့သည် ဂိုကုန်၏၊ ဥဘုအတွက် အာဟာရအတွက် ယက္ခ ဝါဠတို့အတွက် နှင့် ပျက်ထ သောင်းကျန်းကုန်သော ထိုဓာတ်ဒီးတို့သည် တကိုယ်လုံးမှ ဟုန်းဟုန်းထကုန်၏၊ အသည်းဂို ဓာတ်ဒီးသည် အသည်းရုံဖြေကို ပြုက်၏၊ ဒီးထိသော ဖယောင်းကဲ့သို့ အသည်းရုံဖြေ အခြေပျက်၏၊ အသည်းဂို ဓာတ်ဆိ ဓာတ်ကြီး ဓာတ်ကြည်တို့ အရည်ဖြစ်၍ကျကုန်၏၊ အသည်းဂို အားခဲ အသက်ခဲတို့လည်း ကြေမွ၍ကျကုန်၏၊ ဤအတူ နှလုံးသား ဟူသော ရုံခဲဂို ဓာတ်ဒီးလောင်၍ နှလုံးရုံခဲဂို ဓာတ်ဆိ ဓာတ်ကြီး ဓာတ်ကြည် အသက်ခဲ အားခဲတို့သည် ကြေမွ၍ကျကုန်၏၊ အဆုတ်ရုံခဲ အညှို့ ရုံခဲ သည်းခြေရုံခဲ အရုမရုံခဲ အရသိမ်ရုံခဲလည်း ကျောဘက် ရင်ဘတ် လက်ဝဲလက်ျာ အသားရုံခဲ တို့သည်လည်း ကောင်း, ထိဝတ္ထုတို့ခွ အသီးအသီး ဂို့ကြသော အသက်ခဲ အားခဲ တို့သည် လည်းကောင်း, ဓာတ်ဒီးပြုက်၍ ကြေမွ၍ ကျကုန်၏၊ လည်ပင်းသား ပျက်နှာသား တို့သည်လည်း အရည်ဖြစ်၍ လျောကျလေကုန်၏။

ဦးဏှောက်ခဲဂို ဓာတ်ဒီးတို့သည် ဦးဏှောက် ရုံဖြေတို့ကို ပြုက်ကုန်၏၊ ဦးဏှောက်ဂို ဓာတ်ဆိ ဓာတ်ကြီး ဓာတ်ကြည် အသက်အားခဲတို့လည်း ကြေမွ၍ လျောကျကုန်၏၊ ပျက်လုံးရုံခဲ နှစ်ခုလည်း သူ့ဓာတ်ဒီးနှင့် သူလောင်ပြုက်၍ ပျက်လုံးဂို အသက်ခဲ အားခဲတို့နှင့်တကွ ကြေမွကုန်၏၊ ထိုရောဂါ နှိပ်စက်သူမှာ မကြာမီ ပျက်လုံးအခြေပျက်၍ သွားသည်၊ လက်ရုံး လက်မောင်း လက်ဖျံးဂို ဓာတ်ဒီးတို့လောင်၍ ထိဒွဂို့သော ဓာတ်နှတို့လည်း အသက်ခဲ အားခဲတို့နှင့်တကွ ကြေမွ၍ အရည်ဖြစ်ကာ လျောကျလေကုန်၏၊ ရေပြည့်သော လင်ပန်းမှာ ပန်းကန်တည်၍ ဒီးထွန်းပြီးလျှင် လုံစွာဒနုပ်၍ထားမူ လင်ပန်းဂို့ရေတို့သည် ဒီးဂို့ရာ ပန်းကန်တွင်းသို့ စု၍ လာကုန်သကဲ့သို့ ခြေဘဝါး ခြေဘဂို့း ခြေသ

လုံးစသော အောက်တခွင်ရှိ ဓာတ်ဆိတ်လိုလည်း ပါစကဓာတ်ဒိုး ရှိရာ ဝမ်းခွဲ ရလာ၍ အရည်ဖြစ်ကာ လျှောကျကုန်၏၊ ဓာတ်ဆိတ်လိုလိုက်ပါလေလျှင် ခြေဘဝါးရှိ အသက်ခဲ အားခဲ, ခြေဘမိုးရှိ အသက်ခဲ အားခဲ,ခြေသလုံးရှိ အသက်ခဲ အားခဲ,ဒူးဆစ်ရှိအသက်ခဲ အားခဲ, ပေါင်ရှိ အသက်ခဲ အားခဲ, တို့လည်း မြေးမြေးကြွေမွ ကွယ်ဆုံးကြကုန်၏၊ အရိုးအရေမျှ ကျန်ရှိသည်ကား အများမျက် မြင်တည်း။

တကိုယ်လုံးခွဲ ဓာတ်ဆိအကျန်များသေးလျှင် ဆေးဝါးခဓာတ် စာနှင့် ထောက်မ ပြုပြင်၍ ဓာတ်ဆိ ဓာတ်ကြိုး ဓာတ်ကြည် အသက်ခဲ အားခဲတို့ကို အလျင်ဆက်လက် မွေးမြူ ပျိုးထောင်၍ ရသေး၏၊ ဓာတ်ဆိအကျန် နည်းလှလျှင် ထောက်မပြုပြင်၍ မရ ပြီ၊ ညှိညှဉ်း၍ နေစဉ်အခါ တကိုယ်လုံးအပြည့်ရှိသော ထိုဓာတ်ဆိ ထိုဓာတ်ဒိုး ထိုဓာတ်ကြိုး ထိုဓာတ်ကြည် ထိုအသက် ထိုအား တို့ကိုပင် ငါဟုယူ၍ စိတ်မာန်တလူလူနေသည်၊ ထင်ကြွေသောင်း ကျန်းအောင် နှိုးဆော်ပင့်မြှောက်သော အပဉ္စတု အပအာဟာရ နှင့် ဖွဲ့ကြသောအခါ ထိုငါတို့သည်ပင် ကာလနာငါတွေ့ ဖြစ်၍ ကုန်၏၊ လူလောက်ရှိသော ဒီးခြစ်ဆေးခဲကြိုးခွဲ အပက အာဇုက် အခိုက် မရှိရအောင် စောင့်ရှောက်နိုင်ပါလျှင် ဒီးဓာတ်ရသည် ထိုဆေးခဲကြိုးကို စောင့်ရှောက်၍ နေပေ၏၊ တစွန်းတစ ခွဲ ကော် ဖတ်နှင့် တိုက်ခိုက်မိသောအခါ ဆေးခဲရှိ ဓာတ်ဒီးကိုသည်ပင် ထိုဆေးခဲကြိုးကို လောင်၍ပစ်၏၊ ဆေးခဲကြိုးနှင့် ဤကိုယ် တူ၏၊ ဆေးခဲကြိုးနှင့် အပြည့်ရှိသော ဓာတ်ဒီးရှနှင့် ဤကိုယ်နှင့် အပြည့်ရှိသော ဓာတ်ဒီးရှ တူ၏၊ ဓာတ်ဒီးအုပ်ချုပ်၍ နေသော ဆေးခဲကြိုး အသားရှနှင့် ဓာတ်ဒီးအုပ်ချုပ်၍ နေသော ဤကိုယ်အလုံး ငါရှတူ၏၊ ထိုဓာတ်ဒီးသည်ပင်လျှင် ဆေးသားရှကို အားကုန် လောင်၍ပစ်သည်နှင့်တကိုယ်လုံးရှိ အစ္ဆရိယဓာတ်ဒီးရှ သည်ပင် လျှင် တကိုယ်လုံးရှိ ဓာတ်ခက်ရ ဓာတ်ကြိုးရှ ဓာတ်ကြည်ရှ အသက်ခဲရ အားခဲရကို လောင်၍ပစ်သောအမှုဘူး၏။

တဏှာ, မာန, ဒိဋ္ဌိဟူသော ဓိန္ဆာခေတ်ကြီး သုံးပါးသည် ထိုဆေးခဲမှာ ရှိသည်ဖြစ်အံ့ ထိုခေတ်မီးစုကိုပင် ငါဟုယူ၍ တလူလူနေမည်၊ တောချုံကိုမှာရှိသည် ဖြစ်အံ့ ထိုတောချုံတို့သည် ငါတလူလူ နေကြကုန်မည်၊ ထိုကာလရောဂါဖြစ်လျက် မသေကျန်ရှိသူမှာမူကား ဆေးဝါးအစာနှင့် တကိုယ်လုံးကိုအသစ်စိုက်ပျိုး တည်ထောင်၍ ယူရသည်၊ အသည်းခွံ ခေတ်သစ် အသက်သစ် အားသစ် ဖြည့်သွင်းစိုက်ပျိုးရသည်၊ နှလုံးခဲမှာလည်း ဖြည့်သွင်းစိုက်ပျိုးရသည်၊ ဤအတူ အဆုတ်ခဲ အညှိုခဲ အူမခဲ အူသိမ်ခဲ ဗျက်လုံးခဲ ဦးဏှောက်ခဲတို့ခွံလည်း ကာလနာတိုက်ဆွေးရာ အပိုင်းအပိုင်းပြတ်၍ ပါလေကုန်သော ခေတ်ဆိုခဲ ခေတ်မီးခဲ ခေတ်ကြီးခဲ ခေတ်ကြည်ခဲအသက်ခဲ အားခဲတို့အတွက် လျော့ပါးသော နေရာတို့ကို အစားပြည့်မှီအောင် ခေတ်ဆိုသစ် ခေတ်မီးသစ် ခေတ်ကြီးသစ် ခေတ်ကြည်သစ် အသက်သစ် အားသစ် ဖြည့်သွင်းစိုက်ပျိုး တည်ထောင်၍ ယူရသည်၊ ဤကာလရောဂါမှာခွံလည်း မီးတဆဲ့တပါး လောင်ပုံကိုဆိုလေ၊ (သမဝိုင်းနှင့် ဝိသမဝိုင်း အမျှင်ပြတ်အောင် ဖြတ်လေ)။

ငရုတ်သီးအစရှိသော ဒါဟခေတ်မီးအစာမျိုးတို့ကို ဘိုးဘေးစဉ်လာ စားသောက်မှုမှုဖြစ်သော ဒါဟ ခေတ်မီးသည် ပဋိသန္ဓေကပင် အစဉ်လိုက်ပါ၍ အကြောင်းအခွင့်ကို ရသောအခါ ကျောက်နာအမျိုးမျိုး ဖြစ်ပေါ်၏၊ ထိုခေတ်မီးသည် အကြောင်းအခွင့်ကို ရသောအခါ ထကြွ၍ တကိုယ်လုံးရှိသွေး သည်းခြေလေ သလိပ်တို့သည် ထိုဒါဟ ခေတ်မီးဘက်ပါ ဖြစ်ကြကုန်၏၊ အသည်းခဲဖြစ်၍ နေသော ဒါဟခေတ်မီးနှင့်တကွသော သွေးသည်းခြေလေသလိပ်တို့သည်ကျောက်နာရောဂါဖြစ်၍အသည်းမှ ထကြကုန်၏၊ နှလုံးသားမှ ပေါက်ပွားသော ကျောက်နာ, အဆုတ်သားမှ ပေါက်ပွားသော ကျောက်နာ, အညှိုသားမှ ပေါက်ပွားသော ကျောက်နာ, အူသိမ် အူမတို့မှ ပေါက်ပွားသော ကျောက်နာ, နောက်ကျောသားတို့မှ, ခွေးဘက်ရင်သား

ဝမ်းသားတို့မှ, လက်ဝဲ လက္ခဏာ နံရုပ်သားတို့မှ, လည်ပင်းသား ရေမျိုသားတို့မှ, မျက်နှာသားတို့မှ, မျက်လုံးသား ဦးဏှောက် သားတို့မှ ပေါက်ဖွားသော ကျောက်နာ, စသည်ဖြင့် အတွင်း အပြင် တကိုယ်လုံးသည် ကျောက်နာခဲကြီး အတိသာ ဖြစ်သတည်း၊ တကိုယ်လုံး၌ အသက်ခဲ အားခဲတို့သည် သွေးပုပ်ရည် ပြည်ပုပ်ရည် ဖြစ်၍ ကြေပျက်ယိုထွက်ကြကုန်၏၊ ဤ ကျောက်နာ ရောဂါမှဉ်လည်း ဒီးတဆဲ့တပါး ဝေဘန်လေ၊ (သမပိုင်းနှင့် ဝိသမပိုင်းဖြတ်၍ ကြည့်လေ)။

အမာကြီး အမာငယ်စသည်ဖြင့် မာမှုအဆင့်ဆင့်, အနုကြီး အနုငယ် စသည်ဖြင့် နူးညံ့မှု အဆင့်ဆင့် ကို့ကို ပရမတ်နှစ် မြေ အစစ်ဟု အမြင် ရ၍ ကြည့်လေ၊ တွယ်မှု ကပ်မှု ဖွဲ့စည်းမှု ယိုစိမ်းမှုတို့ကို ရေအစစ်ဟု မြင်အောင်ရှုလေ၊ အပူကြီး အဆင့်ဆင့်, အပူငယ် အဆင့်ဆင့်, အအေးကြီး အဆင့်ဆင့်, အအေးငယ် အဆင့်ဆင့်တို့ကို မီးအစစ်ဟု မြင်အောင်ရှုလေ၊ ဟောင့်မှ တင်းမှ တွန်းမှ ဝှေ့မှ ဇွန်းမှုကို ပရမတ်နှစ် လေအစစ်ဟု အမြင်ရှုလေ၊ အဂတိပညတ် ဒြဗ်သဏ္ဌာန ခုခံပိတ်သန်း အမျှင် တန်း၍ မနေကြစေနှင့်၊ ထိုမှတပါး လောကဒြ ဂိုဏမျှသော ရောဂါမျိုးအနာမျိုးဘေးမျိုး ရန်မျိုး ဒဏ်မျိုး ဥပဒ်မျိုးတို့အတွက် နှင့် ဘောက်ပြန်ချက်, ခပ်သိမ်းသော ပြုပြင်မှု တို့ကို ဖြတ်၍ ဘောက်ပြန်ချက် အလုံးစုံတို့ကို ကုန်စင် နှံ့စပ်အောင် ဆိုလျှင် အလွန် ကျယ်ဝန်းမည်၊ ဆိုခဲ့ပြီးသော နည်းအကိုင်း ကျကျ နန ထင်ဖြင့်နှိုင်းကြလျှင်လည်း ငွေ့ကရ မြင်ကရ ကြွင်းသမျှသော အမှုတို့နှင့်စပ်၍လည်း ကြည့်တတ် မြင်တတ် ကြတော့မည်သာ ဖြစ်၏၊ ထိုကြောင့် ကြွင်းသော အချက်တို့ကို မဆိုပြီ။

အစဉ် ထာဝရ ရေပြည့်သော ကြာအိုင်ကြီးခွ ကြာတောကြီး ၏ အနိစ္စဘာဝကို မြင်လိုလျှင် ရေကို အင့်အသက်မှ မကျန်ရှ အောင် ညှစ်နှင့်စွါ၍ကြည့်၊ ရေသက်ကုန်လျှင် ထိုကြာပင်တို့၏

တခဏတခြား နွမ်းနယ် ခြောက်ခန်း၍ သွားသော အနိစ္စဇာတိသည် ဉာဏ်ဒွိဌဝင်လတ္တံ့၊ နွမ်းနယ် ခြောက်ခန်း မှုသည် ကြာပင်တို့မှာ သာယာမှုမဟုတ်၊ မသာယာမှု ဘေးဥပဒ်မှုဖြစ်၍ ထို ကြာပင်တို့၏ ဒုက္ခဇာတိသည် ဉာဏ်ဒွိဌဝင်လတ္တံ့၊ ရေတို့ကြာတို့၏ ထိုအနိစ္စဇာတိ ဒုက္ခဇာတိမှုသည် ကြာပင်တို့ကို သာယာ နှစ်သက်လန်းအောင် ဆောင်သွားမည့် အမှုစုမဟုတ်၊ မသာမယာ နှံ့နာညှိုးနွမ်းခြောက်ခန်း ကွယ်ဆုံးအောင် အတင်းဆောင်သော အမှုစုသာတည်း၊ ထိဇာတိမှုမျှားသည် ရေညတု မြေဥတု စောင့်ရှောက်ပုံးဖိ၍ နေခိုက်သာ အလိုက်သင့် ပုံးကွယ်၍ နေကြသည်၊ ရေဥတု မြေဥတုနှင့် ကွာခဲ့လျှင် ချက်ခြင်း ထွက်ပေါ်ထင်ရှား၍ လာ၏၊ ကြာပင်ကြီးနှင့် ထိုဘေး, ထိုဘေးနှင့် ကြာပင် အစဉ်မကွာ အမြဲပါကြောင်း ထင်ရှားစွာ မြင်လတ္တံ့၊ ထို ကြာပင်၏ အသက်သည် ရေဥတုမှာတွယ်သည်ဟုမြင်လတ္တံ့၊ ရေဥတုကုန်ခန်းလျှင် ကြာပင်၏အသက် ကုန်ဆုံးချက် ကိုလည်း မြင်လတ္တံ့၊ ကြင်းသော သစ်ပင် တော တောင် ချုံနွယ် မြက်တောစုကိုကား မိုးယံးရေ မိုးပေါက်ကို အပြီးဖြတ်၍ကြည့်၊ (ယခုနှစ်မှ စ၍ မိုးယံးရေ မိုးပေါက် အပြီးပြတ်ခဲ့သော်ဟု ဆိုလော)။

အနုဋ္ဌုပဒ်ဦး။ အတ္တသဒ္ဒါ အတွင်းဟော။ ။အစ္ဆတ္တာ ဝမ္မာ, ဗဟိဒ္ဓါဝမ္မာ, အစ္ဆတ္တိကာ ဝမ္မာ,ဗာဟိရာဝမ္မာ တို့၌ ဗဟိဒ္ဓသဒ္ဒါ ဗာဟိရသဒ္ဒါတို့နှင့် ပြိုနဘက်ပြု၍ လာသည်ကိုလည်းကောင်း၊ ''သခီါရေ ပရတော ပဿ၊ ဒုက္ခတော နော၀ အတ္တတော'' ဟု ပရသဒ္ဒါနှင့် ပြိုနဘက်ပြု၍ လာသည်ကိုလည်းကောင်း ထောက်။ အတ္တာ၊ အလွန်ဆုံးသောအတွင်း။ ။အနက်မှန်။

ငါ၏ရုပ် ငါ၏နာမ် ငါ၏စက္ခု ငါ၏ သောတ စသော သိမ်းပိုက်မှုကား အတ္တ၏သန္တာကအနေမျှ သိမ်းပိုက်ချက်တည်း၊ ဤရုပ်သည်ပင် ငါ၏အတ္တတည်း၊ဤနာမ်သည်ပင်ငါ၏အတ္တတည်း၊

ဤစကွ၊ သည်ပင် ဤသောတသည်ပင် ငါ၏အတ္တတည်း, ဟု သိမ်းပိုက်မှုကား သန္တာကတွင်၍မကဘဲ သန္တာကထက် အတွင်း ပြု၍ သိမ်းပိုက်ချက်တည်း၊ အလွန်ဆုံးအားဖြင့် ငါ၏အတ္တဟု အတွင်းပြုသော အစွဲအတ္တတရားစုတွင်လည်း စက္ခု၊, သောတ, ဃာန, ဇိဝှါ, ကာယ, မနော ဟူသော ဓာတ်ကြည်ခြောက်မျိုး တို့ကို ငါ၏ကိုယ်ဟု သိမ်းပိုက်စွဲလမ်းမှုသည် အလွန်ဆုံးစုတွင် အလွန်ဆုံးထက် အလွန်ဆုံးဖြစ်ပြန၏၊ ထို့ကြောင့် ထိုဓာတ်ကြည် ခြောက်မျိုးတို့ကို အစွဲအတ္တ ဆိုရပြန်သည်။

အနုတ္တပုဒ်ဦးကား– နှ အတ္တာ အနတ္တာ။ အတ္တာ၊ အလွန်ဆုံး သော အတွင်းသည်။ နှ၊ မဟုတ်။ အနတ္တာ၊ အလွန်ဆုံးသော အကွင်းမဟုတ်။ အတွင်း၏ ပြုနာဘက် ပြင်သက်သက် ဆိုလို သည်။

လူနှင့်မနိုး တောကြီးခွဲရှိသော သစ်ရွက်ဖိုက် မြက်ဖိုက်များ သည် မိုဃ်နှင့် အစပ်အနွယ် အနည်းငယ်မရှိဟူ၍လည်းကောင်း၊ ဆိုင်သူပိုင်သူ အံ့ရှင်ဟူ၍ မြွှမျမရှိဟူ၍လည်းကောင်း အမြင်စင် ကြယ်လှ၏၊ ဤဒေတူ လူ့ခန္ဓာ ဗြဟ္မဉ့်ခန္ဓာစု သည်လည်း ဆိုင် သူ ပိုင်သူ အရှင်ဟူ၍ မြွှမျမရှိ၊ငါ့ကိုယ် သူ့ကိုယ်ဟု ဆိုမှ မြင်မှ မှတ်ထင် စွဲလမ်းမှုသည် မိန္ဆာ သက်သက် သာတည်းဟု အမြင် စင်ကြယ်စေရမည် ဆိုလိုသည်။

(အနတ္တာ၊ ငါ၏ကိုယ်ဟု စွဲဆိုသမှု အတွင်းပြုထိုက်သော တရားစုမဟုတ်၊ **အနက်မှန်**)။

''ငါ၏ကိုယ်'' ဟူရာ၌ ယသတ်၍ရေးသည်မှာ အရိုးအစဉ် ဖြစ်၍ရေးလိုက်သည်၊ စင်စစ်မူကား ရုပ်အစုနာမ်အစုဖြစ်သော ဤခန္ဓာသည် ကာယအစစ်အမှန်ဖြစ်၏၊ ကာယသုံးပါး ဇကေန ဟုတ်၏၊ ကာယမဟုတ်ဟု ယူခဲ့လျှင် မိန္ဆာ၊ ကာယဟုတ်လျှင် လည်း ကာယသဒ္ဒါ၏ နာမသတ်ဖြစ်သော ယသတ်နှင့်ကိုယ် လည်း ဇကေနအစစ်အမှန်ဟုတ်တော့သည်၊ ယသတ်နှင့် ကိုယ်ကို

ရည်၍ ကိုယ်မဟုတ်ဟုယူခဲ့လျှင် ဒိန္ဆာ၊ ယသစ်နှင့်ကိုယ်မူကား အပေါင်းအစုဟူသော အနက်ကိုရသည်၊ ခန္ဓသန္ဒါနှင့် မခြားလှ။

ယ မသတ်သော "ကို" သန္ဒါသည်သာလျှင် အတွင်းဟူသောအနက်ကိုပြသော အတ္တသန္ဒါ၏အနက်ပေတည်း၊ထိုအချက်ကို သန္ဒါကျမ်းဂန်တွင် ကမ္မကာရက အရာ၌ "ကို" ဟု အသုံးပြုသည်၊ ကိတ်ကမ္မသာဓနအရာ၌ "အပ်" ဟု အသုံးပြုသည်၊ အတ္တနောပုဒ် ပရဿပုဒ်ဟူရာ၌ အတ္တဟုခေါ်သည်၊ "အတ္တနော ကမ္မံ ဟိတ္ဝာန၊ ပရံ ကတ္တာရ မာဒိသေ" ဟုလာသော သံမျှင်ဂါထာ၌ပရံကတ္တာရံကိုရှု၍ အတ္တနောကမ္မံ၌လည်း အတ္တာနံ ကမ္မံ ဟုအနက်ယူ၊အတ္တနော၊မိမိဟုဆိုအပ်သော။ ကမ္မံ၊ကံကို။ ဟိတ္ဝာန၊ စွန့်၍။ ပရံ၊ မိမိဟုဆိုရသော် ကံမှတပါးသော။ ကတ္တာရံ၊ ကတ္တားကို။အာဒိသေ၊ ညွှန်ပြ၏။

ကတ္တားသည်ကား—ကြိယာကို ဖြစ်စေ တတ်သောကြောင့် ကြိယာနှင့် ဓနက ဇာည ခြားနားလှ၏၊ ကံသည်လည်း ကတ္တားသည် ဖြစ်စေအပ်သော ဇာညသဘော ရှိသောကြောင့် ကြိယာနှင့်များစွာမကွဲ ကလုံးထဲ တခုထဲ အတွင်းပြုလိမ့်ကြောင့် အတ္တဟု အစဉ်လာသည် ဖြစ်ရာ၏။

အနတ္တာ၊ ကိုယ်မဟုတ် ဟူသော ယသတ် အနက်ကို ဝိမုတ္တိရသတွင်ပယ်၏၊ ပယ်ထိုက်လှပေသည်၊အသာရကဋ္ဌကို အနတ္တ၏သဒ္ဒတ္ထဆိုသည်ကား မသင့်လွန်း၊ ခယဋ္ဌေန အနိစ္စံ, ဘယဋ္ဌေန ဒုက္ခံ, အသာရကဋ္ဌေန အနတ္တာ သုံးချက်၊ အနိစ္စံ၊ မမြဲ, အမြဲမရှိ၊ သဒ္ဒတ္ထ။ခယဋ္ဌေနဖြင့် ယုတ္တိကိုယူပြသည်၊ သဒ္ဒတ္ထကိုမပြု၊ နောက် နှစ်ပုဒ်တို့၌လည်း ဤနည်းပင်၊ မနုလည်စာအုပ်၌ကား ယသဒ္ဒါနှင့်ဆိုသော ကိုယ်ကိုအမှန်ဆို၏၊မသင့်၊ ငါ၏ကိုယ်သည် ရှေးဘဝ၌ နတ်ဖြစ်ခဲ့ဘူးသည် ဟူရာ၌ အတ္တကိုပင် "ကိုယ်" ဆိုသည်ဟု ယုတ္တိပြု၏၊ ထိုသို့သော အရာတို့၌ ကာယသဒ္ဒါနှင့် ဆိုရိုးပင် မဟုတ်သောကြောင့် ထိုယုတ္တိလည်း မသင့်၊ ကာယ

သဒ္ဒါနှင့် လာရာမှ ယသတ်ကိုယ်ကို ဆိုသင့်သည်၊ အဟံသဒ္ဒါ အတ္ထသဒ္ဒါနှင့် လာရာ၌ ယသတ်နှင့် "ကိုယ်" မလို။

အဘိဓာန်များမှာလည်း- တိတ္ထိတို့ ကြိုဆသော အတ္တပရိယာယ်စုမှာ ကာယသဒ္ဒါမလာ၊ အတ္တသဒ္ဒါသည် ကာယအနက်၌ ဖြစ်သည်ဟု လာသည် မှာလည်း ဤအနတ္တပုဒ်ရှိ အတ္တသဒ္ဒါမျိုးမဟုတ်၊ ပဟိဇာတ္တော၊ စွန့်အပ်ပြီးသော ကိုယ်အသက်ရှိသည် ဟူရာတို့၌ အတ္တသဒ္ဒါမျိုးပေတည်း။

လောက၌ ကိုယ်ပူသည်, ကိုယ်အေးသည်,ကိုယ်လေးသည်, ကိုယ်ပေါ့သည် ဟူသောစကားမျိုးတို့၌ ယသတ်နှင့်ကိုယ်ကို လို့အပ်သည်၊ ကို့အတို့, သူ့အတို့, ကို့ဟာ, သူ့ဟာ, စသည်ဖြင့် အတွင်းဘက် အပြင်ဘက် လုယက်မှုတို့၌ ယမသတ်သော "ကို" ကို လိုအပ်သည်၊ အထက်၌ ပြဆိုခဲ့ပြီးသောအတိုင်း အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရားစုသည် အမှန်အားဖြင့် အစ်သခင်ဟူ၍ မြွမျှဂိုသော တရားစုမဟုတ်၊ ဆိုင်သူ နိုင်သူ ပိုင်သူ ဟူ၍ မြွမျှဂိုသော တရားစုမဟုတ်၊ မဂ်ဂိုကြောင်းကို ဆိုခဲ့ပြီးသော အဆက်စကားဘို့၌ ထင်ရှားလှပြီ၊ ထိုကြောင့် ဒိဒိမျက်စိကို ငါ့မျက်စိဟု အတွင်းထားမှ အတွင်းပြုမှ အတွင်းလုမှ အတွင်းယက်မှုမျှားသည်ပင် အမှားစင်စစ်ဖြစ်၏၊ ငါ၏မျက်စိတွင်မျှမကဘဲ မျက်စိသည်ပင် ငါတည်း, ငါ၏ကိုယ်တည်း,ဟု အတွင်းထားမှ လုယက်မှုမှာမူကား အမှားထက် အမှားသာ ဖြစ်သတည်း၊ ထိုကြောင့် ကို့အတို့, သူ့အတို့, ကို့ဟာ, သူ့ဟာ စသည်ဖြင့် ဥစ္စာခန သဒ္ဓါရုက္ခကို အတွင်းပြုမှ လုယက်မှုကို၌ အတွင်းပြုချက်နှင့် ဆိုကြသော ဆိုင်မှ နိုင်မှ အပိုးရမှုကို ပြသော "ကို" သည်သာ အမှားစင်စစ် ဖြစ်သတည်း၊ "ကို" ဟူသော အသံသည် ယသတ်နှင့် ဆိုသော ကိုယ်မှာ မူကား-ပရမတ္ထ တရားတွင် အသုံးတွင်လှသော မရှအမှန်ကြီး ပေတည်း၊ ကိုယ်ပူသည်, ကိုယ်အေးသည်, စသည်ကို၌ အတွင်းပြု၍

လုယက်သိမ်းပိုက်ချက်နှင့် ဆိုသော ကိုမဟုတ်၊ (အဟုတ်ဧကန် စင်စစ်မှန်သော ပရမတ္ထ သဘာဝကို ပြသော ကိုယ်ပေတည်း)။ အနတ္တအနက် သုတ်သင်ချက် ပြီး၏။

နိဂုံး

ဤဝတ္ထုအနက် ဓာတ်ကြီးလေးမျိုး, အကြည်ဓာတ် ခြောက်မျိုး, ဓာတ်ဒီးဆယ်မျိုး, ဓာတ်ဆိုဆယ်မျိုး, ဓာတ်ဘီလူးတမျိုး, ဤငါးမျိုးသော ဓာတ်တို့ဖြင့် သတ္တဝါခေါ်သော ရုပ်ခဲ နာမ်ခဲတို့၏ ဖြစ်မှု ပွားမှု တည်မှု ဆုတ်ယုတ်မှု ပျက်ဆုံးမှု ဘို့ကို သိသာရုံမျှ ဝေဘန်ပြပြီးလျှင် အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တို့ကို အဖြွင့်အရိပ်မျှ အလင်းပြလိုက်သော **လက္ခဏဒီပနီ** ဤစာကျမ်းသစ်သည် သက္ကရာဇ် ၁၂၅၆-ခု နှစ်တော်လဆန်း ၁၁ ရက်နေ့တွင် အောင်မြင် ပြီးစီးပေသတည်း။

တရတ်ဩယေ မဟာဘိမေ၊ အရဉ္ဇေ ဝသတာ မယာ။
ကတာ လက္ခဏဒီပနီ၊ ကမ္မဋ္ဌာနက္ခိဒါယိနီ။

တရတ်ဩယေ၊ လေ့ကျူးအာမည်ရှိသော။ မဟာဘိမေ၊ ရွာကြီးဌ်။ အရဉ္ဇေ၊ လယ်တီတောကျောင်းဌ်။ ဝသတာ၊ ဂေါဓာသက္က ရာဇ် လေးဆဲ့ရှစ်တွင် တိုက်သစ်တည်ကာ နေထိုင်ပါသော။ မယာ၊ ငါသည်။ ကမ္မဋ္ဌာနက္ခိဒါယိနီ၊ ဝိပဿနာ ကမ္မဋ္ဌာန်းမှဌ် အကြည် အသင် အဖြင်မျက်စိကို ပေးနိုင်သော။ လက္ခဏဒီပနီ၊ **လက္ခဏဒီပနီ** ဤစာကျမ်းသစ်ကို။ ကတာ၊ စီရင်အပ်သတည်း။

လက္ခဏဒီပနီ ပြီးပြီ။

(ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည် ဤကျမ်းကို သက်တော် ၄၈-နှစ်တွင် စီရင်တော်မူခဲ့သည်)။

J